

ဦးဖေမောင်တင်

မဟာယာနဗုဒ္ဓဝါဒ

ဦးဖေမောင်တင်
ပြ ဖဟာယာနပုဂ္ဂိုလ်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် [ ]

၁၉၇၅-ခုနှစ် ဖေဖော်ဝါရီလ

ပထမအကြိမ်

အုပ်ရေ ၃၀၀၀

ပန်းချီ ကျော်ကျော်

ဘလောက် သောင်းလှ

အဖုံး ကာလာ မောင်မောင်လှ

သတ်မှတ်ဈေး ၄-ကျပ်

ဤစာအုပ်ကို ဒေါ်မြင့်မြင့် (မြဲ-၀၁၈၃၅) ပုသိမ်ပုံနှိပ်တိုက်၊ အမှတ် ၆၀၊ ၁၆၅-လမ်း၊ တာမွေ၊ ရန်ကုန်က ပုံနှိပ်၍၊ ဦးသော်ဇင် (မြဲ ၀၇၈၉)၊ ဥယျာဉ်မှူးစာပေ၊ အမှတ် ၁၀၅၊ ဟံသာဝတီလမ်း၊ ၆-ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

ဖြန့်ချိရေး ယမုနာစာပေ၊ ၆၀၊ ၁၆၅ လမ်း၊ တာမွေ ရန်ကုန်။

မာတိကာ

အာသီသ

၁။ အရည်းကြီး ၁၇

၂။ သံဂါယနာ ၃၂

၃။ အယူဝါဒ ၄၄

၄။ ဝေဘာသိက ၅၇

၅။ သုတ္တန္တိက ၆၀

၆။ ယောဂါစာရ ၇၆

၇။ မဇ္ဈိမိက ၉၁

၈။ သုညဝါဒ ၁၀၇

၉။ ဗုဒ္ဓနယာယ ၁၂၀

၁၀။ ဗုဒ္ဓ တန္တြရ ၁၃၄

၁၁။ ဥပနိသျှဒ် ၁၄၇

၁၂။ ဒဿန ၁၆၄

နိဂုံး ၁၈၁

အာသီသ

ဤစာအုပ်ကို စီရင်ခြင်း၏ ပဓာန ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ ဗုဒ္ဓဝါဒီတို့ မဟာယာန ဗုဒ္ဓဝါဒ အကြောင်းကို အသင့်အတင့် သိကြစေရန်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာ၌ ဂိုဏ်းကြီး နှစ်ဂိုဏ်း ကွဲပြား ခြားနားလျက်ရှိရာ မြန်မာနိုင်ငံ ဗုဒ္ဓဝါဒီတို့သည် ထေရဝါဒီတို့ ဖြစ်ကြရာ အများအားဖြင့် ထေရဝါဒ ဗုဒ္ဓဓမ္မနှင့်ပတ်သက်၍ အတော်ပင် ဗဟုသုတပြည့်ဝ ကြပါသည်။ ထို့အတူ တအူတုံဆင်း ညီနောင်ရင်းဖြစ်သော မဟာယာန ဗုဒ္ဓဝါဒကိုလည်း သိသင့် သိထိုက်သည်ဟု ထင်ပါသည်။ ထို့ကြောင့် မဟာယာန ဗုဒ္ဓဝါဒနှင့်ပတ်သက်သော အကြောင်းအရာ တို့ကို စုဆောင်း လေ့လာပြီး မိမိစွမ်းဆောင်နိုင်သမျှ တင်ပြရခြင်း ဖြစ်ပါသည်။

မဟာယာန ဗုဒ္ဓဝါဒနှင့် ပတ်သက်သော အကြောင်းအရာ အချက်အလက်တို့ကို အတော်ပင် ကျယ်ဝန်း များပြားစွာ တွေ့ရပါသည်။ အကယ်၍ ပြည့်ပြည့်စုံစုံ ဖော်ပြပါလျှင် ယနေ့ မြန်မာနိုင်ငံတွင်ရှိသော ထေရဝါဒ ပိဋက ကျမ်းစာတို့ကဲ့သို့ပင် စာအုပ်ပေါင်း အများအပြား ဖြစ်ပါမည်။ အကြောင်းကား ထိုဝါဒသည်လည်း ကာလ ကြာမြင့်စွာကပင် ယနေ့တိုင် တိုးတက် ပြန့်ပွားစည်ကားလျက်ရှိသည်နှင့်အမျှ ကျမ်းစာတို့လည်း ခေတ်အဆက်ဆက် တိုးတက်နေကြ၏။ သို့ကြောင့် ဤစာအုပ်

တွင် ပြည့်စုံစွာ ဖော်ပြခြင်းငှာ မစွမ်းနိုင်ပါ။ ထို့ပြင် မြန်မာ ထေရဝါဒီနှင့် မဟာယာနတို့သည် တဆူတည်းသော ဂေါတမ ဗုဒ္ဓ၏ သားမြေးမြစ်တို့ ဖြစ်ကြသော်လည်း မယ်တရွာ ဓမောင် တမြို့ ဆိုသလို တပြည်ရပ်ခြား တိုင်းတပါးစီ ဖြစ်နေကြ သဖြင့် အချင်းချင်း စိမ်းနေကြသည်။ အလွန်ကြာမြင့်စွာသော တရံ ရောအခါက အချင်းချင်း မသင့်မမြတ် ဖြစ်ခဲ့ဘူးသည်ကိုလည်း တစိမ့်စိမ့် တွေးပြီး မကြေမအေး ဖြစ်နေကြသည်။ သို့ကြောင့် လည်း ရှည်ရှည်ဝေးဝေး မိတ်ဆက်ပေးရန် မသင့်သေးဟု ထင် ပါသည်။

စင်စစ် ဤစာအုပ်သည် မဟာယာန ဗုဒ္ဓဝါဒ၏ မာတိ ကာချုပ်မျှသာ ဖြစ်ပါမည်။ သို့ရာတွင် မဟာယာန ဗုဒ္ဓဝါဒ၏ အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကိုရင်း၊ ထေရဝါဒတွင် ယင်းအယူအဆများ အဘယ်မျှ သက်ဝင်ပြီး ရှင်သန် ကြီးပွား နေခြင်းတို့ကိုရင်း၊ ယင်းတို့တွင် ဟိန္ဒူတို့၏ ဗြာဟ္မဏဝါဒ ဘယ်သို့တိုင်မျှ လွှမ်းမိုးချုပ်ကိုင် ထားသည်တို့ကိုရင်း အတော် အသင့် သတိပြုနိုင်လိမ့်မည် ဖြစ်ပါသည်။

မြတ်စွာဘုရား၏ အယူအဆသည် စင်ကြယ်သော ဗုဒ္ဓ ဝါဒဖြစ်၏။ သို့ရာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူပြီးနောက် နှစ်ပရိစ္ဆေဒ ကြာမြင့်သောအခါ ပတ်ဝန်းကျင်တွင် ရှိသော ဗြာဟ္မဏဝါဒ အရောင်အသွေးတို့ဖြင့် ရောထွေးလာခဲ့၏။ ထိုတွင် ဗြာဟ္မဏ ဝါဒဆိုင်ရာ သက္ကတဘာသာ ပိုမို တတ်မြောက် ကျွမ်း ကျင်သော မဟာယာနဂိုဏ်းတွင် ပိုမိုရောနှောမည်မှာ သဘာဝ အတိုင်းပင် ဖြစ်မည်။ သို့ရာတွင် ဗြာဟ္မဏဝါဒသည် ဗြာဟ္မဏ

ဝါဒအတိုင်း နေပါစေ၊ မဟာယာနတို့လည်း သူတို့အတိုင်း နေပါစေ၊ သန့်ရှင်းစင်ကြယ်သော ထေရဝါဒတွင် သင်းတို့ လာပြီး မရှုပ်ပါစေနှင့်ဟု အချို့က ယူဆကြ၏။ ယင်းအယူ အဆမှာ ဝိနည်းကျမ်းလာ တိဏ ဝတ္ထာရက သမထနှင့် တူနေ ပါသည်။

ဗြာဟ္မဏ ဝါဒမှာ အတ္တဝါဒ ဖြစ်သည်။ ဗုဒ္ဓဝါဒမှာ အနတ္တဝါဒဖြစ်သည်။ ကျွန်ုပ်တို့သည် အတ္တ အကြောင်းကို ကောင်းစွာမသိပဲ ဘယ်ပုံ အနတ္တဝါဒကို သဘော ပေါက်နိုင် မည်နည်း။ "အနတ္တာ အစိုးမရ၊ အလိုသို့ မလိုက်၊ မိမိအလို ဆန္ဒ အတိုင်း မဖြစ်သော အနတ္တအမှန်ပင်တည်း" ဟု ဆိုကာမျှဖြင့် အတ္တစွဲ ပြိုကွဲသွားမည် မဟုတ်။ သူတို့၏ အတ္တဝါဒ အဖွင့်တို့ကို ကောင်းစွာသိဘို့လို၏။ သို့မဟုတ်က မျက်မမြင်အား အရောင် ဆင်း၏ လှပခြင်းတို့ကို ပြောပြနေသကဲ့သို့ ဖြစ်မည်။ အကယ်၍ မျက်စိမြင်ပါက အလင်းရောင်အကြောင်း ဖွင့်ဆိုနေဘို့ပင်မလို၊ သူ့အလို အလျောက် ခံစားလိမ့်မည်။ ထို့အတူပင် အတ္တ အကြောင်းကို ကောင်းစွာသိပါက အနတ္တ၏ သဘာဝနှင့် ပတ် သက်၍ ပိုပြီး လေးနက်နိုင်သည်။

ဗုဒ္ဓသည် အနိဿရဝါဒဖြစ်၏။ ကမ္ဘာလောကနှင့် ထို တွင်ရှိသော သတ္တဝါများ၊ အရာ ဝတ္ထု များကို ဘုရားသခင် ဖန်ဆင်း၍ ဖြစ်ပေါ်လာခြင်းဆိုသော အယူဝါဒကို ငြင်းပယ်၏။ ထိုဘုရားသခင်သည် ထိုအရာဝတ္ထု အားလုံးတို့ကို အစိုးရသည် ဆိုသော စကားကို မယုံကြည်၊ ထိုဖန်ဆင်းရှင် ဆိုသူလည်းမရှိ၊ ယင်း၏ အစိုးရခြင်းလည်း မရှိသော အယူကိုပင် အနိဿရဝါဒ

ဟု ဆို၏။ ဤအတွက်လည်း သူတို့၏ ဣဿရ နိမ္မာနဝါဒကို သိဘို့လိုပါသည်။ သို့မဟုတ်ပါက အနိဿရဝါဒရှင်ကို ဣဿရိယ ပြုလုပ်ထားနိုင်သည်။ ဖန်ဆင်းမှုကို အပြင်းအထန် ဝေဘန်သော အနိမ္မာနဝါဒီကို ဖန်ဆင်းရှင် နိမ္မာနအသွင် ကယ်တင်ရှင် အဖြစ် ကိုးစားတတ်သည်။ ဗုဒ္ဓသည် ကယ်တင်ရှင် မဟုတ်၊ "သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့၊ ဟာထာဂတ တို့သည် ညွှန်ကြားရုံမျှသာ ဖြစ်ကြ၏"ဟု ဓမ္မပဒတွင် ရှင်းရှင်းပင် မိန့်ကြားတော်မူခဲ့၏။ သို့ရာတွင် ယခု ဘယ်ပုံဖြစ်နေသည်ကို ကိုယ်တိုင်သိကြသည်။တဆိတ်ရှိ ဘုရားတနေကြသည်မှာ ကယ်တင်ရှင် ဘုရားတို့၏ တပည့်သားများနှင့်မခြားတော့၊ အကယ်၍ ကယ်တင်ရှင် ဘုရားအကြောင်းကို ကောင်းစွာ သိပါလျှင် ထိုသို့ တမ်းတနေတော့မည်မဟုတ်၊ မြတ်စွာဘုရား ညွှန် ကြား သည့် အတိုင်း ပြုလုပ်လိမ့်မည်။

"သင်တို့သည် ဤလမ်းကို သွားကြလျှင် ဆင်းရဲအဆုံးကို ပြုကြလိမ့်မည်။ ငါသည် ဆူးငြောင့်ကင်းသောလမ်းကို ကိုယ်တိုင် သိ၍ သင်တို့အား ညွှန်ကြားခြင်းဖြစ်၏။"

မြတ်စွာဘုရားသည် ဆူးငြောင့်ကင်းသော လမ်းကို ကိုယ်တိုင်သိ၏။ အကြောင်းကား သူကိုယ်တိုင် ထိုလမ်းပေါ် သွားခဲ့ဘူး၍ဖြစ်၏။ ယင်းလမ်းမှာ ဗြဟ္မစာဝါဒ လမ်းဖြစ်၏။ ထိုလမ်းကို ကျွန်ုပ်တို့လည်း သိသင့်ပါသည်။ လေ့လာသင့် ပါသည်။ သို့မှလည်း အန္တရာယ်ရှိသောလမ်းနှင့် အန္တရာယ် ကင်းသော လမ်းကို နှိုင်းယှဉ်နိုင်မည်။ ဘယ်သို့သော အန္တရာယ်တို့ ရှိပါသနည်း။ အကယ်၍ ထိုလမ်းက အန္တရာယ်တို့ကို တွေ့မြင်ရပါလျှင်

အန္တရာယ်ကင်းသော ဤလမ်းသည် ပို၍ နှစ် သက် ဖွယ် ရာ ဖြစ်နိုင်၏။

"ဝါဒတို့တွင် ကောင်းမွန် မြင့်မြတ်သော ထေရဝါဒ သည် ပဉ္စောင်ပင်ကြီးနှင့်တူစွာ မြတ်စွာဘုရား၏ သာသနာ တော် အလုံးစုံကို မယုတ်မလွန် ပြလျက်ရှိ၏။ ကြွင်းသော ဝါဒ တဆယ့် ခုနစ်ပါးတို့သည်ကား သစ်ပင်ကြီး၌ဖြစ်ပေါ်လာသော ဆူးတို့နှင့်တူကုန်၏။"

ဒီပဝံသမှ ထေရဝါဒနှင့် မဟာယာန နှိုင်းယှဉ်သော စကားဖြစ်၏။ ဆိုလိုရင်းမှာ ထေရဝါဒသည် လမ်းမှန်ဖြစ်သည်။ ဆူးငြောင့် ကင်းစင်သော လမ်းစဉ်ဖြစ်သည်။ မဟာယာနကား လမ်းမှားဖြစ်သည်။ ဆူးငြောင့်ရှိသော လမ်းစဉ်ဖြစ်သည်။ ထေရ ဝါဒအဋ္ဌကထာတို့တွင်ကား မဟာယာန ဂိုဏ်းဝင်တို့ကို "ပါပ ဘိက္ခု-ရဟန်းယုတ်" ဟု သမုတ်ကြ၏။ ထို ရဟန်းယုတ် တို့၏ အလုပ်ကို ယခုအခါ ရဟန်းကောင်းတို့ သိဘို့လိုပါသည်။ သို့မှ လည်း မိမိတို့၏ မွန်မြတ်သော ထေရဝါဒတွင် ထိုအယုတ်တရား တို့ အဘယ်မျှ ရောထွေးနေသည်ကိုသိမည်။ သိမှလည်း သုတ်သင် ရှင်းလင်းနိုင်မည်။ မြတ်စွာဘုရားသည် ဘယ်အခါမျှ လူတို့၏ တွေးတောမြော်မြင် ဆင်ခြင်မှုတို့ကို ပိတ်ပင် တားဆီး မထား။

"ကာလာမတို့ သင်တို့လာကြကုန်၊ ပြောသံကြားကာမျှ ဖြင့်လည်း မယူကြလင့်၊ အစဉ်အဆက်စကားမျှဖြင့်လည်း မယူ ကြလင့်၊ ဤသို့ဖြစ်ဘူးသတတ် ဟူသော စကားဖြင့်လည်း မယူ ကြလင့်။ ပိဋကစာပေနှင့်ညီညွတ်ပါသည်ဟုလည်း မယူကြလင့်၊ ကြံဆတွေးတောခြင်းမျှဖြင့်လည်း မယူကြလင့်။ နည်းမှီ၍ယူခြင်း

မျှဖြင့်လည်း မယူကြလင့်။ အခြင်းအရာကို ကြံစည်ခြင်းမျှဖြင့်လည်း မယူကြလင့်။ ယူထားသောအယူနှင့် တူညီ၏ ဟုလည်း မယူကြလင့်။ မှတ်ယူဘိုက်သော သဘောမျှဖြင့်လည်း မယူကြလင့်၊ ငါတို့ လေးစားအပ်သော ရဟန်း၏ စကား ဟုလည်း မယူကြလင့်"

မြတ်စွာ ဘုရား သခင်၏ သွန်သင်ချက် ဖြစ် သည်။ ဤတွင် မြတ်စွာဘုရားသည် လွတ်လပ်စွာ တွေး တော မှု အတွက် အဘယ်မျှ အားပေးကြောင်းကို တွေ့နိုင်၏။ ရှေး အခါက အကျော် အမော် ကျမ်းပြု ပုဂ္ဂိုလ်ကြီး တို့သည် အများ အားဖြင့် ဝေဒသုံးပုံ၌ တ ဖက် ကမ်း ရောက် တတ်မြောက်သူများ ဖြစ်ကြောင်းသိရ၏။ ထို့အတူ ကျွန်ုပ်တို့လည်း သိသင့်-သိထိုက်သည်များကို သိအောင်ပြုဘို့လိုသည်။ သို့ဖြင့် ဘယ်အပြစ်ဖြစ်မည်နည်း။ မိမိအယူအဆ မှန်ကန်ကောင်းမွန်နေပါလျှင် အခြားဘယ်ဝါဒနှင့်မဆို နှိုင်းယှဉ်နိုင်သည်။ သို့ရာတွင် ယခုဖော်ပြမည့် ဝါဒကား အခြား တပါးလည်း မဟုတ် ပါ။ ကျွန်ုပ်တို့နှင့် အဖေတူ ညီနောင်များ၏ အယူဝါဒ ဖြစ်သည်။ ကိုယ့် သွေးသား ချင်းတို့၏ အရည် အ ခြင်း ကို စူး စမ်း သင့်ပါသည်။

ထိုနှင့်အတူ ဟိန္ဒူဝါဒ၏ ပဓာနဖြစ်သော ဥပနိသျှဒ် အချို့နှင့် ဒဿန အချို့ကိုလည်း ပူးတွဲ ဖော်ပြထားပါသည်။ အကြောင်းကား ဗုဒ္ဓဝါဒသည် ထိုပတ်ဝန်းကျင်မှဖြစ်ပေါ်လာသောကြောင့်ဖြစ်၏။ မိမိသည် ဥ ပ နိ သျှဒ် များကို စန္ဒာရပ်စုံ မဂ္ဂဇင်း၌ရင်း၊ ဒဿနတို့ကို လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ

၌၎င်း၊ ရေးသားဖော်ပြခဲ့ပါသည်။ ဤတွင် ထို ဆောင်း ပါး တို့မှပင် ကောက်နှုတ် ဖေါ်ပြ လိုက် ပါသည်။ သို့ ရာ တွင် ဆောင်းပါးများအတိုင်း ကူးယူခြင်းမဟုတ်ပါ။ ဤစာအုပ်နှင့် သင့်လျော်ရုံမျှ ကောက်နှုတ် ဖော်ပြခြင်းဖြစ်သည်။ သို့ကြောင့် အကျဉ်းချုပ်၏ အကျဉ်းချုပ်သဖွယ် ဖြစ်နေပါသည်။

မိမိသည် ဤစာအုပ်ကို ကျမ်းစာရေးသကဲ့သို့ ရေးသည် မဟုတ်ပါ။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် ဆောင်းပါး ရေးသကဲ့သို့ တပုဒ်စီ ရေးခဲ့ပါသည်။ သို့ဖြင့် စာ ရေး သူ သည် ပေါ့ပေါ့ ပါးပါးရေးနိုင်သကဲ့သို့ စာရှုသူတို့ အတွက်လည်း ဝန် လေးနေလိမ့်မည်မဟုတ်ဟုထင်ပါသည်။ ဆောင်းပါးဖတ်သကဲ့သို့ တခန်းစီ ဖတ်သွားနိုင်ပါသည်။ သို့ရာတွင် အတွေး အမြင်နှင့် သမိုင်းဆိုင်ရာ သုတေသန အချက်အလက်တို့သာဖြစ်၍ အခြား ဒေသန္တစသော ဆောင်းပါးတို့ကဲ့သို့ သာမည အမှတ်မဲ့ ဖတ်ရန် ကား မသင့်ပါ။ တတ်နိုင်လျှင် သက်ဆိုင်ရာ စာအုပ်စာတမ်း တို့ဖြင့် ညှိနှိုင်းသင့်ပါသည်။

စင်စစ် မိမိသည် အတွေးအမြင်ဆိုင်ရာ စာအုပ်ကိုရေးရန် လက်ရှိနေပါသည်။ အကြောင်းကား မြန်မာ စာဖတ်ပရိသတ် သည် တွေးမြင်မှုကို အလေးဂရုမပြုလှသောကြောင့်ဖြစ်၏။ ဤ အတွင်းမှာ စာရေးဆရာမောင်မောင်ဦး (ဥဒါန်း-ဦးသန်းညွန့်) နှင့် ကဗျာဆရာ ရန်ကင်း မောင်မောင်အေးတို့က အတွေးအမြင် စာပေကို ဖတ်ရှု လေ့လာလိုကြောင်း တောင်း ဆို တိုက် တွန်း အားပေးကြ၍ ယင်းတို့ကို ဆောင်းပါးသဖွယ် အေး အေး ဆေးဆေး တခန်းစီ အသီးသီးရေးခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင်

သူတို့အပေါ်မှာလည်း ဤမျှဖြင့် သန့်ရှင်းသော ထေရဝါဒ ဗုဒ္ဓဝါဒီတို့ဖြစ်ကြလိမ့်မည်ဟု မမျှော်လင့်မိပါ။ အကြောင်းကား သူတို့လည်း ကျွန်ုပ်တို့နှင့် ထူးမခြား၊ ထိုဆူးငြောင့်တို့ အကြား တွင် ကာလကြာမြင့်စွာ ကျင်လည်လှည့်ပတ် နေသူများဖြစ်၍ လွယ်လွယ်နှင့် နုတ်ပယ်နိုင်လိမ့်မည်မထင်ပါ။ ဆူးကိုပင် သင်ဖြူး အသွင် မှတ်ထင်နေကြမည်။ သမိုင်းဝင် အစစ်အမှန် လူသား ဗုဒ္ဓကို ကယ်တင်ရှင်အလား ကိုးစားနေကြသည်။ အမှားသည် ကာလကြာမြင့်သောအခါ အမှန်တရား အသွင်ဆောင်နေတော့ ၏။ သို့ဖြင့် အင်အားကောင်းသောအခါ အမှန်တရားက အမှား ဖြစ်သွားနိုင်၏။ ထိုမှားသော အမှန်ကို တော်လှန်ရန်မှာ အမှား သက်သက်ထက် ခက်၏။ အကြောင်းကား ယင်းသည် ကာလ ရှည်ကြာစွာက အသဲနှလုံးတွင် စွဲဝင်နေသောကြောင့် ဖြစ်၏။

အမှန်တရားသည် ဘယ်အခါမျှမမှား၊ အမြဲမှန်နေသည်။ ဖောက်ပြန်သည်မှာ အမှန်တရားမဟုတ်၊ လူတို့၏ အမှတ်အသား နှင့် အတွေးအမြင် အယူအဆတို့သာဖြစ်သည်ဟု အတွေးအမြင် ပညာရှင်တို့က ဆိုကြ၏။ မှန်ပါသည် သို့ရာတွင် ကြေးနီ ဝင် ရောက်လာ၍ ရွှေသည် မိုးကြိုးဖြစ်သွားရ၏။ အကယ်၍ ရွှေစစ် ကို တွေ့မြင်လိုပါမူ ရွှေနှင့်ကြေးကို ခွဲခြားရလိမ့်မည်။ ခွဲခြား ဝေဘန်တတ်သော ဝိဝေကဉာဏ်ရမှ အစစ်အမှန်ကို တွေ့ရမည် ဖြစ်၏။ သို့ရာတွင် အမှန်အမှားကို ခွဲခြားသိဘို့လို၏။ အမှန်ကို အမှား၊ အမှားကို အမှန်ဟု ထင်နေပါသော် မခက် ပါလော။

"အနှစ် မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိ၏။ အနှစ် ရှိသောတရား၌ အနှစ်မရှိဟု ယူဆသူတို့သည် မှားသောကြံစည်

မှုလျှင် အာရုံရှိကြ၍ အနှစ်ရှိသော တရားကို မ ရ နိုင် ကြ ပါ။ အနှစ်ရှိသောတရားကို အနှစ်ရှိ၏၊ အနှစ်မရှိသောတရားကိုအနှစ်မရှိဟု ယူဆသူတို့သာလျှင် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကြ၍ အနှစ်ရှိသော တရားကို ရနိုင်ကြ၏”။

ယင်းသို့လျှင် ဓမ္မပဒ၌ မြတ်စွာဘုရား ဟောကြားသည့်အတိုင်း အမှားအမှန် သို့မဟုတ် အနှစ်မဲ့နှင့် အနှစ်ရှိကို ခွဲခြားသိမြင်ဘို့လိုပါသည်။ ထိုအတွက် ကြံစည်မှု အတွေးအမြင် စင်ကြယ်ရမည်။ မိစ္ဆာသင်္ကပ္ပခေါ် မှားယွင်းသော အတွေးအမြင်လျှင် အာရုံရှိနေကလည်း အနှစ်သာရကို မရနိုင်ပါ။ လူသည်ကိုယ့်ဘက်က အမြဲရပ်တည်ပြီး ကိုယ့် အ မြင် ကို အမှန် ဖြစ်အောင် ကာကွယ်လေ့ရှိသည်။ အဖြူကိုအမဲဖြစ်အောင်ပြောနိုင်သည်ကိုပင် ဟုတ်လှပြီဟု အထင်ကြီးတတ်၏။ ထို့မှ ပြန် သောအားဖြင့် သမ္မာသင်္ကပ္ပခေါ် မှန်ကန်သော ကြံ စည် မှု အတွေးအမြင်သာ အာရုံရှိမှ အနှစ်သာရကို တွေ့ကြရမည်။

ဘယ်သူသည်ဘယ်သူ့အား ဤကားအနှစ်သာရဖြစ်သောအမှန်တရားဖြစ်သည်။ ထိုတရားကား အနှစ်သာရမဲ့သော အမှားဖြစ်သည်ဟုတိုက်တွန်းသင့်ပါသနည်း။ ကိုယ်တိုင်ဝေဘန်ပိုင်းခြားနိုင်ရေးအတွက်သာ အလေးအနက်ထားသင့်သည်။ မိမိသာလျှင်မိမိ၏ကိုးကွယ်ရာဖြစ်၏။ အဘယ် သူတပါးသည် ကိုး ကွယ် ရာဖြစ်နိုင်ပါမည်နည်း။ မိမိသာလျှင် ကောင်းစွာ ယဉ်ကျေးသဖြင့် ရနိုင်ခဲသော ကိုးကွယ်ရာကို ရနိုင်၏။

သော်ဇင်

၁၄၊ ၆၊ ၇၄၊

အရည်းကြီး

ရှေးအတီတေ ပုဂံပြေတွင်
ဆံကေသာ လက်လေးသစ်
မုတ်ဆိတ်မွေး ဗလပျစ်
မနှစ်သည့် စိဝရံနှင့်
တာလေလံ အကျင့်ဆိုးသော
ရှင်သိုးတကာ့ ထိပ်ခေါင်ကြီး
ရှင်မထီး တို့ကဲ့သို့....

ဤစာပိုဒ်သည် စလေဦးပုည၏ မေတ္တာစာ တပုဒ် မှ ကောက်နှုတ်ချက် ဖြစ်၏။ ရှေးအခါက ပုဂံပြည်၌ ရှိခဲ့ဘူးသော ရှင်မထီး၏သရုပ်ကိုဖော်ထုတ်ပြီး ဥပမာ ပြုလုပ်ထားခြင်းဖြစ်၏။ ပုဂံရာဇဝင်တွင် ထင်ရှားသော ကျန်စစ်မင်းသားကြီး၏ မိဖုရား သမ္ဘာ့ုလမှာ မထီးတူမဖြစ်၏။ ထိုမင်းကြီးသည် မထီးတူမ သမ္ဘာ့ုလ ကို ဦးဆောက်ပန်း ဟူသောအမည်ဖြင့် မိဖုရားမြှောက်၏။ ထို မိဖုရား၏သားတော်ကား ရာဇကုမာရ မည်၏။သူသည် ရွှေဆင်းတု

ဘုရား သွန်းလုပ်ပြီး မြန်မာ စာပေဝင်အတွက် အဘိုး အနဂ္ဃ ထိုက်သော ကျောက်စာထိုးခဲ့၏။ ထိုတွင် သံဃာတော် ခုနစ်ပါး ၏ အမည်ကိုတွေ့ရ၏။ ယင်းတို့မှာ မဟာထေရ၊ မုဂ္ဂလိပုတ္တတိဿ ထေရ၊ သုမေဓါပဏ္ဍိတ၊ ဗြဟ္မပါလ၊ ဗြဟ္မဒေဝ၊ သောန နှင့် သံဃသေနဝရ ပဏ္ဍိတ တို့ ဖြစ်၏။

ကျောက်စာတွင် ထိုအရှင်တို့ကို "သင်ဂြိ"ဟု ခေါ်၏။ သင်ဂရိဟုဖတ်ကြပြီး သင်္ဃာ ဟု ပြန်ဆိုကြ၏။ ထို အရှင် တို့သည် မယ်တော်သမ္ဘူလ၏ ဦးရီး မထီး၏ အဆက် အနွယ် များလော၊ သို့မဟုတ် ဘိုးတော်အနော်ရထာမင်းကိုးကွယ်သော ရှင်အရဟံ၏ အဆက်အနွယ်များလောဟု စဉ်းစားဘွယ်ရှိ၏။ "ထို ရာဇကုမာရ မည်သော ပယ်မယားသား ဤကူဘုရားအား ရေသွန်း၍-ဤသို့ မိန့်၏။ ဤ ငါ့အမှုကား သဗ္ဗညုတ ဉာဏ်ပညာ ရအံ့သော အကြောင်း ဖြစ်စေသတည်း"ဟုဘုရားဆုတောင်းခဲ့သည်ကို သတိ ပြုသင့်၏။

မထီးဟူသည်မှာ မဟာထေရဟူသော ပါဠိ ဘာသာ မြန်မာပြန် မထေရ်မှ မထီး ဖြစ်လာနိုင်ဘွယ် ရှိ၏။ မထေရ်ကို မထည်ဟု ရွတ်ဖတ်ရ၏။ ယင်းနှင့် အသံတူမှာ မထီဖြစ်၏။ ထိုမှ တဆင့် မထီး ဖြစ်သွားနိုင်၏။ ထိုစဉ်အခါက ရဟန်းတော်တို့ကို မထီးဟု ခေါ်ကောင်းခေါ်ကြမည်။

ယင်း မထီးကို သမထီးဟုလည်း ခေါ်ကြ၏။ သမထီး ဟူသော မြန်မာ ဝေါဟာရသည်လည်း ထို မဟာထေရ နှင့်ပင် ဆက်စပ်လျက်ရှိ၏။ ရဟန်းတို့မှာ ထေရနှင့် မဟာ ထေရ ဟူ၍ နှစ်ချိုး ရှိ၏။ ရဟန်းငယ်ကို ထေရ-ထေရ်ဟု ခေါ်၍ ရဟန်း

ကြီးကို မဟာထေရ- မထေရ်ဟုခေါ်၏။ ရဟန်းငယ်နှင့်ရဟန်း ကြီး အလုံးစုံကိုမူ သိမ်းရုံး၍ ထေရ-ထေရ်ဟုခေါ်၏။ ယင်း ထေရကို သက္ကတဘာသာ၌ "သထဝိရ"ဟုခေါ်၏။ ယင်း သထ ဝိရမှလည်း သမထီးဟု ဖြစ်နိုင်၏။ ထိုစဉ်အခါက ပုဂံသားတို့သည် သက္ကတဘာသာကို ဦးစားပေး၍ ပြောဆိုနေကြ၏။ ရာဇကုမာရ သည် သူ၏ကျောက်စာကို သက္ကတဘာသာဖြင့် အစပြုထား၏။

ထို့ပြင် ရှေးအခါက ဗုဒ္ဓသာသနာတွင် "သမ္မတိယ"အမည် ရှိသော ထေရဝါဒဂိုဏ်းခွဲတခု ရှိခဲ့ဘူး၏။ ထိုသမ္မတိယ အမည် ရှိသော ဝေါဟာရမှလည်း သမထီး ဖြစ်နိုင်၏။ မည်သို့ပင်ဖြစ်စေ ပုဂံနယ်တွင် သမထီး အမည်ရှိသော ရွာတရွာ လူနေ အိမ်ခြေ အနည်းငယ်နှင့် ယနေ့တိုင်ရှိနေ၏။ ယင်းရွာသည် ရှင်မထီးခေါ် သမထီးတို့ နေထိုင်ရာဖြစ်၍ သမထီး ရွာဟု တွင်ကြောင်း ရှေး သူကောင်းတို့ပြောကြ၏။ ယင်း သမထီးအရပ်တွင် နေသူများမှာ "အရည်းကြီး"တို့ပင် ဖြစ်၏။ ထိုအကြောင်းကို မှန်နန်းရာဇဝင် တော်ကြီးဖြင့် သိနိုင်၏။

> အနော်ရထာမင်းစော လက်ထက်တော်၌ (ပုဂံ ပြည်သည်) ပုဂံရာမဟု တွင်၏။ ထိုပြည် တွင် မင်း အဆက်ဆက်တို့သည် သမထီးအရပ်၌ သီတင်းသုံးသော အရည်းကြီး သုံးကျိပ်နှင့် တပည့် ခြောက် သောင်း တို့ အဆုံးအမကို ခံ၍ မှားသော အယူ၌ တည် ကုန် ၏။ ထို အရည်းရဟန်းတို့ အယူကား ဘုရား ရှင် ဟော တော်မူသော တရားတော်ကိုပယ်၍ မိမိတို့ အ ယူ ဖြင့် အသီးသီး ယူကြကုန်၏။ မိမိဆန္ဒနှင့်လျော်ညီစွာ ကျမ်းဂန်

ပြု၍ လူတို့အား လှည့်ပတ် ဖျားယောင်း၏။ ထိုသူတို့ ဟောသော တရားကား သူ့အသက်ကို သတ်မိသော သူသည် ဤပရိတ်ကိုရွတ်သော် ကမ္မပထမှလွတ်၏။ ဤသို့ အစရှိသော မဟုတ်မတရားသော အဓမ္မတို့ကို ဓမ္မဟူ၍ ဟောကြား၏။ ထို့မှတပါးလည်း မင်း အ စ ရှိ သော အမှုး အမတ် ကလန် သံပျင် သူဌေး သူကြွယ် ပြည်သူတို့ သားသမီးကို ထိမ်းမြားမင်္ဂလာ ပြုအံ့သောအခါ ဆရာ တို့အား ပန်းဦးလွတ်ဟူ၍ ညဦးက ထိုသူတို့အထံသို့ ပို့ရ လေ၏။ မိုးသောက်၍ လွတ်လိုက်မှ ထိမ်းမြားရသော ဟူ၏။ ဆရာတို့ပန်းဦးမလွတ်ဘဲကို ထိမ်းမြားပချေသော် အစဉ်ကို ဖျက်သူဟု ကြီးစွာသော မင်းပြစ်ကို ခံရသော ဟူ၏။

အနော်ရထာ မင်းစောသည် ဤ သို့ မ ဟုတ် မတရားသော အကြောင်းတို့ကို ကြားမြင်တော်မူသည် ရှိသော် ရင့်ပြီးသောပါရမီရှိသည်ဖြစ်၍ မှားသော အယူ ဖြစ်သည်ဟု နှစ်သိမ့်တော်မမူဘဲ ကြီးစွာသောထိတ်လန့် ခြင်းဖြင့် မှန်သောတရားကို ရချင်လိုဟုတောင့်တတော် မူ၏။

ထိုအခါ သုဓမ္မဝတီမည်သော သထုံပြည်မှ ဓမ္မ ဒဿီ(ရှင်အရဟံ)မည်သော ရဟန်းသည် ပုဂံပြည်သို့ ရောက်တော်မူလာ၏။ ထိုရဟန်းသည် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်းတို့၌ သာသနာတော် မတည် သေး ဟူ၍ ပုဂံရာမသို့ ကြွလာတော်မူ၏။ ရောက် တော် မူ လျှင်

ပြည်နှင့်မနီးမဝေးသော တောအုပ်တခု၌ နေတော်မူ၏။ ထိုသို့နေရာမှ ရှင်အရဟံသည် မုဆိုးတယောက်ကိုအမှီပြု၍ အနော်ရထာမင်းကြီးထံသို့ ရောက်သွား၏။

မင်းကြီးသည် မြတ်သောဣန္ဒြေနှင့် ပြည့်စုံတော်မူသော ရှင်အရဟံရကိုမြင်တော်မူသော် ဤသူကား သူယုတ်မဟုတ်၊ မြတ်သောသူတည်း။ ဤသူ့ကိုယ်တွင်း၌ မြတ်သော တရားရှိရာသည်ဟူ၍ "ငါတို့ကား ငါ့ရှင်မှတပါး အခြား ကိုးကွယ်ရာ မရှိပြီ။ ဤနေ့မှစ၍ ငါတို့ကိုယ် အသက်နှစ်ပါးကို ငါ့ရှင်အား ဆောက်နှင်းတော့သည်။ ငါ့ရှင် အဆုံးအမ၌လည်းငါခံတော့သည်" ဟူ၍ မိန့်တော်မူပြီးလျှင် အရညကင်ရသောအရပ်၌ သာယာလှစွာသော ရတနာအတိဖြင့် တန်ဆာ ဆင်တော်မူသော ကျောင်းကို လှူတော်မူ၏။ တိတ္ထိဖြစ်သော အရည်းတို့ အယူကိုလည်း ပယ်တော်မူ၏။

ထိုအခါ မင်းအစရှိသော ပြည်သူအပေါင်းတို့သည် မိမိတို့၏အယူကိုစွန့်၍ ကောင်းသောတရား၌ တည်ကြလေသော် အရည်းကြီးတို့သည် လာဘ်သပ်ပကာမှ လျော့ကုန်သည်ဖြစ်၍ ရှင်အရဟံအား ကြီး စွာ သော ရန်ငြိုး ဖြစ်၏။ မင်းကြီးလည်း အ ရည်း တို့ သည် မကောင်းသော အကြံအစည်ဖြင့် ကြံ လ တံ့ သည် ကို စိုးရိမ်တော်မူ၍ အရည်းကြီးသုံးကျိပ်နှင့် တပည့် ခြောက်သောင်းတို့ကို နိုင်လောက်အောင် အစောင့်အနေတို့ကို ခန့်ရန်းစောင့်ရ၏။

ထိုအခါ သထုံပြည်က ရဟန်းသာမဏေ အများ ရောက်တော် မူလာ၏။ ရှင်အရဟံလည်း သာသနာ တော်၌ သဒ္ဓါကြည်ညိုသော သူတို့အား ရဟန်း ပဉ္စင်း အဖြစ်ကိုဖြစ်စေ၏။ မင်းကြီးလည်းအရည်းကြီးသုံးကျိပ် နှင့်တကွ တပည့်ခြောက်သောင်းတို့ကို လူဝတ်လဲစေ၍ အဲမောင်းလှံကိုင် ဆင်ချေးကျုံး ထည့်တော်မူလေ၏။ မင်းကြီးလည်း ဤသို့ မိန့်တော်မူလေ၏။

"ဤပြည်ကို အစဉ်မင်းပြုတော်မူသော အဆက် ဆက်သော ဘေးလေ ာင်းဖော်ဘိုးလောင်းတော်တို့သည် အရည်းရဟန်းတို့ အယူကို ယူတော်မူလေသည်။ ယူ၍ ရကောင်းပြန်ဘိမူကား တဖန်ပြန်ယူချင်ခလို" ဟု တောင့် တတော်မူသော ဟူ၏။

စလေ ဦးပုညသည် ဤမှန် နန်း ရာ ဇ ဝင် စ ကား ကို ထောက်အထားပြုပြီး အရည်းကြီးခေါ် ရှင်မထီး၏ သရုပ်ကို ဖော်ထုတ်ခြင်းဖြစ်မည်။ အရည်းဟူသည်မှာ ပါဠိဘာသာ အရိယ သို့မဟုတ် သက္ကတဘာသာ အာရယမှပြောင်းလဲသွားသောမြန်မာ စကားဖြစ်၏။ အရိယဟူသည်မှာ မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်၏။ ဗြဟ္မဏဝါဒ အလိုအားဖြင့် ဟိန္ဒူတို့ကို အာရယဟုဆို၏။ မြတ် စွာဘုရားကမူ အရိယာဟူသည် လူ၏အမျိုးအနွယ် အမည်မဟုတ်၊ အကျင့်သိက္ခာ၏ အမည်ဖြစ်သည်။ အရိယာ ဆိုသော လူက မွေး ဖွား၍ အရိယာမဖြစ်၊ အကျင့်သီလဖြူစင်ပါလျှင် မည်သူမဆို အရိယာဖြစ်၏။ သို့ကြောင့် မဂ်လေးပါး၌ တည်သော ပုဂ္ဂိုလ်

လေးဦးနှင့် ဖိုလ်လေးပါး၌တည်သော ပုဂ္ဂိုလ်လေးဦးအားဖြင့် ရှစ်ယောက်သော သူကို အရိယာပုဂ္ဂိုလ်ဟု ခေါ်ဆိုခြင်းဖြစ်၏။

"လေးယောက် အစုံဖြစ်သော ပုဂ္ဂိုလ် ရှစ်ယောက်တို့ကို သူတော်ကောင်းတို့ ချီးမွမ်းကြပါသည်။ မြတ်စွာဘုရား၏တပည့်သားဖြစ်သော ထိုပုဂ္ဂိုလ်တို့သည် မြတ်သောအလှူကိုခံထိုက်ကြပါသည်။ ထိုပုဂ္ဂိုလ်တို့၌လှူသောအလှူသည် အကျိုးကြီးလှပါသည်" အစရှိသဖြင့် အရိယာပုဂ္ဂိုလ် ရှစ်ယောက်၏ ဂုဏ်ကျေးဇူးတို့ကို ရတနသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။ ယင်း အရိယာမှ ဖြစ်သော အရည်းကား အဆိုပါ ရာဇဝင် စကားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ၏။ မြတ်စွာဘုရားသခင် ရှေ့လက်ထက်တော်အခါက ဆဗ္ဗဂ္ဂိအမည်ရှိသော အရဟန်းတို့သည် အတော်ဆိုးသွမ်းကြ၏။ ရှင်ဒေဝဒတ်ဆိုလျှင် မြတ်စွာဘုရားကို လုပ်ကြံသည်အထိ အကြံပက်စက်၏။ သို့ရာတွင် သူတို့သည် ဤအရည်းကြီးတို့ကဲ့သို့ ယုတ်မာသောအမှုကိုမပြုကြ၊ အရည်းကြီးတို့ အလုပ်ကား စင်စစ် စက်ဆုပ်ဖွယ်ပင်တည်း။

ပန်းဦးလွှတ်ဟူသောစကားမှာ နူးညံ့သိမ်မွေ့ပါသော်လည်း ဆိုလိုရင်းအနက်အဓိပ္ပာယ်မှာ လွန်စွာရုန့်ရင်းကြမ်းတမ်း၏။ ပြယုဂ်မှာ ပို၍ပင် ယုတ်ညံ့၏။ ယင်းအမှုသည် အရိယာနှယ်ဝင် သူတော်စင်တို့နှင့် လားလားမျှမလျော်ကပတ်၊ လူတွင်ပင် ယုတ်မာသူတို့အောက် အထူးသဖြင့် ယုတ် မာ သူ တို့ သာ မိုက်မဲစွာ စဉ်းစားမည့်အလုပ်မျိုးဖြစ်၏။ မင်းအဆက်ဆက်တို့၏ ပူဇော်ခံယူရသော အရည်းတို့သည် ယင်းအမှုကို ပြုကြပါမည်လော၊ ရာဇဝင်ဆရာတို့သည် မည်သို့သော အထောက်အထား

ဖြင့် ဤစကားကို ပြောကြားကြသနည်း။ ရှင်အရဟံ၏ ဂုဏ်ကို တင်ရန်အတွက် အရည်းတို့ကို နှိမ်ချခြင်းပင်လော။

အကယ်၍ မဟာယာနတို့၏ အကြောင်းကို ကောင်း စွာ မလေ့လာရပါသေးလျှင် ရှေးမြန်မာရာဇဝင် ဆရာကြီးတို့အား ပြစ်မှားကောင်း ပြစ်မှားမိကြမည်။ သူတို့၏ ထိုအဆို အမိန့်နှင့် ပတ်သက်သော အချက်အလက်တို့ကို မဟာယာနဂိုဏ်း၏ အဆက် ဗုဒ္ဓတန္တရ အယူအဆ တို့တွင် အရိပ်အမြွက် တွေ့နိုင်၏။ ထို အကြောင်းအရာတို့ကို အသေးစိတ်ဖော်ပြပါက လွန်စွာစက်ဆုပ် ဖွယ်အဖြစ်သို့ ရောက်သွားမည်။ ဤတွင်မူ ထိုအရည်းကြီးတို့နှင့် ပတ်သက်၍ အနော်ရထာမင်း၏ သောင်ရွက်ချက်ကို သာသနာ လင်္ကာရ စာတန်းမှ ကောက်နှုတ်ဖော်ပြပါမည်။

သာသနာ ၁၅၆၁-ခုနှစ်(ပုပ္ပားစောရဟန်းမင်း၏ ဖိုးကြွင်းတိုးနှစ်)သက္ကရာဇ်၃၇၉-ခုနှစ်တွင် နော်ရထာမင်းစော မင်းဖြစ်၏။ ထိုရှေးအခါ ပုဂံပြည်တွင် ရှင်ယောင် အရည်းတို့သည် သံဃာတော်ဟု သုံး ဆယ် စီ အသင်းဖွဲ့လျက် နေကြကုန်သည်။ အစုတထောင်ရှိသောဟူ၏။ အာဂါရိက အပြုဟုစရိယ အယူအကျင့်များကို ကြားတော်မူ၍ ကြည်ဖြူတော်မမူ၊ ပြည်သူ ပြည်သားတို့နှင့်တကွ မပေးကမ်း၊ မလှူဒါန်းနေလေသော် စဉ်းလဲဆန်းပြားသော အရည်းကြီး တယောက်သည် မိမိ တို့ အပြုအမူနှင့် လျော်ညီအောင် ကျမ်းစာ ပြုလုပ်ပြီးလျှင် သရေခေတ္တရာ ရသေ့ပြည်တွင်း အလယ်ဝယ် သခွတ်ပင်ကြီး အခေါင်း၌ ထိုကျမ်းစာကို ထည့်သွင်းထားလေ၏။

သစ်ပင်အခွံအသားစေ့စပ်အောင် စိုစို စွတ်စွတ် မြေခံထား၍ မသေ့ မခြောက်စေရအောင် လုံ့လ ပြု၏။ သုံးနှစ်လည်၍ သစ်ပင်အသားစေ့စပ်သောအခါပုဂံပြည်သို့လာ၍ အနော်ရထာမင်းစောအား ဤသို့ကြားလျှာ၏။

"ကျွန်ုပ်တို့အား ကျမ်းစာမရှိ၍ တောင့်တ ကြသည်တွင် ဘေးလောင်းတော် ဒွတ္တဘောင်မင်းကြီး မြို့အတွင်း ကျမ်းစာရှိသည်ကို ဖေါ် ယူ သင် ကြား ကျင့်ဆောင်ရမည်ဟု နတ်တို့အိပ်မက်ပြပေး ပြောဆိုလာပါသည်"ဟူ၍ မင်းအား ကြားလက်သော် မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ ရသေ့ပြည်တွင်းသို့ ရောက်အောင် စစ်အင်္ဂါ လေးပါးနှင့် ချီသွား၍ ရသေ့ ပြည်တွင်းဝယ် ရှာလေလျှင် လုံးပတ် ၃၂-တောင်ရှိသော သခွတ်ပင်ကြီးကိုတွေ့၍ ထွင်းဖေါက်စေသည်တွင် သစ်ခေါင်းအတွင်းမှ ကျမ်းစာအများရ၍ မင်းအားဆက်သသည်ကို ကြည့်ရှုနာခံတော်မူ၍ သဘောသကန် မဟုတ်မမှန်ကြောင်းကို သိတော်မူသဖြင့် ထိုအရပ်တွင်ပင် မီးတိုက်စေ၏။ ထိုသို့ မီးတိုက်ရာအရပ်သည် ယနေ့တိုင်အောင် မီးတိုက်ကုန်းဟု အထင်အရှားတွင်လေ၏။"

ဤစာတမ်းအရ အနော်ရထာမင်းသည် အရည်းကြီးတို့၏ ကျမ်းစာ အများအပြားကို မီးတိုက်ပစ်ကြောင်း သိရ၏၊ လွန်စွာနှမြောဖွယ်ကောင်း၏၊ အကယ်၍ ယခုအခါမှာ ထိုကျမ်းစာများရှိနေပါလျှင် အရည်းကြီးများအကြောင်းကို ကောင်းစွာ သိရမည်၊ ယခုမူ သူတို့အကြောင်းကို ထိုစဉ်ကတည်ထားကိုးကွယ်

သော ဂူကျောင်းဘုရား လိုဏ်ဂူနှင့် ပန်းချီဆေးရေး ပုံတို့ကို ကြည့်ပြီး မှန်းဆနေကြရ၏၊ အရည်းကြီးတို့သည် မဟာယာန ဂိုဏ်းဝင် အရှင်တို့ဖြစ်လိမ့်မည်။

ယခုအခါ ကမ္ဘာ့ဗုဒ္ဓဝါဒသုတေသီတို့သည် မဟာယာန ဗုဒ္ဓမြနှင့် ပတ်သက်သောအချက်အလက်တို့ကို တရုပ်၊တိဗက်၊ဂျပန် စသည်တို့မှ အထောက်အထားတို့ဖြင့် ဖြေရှင်းနေကြရ၏။ အကယ်၍သာ ထို ကျမ်းစာတို့ကို အနော်ရထာမင်း မီးတိုက်မပစ်ပါလျှင် ဤအရေးကိစ္စတွင် မြန်မာလည်း အထောက်အထား တရပ်အနေဖြင့် ပါဝင်ကောင်း ပါဝင်နိုင်မည်။ ယခုမူ မြန်မာတို့မှာ မဟာယာန နှင့် ပတ်သက်၍ သက်မဲ့ အဆောက်အဦ နှင့် ပန်းချီဆေးရေးရုပ်များသာ ရှိ၏။ယင်းတို့ကို လှုပ်ရှားစေနိုင်သည့် အသက်ပမာ ကျမ်းစာမရှိ ဖြစ်နေ၏။ ထို့ကြောင့် တရုပ် တိဗက်၊ ဂျပန် စသူတို့၏ အဆိုအမိန့်ဖြင့် နှစ်သိမ့် နေကြရ၏။ ယင်းတို့ဖြင့် ထိုရုပ်ပုံ စသည်တို့ကို အနက် အဓိပ္ပါယ်ဖေါ်နေကြရ၏။

မြန်မာနိုင်ငံသို့စတင်ရောက်သော ဗုဒ္ဓသာသနာမှာ ထေရဝါဒ ဖြစ်၏။ မြန်မာနိုင်ငံဆိုင်ရာ သမိုင်းအချက်အလက်တို့တွင် မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါကပင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိကြောင်း ညွှန်ပြကြ၏၊ သို့ရာတွင် ဒမျာ:လက်ခံကြသည်မှာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံယူပြီးနောက် နှစ်ပေါင်း ၂၃၅-နှစ်မြောက် တတိယ သံဂါယနာမှ စတင်၏။ ရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာတထောင်တို့သည် တတိယ သံဂါယနာ တင်ပြီးနောက် သာသနာပြုအဖွဲ့ ဖွဲ့စည်း

ပြီး ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုရန် အသီးသီး စေလွှတ်၏။ ထိုတွင် သုဝဏ္ဏဘူမိခေါ် မြန်မာနိုင်ငံလည်းပါဝင်ခဲ့၏။ ဤသာသနာပြုအဖွဲ့မှာ ထေရဝါဒ ဖြစ်၏။

မဟာယာန ဗုဒ္ဓသာသနာ ဘယ်အချိန်က ဘယ်သို့ရောက်ခဲ့သည်ကိုကား မသိကြရတော့ပါ။ ယင်းသာသနာကို အနော်ရထာမင်း သုတ်သင်ပြီးနောက် ထေရဝါဒီ ပညာရှိအဆက်ဆက်တို့လည်း မြေနုရာ လှံစိုက်ပြီး ပြည်ဖုံးကား ချထားလိုက်ကြသဖြင့် ဘာမျှမမြင်ရတော့ပါ။ အရည်းကြီးတို့၏ ယုတ်မာမှုအချက်ကိုသာကွက်၍ အဆက်ဆက် မီးမောင်း ထိုးပြနေကြ၏။

ရှင်အရဟံကိုကား သုဝဏ္ဏဘူမိ သာသနာပြု အဖွဲ့ခေါင်းဆောင် ရှင်သောဏ နှင့် ရှင်ဥတ္တရ တို့၏ အဆက်အနွယ်ဟုဆို၏။ သို့ရာတွင် နှစ်ပေါင်း ထောင့်သုံးရာကျော်မျှ ကွာခြားနေ၏။ အကယ်၍ ဘက်မလိုက်ဘဲ ဂိုဏ်းနှစ်ဂိုဏ်း၏ အသွင်သဏ္ဌာန်ကို အမှန်အတိုင်းပြပါလျှင် နောင်လာနောက်သားတို့ ကောင်းဆိုးနှစ်တန် ဝေဘန်ခွင့်ရကြမည်။

ဤတွင် အရှင်ဥက္ကဋ္ဌ၏ မဟာယာန ဗုဒ္ဓဝင်နိဒါန်း အဆိုအမိန့်ကို အကျဉ်းချုပ်ပြီး ကောက်နုတ်ဖော်ပြပါဦးမည်။

> ရှင်တော်ဘုရားသည် ၄၅-ဝါ ပတ်လုံး အဝိဇ္ဇာမှောင်ကို အလင်းရောင်ဖြင့် ပယ်လှင့်တော်မူပြီးလျှင် သတ္တဝါအများကို ကျောခိုင်းတော်မူ၍ ဝိမုတ္တိရသကို ထာဝရ ခံစားတော်မူသည်။
>
> ယင်းသို့ နိဗ္ဗာန်နန်းသို့ တက်လှမ်းဝင်ကြွတော်မူလင့်ကစား နောက်သားနောင်လာ ကမ္ဘာ၏ အညွန့်

အညှောက်တို့ကို တိုးပေါက်ဝေဆာ ရှည်စွာတည်ပစေဟု ပြဟ္မစိုရ်လွှမ်းပတ်သဖြင့် အနာဂတ်သာသနာရေဇလာကို စီးဆင်းတော်မူခဲ့သည်။

ဤသို့ စီးဆင်းလာခဲ့သော ဗုဒ္ဓသာသနာ တည်းဟူသော ရေယဉ်ရေစီးသည် မရပ်မနား တပေါင်းတည်း သိပ်သည်း သန်မာ လျင်စွာသော ရေခရီးဖြင့် စီးဆင်းလာခဲ့သည်မဟုတ်၊ ဘုရား တည်းဟူသော နေဝန်းကြီး အနောက်တောင်စွယ်၌ ကွယ်ပျောက်တော်မူ၍ မကြာမီပင် ရေစီးသန်လှသော ဂင်္ဂါမှ နှစ်မြွာနှစ်ခွ လမ်းမ နှစ်သွယ် ကွဲပြား ပေါ်ပေါက်ခဲ့သည်။

ယင်းသည့်လက်တက်နှစ်ဖြာတွင် ကြီးကျယ်သော မြစ်ခွဲသည် သာသနာ သက္ကရာဇ် ၂၀၀-မ လွန်မီ အခါမှာ ကြီးစွာသော ရေဦးဖြင့် နီပေါပြည် ကသ္မီရ တိုင်းနှင့် တိဗက်ပြည်ဘက်မှလှည့်၍ တရုပ်ပြည်သို့ကူးပြီး မြောက်ဘက်လမ်းဖြင့် ဖြန့်မြန်းစီးသွားသည်။

သာသနာသက္ကရာဇ် ၅၀၀-ကျော်သောအခါမှာ တရုပ်ပြည်မှ ကိုရီးယားပြည်သို့၊ ၎င်းမှတဖန် သာသနာ သက္ကရာဇ် ၇၀၀-ကျော်မှာ ဂျပန်သို့ စီးခဲ့သည်။ ၎င်းမှ တဖြာ ဂျာဝါယာရ်ကန်, ဖော်မိုဆာ, ကိုချင်ချိုင်းနား, မွန်ဂိုလီးယား, ဘိုခါရား, အဖဂနိစတန်, ဘတ်တီးရီးယာ နှင့် အာရှတိုက်အလယ်ပိုင်းရှိ ထိုထိုတိုင်းပြည်အပေါင်းတို့ သို့ စီးဝင်၍ သဒ္ဓါဝါတို့သည် ရှင်တော်ဘုရား ဟော

ကြွား ဆုံးမသော ရေစင်ဖြင့် တွေ့ထိ သော ကြောင့် ကားကားစွင့်စွင့် ပွင့်ခဲ့ကြသည်။

ထိုနှင့် မရှေးမနှောင်း တစ်းသော ရေကြောင်း မှုကား သီဟိုဠ်ကျွန်းသို့ တောင်ဘက်ခရီးဖြင့် စီးဝင်ခဲ့ သည်။ သာသနာ သက္ကရာဇ် ၇၀၀-အကျော်မှာ မြန်မာ ပြည် ဤဘက်ဆီသို့ ရေဦးလှည့်၍ လာခဲ့ပြန်သည်။ ထိုမှ တဖြာ သာသနာ သက္ကရာဇ် ၁၂၀၀-နီး ပါး ရှိသော် ယိုးဒယားပြည်သို့ ဆန်တက်ခဲ့သည်။

မြောက်ဘက် ရေစီး၌ ခရီးညွှန်ရှေ့သွားတို့ကား နာဂါဇ္ဇုန, ဝသုဗန္ဓု, အရိယဒေဝ စသည့် အရှင်မြတ်တို့ တည်း။ ထိုခေါင်း ဆောင် များ မှု ကား တောင် ပိုင်း သာသနာ၏ အကြောင်းအရာတို့ကို ခြွင်းချန် ဖုံး အုပ် မထားခဲ့ကြ၊ အထိုက်အလျောက် အခွင့်ဆိုက်ရာ ဆိုက်ရာ တို့၌ဖော်ပြသွားကြသဖြင့် မြောက်ပိုင်း သာသနာဝင်တို့၏ ကဗ္ဗာတာသည် တောင်ပိုင်းသားတို့ထက် ပိုမိုကောင်းမွန် ထူးချွန်သည်ဟု ဆိုရပေမည်။

တောင်ဘက်နယ်တဝိုက်သို့ ဦး တိုက် ထွက်လာ သော နဒီရေမှုလည်း များမကြာမီ အလီလီအလာလာ များစွာသော လက်တက်များ ဝေဆာ နှစ်ဘက် ခွဲထွက် ကြပြန်သည်။ ထို့ပြင် ဖြတ်သန်း စီးဆင်း လာခဲ့သော ထိုထိုနယ်ပယ် ဟူသမျှတို့မှ ရောင်ဝါအမျိုးမျိုး ပြည့်ဖြိုး စုံစွာ ရေဇလာတို့ကြောင့် ဗုဒ္ဓမမူ ရေအယဉ်သည် မူလ အတိုင်း မဟုတ်တော့ဘဲ ယုတ် လို ပို ပွား အ စား စား

အသွယ်သွယ် ပေါ်ပေါက်လာခဲ့သည်။ ဤတောင်ဘက် ရေကြောင်း၌ သွား သော လှေ လောင်း ၏ ပဲ့ ကိုင် ကား ရှင်မဟာ ဗုဒ္ဓဃောသ ဖြစ်သည်။ ဤ အရှင်သည် မြောက်ဘက်သို့ စီးသွားသောရေကြောင်း၏ အကြောင်း ခြင်းတ အဝဝကို ကားမဲကြီးဖြင့် အုပ်ခဲ့သည်။

ထို့ကြောင့် မနောင်လာနောက်သား တောင်ဘက် ဂိုဏ်းသားတို့သည် မြောက်ဘက် တခွင်သို့ တသွင်သွင် စီးသွားသော ဗုဒ္ဓဓမ္မရေယဉ်၏ အကြောင်းနှင့် ပတ်သက် ၍ တိမ်သည် နက်သည် ချိုင့်ဝှမ်းသည် တို့ကို အတည် တကျ သိရဘို့လမ်း စခန်းဝေးစွာ ခရီးက အပုံကွာသည့် ပြင် လေးမျက်နှာ ပိုက်ဆီး၍ မှောင်ကြီးမျက်မဲ ဝေခွဲမရ အလင်းရောင် ပခဲ့လေသည်။

သို့ကြောင့်လည်း တောင်ပိုင်း ဗုဒ္ဓဘာသာဝင် တို့သည် မဟာယာနဂိုဏ်းကို အထင်သေး အမြင်သေး မလေး မစား အပေါ်စား အပျော့စား သဘောထားခဲ့ ကြသည်။ ဤအချက်ကပင် မိမိတို့၏ ဘာသာရေး ဗဟု သုတ ဉာဏ်အမြင် အလှန်ပင် ကျဉ်းမြောင်း ကြောင်းကို ခိုင်လုံစွာ သက်သေခံပျက် နေကြသည်။ အကြောင်း ကား ထိုမဟာယာနဂိုဏ်း၌လည်း ဝိနည်း,သုတ္တန်,အဘိ ဓမ္မာအားဖြင့် သုံးဖြာသော ပိဋကတ် တော်နှင့် တကွ၊ ရှင်းအဖွင့် အဋ္ဌကထာ များစွာရှိလေသည်။

သိုသော် ဗုဒ္ဓဘာသာဝင်အချင်းချင်း မထိမဲ့ကင်း စေရန်အတွက် ယခု ခေတ်အခါ၌ ရှေးဆရာကြီးများ

နှာစေး ရေငုံ၍ လုံခြုံအောင် လုပ်ခဲ့သော မဟာယာန ဂိုဏ်း၏ အကြောင်းအရာ အမြှာမြှာနှင့် များစွာသော ပိဋကတ် အထွေထွေတို့ကို အလင်း ရောင် အောက် သို့ ဆိုက်ရောက်ပေါ်လွင် အထင်အရှား မျက်ဝါးထင်ထင် ထွက်ပြူလာခဲ့လေပြီ။

ရှင်ဥက္ကဋ္ဌ၏အဆိုအမိန့်မှာ ဗုဒ္ဓဝါဒ သမိုင်းအကျဉ်းချုပ် သဖွယ်ဖြစ်၏။ ယင်းဖြင့်လည်း ဗုဒ္ဓဝါဒတွင် ထင်ရှားသော ဂိုဏ်း ကြီး နှစ်ဂိုဏ်းအကြောင်းကို အတော်အသင့် မှန်းဆနိုင်၏။ ထို ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲပြားရခြင်းအကြောင်းကိုလည်း ဆက်လက် လေ့လာထိုက်၏။ သူတို့၏ အကွဲမှာ မြန်မာနိုင်ငံက သုဓမ္မာ, ရွှေ ကျင်, ကံ, ဒွါရ စသည့် အကွဲမျိုး မဟုတ်၊ သံဂါယနာ တင်ရ လောက်အောင် ကွဲခြင်းဖြစ်၍ အရေးကြီးလှပါသည်။

သံဂါယနာ

မြတ်စွာဘုရားသည် ခရစ်မပေါ်မီ နှစ်ပေါင်း-၅၄၄ နှစ်က ပရိနိဗ္ဗာန်ဝင် စံတော်မူခဲ့၏။ ထိုအခါ ရှင်မဟာကဿပ အမှူးရှိသော တပည့်သား သာဝကတို့သည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတို့ကို သံဂါယနာတင်ကြ၏။ သံဂါယနာဟူသည်မှာ စုပေါင်းရွတ်ဆိုခြင်း ဖြစ်၏။ မြတ်စွာဘုရားအနှံ့အပြား ဟောကြားတော် မူသော တရားတို့ကို ပိဋကတ်အားဖြင့်ရင်း၊ နိကာယ် အားဖြင့်ရင်း၊ အင်္ဂါ အားဖြင့်ရင်း၊ ဓမ္မက္ခန္ဓာ အားဖြင့်ရင်း အသီးသီးဝေဘန် ပိုင်းခြားပြီး အညီအညွတ် ရွတ်ဆိုအတည်ပြုကြခြင်း ပင်တည်း။

မြန်မာတို့အလိုအားဖြင့် သံဂါယနာတင်သော အကြိမ်မှာ ခြောက်ကြိမ်ရှိပြီ ဖြစ်သော်လည်း ဤတွင် လိုအပ်သည်မှာ ပထမ, ဒုတိယ, တတိယနှင့် စတုတ္ထသံဂါယနာတို့ဖြစ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် သုံးလမြောက်သော အခါ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းကို အမှီပြု၍ သံဃာ ငါးရာတို့ ပထမ သံဂါယနာတင်ကြ၏။ အကြောင်းကား

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသောအခါ ရဟန်း သံဃာများ ငိုကြွေး ကြ၏။ ထိုအခါ သုဘဒ္ဒ အမည်ရှိသော ရဟန်းက "မငိုကြွေးကြလင့်၊ အဘယ်စိုးရိမ်ဖွယ် ရှိသနည်း၊ ဂေါတမ မရှိကငါတို့ကျင့်လိုရာကျင့်၊ ကြိုက်သမျှ ကျင့်ရ တော့မည်"ဟု ဆို၏။ ထိုစကားကို ရှင်မဟာကဿပ ကြားသောအခါ "ယနေ့ပင်လည်း ရွှေအဆင်းနှင့်တူသော ခန္ဓာတော် ထင်ရှားရှိသေးလျက် ဆင်းရဲငြိုငြင်စွာ ပြီးစေတော်မူသော သာသနာတော်၌ ကြီးစွာသော ဘေးရန်အမှိုက်ဆူးငြောင့် ဖြစ်ခဲ့၏တကား၊ ဤသူယုတ်သည် မိမိနှင့် သဘောတူ သူတပါးကို အပေါင်း အဖော်ရ၍ ကြီးပွားလတ်သော် သာသနာတော် မြတ်ကို ဆုတ်ယုတ်စေနိုင်ဘိယောင်တကား"ဟု မသက်မသာ ရှိတော်မူ၏။ မြတ်စွာဘုရား နိဗ္ဗာန်လားသော်လည်း ဟောကြားတော်မူသော တရားတော် ထင်ရှားရှိသေး၏။ တရားတော်မြဲမြံစွာ တည်အောင် သံဂါယနာ တင်လေသည်။

သံဂါယနာ တင်သည်မှာ ဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရား ဟောကြားသော တရားတော်တိုကို ပေါင်း သရဇ္ဈာယ်ကြခြင်းဖြစ်၏။ ထို့နောက် သံဃာတို့သည် ယင်းတရား တို့ကို ပေထက်တွင် အက္ခရာတင်၍ ရေးသားထားကြသည်ဟု အိန္ဒိယနိုင်ငံ ဗုဒ္ဓဝါဒ သုတေသီအချို့က ဆိုကြ၏။ ထိုအခါ နဝစဒွေကိန်း သက္ကရာဇ်ရှည် ၁၄၈ကို အကုန်ချေ၍ သာသနာတော်သက္ကရာဇ် တနှစ်အဖြစ် သတ်မှတ်ကြ၏။ ထိုအခါက ခရစ်တော်မပေါ်သေး၊နောက် နှင်ပေါင်း ၅၄၄-နှစ် ကြာမှ ခရစ်သက္ကရာဇ်စတင်၏။

ထို့နောက် အနှစ်တရာတိုင်သောအခါ ဝေသာလီပြည် ကာလသောကမင်းကို အမှီပြု၍ ရှင်ယသအမှူးရှိသော ရဟန္တာ ခုနစ်ရာတို့ ဒုတိယ သံဂါယနာ တင်ကြ၏။ အကြောင်းကား ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဝိနည်းတွင် ကျဉ်းကြပ်သော သိက္ခာပုဒ်အငယ်ကလေးများကို ထုတ်ပယ်ကြသောကြောင့် ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံကာနီး တွင် ညီတော် အာနန္ဒာအား "တထာဂတ လွန်လေသော်ရဟန်း သံဃာများကို လိုလားပါက ခုဒ္ဒါနုခုဒ္ဒက ဖြစ်သော သေးငယ်သော သိက္ခာပုဒ်များကို ပယ်လိုက ပယ်ပစ်နိုင်သည်"ဟု မှာကြား ချက်ရှိ၏။ သို့အတွက် ဝဇ္ဇီတိုင်းသားရဟန်း များသည် သိက္ခာပုဒ် အငယ်စားများကို ဖယ်ရှားလိုကြခြင်း ဖြစ်၏။ ရှင်ယသ အမှူးရှိသော ရဟန်းတို့ကား သဘောမတူကြ၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကကဲ့သို့ပင် လိုက်နာ ကျင့်သုံးလိုကြ သည်။ ဤပြဿနာကို ရှင်ယသတို့ ဘက်မှ ဖြေရှင်းချက်ကို မိလိန္ဒပဉှာတွင် တွေ့နိုင်၏။

ဘဂ္ဂဝါနာဂသေန ဗုဒ္ဓသည် ရဟန်းတို့အား "ငါသည် ထူးသောဉာဏ်ဖြင့် သိ၍သာတရားကိုဟော၏။ မသိပဲဟောသည် မဟုတ်"ဟု မိန့်ကြားပြီးလျှင် တဖန် အာနန္ဒာအား "သံဃာ သည် ငါလွန်သောအခါ ခုဒ္ဒါနု ခုဒ္ဒက သိက္ခာပုဒ်တို့ကို နှုတ်ပယ် လိုက နှုတ်ပယ်လေလော့"ဟု မှာကြားပြန်၏။ အကယ်၍ ဗုဒ္ဓ သည် ထူးသောဉာဏ်ဖြင့်သိပါလျှင် နောက်အခါ နှုတ်ပယ်လိုက နှုတ်ပယ်နိုင်သော သိက္ခာပုဒ်တို့ကို ပညတ်လိမ့်မည်မဟုတ်၊ နှုတ်

ပယ်ရမည့် သိက္ခာပုဒ်တို့ကို ပညတ်မှားခြင်း ဖြစ်ပါကလည်း ထူး
သော ဉာဏ်ဖြင့် မသိ၍ ဖြစ်ပေရာ၏။

မဟာရာဇ ဤခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို ငါလွန်သော
အခါ နှုတ်ပယ်လိုက နှုတ်ပယ်နိုင်၏ဟု မှာကြားသည်မှာ ရဟန်း
တို့ကို စုံးစမ်းလို၍ ဖြစ်၏။ ဥပမာ စကြာဝတေးမင်းသည် သား
တော်တို့ကို "သားတော်တို့ ငါလွန်သောအခါ တိုင်းစွန်
ပြည်နား ဖြစ်သော နယ်ပယ်တို့ကို စွန့်လွှတ်လိုက စွန့်လွှတ်ကြ
လော့"ဟု မှာကြား၏။ သို့ဖြင့် သားတော်တို့သည် ခမည်းတော်
လွန်သောအခါ မိမိတို့လက်ဝယ် ရောက်ပြီးသော တိုင်းစွန်ပြည်
နားတို့ကို စွန့်လွှတ်ကြမည်လော။

ဘန္တေ စွန့်လွှတ်ကြမည်မဟုတ်ပါ၊ ထို့ထက် များပြား
သော တိုင်းပြည်ဇနပုဒ်တို့ကိုပင် သိမ်းယူကြပေဦးမည်။

မဟာရာဇ ထို့အတူပင် ဗုဒ္ဓသည် မိမိလွန်သောအခါ
ရဟန်းတို့သည် ဤ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို စွန့်ပယ်ကြမည်
လော၊ သို့မဟုတ် ကျင့်သုံးကြမည်လောဟု စုံးစမ်းခြင်းဖြစ်၏။
ဗုဒ္ဓသားတော်တို့သည်ကား ဝဋ်ဆင်းရဲမှ လွတ်မြောက် လိုကြ
သဖြင့် ပညတ်ပြီးသော သိက္ခာပုဒ်တို့ထက်လွန်သော သိက္ခာပုဒ်
တရာ့ငါးဆယ်ကိုသော်လည်း စောင့်ထိန်းနိုင်ရာ၏။ ပကတိ
ပညတ်ပြီးသော သိက္ခာပုဒ်ကို အဘယ်မှာစွန့်လွှတ်ကြမည်နည်း။

ဘန္တေ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ် ဟူသည် အဘယ်နည်း။

မဟာရာဇ ဒုက္ကဋ် အာပတ်နှင့် ဒုဗ္ဘာသိတာပတ် နှစ်မျိုး
ကိုပင် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ဟုခေါ်၏။

ဝဋ္ဋိတိုင်းသား ရဟန်းများကား ဤ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်

တ်ကို မြတ်စွာဘုရား မှာကြားတော်မူသည့်အတိုင်း ထုတ်ပယ်လိုကြ၏။ ထိုရဟန်းတို့ ထုတ်ပယ်လိုသည့် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်နှင့် ပက်သက်သောအချက်မှာ ဆယ်ချက်ရှိ၏။-

၁။ သားချိုဖြင့်ဆားကို ဆောင်၍ ဆားမရှိသောဆွမ်းနှင့် စားလျှင် သန္နိဓိမဖြစ်။
၂။ မွန်းလွဲ၍ အရိပ် လက်နှစ်သစ် ထွက်အောင်ပင် စားသော်လည်း ဝိကာလဘောဇန မဖြစ်။
၃။ တရပ်တရွာသို့ သွားလို၍ ပဝါရိတ်သင့်လျက် အတိရိက် မပြုပဲ စားကောင်း၏။
၄။ တသိမ်တည်းတွင် တကျောင်း တခြားစီ သံဃာကံဆောင်ကောင်း၏။
၅။ မလာသေးပဲ လာမှ ဆန္ဒယူအံ့ဟု ရှေးဦးက သံဃာကံဆောင်သော်ဝဂ်မဖြစ်။
၆။ ဆရာ ဥပဇ္ဈာယ်တို့ အလေ့အကျင့်ဖြစ်က အပ်သည်သာ။
၇။ နို့ရည်အဖြစ်ကိုလည်း မစွန့်သေး၊ နို့ဓမ်း အဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်လျက် အတိရိက် မပြုပဲ စားကောင်း၏။
၈။ သေရည်အဖြစ်သို့ စင်စစ်မရောက်သေးသော သေနုကို သောက်အပ်၏။
၉။ အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်း၏။
၁၀။ ရွှေငွေကို ခံကောင်း၏။

ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အယူအဆအားဖြင့် ဤဆယ်ပါးသည် မြတ်စွာဘုရား၏ စကားနှင့်ညီညွတ်သော ဓမ္မဝတ္ထုဖြစ်၏။ ရှင်ယသအမှူးရှိသော ရဟန်းများကား ယင်းတို့ကို တရားနှင့် မညီညွတ်သော အဓမ္မဝတ္ထုဟု ယူဆကြ၏။ သို့ကြောင့် ယင်းအဓမ္မတရားတို့ကို ဖယ်ရှားပစ်ရန် ဝေသာလီပြည်မှာပင် သံဂါယနာတင်ကြ၏။ ဝဇ္ဇီတိုင်းသား ရဟန်းများလည်း မိမိတို့၏အယူဝါဒ နှစ်သက်လက်ခံသော ရဟန်းသံဃာတို့ကို စည်းရုံးပြီး ကောသမ္ဗီတွင် စင်ပြိုင်သံဂါယနာ တင်ကြ၏။ ယင်းသံဂါယနာတွင် ပါဝင်သော ရဟန်းသံဃာမှာ တသောင်းရှိ၏။ သံဃာအရေအတွက် များပြားသောကြောင့် ကောသမ္ဗီသံဂါယနာကို မဟာသံဂီတိဟု ခေါ်၍ ထိုတွင်ပါဝင်သောအရှင်တို့ကို မဟာသံဃိကဟု ခေါ်ကြ၏။ ဝေသာလီ သံဃာယနာတင် အရှင်တို့ကိုမူ ထေရဝါဒီဟု ခေါ်ကြ၏။ ထိုအခါမှစ၍ ဗုဒ္ဓသာသနာတွင် ထေရဝါဒနှင့် မဟာသံဃိကဟုဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲပြားသွား၏။

ထို့နောက် ကာလရှည်ကြာသော် မဟာသံဃိကဂိုဏ်းကပင် ဂေါကုလိကနှင့် ကေဗျောဟာရဟူ၍ နှစ်ဂိုဏ်းကွဲသွား၏၊ ထို့နောက် ဂေါကုလိကဂိုဏ်းကပင် ဗဟုသုတိကနှင့် ပညတ္တိဝါဒဟုနှစ်ဂိုဏ်းကွဲပြန်၏၊ တဖန် ဗဟုသုတိကမှ စေတိယဝါဒဂိုဏ်းကွဲပြန်၏၊ ယင်းဂိုဏ်းတို့၏ အမည်များကို ဟိန္ဒိဘာသာ ဗုဒ္ဓဒသာနတို့၌ အစဉ်အတိုင်း ဂေါကူလိက၊ ကေဗျာဝဟာရိက၊ ပညတ္တိဝါဒီ၊ ဗာဟုလိက၊ စေတျဝါဒီဟု ဖော်ပြကြ၏။

ထေရဝါဒဂိုဏ်းမှလည်း မဟိံသာသကနှင့် ဝဇ္ဇိပုတ္တက ဟုနှစ်ဂိုဏ်း ဦးဦးဖျားဖျားကွဲပြားသွား၏၊ ထိုတွင်မဟိံသာသက မှ သဗ္ဗတ္ထိဝါဒနှင့် ဓမ္မဂုတ္တိကဟု နှစ်ဂိုဏ်းကွဲပြန်၏၊ သဗ္ဗတ္ထိဝါဒ မှ တဖန် ကဿပိယ, သင်္ကန္တိက နှင့် သုတ္တဝါဒဟု ကွဲထွက် သွားပြန်၏၊ ဝဇ္ဇိပုတ္တကဂိုဏ်းမှလည်း ဓမ္မုတ္တရိက, ဘဒ္ဒယာနိက, အနာဂါရိကနှင့် သမ္မတိဟု လေးဂိုဏ်းကွဲပြန်၏၊ သို့ဖြင့် ထေရ ဝါဒ ဂိုဏ်းကွဲပေါင်းမှာ ဆယ့်တဂိုဏ်းရှိ၏၊ ယင်းဂိုဏ်းတို့ကို ဟိန္ဒီဘာသာ ဗုဒ္ဓဒဿနတို့၌ အစဉ်အတိုင်း မဟီသာသက, ဝဇ္ဇိ ပုတြက, သဗ္ဗတ္ထိဝါဒီ, ဓမ္မဂုတ္တိက, ကဿပီယ, သင်္ကန္တိက, သုတ္တန္တိက, ဓမ္မုတ္တရိယ, ဘဒြယာဏိက, သဏ္ဍာဂရိက, သမ္မိ တိယ ဟုဖော်ပြကြ၏။

မဟာသံဃိက တွင် ဂိုဏ်းကွဲ ငါးဂိုဏ်းနှင့် ထေရဝါဒ တွင် ဂိုဏ်းကွဲ ဆယ့်တဂိုဏ်းအားဖြင့် ဂိုဏ်းကွဲပေါင်း ၁၆ ဂိုဏ်း ရှိ၏။ မူလဂိုဏ်းကြီး နှစ်ဂိုဏ်းအားဖြင့် ဗုဒ္ဓသာသနာတွင် ဂိုဏ်း ပေါင်း ၁၈ ဂိုဏ်းရှိနေ၏၊ ထိုဂိုဏ်းတို့၏ မူလပင်မမှာ ဗုဒ္ဓဓမ္မ ဖြစ်သော်လည်း ဂိုဏ်းကွဲသည် အားလျော်စွာ အယူဝါဒတို့ လည်း ကွဲပြားကြ၏။ သို့ကြောင့် သာသနာသက္ကရာဇ် ၂၃၅-ခု နှစ်သို့ရောက်သောအခါ ပါဋလိပုတ်ပြည် အသောကမင်းကို အမှီပြု၍ ရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန်းသံဃာ တထောင်တို့ တတိယသံဂါယနာတင်ကြ၏၊ ထိုတွင်ရှင်မောဂ္ဂလိ ပုတ္တတိဿသည် ကထာဝတ္ထု အမည်ရှိသော အဘိဓမ္မာကျမ်း ကိုစီရင်ပြီး ဗုဒ္ဓဓမ္မနှင့် ဆန့်ကျင်သောဂိုဏ်းဂဏတို့ကို ရှင်းလင်း

သုတ်သင်ပစ်၏။ လက်ရွေးစင်ထေရဝါဒဂိုဏ်းနောက်ထပ် ကွဲစေရန်လည်း အသောကမင်းကြီး အာဏာစက်ဖြင့်ကူညီ၏။

နတ်တို့ ချစ်မြတ်နိုးသော ပိယဒဿီမင်းကြီး မိန့်တော်မူသည်မှာ ပါဠိလိပုတ်ပြည်၌ရှင်း, ပြင်ပမြို့တို့၌ရှင်း, မည်သူမျှ သံဃာကို ဂိုဏ်းမခွဲရာ၊ တစုံတယောက်သော ဘိက္ခု၊ ဘိက္ခုနီသည် သံဃာကို ဂိုဏ်းခွဲလျှင် အဝတ်ဖြူကို ဝတ်စေ၍ ရဟန်းကျောင်းမဟုတ်သော နေရာ၌ နေစေရာ၏။

ဤကား မိဂဒါဝုန်တော၌ စိုက်ထူထားသောအသောကမင်းကြီး၏ ကမ္ဗည်းကျောက်စာမှ ကောက်နုတ်ချက်ဖြစ်၏၊ ဂိုဏ်းကွဲမည်ကို စိုးရိမ်၍ ကာကွယ်ထားခြင်း ဖြစ်သော်လည်း ဗုဒ္ဓမမှာ လူကြိုက်များသလောက် ဂိုဏ်းကွဲတို့နှင့် အမြဲဒွန်တွဲနေ၏၊ သို့ကြောင့် အသောကမင်းကြီးသည် ဂိုဏ်းကွဲများ ပဋိပက္ခ မဖြစ်စေရန် ကာကွယ်ရပြန်၏။

အကြင်သူသည် မိမိဂိုဏ်းကို ကြည်ညိုသောအားဖြင့် မိမိဂိုဏ်းကို ထင်ပေါ်စေရန် တပါးသောဂိုဏ်းအား ကဲ့ရဲ့ရှုတ်ချပြီး မိမိဂိုဏ်းအား ချီးမြှင့်၏။ ထိုသူသည် ဤသို့ချီးမြှင့်ခြင်းဖြင့် မိမိဂိုဏ်းကို အကြီးအကျယ် ဖျက်ဆီးသည်မည်၏။ တဂိုဏ်း နှင့်တဂိုဏ်းအညီအညွတ်ရှိခြင်းသည်ကောင်း၏။ သို့မှသာ တဂိုဏ်း၏ သဘောတရားကို အခြားတဂိုဏ်းက ကြားနာရ၍ ရိုသေလေးစားပေမည်။ ခပ်သိမ်းသော ဂိုဏ်းသားတို့သည် အကြား အမြင်နှင့် ပြည့်စုံ၍ ကောင်းမြတ်သော ကိုးကွယ်ရာည်း

ကပ်ခြင်းသို့ ရောက်သည်ကို နတ်တို့ ချစ်မြတ်နိုးသော မင်းကြီး အလိုရှိ၏။

ဤကမ္ပည်းကျောက်စာသည် ယနေ့မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ ဂိုဏ်းဂဏများအတွက်လည်း အများကြီး ကျေးဇူးကြီးနိုင်၏။ အသောက လက်ထက် တတိယသံဂါယနာမှ ထွက်ပေါ်လာသော အကျိုးအာနိသင်တို့မှာ ကထာဝတ္ထုကျမ်းကြီးပေါ်ထွက်လာခြင်း, ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များစေလွှတ်ပြီး အိန္ဒိယမှ အပ အရပ်ဒေသများသို့ ဗုဒ္ဓသာသနာဖြန့်ချိနိုင်ခြင်းနှင့် အဆိုပါ သာသနာနှင့်ဆိုင်ရာ ကမ္ပည်းကျောက်စာတို့ဖြစ်၏။

ယခုလူတို့သည် ကထာဝတ္ထု ကျမ်းကြီး၏ ကျေးဇူးကြောင့် အသောကလက်ထက် မတိုင်မီ ဗုဒ္ဓသာသနာတွင် ထင်ရှားသော ဂိုဏ်းကြီး တဆယ့်ရှစ်ဂိုဏ်း ရှိကြောင်းကို သိကြရသည်။ ကိုးတိုင်းကိုးဌာန သာသနာပြုအဖွဲ့ကြောင့် အရပ်ဒေသအများအပြား သာသနာ့ အရိပ်အာဝါသကို ခိုလှုံကြရသည်။ အသောက၏ ကမ္ပည်းကျောက်စာများကြောင့် ထိုစဉ်အခါက ဗုဒ္ဓသာသနာနှင့် ပတ်သက်သော အချက်အလက်တို့ကို မျက်မြင်အသောက်အထားများဖြင့် ဖြေရှင်းနိုင်ကြ၏။ သို့ကြောင့် အဋ္ဌကထာ ဆရာများ အသောကမင်းကြီးအကြောင်း ချီးကျူးဖွဲ့ဆိုခြင်းတို့ကို ဤသုံးချက်ဖြင့်ပင် အလေးအနက် ထောက်ခံနိုင်၏။

ထေရဝါဒဂိုဏ်းမှ ရှင်မောဂ္ဂလိပုတ္တတိဿသည် ကထာဝတ္ထုကျမ်းကို စီရင်သကဲ့သို့ သဗ္ဗတ္ထိဝါဒဂိုဏ်းမှ ရှင်ဝသုမိတြလည်း 'အဋ္ဌာဒသနိကာယ' အမည်ရှိသောကျမ်းကို စီရင်၏၊

အဋ္ဌာဒသနိကာယ ဟူသည်မှာ နိကာယ် တဆယ့်ရှစ်ပါးဖြစ်၏၊ နိကာယ်ဆိုသည်မှာလည်း ဂိုဏ်းဂဏပင်ဖြစ်၏၊ ကျမ်းဆရာ နှစ်ပါးမှာ ဂိုဏ်းချင်းမတူသကဲ့သို့ သူတို့၏အမြင်နှင့် ဝေဖန်သုံးသပ်ချင်းလည်းမတူ ကွဲပြားခြားနား၏။

ရှင်ဝသုမိတြသည် အဋ္ဌာဒသနိကာယကို သက္ကတဘာသာဖြင့် စီရင်၏။ သို့ရာတွင် ယခုအခါ ထိုကျမ်းကို သက္ကတဘာသာဖြင့် မရနိုင်။ တရုပ်ဘာသာပြန်မှသာ ရှိ၏။ ယင်းကို ဂျပန်ပညာရှင် ပါမောက္ခမဆုဒါက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထား၏။ ထိုတွင် ဖော်ပြထားသော နိကာယ် တဆယ့်ရှစ်ပါး မှာ အောက်ပါအတိုင်း အသီးသီးဖြစ်၏။

ထေရဝါဒီမှ ခွဲထွက်သွားသော ဂိုဏ်းတို့မှာ ဟေမဝတ, ဝဇ္ဇိပုတ္တိယ, ဓမ္မုတ္တရိယ, ဘဒြယာဏိက, သမ္မတိယ, ပဏ္ဏာဂရိက, သဗ္ဗတ္ထိဝါဒီတို့ဖြစ်ပြီး တဖန် သဗ္ဗတ္ထိဝါဒီမှ မဟိံသာသက ကဿပီယနှင့် သုတ္တန္တိကဟု သုံးဂိုဏ်းကွဲပြန်၏၊ ထိုနောက် မဟိံသာသက ဂိုဏ်းမှ ဓမ္မဂုတ္တဂိုဏ်းကွဲသွား၍ ထေရဝါဒီတွင် ဂိုဏ်းကွဲပေါင်း ဆယ့်တဂိုဏ်းရှိ၏။

မဟာသံဃိက ဂိုဏ်းမှလည်း သိ၊စိ၊လုန (ပညတ္တိဝါဒီ,) လောကုတ္တရဝါဒီ, ဧက ဗျာဝဟာရိက, ဂေါကုလိကဟု လေးဂိုဏ်းကွဲပြီး နောက်တဖန် သိ၊စိ၊လုန ဂိုဏ်းမှ စေတီယဂိုဏ်းတခု ခွဲထွက်သွားပြန်၍ မဟာသံဃိကမှာ ဂိုဏ်းကွဲပေါင်း ငါးခုရှိ၏။ အဋ္ဌာဒသနိကာယမှာ ဤတဆယ့်ရှစ်ဂိုဏ်းတို့ကို ဝေဘန်သော ကျမ်းဖြစ်၏။

"သာသနာနှစ် ၄၅၀-ရောက်သောအခါ နောင်အခါ

သတ္တဝါတို့ သတိပညာ သမာဓိ ယုတ်လျော့ကြ၍ မုခပါဌ်ဖြင့် နှုတ်ထက်မဆောင်ရွက်နိုင်မည်ကို မြင်တော်မူကြ၍ ရဟန္တာကြီး ငါးရာတို့သည် ဝဋ္ဋဂါမဏိလက်ထက် သီဟိုဠ်ကျွန်း အစိတ် မလယ ဇနပုဒ် အာလောက မည်သောလိုဏ်ဂူ၌ အဋ္ဌကထာနှင့် တကွ ပိဋကတ်သုံးပုံကို ပေထက်ရေးသား တင်ထားစေကုန်၏။ ထိုသို့ ရေးသားတင်ထားခြင်းသည် ယခင် သံဂါယနာကြီး သုံးတန်မှ ထောက်သဖြင့် လေးကြိမ်မြောက် စတုတ္ထ သံဂါယနာမည်သည် ဟူ၍ ထေရဝါဒကျမ်း ဋီကာ၌ လာသည်။

ဤစကားကို ထောက်ထား ကိုးကားပြီး ရှေးအခါက မြတ်စွာဘုရား ဟောကြားသော တရားတို့ကို စာဖြင့် ရေးသား ထားခြင်းမရှိ၊ သံဃာတော်တို့ နှုတ်မှာပင် ဆောင်ထားကြသည် ဟု ပြောဆိုကြခြင်းဖြစ်၏၊ ဤသံဂါယနာ၏ ထူးခြားချက်မှာ ပိဋကတ်တော်တို့ကို ပေထက်အက္ခရာတင်ခြင်းပင်ဖြစ်၏။ ထို့ အတူ မြန်မာနိုင်ငံ မန္တလေးမြို့၌ ကျောက်ထက် အက္ခရာ တင်ခြင်းကို ပဉ္စမ သံဂါယနာဟု ခေါ်ကြ၍ ရန်ကုန်မြို့၌ စာအုပ်ထက်အက္ခရာ တင်ခြင်းကို ဆဋ္ဌသံဂါယနာဟု ခေါ်ကြ၏။ ဤသံဂါယနာ သုံးတန်ကို ကမ္ဘာ့ဗုဒ္ဓဝါဒ သုတေသီတို့ ကိုးကား ထောက်ထား သည်ကို မတွေ့ရ။

သာသနာ နှစ် ၆၄၃ ခုနှစ်သို့ ရောက်သောအခါ မဟာ သံဃိကဂိုဏ်းမှ ရဟန်းတော် ငါးရာ တို့သည် ကသ္မီရ တိုင်း ကနိသျှကမင်းကို အမှီပြု၍ သံဂါယနာတင်ကြ၏။ ယင်းသံဂါ ယနာတွင် ဦးစီးဥက္ကဋ္ဌပြုလုပ်သူမှာ ရှင်ဝသုမိတြနှင့် ရှင်အဿ ဃောသဖြစ်၏။ သူတို့သည် ထိုတွင် မဟာဝိဘာသာ ကျမ်းကြီး

သုံးစောင်ကို သက္ကတဘာသာဖြင့် စီရင်ကြ၏။ ယင်းတို့မှာ မဟာ
ဝိဘာသာ အဘိဓမ္မာ အဋ္ဌကထာ၊ ဝိနယောပဒေသနှင့် သုတ္တန္တော
ပဒေသတို့ဖြစ်ကြ၏။ ဗုဒ္ဓဓမ္မ၏ ထူးခြားသော အယူ အဆများ
အပေါ်မှာ မိမိတို့၏ အယူအဆကို တင်ပြပြီး ဆန့်ကျင်ဘက် တို့
ကို ပယ်ဖျက်သည့် ပိဋကတ်အဖွင့်ဖြစ်၏။ ယင်းသည် တရုပ်ဘာ
သာ၌ ယနေ့တိုင် အတုမဲ့ ဖြစ်လျက်ရှိ၏။

ကနိသျှကမင်းသည် သံဃါယနာ တင်ပြီးသောအခါ အ
ဆိုပါ မဟာဝိဘာသာ ကျမ်းများကို ပေထက်အက္ခရာ တင်ပြီး
စေတီတဆူမှာ ဌာပနာထားသော ဟူ၏။ ထိုကျမ်းမြတ်ရတနာ
ဝိဘာသာတို့သည် ယနေ့လည်း ကသ္မီယတိုင်း မြေအောက် တနေ
ရာတွင်ရှိလိမ့်မည်၊ ဘယ်အခါ တူးဖော်၍ ထွက်ပေါ် လာမည်
နည်း။ သို့ရာတွင် ယခုတိုင် ထိုစေတီနေရာကို မသိရသေး၊ ကမ္ဘာ့
ဗုဒ္ဓဝါဒ သုတေသီတို့သည် ဤသံဃါယနာကို စတုတ္ထသံဃါယနာ
တင် အဖြစ် အသိအမှတ်ပြုကြပြီး မဟာဝိဘာသာတို့၏ အယူ
အဆတို့ကို အထူးပင် အလေးပေး၍ ဆွေးနွေးကြ၏။ နောင်အ
ခါ ဗုဒ္ဓဂိုဏ်းတို့တွင် လွန်စွာ ထင်ရှားသော ဝေဘာသိက ဂိုဏ်း
မှာ ဤမဟာ ဝိဘာသာကို အမှီပြု၍ ထွက်ပေါ်လာခြင်းဖြစ်၏။

အယူဝါဒ

ဗုဒ္ဓသာသနာတွင် အဆိုပါ ဂိုဏ်းကြီး တဆယ့် ရှစ်ဂိုဏ်းတို့ ပေါ်ပေါက်ခဲ့သည်မှာ အသောကမင်းမတိုင်မီ ရှေးအခါကဖြစ်၏။ သို့ရာတွင် ထို့နောက်မှာလည်း ဤဂိုဏ်းတို့၏ အယူဝါဒကွဲပြားသော အလျဉ်မှာ ရပ်နားခြင်းမရှိ၊ စင်စစ် ဗုဒ္ဓဓမ္မ၏ပြန့်ပြောသည်နှင့်အမျှ ထူးခြားသော အယူအဆတို့ကို တွေးတောကြံစည်ကြသောကြောင့် အသစ် အသစ်ဖြစ်သော ဂိုဏ်းဂဏတို့တိုးပွားခြင်းဖြစ်၏။ ဥပမာ၊ စေတိယ ဝါဒီဂိုဏ်းသည် အန္ဓကမင်းများနိုင်ငံတွင် ကြီးစိုး လွှမ်းမိုးခြင်းကိုရ၍ အန္ဓက ဂိုဏ်းဟုဖြစ်ပေါ်လာ၏။ ဤအန္ဓကဂိုဏ်းသည် ခရစ်မပေါ်မီ ပထမ ရာစုနှစ်အတွင်း၌ ပုဗ္ဗသေလိယ, အပရသေလိယ ရာဇဂိရိက နှင့် သိဒ္ဓတ္ထက ဟူသော ဂိုဏ်းလေးဂိုဏ်းကို ဖွားမြင်၏။

ဤ အန္ဓကဂိုဏ်း လေးဂိုဏ်းသည် အန္ဓက မင်းများလက်ထက်တွင် လွန်စွာ မြင့်မားသောအဆင့်တွင်တည်ရှိကြ၏။အန္ဓကမင်းနှင့် သူ၏မိဖုရားများသည် ဗုဒ္ဓဓမ္မကို အထူးပင် လေးစားမြတ်နိုးကြသည်။သို့ကြောင့် အန္ဓကတိုင်းသည် ရာစုနှစ်ပေါင်းများစွာ

တိုင်အောင် ဗုဒ္ဓမမှ၏ ကျက်စားရာဌာနဖြစ်ခဲ့၏။ ဤအန္တကဂိုဏ်း တို့၏ နောက်ဆုံး ပွင့်ထွန်းသောအသွင်မှာ မဟာယာနဖြစ်၏။ မဟာသံဃိကတို့သည် အကြင်အယူအဆကိုယူ၍ မိမိတို့ ဂိုဏ်းကို ထေရဝါဒမှ သီးခြားပြု၏။ထိုဂိုဏ်း၏နောက်ဆုံး အပွင့်မှာ မဟာယာန ဂိုဏ်းဖြစ်၏။

မဟာယာန ဟူသည်မှာ ကြီးကျယ် မြင့်မြတ်သော လမ်းစဉ်ဖြစ်၏။ ယင်းလမ်းစဉ်ကို လက်ခံသူများ အဆိုမှာ ဘဝကို နောက်ဆုံး ရည်ရွယ်ချက်သို့ တိုင်အောင် ပို့ဆောင်ရာ၌ ဤလမ်းစဉ်သည် အားလုံးသော လမ်းစဉ်တို့ထက် အဓိက အကူအညီရ၏။ ထေရဝါဒသည် နောက်ဆုံး ရည်ရွက်ချက် တိုင်အောင် မရောက်သောကြောင့် ဟီနယာနမည်၏။ ဟီနယာနဟူသည်မှာ ယုတ်လျော့ ယုတ်နိမ့်သော လမ်းစဉ်ဖြစ်၏။ ဟီနယာနထက် မဟာယာန၏ ထူးခြားချက်များ အများအပြားရှိ၏။ ယင်းထူး ခြားချက်တို့ကြောင့်ပင် သူတို့သည် မိမိတို့ကို မဟာယာနီဟု ခေါ်ဆိုကြခြင်းဖြစ်၏။

ဟီနယာန၏ အယူ အားလျော်စွာ ရဟန္တာ အဖြစ်သို့ ရောက်ခြင်းသည်သာ ရဟန်း၏နောက်ဆုံး မြတ်သော ရည်ရွယ်ချက်ဖြစ်။ စင်စစ် ယင်းသည် သာဝက ယာနဖြစ်၏။ မြတ်စွာ ဘုရား၏ တပည့်သာဝက လမ်းစဉ်ပင်တည်း။သူသည် လောက ကို ကျေးဇူးမပြုနိုင်၊ မဟာယာနကား ဗောဓိသတ္တ ယာနခေါ် ဘုရားလောင်းလမ်းစဉ်ဖြစ်၏။ ယင်းသည် မဟာမေတ္တာ မဟာ ကရုဏာနှင့် ပြည့်စုံ၏။ သူ့ဘဝ၏ ရည်ရွယ်ချက်မှာ လောက၏

သတ္တဝါတိုင်းကို ကိလေသာမှ လွတ်မြောက်စေရန်နှင့် နိဗ္ဗာန်သို့ ရောက်ရန်ဖြစ်၏။

ထို့ပြင် တြိကာယခေါ် ဗုဒ္ဓ၏ ကာယသုံးပါးနှင့် ပတ်သက်သော အယူအဆသည်လည်း မဟာယာန၏ ထူးခြားချက်ဖြစ်၏။ ကာယသုံးပါးမှာ ဓမ္မကာယ, သံဘောဂ ကာယနှင့် နိမ္မာဏ ကာယ တို့ဖြစ်၏။ ယင်းကာယသုံးပါးကို မဟာယာနတို့ လက်ခံယုံကြည်ကြ၏။

ဓမ္မကာယသည် ဗုဒ္ဓ၏ လုံးဝစင်ကြယ်သော သဘာဝဖြစ်၏။ အာကာသကောင်းကင်ကဲ့သို့ သဘာဝမှ ကင်းသောသူ၏ အတုမဲ့ ဂုဏ်ဖြစ်၏။ ယင်းကာယကို ဗုဒ္ဓ၏အသွင်အပြင်အားလုံး၌ မြင်နိုင်၏။အလုံးစုံသောဗုဒ္ဓတို့နှင့် ဆက်ဆန်သောသဘောတရားဖြစ်၏။ ကြေးမုံသဖွယ် စိတ်နှလုံး စင်ကြယ်၏။

သံဘောဂ ကာယ ဟူသည်မှာ လုံးဝ စင်ကြယ်သော သမာဓိဖြစ်၏။ တိမ်တိုက်ကဲ့သို့ မြင်ရသော အတုမဲ့ ဂုဏ် ဖြစ်၏။ ယင်းကို ဗောဓိသတ္တ၏ အခြင်းအရာ အားလုံး၌ မြင်နိုင်၏။ ဗုဒ္ဓအားလုံးတို့နှင့် သက်ဆိုင်သော သမာဓိဖြစ်၏။ ဝေဘန်ပိုင်းခြားသိသော စိတ်ဓာတ်၏ စင်ကြယ်မှုတည်း။

နိမ္မာဏ ကာယဟူသည်မှာ ဗုဒ္ဓ၏လုံးဝဖြူစင်သော ဘဝဖြစ်၏။ ယင်းသည် ဗုဒ္ဓအားလုံးတို့၏ အနှစ်သာရဖြစ်၍ မိုးရေကဲ့သို့ အားလုံးသော အရာများ၌ စိမ့်၍ တည်သော အတုမဲ့ဂုဏ် ဖြစ်၏။ ယင်းကို ယုံကြည်သူ လူအမျိုးမျိုးတို့၏ အခြေအနေအားလျော်စွာ မြင်နိုင်၏။ ဗုဒ္ဓအားလုံးတို့၏ အာရုံ ဖြစ်၏။ အသိဓာတ်ကိန်းဝပ်ရာ ပသာဒငါးပါးတို့၏စင်ကြယ်ခြင်းတည်း။

ထိုမှတပါး ဒသဘူမိခေါ် ဘုံဆယ်ဆင့် အတွေးအမြင်သည်လည်း မဟာယာနတို့၏ ထူးခြားချက် ဖြစ်၏။ ထေရဝါဒီတို့မှာ နိဗ္ဗာန်သို့ ရောက်စေရန် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟု အဆင့်လေးဆင့် အစဉ်အတိုင်းရှိ၏။ ထို့အတူ မဟာယာနတို့မှာ ဘုံဆယ်ဆင့် ရှိကြောင်းနှင့် သူတို့၏ ဒသဘူမိသုတ်တွင် ဖော်ပြထား၏။ ယင်းတို့မှာ မုဒိတာ၊ ဝိမလာ၊ ပဘာကရီ စသည်တို့ဖြစ်၏။

ထို့ပြင် နိဗ္ဗာန်နှင့် ပတ်သက်၍လည်း အယူအဆချင်း မတူကြ။ ဟီနယာနက နိဗ္ဗာန်တွင် ကိလေသာ အပိတ်အပင်အတားအဆီးကို ပယ်သည်။ မဟာယာနတို့ကား အသိဉာဏ် အပိတ်အပင် အတားအဆီးကိုပါ ဖယ်ခွါသည်။ ပဌမနိဗ္ဗာန်မှာ ဒုက္ခမရှိသော အသွင်ဖြစ်၍ ဒုတိယနိဗ္ဗာန်မှာ နှစ်သက် ကြည်နူးသော အသွင် ဖြစ်၏။

ဆည်းကပ်ကိုးကွယ်မှုနှင့်ပတ်သက်၍လည်း ကွဲပြားချက်ရှိ၏။ ဟီနယာနလမ်းစဉ်မှာ ဉာဏ ပဓာန လမ်းစဉ် သက်သက်ဖြစ်၏။ ဗုဒ္ဓ၏ မဂ္ဂင်ရှစ်ပါး ပေါ်သွားသဖြင့် သာလျှင် သူ၏ နောက်ဆုံးမှန်မြတ်သော ရည်ရွယ်ချက်ဖြစ်၏။ သို့ရာတွင် မဟာယာန၌ ကိုးကွယ် ဆည်းကပ်မှုသည် ပဓာန ဖြစ်၏။ ဗုဒ္ဓသည် သာမညလူသားမဟုတ် လောကုတ္တရာသားဖြစ်၏။ သူ့ကို ကိုးကွယ် ဆည်းကပ်ခြင်းဖြင့်သာလျှင် လူသည် ဒုက္ခ များသော ဘဝသံသရာမှ တဖက်သို့ရောက်နိုင်မည်၊ ကိုးကွယ်ဆည်းကပ်ခြင်းကို ရှေ့တန်းတင်သောကြောင့်သာလျှင် မဟာယာနတို့၏ ခေတ်အခါက ဗုဒ္ဓပုံတော်များ ဖန်တီးကြခြင်းဖြစ်၏။ ထို့ကြောင့်

လည်း ဗုဒ္ဓဘာသာဆိုင်ရာ ပန်းချီဆေးရေးပညာနှင့် ရုပ်ထုပညာများ ထိုအခါက အထူးမြင့်မားခဲ့၏။

ထိုမှတပါး ကွဲပြားသော အယူဝါဒ များကို သူတို့၏ ကျမ်းစာများဖြင့် သိနိုင်၏။ မဟာယာနတို့တွင် ပိဋကကျမ်းစာများ မရှိဟု ယူဆနေသော မြန်မာဗုဒ္ဓဝါဒီ အများအပြားရှိကြ၏။ သို့ကြောင့် ဤတွင် သူတို့၏ အရေးကြီးသော ကျမ်းစာ အချို့ကို ထုတ်ဖော်ပြပါမည်။ သို့ဖြင့် သူတို့၏ ကွဲပြားသော အယူဝါဒကိုလည်း မှန်းဆနိုင်မည်။

၁။ သဒ္ဓမ္မ ပုဏ္ဍရိက။ ။ကိုးကွယ် ဆည်းကပ်ခြင်း၏ လျှည်းလျှောင်းရာ ဖြစ်သော မဟာယာန၏ အသွင်အပြင် အမျိုးမျိုးကို သိရန်အတွက် ဤသုတ်ကိုလေ့လာသင့်၏။ ကျမ်းစာ၏အမည်မှာ ထူးခြားသော အမည်ကိုဆောင်နေ၏။ သဒ္ဓမ္မ ဟူသည်မှာ သူတော်ကောင်းတရားဖြစ်၏။ပုဏ္ဍရိကဟူသည်မှာကြာဖြူပန်းဖြစ်၏။ ကြာဖြူပန်းမှာ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ပြည့်စုံကြွယ်ဝလှပခြင်းကို ထင်ရှားစေ၏။ ကြာသည် ရွှံ့ညွန်၌ဖြစ်သော်လည်း ရွှံ့ညွန်နှင့်မလိမ်းကျံသကဲ့သို့ ဗုဒ္ဓသည် လောက၌ ဖြစ်သော်လည်း ယင်း၏ ပပဉ္စနှင့် ကိလေသာတို့မှအစဉ်ကင်းကွာ၏။

ဤကျမ်းတွင် ပုံဝတ္ထုဇာတ်လမ်း အမျိုးမျိုးတို့ဖြင့်မဟာယာန၏ အယူဝါဒကို ဖော်ပြထား၏။ မုတ္တိပူဇာ, ဗုဒ္ဓပူဇာ, ထူပပူဇာ အစရှိသော အမျိုးမျိုးသော ပူဇော်မှုတို့ကို စိတ်ဝင်စားဖွယ် ဖော်ကျူးထား၏။ နံရံတွင် ဗုဒ္ဓဆင်းတုပုံလုပ်ပြီး အကယ်၍ ပန်းတပွင့် ပူဇော်လိုက်ပါလျှင်စိတ်ပြန့်လွင့်သော သူမိုက်

သော်လည်း ကုဋေပေါင်း များစွာသော ဗုဒ္ဓတို့ကို မျက်မှောက် ဖူးတွေ့ရမည် ဟူ၏။ ဗုဒ္ဓသည် အဝတာရ ယောကျ်ား ဖြစ်၏။ သူသည် ကုဋေကုဋာ ဗောဓိသတ္တာ ပူဇာပြုခဲ့ပြီး သူတို့လည်း လူတို့၏ ကောင်းမွန်သော လွတ်မြောက်မှု ဥပဒေသ ညွှန်ပြကြသည်။ "နမတ္ထု ဗုဒ္ဓါယ" ဟူသော မန္တာန်ကို သရဇ္ဈာယ် သဖြင့် သူယုတ်သော်လည်း မြင့်မြတ်သော ဗောဓိသို့ ရောက်နိုင်၏။

"အို ရဟန်းတို့ ငါသည် လောကတွင် လောဘ, ဒေါသ, မောဟမီး၏ လောင်မြိုက်ခြင်း ခံနေရသော သတ္တဝါ များ၏ အမြဲနိစ္စ ထာဝရ တည်နေသော အဖဖြစ်၏။ ငါသည် စင်စစ် လောက၌ မွေးဖွားခြင်း, သေခြင်းမရှိ၊ အမြဲတည်ရှိနေ၏။ ယခု အခါ သင်တို့၏ မျက်မှောက်တွင် လူသားအသွင်ကို ယူ၍ သကျမုနိ အမည်ဖြင့် ထင်ရှားစွာ ဘုရားဖြစ်ခြင်းကား သတ္တဝါတို့၏ အခြေအနေကို မြင့်၍ လွတ်မြောက်မှုကို ညွှန်ပြရန်သာ ဖြစ်သည်"

ဤကား သဒ္ဓမ္မ ပုဏ္ဍရိက သုတ်တွင် မြတ်စွာဘုရားဟောကြားသော တရားတပုဒ်ကောက်နုတ်ချက်ဖြစ်၏။ ဤကောက်နုတ်ချက်ဖြင့် မဟာယာနတို့၏ ထူးခြားသော အယူဝါဒကို အတော်အသင့် မှန်းဆနိုင်၏။

၂။ **ပညာပါရမိတာ။** ။မဟာယာနအယူဝါဒသုတ်တို့တွင် ဤပညာ ပါရမိတာသုတ်၏နေရာမှာ ထူးခြား၏။ အခြားသော သုတ်တို့မှာ ဗုဒ္ဓနှင့် ဗောဓိသတ္တာ၏ ဂုဏ်ကျေးဇူးကို ချီးကျူး ဖွဲ့ဆိုခြင်းတို့ဖြင့် ဖုံးလွှမ်းနေ၏။ ပညာပါရမိတာ သုတ်၏ အကြောင်းအရာမှာ ဒဿနိက အယူအဆတို့ဖြစ်၏။ ပညာပါရမိတာ ဟူသည်မှာ ပညာအစရှိ

သော ပါရမီ ခြောက်ပါးတို့ဖြစ်၏။ ဟီနယာန အလိုအားဖြင့် ပါရမီဆယ်ပါးရှိ၏။ဤတွင်ကား ဒါန, သီလ, ခန္တီ, ဝီရိယ, ဈာန နှင့် ပညာဖြစ်၏။ဤပါရမီ ခြောက်ပါးတို့၏အဖွင့်ကို ဤသုတ်၌ တွေ့နိုင်၏။သို့ရာတွင် ပညာ၏ အဖွင့်မှာ အထူးဝိသေသဖြစ်၏။ ပညာပါရ မိတာ၏အဓိပ္ပါယ်မှာ အလုံးစုံတို့ထက် မြင့်မြတ်သော ဉာဏ်ဖြစ်၏။ ယင်းဉာဏ်သည် သုညတာ၏ အကြောင်းအရာ၌ ဖြစ်၏။ ဘဝသံသရာ၏ အလုံးစုံသော ဓမ္မတရားသည် အရိပ်အ ယောင်မျှသာဖြစ်၏။ ယင်း၏သဘောတရားထင်ရှားမရှိ၊ဤသုည တာ၏ဉာဏ်သည် ပညာ၏ အကြီးကျယ်ဆုံး အထွတ်အထိပ်ဖြစ် ၏။ဤသုတ်၏ တန်ခိုး အရှိန်အစော် အာနုဘော်သည် မဇ္ဈိမိက နှင့်ယောဂါစာရ ဆရာတို့အပေါ်တွင် အထူးပင်လွှမ်းမိုးနေ၏။ နာဂါဇ္ဇုနသည် သုညတာ၏ သဘောတရားကို ဤကျမ်းမှ ယူ ခြင်းဖြစ်၏။နာဂါဇ္ဇုန, အသင်္ဂနှင့်ဝသုဗန္ဓုသည် ဤပညာပါရမီ တာပေါ်မှာ ခမ်းနားပြည့်စုံသောအဖွင့်ဋီကာများစီရင်ကြသည်။

၃။ ဂဏ္ဍဗျူဟသုတ်။ ။တရုပ်နှင့်တိဗက်ပိဋကတ် သုံး ပုံ တို့တွင် 'ဗုဒ္ဓါဝတံသက' သုတ်တို့၏အဖွင့်ကို မဟာယာနသုတ်စဉ်တွင် တွေ့ရ၏။ယင်းသုတ် ကို အမှီပြု၍ တရုပ်ပြည်တွင် 'အဝတံသက' အယူဝါဒဖြစ်ပေါ် ခဲ့၏။ ဂျပန်တွင်လည်း 'ကေဂန်'ဂိုဏ်း၏ မူလကျမ်းမှာ ဤသုတ် ဖြစ်၏၊ ဤသုတ်ကို မူလသက္ကတ ဘာသာ၌ မရသော်လည်း ဂဏ္ဍ ဗျူဟ မဟာယာနသုတ်သည် ဤအဝတံသကသုတ်နှင့် ဆက်စပ် နေခြင်းမှာ ထင်ရှား၏။ အကြောင်းကား ဤသုတ်၏ တရုပ်ဘာ သာပြန်နှင့် လုံးဝတူညီသောကြောင့်ဖြစ်၏။သုဓနအမည်ရှိသော

လူငယ်တယောက်သည် ပရမတ္ထ သဘောတရားကို ရရန်အတွက် အရပ်ဒေသ များတွင် လှည့်လည်ပြီး လူအမျိုးမျိုးတို့ထံမှာ သင်ကြား၏။ နောက်ဆုံးတွင် မဥ္ဇုသိရီ၏ ချီးမြှောက်မစခြင်းကြောင့် ပရမတ္ထကို ရရန်စွမ်းနိုင်၏။ သိက္ခာသမုစ္စယတွင် ဤသုတ်မှ ပုဒ်အများအပြား ထုတ်ဆောင်ထားသည်ကို တွေ့ရ၏။ ယင်းသုတ်၏ အဆုံးတွင် မဟာယာန၏ အယူဝါဒအားလျော်စွာ ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတို့ကို သီကျူးထား၏။

၄။ ဒသဘူမိသုတ်။ ။ဤသုတ်ကို ဒသဘူမိကသို့မဟုတ် ဒသဘူမေသွရဟူသော အမည်ဖြင့် ခေါ်ဆိုကြ၏။ ယင်းသည် အဝတံသက၏ အင်္ဂါတပါးဖြစ်၏။ ဤသုတ်၏ အကြောင်းအရာမှာ ဘုရားအဖြစ်သို့ရောက်ရန် အတွက် ဘုံဆယ်ဆင့်ကို အစဉ်သင့် ရှင်းပြချက်တို့ဖြစ်၏။ ဗောဓိသတ္တဝဇရဂဗ္ဘသည် ဤဒသဘူမိတို့ကို အကျယ်ဖွင့်ဆိုဟောကြား၏။ နာဂါဇ္ဇုနသည် ဤကျမ်းမှ အခန်းတခန်းကို ဒသဘူမိ ဝိဘာသာ အမည်ဖြင့် ဖွင့်ဆို၏။

၅။ ရတနကူဋ။ ။တရုပ်တိပိဋကတ်နှင့် တိဗတ်ကဥ္ဇုရက၏ ရတနကူဋသည် ထူးခြားသော အပိုင်း တပိုင်းဖြစ်၏။ ဤဥသုခဝတီဗျူဟ, အက္ခောဘျဗျူဟ, မဥ္ဇုသိရီဗုဒ္ဓခေတ္တဂုဏဗျူဟ, ကဿပပရိဝတ္တနှင့် ပရိပုစ္ဆာအမည်ရှိသောများစွာသော ကျမ်းတို့ ပေါင်းစုနေကြ၏။ဤကျမ်းတွင် ဗောဓိသတ္တ၏ သရုပ်ကိုဖွင့်ဆိုပြီး သုညတာ၏ ကျင့်ဝတ် ပဋိပတ်ကို အများအပြားဖွင့်ဆိုထား၏။ ဗုဒ္ဓ၏ ပဝါနတပည့်ဖြစ်သော ကဿပသည် ဤသုတ်ကိုဟောကြားခြင်းဖြစ်၍ ဤသုတ်ကိုကဿ

ပ ပရိဝတ္တပ္ပဒေါ ကြခြင်းဖြစ်၏။ ရတနကူဋ၌ ပါဝင်သော ပရိ ပုစ္ဆာတို့တွင် ရဋ္ဌပါလပရိပုစ္ဆာမှာ နောက်ပိတ်ဆုံးဖြစ်၏။ ထိုတွင် အပိုင်း နှစ်ပိုင်းရှိရာ ပဌမပိုင်းမှာ ဗုဒ္ဓသည် ဗောဓိသတ္တ၏ ဂုဏ်တို့ နှင့် ပတ်သက်၍ ရဋ္ဌပါလ အမေးကို ဖြေဆိုခြင်းဖြစ်၏။ နောက် ပိုင်းမှာ ကုမာရပုညရသို့၏အကြောင်းအရာတို့ကို ဖွင့်ဆိုထား၏။

၆။ **သမာဓိရာဇသုတ်။** ။ဤသုတ်၏ အခြားအမည်မှာ စန္ဒြပဒီပသုတ်ဖြစ်၏။ဤကျမ်း မှာ စန္ဒြပဒီပနှင့် ဗုဒ္ဓစကားပြောခြင်းဖြစ်ရာ သမာဓိဖြင့် ပညာ ရရန်နည်းလမ်းကို ဖော်ပြထား၏။ ဤသုတ်မှ အပိုင်းငယ်တပိုင်း ကို ခရုးကပင် ဖြန့်ချိပြီးဖြစ်၏။ကသ္မီရ မြောက်ပိုင်း စေတီပျက် တဆူကို တူးဖော်ရာမှ ဤကျမ်းကို တွေ့ရခြင်းဖြစ်၍ ကသ္မီရ မဟာရာဇာသည် ကလကတ္တား၌ ပုံနှိပ်ထုတ်ဝေခဲ့၏။စန္ဒြကိတ္တိ၏ မဇ္ဈိမိကဝုတ္တိနှင့် သန္တိဒေဝ၏ ကိက္ခာသမုစ္စယတွင် ဤကျမ်းမှ အထောက်အထား အများအပြား တွေ့ရ၏။ကနိသျှကမင်းလက် ထက်က ဗုဒ္ဓသံဂီတိကိုလည်း ဤကျမ်းတွင် ဖွင့်ဆိုထား၏။

ယင်းသုတ်၏ ဘာသာမှာ သက္ကတနှင့် ပြာကတ ရောနှော ဖွဲ့ဆိုသော ဂါထာတို့ဖြစ်၏။ အကြောင်းအရာမှာ သုညတာ ပင်တည်း။ ကမ္ဘာလောကရှိ အရာဝတ္ထုသည် စင်စစ် တခုတည်း သာဖြစ်၍ များသော အသွင်ရှိ၏။ ဉာဏ်ပညာမရှိသော သူတို့ အမြင်မှာသာ ကွဲပြားသည်ဟု ထင်ရသည်။ ဓမ္မ တရား အားလုံး သဘာဝ အညီအမျှရှိသော ဉာဏ်သည်သာ ဘဝပပဉ္စမှ သတ္တဝါ တို့ကို ထုတ်ဆောင်နိုင်မည်။

ဤသုတ်တွင် ပါရမိတာ ခြောက်ပါးအနက်မှ သီလနှင့်

ဒါနကို အထူးကြီးကျယ် မြင့်မြတ်မှုမပေးပဲ ခန္တိပါရမိတာကိုသာ အလုံးစုံ နှစ်သက် မြတ်နိုးဖွယ်အဖြစ် ထား၏။ ယင်း သဘောကို သေချာလာသဖြင့် သတ္တဝါတို့မှာ တရားအားလုံး၏ အညီအမျှ သမသောဥာဏ်ဖြစ်၏။ ယင်းသည် ဗုဒ္ဓချီးမွမ်းသော အဆင့်သို့ တင်ပေးနိုင်၏။

၇။ သုခဝတီဗျူဟ။ ။သဒ္ဓမ္မပုဏ္ဍရိကတွင် သကျမုနိ ကိုရင်း,ကာရဏ္ဍဗျူဟတွင် အဝလောကိတေသွရကိုရင်း အလွန်အကြူး ချီးကျူးထားသည်ကို တွေ့ရသကဲ့သို့ ဤသုခဝတီဗျူဟတွင် 'အမိတာဘ' ဗုဒ္ဓ၏ထူးခြားချက်ကို တန်းဆာဆင်ထားသည်ကို တွေ့ရ၏။ယင်း ကျမ်းမှာ အကြီးနှင့် အငယ်နှစ်စောင်ဖြစ်၍ ကွဲပြားချက် ရှိသော်လည်း အမိတာဘ ဗုဒ္ဓ၏ သုခ အတိပြီးသော နတ်ပြည်အဖွင့်မှာ တူညီ၏။ အကြင်သူသည်အမိတာဘ၏ ဂုဏ်ကျေးဇူးကို သရဏ္ဍာယ်ခြင်းဖြင့် မိမိအချိန်ကို ကုန်လွန်စေအံ့၊ သေအံ့သောအခါ အမိတာဘ၏ အသွင်နှင့်ဂုဏ်တော်ကို အောက်မေ့အံ့၊ ထိုသူသည် သေသည်၏ အခြားမဲ့၌ နှစ်သက်ဖွယ် အတိပြီးသော လောက၌နေရလိမ့်မည် ဟူသောအချက်ကို အလေးအနက် ဖွင့်ဆို၏။ ထိုတွင် ရတနာ သစ်ပင်များပေါက်နေ၏။ ရွှေကြာပွင့်နေ၏၊ မြစ်တို့တွင် ကြည်လင် အေးမြသော ရေများစီးနေကြသည်။ စသည်ဖြင့် သုခဝတီ၏ အလှကို မက်မောဖွယ်ဖြစ်အောင် ဖော်ကျူးထား၏။ အမိတာဘ ဟူသည်မှာ အတိုင်းမရှိ အရောင် အဝါ ထွန်း လင်း တောက်ပသော ဘုရားဖြစ်၏။ ထိုနှင့်ဆက်၍ အတိုင်းမရှိ အသက်

ရှည်သော ဘုရားတဆူရှိသေး၏။ ထိုဘုရားမှာ အမိတာယုမည်၏။ ထိုဘုရားနှစ်ဆူကို ကိုးကွယ် ဆည်းကပ်ခြင်းဖြင့် သုခ ဝ တီ သို့ ရောက်နိုင်၏။ ဂျပန်တွင် ဂျိုဒိုရှူနှင့် ဆိနရှူ ဂိုဏ်းဝင်တို့သည် ဤဘုရားနှစ်ဆူကို မတုန်မလှုပ် ကြည်ညိုဆည်းကပ်ကြ၏။

ဂ။ သဒ္ဓမ္မပုဏ္ဍရီကသုတ်။ ။မဟာယာနဂိုဏ်းတို့တွင် လွန် စွာ ထင် ရှား သော သုတ်ဖြစ်၏။သုတ်၏ အစတွင် မြတ်စွာဘုရား၏ အာယုပရိမာဏ ပါပဒေသနာ,သုညတာကို အကျယ်ဖွင့်ဆိုထားပြီး နောက်ဆုံး တွင် မြတ်စွာဘုရားအား ရှိခိုး ပူဇော်သူသည် နတ်ဒေဝါတို့ ဖြင့်ကြွယ်မြင့်မြတ်သော အကျိုးအာနိသင်ကို ရနိုင်ကြောင်း စိတ် ဝင်စားဖွယ် ဖွင့်ဆိုထား၏။

ဃ။ လင်္ကာဝတာရသုတ်။ ။ဤသုတ်သည် ဝိညာဏ ဝါဒဂိုဏ်းကို ဖြစ်ပေါ်စေ သော မူလကျမ်းဖြစ်၏။အပိုင်း ဆယ်ပိုင်းရှိသည့်အနက် ပဌမပိုင်း မှာ ကျမ်း၏အမည်နှင့်ကျမ်းပြုခြင်းအကြောင်းကို ဖွင့်ပြထား၏ မြတ်စွာဘုရားသည် သီဟိုဠ်ကျွန်းခေါ် လင်္ကာသို့ ကြွသွားပြီး ခေါင်းဆယ်လုံးဘီလူးခေါ် ရာဝဏကိုဆုံးမသောကြောင့် လင်္ကာ ဝတာရသုတ် မည်၏။ဒုတိယပိုင်းမှ နဝမပိုင်းတိုင်အောင် ဝိညာ ဏဝါဒ၏ အယူအဆတို့ကို ဖွင့်ပြ၏၊ အဆုံးမှာ ဂါထာတို့ဖြစ်၏။

ဤသည်တို့ကား မဟာယာနဂိုဏ်းတွင် ထင်ရှားသော ကျမ်းစာအချို့ဖြစ်၏။ ထိုကျမ်းတို့သည် အချို့သက္ကတဘာသာ

ဖြင့် ရှိ၍ အများအားဖြင့် တရုပ်၊ တိဗတ်၊ ဂျပန် ဘာသာပြန်တို့ဖြစ်ကြ၏၊ အများ လေ့လာစေနိုင်ရန် အင်္ဂလိပ်ဘာသာသို့လည်း ပြန်ဆိုထားကြ၏။ ထို့မှတပါးသက္ကတဘာသာဖြင့် သုတ်, ဝိနည်း, အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံလည်း ရှိသေးသည်။ ဖော်ပြပါ ကျမ်းဂန်တို့မှာ ထိုပိဋကတ်သုံးပုံ၏ အဋ္ဌကထာ,ဋီကာတို့ပင်ဖြစ်၏၊ ယင်းမဟာယာန အဋ္ဌကထာ ဋီကာအချို့ကို သာမန်လေ့လာသဖြင့်လည်း ယခုအခါ ထေရဝါဒ ဗုဒ္ဓဘာသာတို့တွင် မဟာယာန အယူဝါဒများကို အထင်အရှား တွေ့မြင်နိုင်သည်။ စင်စစ် တအူတုံဆင်း နောင်ညီရင်းများ ဖြစ်ကြသည်။ တဦးမှာ တောင်ပိုင်းသို့ရောက်၍ နောက်တဦးမှာ မြောက်ပိုင်းသို့ ရောက်နေ၏။ သို့ကြောင့် အရပ်ဒေသ ရာသီဥတုအားလျော်စွာ အတော်အသင့် ခြားနားနေခြင်းဖြစ်၏။

ဆက်လက်၍ မြောက်ပိုင်း ဗုဒ္ဓသာသနာ ဗုဒ္ဓဝါဒနှင့် ပတ်သက်၍ ပဓာနဖြစ်သော ဂိုဏ်းကြီးလေးဂိုဏ်း၏ အယူအဆတို့ကို အကျဉ်းချုပ် ဖော်ပြပါဦးမည်၊ ထိုဂိုဏ်းတို့မှာ ဝေဘာသိက, သုတ္တန္တိက, ယောဂစာရနှင့် မဇ္ဈိမိကတို့ ဖြစ်ကြ၏၊ ထိုဂိုဏ်းတို့၏ အတွေးအမြင် ဒဿနကိုကား အသင့် အတင့် ကြိုတင်သိမြင်ထားဘို့ လိုပါမည်။

ထိုတွင် ဝေဘာသိက ဂိုဏ်းသားတို့၏ အမြင်မှာ ဗဟိဒ္ဓပစ္စက္ခဝါဒ ဖြစ်၏၊ သူတို့သည် အပြင်အပ ဗဟိဒ္ဓ ဖြစ်သော ရုပ်ဝတ္ထုတို့အားလည်း မျက်မှောက်ဖြစ်သော ပစ္စက္ခ ဉာဏ်အမြင်တွင် အထင်အရှားတွေ့မြင်နိုင်၏ ဟု ယုံကြည်ကြ၏၊ အပြင်အပရုပ်ဝတ္ထုတို့လည်း ထင်ရှားရှိသည်ဟု ဆိုလို၏။

သုတ္တန္တိကဂိုဏ်းသားတို့၏ အမြင်မှာ ဗဟိဒ္ဓ အနုမာနဝါဒဖြစ်၏၊ သူတို့၏အလိုမှာ အပြင်အပဗဟိဒ္ဓဖြစ်သော ရုပ်ဝတ္ထုတို့ကို ပစ္စက္ခမျက်မှောက်ဉာဏ်အမြင်တွင် မတွေ့မြင်နိုင်၊ အနုမာန မျက်ရမ်းဆ၍သာ သိရ၏၊ ပစ္စက္ခတွင်တွေ့မြင်ရသော အရာဝတ္ထုတို့၏ အနီအပြာ စသည်တို့မှာ ဆန်းကြယ်သောစိတ်၏ ပိတ်ကားပေါ်တွင် ရေးချယ်ထားခြင်းတို့သာဖြစ်၏။ မှန်ပေါ်တွင် ရိပ်ပြန်ကို တွေ့မြင်ရ၍ အရိပ်၏အရှင်ကို မှန်းဆသိရသကဲ့သို့ စိတ်ကား၏ ရိပ်ပြန်ဖြင့် ဗဟိဒ္ဓအရာဝတ္ထု၏ ရှိခြင်းကို သိရ၏။ ထို့ကြောင့် ဗဟိဒ္ဓအရာဝတ္ထုသည် အနုမာန မျက်ရမ်းဆခြင်းအပေါ်မှာသာ မှီတွယ်နေ၏။

ယောဂါစာရ ဂိုဏ်းသားတို့၏ အမြင်မှာ ဝိညာဏ ဝါဒ ဖြစ်၏။ သူတို့သည်ကား သုတ္တန္တိကတို့၏ အနုမာနကိုပင် လက်မခံကြ၊ သူတို့၏ အမြင်မှာ အပြင်အပ ဗဟိဒ္ဓ ရုပ်လောကသည် အစဉ်မှားယွင်းနေ၏။ စိတ်ဝိညာဏ်တပါးတည်းသာ အထင်ရှားရှိ၏။ စိတ်ဝိညာဏ်၏ အရိပ်အရောင် အမျိုးမျိုးကိုသာလျှင် လောကဟု ခေါ်နေကြခြင်းဖြစ်၏။

မဇ္ဈိမိက ဂိုဏ်းသားတို့၏ အမြင်မှာ သုညဝါဒဖြစ်၏ သူတို့၏ အယူမှာ စိတ်ဝိညာဏ်ပင်လျှင် လွတ်လပ်စွာ ထင်ရှားမရှိ၊ ဗဟိဒ္ဓလည်း မမှန်၊ ဝိညာဏ်လည်း မမှန်၊ သုညသာ ပရမတ္ထဖြစ်၏။ လောက၏ ထင်ရှားရှိခြင်းသည် ဝေါဟာရတည်း သုည၏ ထင်ရှားရှိခြင်းသာ ပရမတ္ထ စင်စစ်ဖြစ်၏။

ဝေဘာသိက

ဝေဘာသိကသည် အလွန် ရှေးကျသော အခါက ထင်ရှားသော ဂိုဏ်းဖြစ်၏။ ထိုဂိုဏ်း၏ ရှေးအမည်မှာ သဗ္ဗတ္ထိဝါဒ ဖြစ်၏။ ကမ္ဘာလောကအတွင်းရှိ အတွင်း အပ နာမ် ရုပ်ဟူသမျှ စင်စစ် ထင်ရှားရှိ၏။ ယင်းတရားတို့ထင်ရှားရှိခြင်းမှာ တစုံတရာ ယုံမှားဖွယ်မရှိဟု ယူဆသောကြောင့် သဗ္ဗတ္ထိဝါဒဟု ခေါ်ကြခြင်းဖြစ်၏။ သဗ္ဗတ္ထိဝါဒဟူသည်မှာ အလုံးစုံအကုန်ရှိခြင်းကို လက်ခံသော အယူအဆဖြစ်၏၊ ကနိသျှကမင်း လက်ထက်မှာ ဗုဒ္ဓသံဃာများ စတုတ္ထ သံဂါယနာ တင်ကြ၏။ ထိုအခါ သူတို့သည် အရှင်ကစ္စာနီပုတြ စီရင်သော ဉာဏပဋ္ဌာန်းကျမ်းကို ဝိဘာသာအမည်ဖြင့် ဖွင့်ဆိုကြ၏။ ယင်းအဖွင့် ဝိဘာသာကို သဗ္ဗတ္ထိဝါဒီ ဂိုဏ်းသားတို့ လွန်စွာ လေးစားမြတ်နိုးကြ၏။ သို့ကြောင့် သူတို့သည် ဝေဘာသိကဟု အမည် ရခြင်း ဖြစ်၏။

ထေရဝါဒဂိုဏ်း သံဂါယနာတင် အရှင်တို့သည် မြတ်စွာဘုရား ဟောကြားသော တရားတို့ကို ပါဠိဘာသာ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ဖြင့် ဝေဘန်ထားကြ၏။ ပိဋကတ်သုံးသွယ်

မှာ သုတ်, ဝိနည်း, အဘိဓမ္မာဖြစ်၍ နိကာယ်ငါးရပ်မှာ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် နှင့် ခုဒ္ဒကနိကာယ်တို့ ဖြစ်၏။ ဝေဘာသိကတို့၏ ပိဋကတ်မှာ သက္ကတဘာသာဖြစ်၏။သူတို့သည် နိကာယ်အစား အာဂမဟုခေါ်ကြ၏။ အာဂမ ငါးရပ်မှာ ဒီဃာဂမ, မဇ္ဈိမာဂမ, သံယုတ္တာဂမ, အင်္ဂုတ္တရာဂမနှင့် ခုဒ္ဒကာဂမတို့ ဖြစ်၏။ ယင်းအာဂမတို့သည် သုတ္တန်ပိဋကတ်တွင် သက်ဝင်ကြ၏။

ဝေဘာသိကတို့၏ ဝိနည်းငါးကျမ်းမှာ ဝိနယဝတ္ထု, ပါတိမောက္ခ, ဝိနယ ဝိဘာဂ, ဝိနယခုဒ္ဒက နှင့် ဝိနယဥတ္တရ တို့ဖြစ်၏။ ယင်းတို့သည် ထေရဝါဒမှ အစဉ်အတိုင်း မဟာဝါ, ပါတိမောက်, ဝိဘင်း, စူဠဝါနှင့် ပရိဝါတို့ ဖြစ်၏။ အဘိဓမ္မာ ခုနစ်ကျမ်းကား ဤသို့တည်း။

၁။ ဉာဏပဋ္ဌာန်း။ ။ကျမ်းပြုသူမှာ အရှင်ကစ္စာနီပုတြ ဖြစ်၏။ ကနိသျှကမင်းလက်ထက် စတုတ္ထသံဂါယနာတင်တွင် ဤကျမ်းကို ဝိဘာသာအမည် ဖွင့်ဆိုကြ၏။ထိုတွင် အခန်းကလျှပေါင်းရှစ်ခုပါဝင်၏။ယင်းတို့မှာ၊လောကုတ္တရဓမ္မ,သံယောဇန,ဉာဏ,ကမ္မ,မဟာဘူတ,ဣန္ဒြိယ, သမာဓိနှင့် မရဏာပဋ္ဌာန တို့ဖြစ်၏။ ဝေဘာသိက အယူအဆအတွက် ဤကျမ်းသည် ပမာနဖြစ်၏။

၂။ သံဂီတိပရိယာယ။ ။ဤကျမ်းကို စီရင်သူမှာ အချို့က မဟာကောဋ္ဌိလဟုဆို၍ အချို့ကလည်း သာရိပုတြဟု ဆို၏။ နှစ်ဦးလုံးပင် ဗုဒ္ဓ၏မျက်

မှောက်တပည့်များဖြစ်၏၊ သို့ကြောင့်ဝေဘာသိကတို့၏၊အမြင်၌ ဤကျမ်းသည် အဘိဓမ္မာသမိုင်းတွင် ရှေးအကျဆုံး ဖြစ်၏။မြတ်စွာဘုရား၏အမိန့်ဖြင့် သာရိပုတြသည် ဓမ္မတရားတို့ကို ရေတွက်ရန်အတွက် စီရင်သောဟူ၏၊ ထေရဝါဒီတို့၏။ ပုဂ္ဂလပညတ်နှင့် အကြောင်း အရာချင်း တူ၏။

၃။ ပကရဏပါဒ။ ။စီရင်သူမှာ ဝသုမိတြဖြစ်၏။ဤ ဝသုမိတြသည် စတုတ္ထသံဂါယနာတင် ဦးစီးဥက္ကဋ္ဌ ဝသုမိတြနှင့် တဦးစီဖြစ်၍ ရှေးကျသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးနောက် အနှစ်သုံးရာအတွင်းမှာ ဝသုမိတြပေါ်ပေါက်ခဲ့၏။ ဤကျမ်းတွင်ဓမ္မ, ဉာဏ, အာယတန အစရှိသော အကြောင်းအရာတို့ကို ဖွင့်ဆိုထား၏။

၄။ ဝိညာဏကာယ။ ။စီရင်သူမှာ အရှင်ဒေဝသမ္မာ ဖြစ်၏။ဤကျမ်းသည် ဉာဏပဋ္ဌာန်း၏ တတိယပါဒဖြစ်၏။ဤတွင် ပုဂ္ဂလ၊ဟေတု၊ ပစ္စယ၊အာလမ္ဗဏနှင့်အခြားသောပကိဏ္ဏက အကြောင်းအရာတို့ကိုဖွင့်ဆို၏။

၅။ ဓါတုကာယ။ ။စီရင်သူကို အချို့က အရှင်ပုဏ္ဏဟုဆို၍ အချို့ကမူ ဝသုမိတြဟုဆိုကြ၏။ ဤတွင် ဓမ္မတရားအမျိုးမျိုးတို့ကို အကျယ်ဖွင့်ဆိုဝေဘန်ထား၏။

၆။ ဓမ္မကန္ဒာ။ ။စီရင်သူကိုအချို့က သာရိပုတြဟု ဆို၍ အချို့က မဟာမောဂ္ဂလာန်ဟုဆိုကြ၏။သဗ္ဗတ္ထိဝါဒ အဘိဓမ္မာ၏ ပဥ္စမပါဒဖြစ်၏။ ဤကျမ်းတွင် အရိယသစ္စာ၊သမာဓိဗောဇ္ဈင်၊ ဣန္ဒြေ၊ အာယတန၊ ခန္ဓာ၊ ပဋိစ္စသမုပ္ပါဒ် အစရှိသော ဒဿနိက အကြောင်းအရာတို့ကို အကျယ်ဝေဘန်ထား၏။

၇။ ပညတ္တိသတ္ထ။ ။ဤကျမ်းကို စီရင်သူမှာ အရှင်မောဂ္ဂလာန်ဖြစ်၏။ ဤတွင် ရှေးအခါက ပညာရှိများနှင့် ဆရာများ၏ အယူဝါဒများကို ဖွင့်ဆို၏။ ထိုစဉ်အခါက ဒဿနိကပညာရှိဂိုဏ်း နှစ်ဂိုဏ်းရှိ၏။တဂိုဏ်းမှာ ဂန္ဓာရဒေသပညာရှိများနှင့် နောက်တဂိုဏ်းမှာ ကသ္မီရဒေသပညာရှိများဖြစ်၏။ ထိုနှစ်ဂိုဏ်း၏ အယူအဆတို့ကို မျှတစွာ ဝေဖန်သုံးသပ်ထား၏။

ဝေဘာသိက ဂိုဏ်းတွင် ထင်ရှားသော ကျမ်းပြုဆရာတို့မှာ ဝသုဗန္ဓုနှင့် သံဃဘဒြတို့ဖြစ်၏။ ဝသုဗန္ဓု၏ အရှိန်အဝါနှင့် ပညာရှိအဖြစ်မှာ အထွတ်အထိပ်ဖြစ်၏။ သူ၏ကျမ်းစာတို့မှာ အမြင့်ဆုံး အဆင့်တွင်ရှိ၏။ ထို့ကြောင့် သူ့ကို ဗုဒ္ဓအယူဝါဒ ဒဿနိက အခက်အလက်တို့တွင် ထည့်သွင်း ရေတွက်ခြင်းဖြစ်၏။ ယသောမိတြ အမည်ရှိသော ဋီကာဆရာကမူ ဝသုဗန္ဓုသည် ပရမတ္ထအရာတွင် ဗုဒ္ဓ၏အလုပ်ကို ပြုလုပ်ခြင်းဖြစ်၍ သူ့ကို ဒုတိယဗုဒ္ဓဟု ဆိုထိုက်၏ဟု ပြောပြ၏။

ဝသုဗန္ဓုသည် ဂန္ဓာရတိုင်း ပုရုသပုရ(ပေရှာဝါရ)မြို့

တွင် ကောသိကဗြာဟ္မဏ အနွယ်၌ ဖွားမြင်၏။ ညီအကိုသုံး ယောက်ရှိသည့်အနက် အကိုကြီးမှာ ဝိညာဏဝါဒ သမိုင်းတွင် အထွတ်အထိပ်ဖြစ်သော အရှင်အသင်္ဂ ဖြစ်၏။ ညီငယ်မှာ ဝိရိဉ္စိဝဿဖြစ်၍ ဝသုဗန္ဓုကား အလတ်ဖြစ်၏။ ထိုစဉ်အခါကဂန္ဓာရ တိုင်းတွင် သဗ္ဗတ္ထိဝါဒ ထွန်းကားနေ၏။ သူသည် ပညာသင် ကြားရန် ကသ္မီရသို့သွားပြီး ဝိဘာသာကို လေးနက်စွာသင်ယူ ၏။ ထို့နောက် အယောဓျာသို့လာပြီး အခြေစိုက်နေ၏။ သူ၏ ကျမ်းစာတို့မှာ ပရမတ္ထ သတ္တတိ၊ တက္ကသတ္ထ၊ ဝါဒဝိဓိနှင့် အဘိ ဓမ္မကောသဖြစ်၏။

အဘိဓမ္မကောသမှာ ဝသုဗန္ဓု၏ အထင်ရှားဆုံး ကျမ်း ဂန်ဖြစ်၏။ ထေရဝါဒတွင် သီဟိုဠ် အရှင်အနုရုဒ္ဓါသည် အဘိ ဓမ္မာခုနစ်ကျမ်းကို အကျဉ်းချုပ်ပြီး အဘိဓမ္မတ္ထသင်္ဂဟ အမည် ရှိသော ကျမ်းကို စီရင်သကဲ့သို့ ထို့အတူ အရှင်ဝသုဗန္ဓုသည် သဗ္ဗတ္ထိဝါဒအားလျော်စွာ အဘိဓမ္မာ တရားတို့ကို အဘိဓမ္မာ ကောသ အမည်ဖြင့် အကျဉ်းချုပ်ခြင်း ဖြစ်၏။ ယင်းကောသ သည် ဝေဘာသိကဂိုဏ်းတွင် အဘယ်မျှ ထင်ရှားပြန့်နှံ့ပုံကို ဝါဏ ဘဋ္ဋ က ဤသို့ဆို၏။

သကျဘိက္ခု ဒိဝါကရ မိတြ၏ သခ်မ်းကျောင်း၌ သကျ သာသနာတွင် လိမ္မာသော ကျေးသားသော်လည်း 'ကောသ'၏ ဥပဒေသကို ပေးနိုင်၏။ဤ၌တွင်ကောသဟူသည်မှာ ဝသုဗန္ဓု စီရင် သော အဘိဓမ္မကောသကို ဆိုလို၏။

ဝသုဗန္ဓုနှင့် တချိန်တည်း ပေါ်ပေါက်သော ဝေဘာ သိက ဂိုဏ်းဝင် အခြား ကျမ်းဆရာ နှစ်ဦးမှာ မနောရထ နှင့်

သံဃာဘဒြတို့ဖြစ်၏။ မနောရထသည် ဝသုဗန္ဓု၏ မိတ်ဆွေဖြစ်၏။ သံဃာဘဒြကား ဝသုဗန္ဓုနှင့် တိုက်ဖက်ဖြစ်၏။ ထို့ကြောင့် ဝသုဗန္ဓု၏ ကောသအဖွင့်၌ ဝိဘာသနှင့် ဆန့်ကျင်ဘက်တို့ကို ထုတ်ဖော်ဝေဘန်သော ကျမ်းနှစ်စောင် စီရင်ခြင်းဖြစ်၏။ ယင်းတို့မှာ အဘိဓမ္မနှင့် အဘိဓမ္မသမယ ပဒီပိကာတို့ဖြစ်၏။

ဗုဒ္ဓဓမ္မ၏ အယူအဆကို လေ့လာရန် အတွက် ဗုဒ္ဓဓမ္မ အမှိုပြုသော အချက်အချာကို ကောင်းစွာသိဘို့လို၏။ ယင်းမှာ ဓမ္မဖြစ်၏။ ဓမ္မသဒ္ဒါ၏အနက်အဓိပ္ပါယ်ကို အိန္ဒိယဒဿနိကလောကတွင် အမျိုးမျိုးဖွင့်ဆိုကြ၏။ ဓမ္မ၏ဆိုလိုရင်းမှာ ရုပ်နှင့်နာမ်၏ သိမ်မွေ့သော သဘောတရားဖြစ်၏။ ယင်းဓမ္မတို့ တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အရာဝတ္ထုကို လောကဟုခေါ်ကြ၏။ ဤကမ္ဘာလောကနှင့် ပတ်သက်သော ဗုဒ္ဓဓမ္မအယူအဆမှာ လောကသည် ဓမ္မတရားတို့အချင်းချင်းပေါင်းဆုံသော သံဃာတမျှသာ ဖြစ်၏။ ဓမ္မတို့၏သရုပ်ကို မြတ်စွာဘုရား ဤသို့ အကျဉ်းချုပ် မိန့်တော်မူ၏။

> အကြင်တရားတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏။ ထိုတရားတို့၏ အကြောင်းကိုလည်း တထာဂတ ဟောကြားတော်မူ၏၊ ဤတရားတို့၏ ချုပ်ခြင်းလည်းရှိ၏။ မဟာသမဏသည် ယင်းသို့အယူရှိ၏။

ဤကား ဗုဒ္ဓဓမ္မ၏ တရားအချုပ်ဖြစ်၏။ ယင်းတရားကို ထေရဝါဒီတို့က အမျိုးပေါင်း ၁၇၀ မျှ ခွဲခြား၏။ ယင်းတို့မှာ အသင်္ခတ ၁ ပါး၊ ရုပ် ၂၈ ပါး၊ စိတ် ၈၉ ပါးနှင့် စေတသိက် ၅၂ ပါးတို့ဖြစ်၏။ သို့ရာတွင် သဗ္ဗတ္ထိဝါဒီ တို့၏ တရား အမျိုး

ပေါင်းမှာ ၇၅ ပါးဖြစ်၏။ ယင်းတို့မှာ အသင်္ခတ ၁ ပါး၊ ရုပ် ၁၁ ပါး၊ စိတ် ၁ ပါး၊ စေတသိက် ၄၆ ပါးနှင့် စိတ္တဝိပ္ပယုတ် ၁၄ ပါးတို့ ဖြစ်၏။

အသင်္ခတ ဟူသည်မှာ သင်္ခတ တရား၏ ဆန့်ကျင်ဘက် ဖြစ်၏။ သင်္ခတ တရားဟူသည်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားတို့ ပေါင်း၍ ပြုပြင်အပ်သော တရားဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်နှင့်ပြောလျှင် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဖြစ်၏။ တွေဝေ မိန်းမောသည့် အားလျော်စွာ အကုသိုလ်ဖြစ်မှု၊ ကုသိုလ်ဖြစ်မှု၊ ဘာဝနာဖြစ်မှုတို့ကို ပြုလုပ်ခြင်း ပင်တည်း။ အသင်္ခတသည်ကား ထိုမှတပါးသော တရားဖြစ်၏။ စင်စစ် နိဗ္ဗာန်ကို အသင်္ခတဟု ဆို၏။ "အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ရွှေပြည်" ဟုပြောလေ့ရှိကြ၏။ ယင်းသည်ထေရဝါဒအလို အားဖြင့် တပါးသာရှိ၏။ သို့ရာတွင် သဗ္ဗတ္ထိဝါဒမှာကား အာကာသ၊ ပတိသင်္ချာ နိရောဓနှင့် အပတိသင်္ချာနိရောဓဟု သုံးပါး အပြားအားဖြင့် လက်ခံယုံကြည်၏။ အာကာသသည်၎င်း၊ ပတိသင်္ချာနိရောဓသည်၎င်း, အပတိသင်္ချာနိရောဓသည်၎င်း၊ အသင်္ခတမည်၏ဟု ဆိုလိုခြင်း ဖြစ်၏။

ထေရဝါဒီတို့က အာကာသကို မဟာဘုတ် တို့ကြောင့် ဖြစ်သော ဥပါဒါရုပ်ဟုဆိုကြ၏။ ရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထ သင်္ဂဟ အာကာသအဖွင့်မှာ ဤသို့တည်း။ ထိုထိုဒြပ် အဆောက် အဦနှင့် ထိုထို ရုပ်ကလာပ်တို့သည် အသီးအသီး လွန်စွာ ထင်ရှား သောကြောင့် အာကာသမည်၏။ ယင်းသည်ပင် ကလာပ်တပါး ၌ တည်သော မဟာဘုတ်တို့ကို အခြားကလာပ်တပါး၌ တည်

သော မဟာဘုတ်တို့နှင့်မရောမရှက် မကူးစက်ရအောင်ပိုင်းခြား တတ်သောကြောင့် ပရိစ္ဆေဒ ရုပ်လည်းမည်၏။ ယင်းရုပ်သည် အပေါက်ဟင်းလင်း သဘောသက်သက် ဖြစ် သော ကြောင့် ဥပါဒ်နှင့် တကွသော တရားကိုယ် သီးခြားမဟုတ်၊ တစုံ တခု သော ကလာပ်တွင်းသို့ သွင်း၍ ရေတွက်အပ်သော တရားလည်း မဟုတ်။

ရှင်ဝသုဗန္ဓု၏ အာကာသအဖွင့်မှာ အနာဝိတ္တိ ဖြစ်၏။ အဓိပ္ပါယ်မှာ ယင်းအာကာသသည် သူတပါးကိုလည်း ပိတ်ပင် တားဆီးခြင်းမရှိ၊တပါးသော တရားတို့ကလည်းသူ့ကို မပိတ်ပင် မတားဆီးနိုင်၊ အဘယ်မျှသော ရုပ်တရားတို့ သူ့အတွင်းဝင် သော်လည်း ပိတ်ပင်တားဆီးမှုမပြု၊ ယင်းသည် ပြုပြင်ပြောင်းလဲ မှု မရှိသော အသင်္ခတ တရားမည်၏။ သူသည် အာကာသကို နှစ်မျိုးခွဲခြားပြီး ဖွင့်ဆို၏။ တမျိုးမှာ အရပ်မျက်နှာဟောဖြစ် ၍ မြင်နိုင်၏။ အာသဝေါတရားနှင့် တကွဖြစ်သော သာသဝ ဖြစ်၏။ အကြောင်းတရားတို့ပြုပြင်အပ်သော သခ်ီတ ဖြစ်၏။ နောက်တမျိုးမှာ အလုံးစုံတွင် ပြန့်နှံ့နေသည့် လွန်စွာသိမ်မွေ့ သော လေဖြစ်၏။ ယင်းကိုကား မမြင်ရ၊ အနာသဝနှင့်အသင်္ခတ ဖြစ်၏။

ပတိသင်္ချာနိရောဓမှာ ပညာဖြင့် ကိလေသာ တရားတို့ အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းဖြစ်၏။ ပတိသင်္ချာဟူသည် ဉာဏ် ပညာဖြစ်၍ ချုပ်ငြိမ်းခြင်းကို နိရောဓဟု ဆိုသည်။ အပတိသင်္ချာ နိရောဓဟူသည်မှာ ပညာနှင့် ကင်းကွာပြီး အလိုအလျောက် ကိလေသာတို့ ချုပ်ငြိမ်းသွားခြင်းပင်တည်း။ သဗ္ဗတ္ထိဝါဒီ တို့

သည် အာကာသနှင့် ယင်းနိရောဓ နှစ်ပါးကိုလည်း အသင်္ခတ တရားအဖြစ်နှင့် လက်ခံယုံကြည်ကြ၏။ ထိုတရား သုံးပါးတို့၏ အသင်္ခတဖြစ်ပုံအပြည့်အစုံကိုမူ အဘိဓမ္မကောသနှင့် ယင်းအဖွင့် တို့မှာ လေ့လာရပါမည်။ ယောဂါစာရ အဘိဓမ္မာမှာကား အစလနှင့် သညာဝေဒနာ နိရောဓ နှစ်ပါးကိုပါ ထည့်သွင်းပြီး အသင်္ခတတရား ၆ ပါး လက်ခံထားကြ၏။

ဗုဒ္ဓဒသာနိက ဆရာတို့တွင် အချိန် ကာလနှင့် ပတ်သက် သော ကွဲပြားချက်များလည်း ရှိကြ၏။ အချိန်ကာလဟူသည်မှာ အတိတ်, ပစ္စုပ္ပန်နှင့် အနာဂတ် ဖြစ်၏။ သုတ္တန္တိက ဆရာတို့ အ မြင်မှာ ပစ္စုပ္ပန်ကာလတပါးသာ အထင်အရှားရှိ၏။ အတိတ်နှင့် အနာဂတ်တို့ ထင်ရှားရှိခြင်းကို လက်မခံကြ၊ သို့ရာတွင် ဝသုဗန္ဓု ကား ယုတ္တိလေးမျိုးဖြင့် လက်ခံသည်။

(က) မြတ်စွာဘုရားသည် သံယုတ္တာဂမတွင် ကာလ သုံးပါး အထင်အရှားရှိသည်ကို ဟောကြားထား၏။ "ရုပ်သည်" အနိစ္စဖြစ်၏။ အတိတ်နှင့်အနာဂတ်ဖြစ်၏။ ပစ္စုပ္ပန် အတွက် အ ဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

(ခ) ဝိညာဏ်သည် အကြောင်း နှစ်ပါးကြောင့်ဖြစ်၏။ ယင်းနှစ်ပါးမှာ ဣန္ဒြေနှင့် အာရုံဖြစ်၏။ စက္ခု ဝိညာဏ်သည် စက္ခုဣန္ဒြေနှင့် ရူပါရုံကြောင့်ဖြစ်၏။ သောတ ဝိညာဏ်သည် သောတ ဣန္ဒြေနှင့် သဒ္ဒါရုံကြောင့်ဖြစ်၏။ မနောဝိညာဏ် သည် စိတ်နှင့်ဓမ္မာရုံကြောင့် ဖြစ်၏။ အကယ်၍အတိတ်နှင့်အနာဂတ် ဓမ္မ မရှိပါသော် မနောဝိညာဏ်သည် ဝတ္ထု နှစ်ပါးတို့ကြောင့် ဘယ်သို့ဖြစ်နိုင်မည်နည်း။

(ဂ) အာရုံထင်ရှားရှိသောကြောင့်သာ ဝိညာဏ်ဖြစ်၏၊ ဝိညာဏ်သည် မှီတွယ်ရာအာရုံတစုံတခုကိုယူ၍ ဖြစ်ရ၏။ အကယ်၍ အတိတ်နှင့်အနာဂတ် ဝတ္ထု မရှိပါသော် ဝိညာဏ်သည် အာရုံတွယ်ရာမဲ့ ဖြစ်လိမ့်မည်။

(ဃ) အကျိုးဖလဖြစ်သောအခါ ဝိပါက်၏အကြောင်းသည် အတိတ်ဖြစ်သွား၏။ အတိတ်ကံ၏ အကျိုးကို ပစ္စုပ္ပန်၌ ရ၏။ အကယ်၍ အတိတ် မရှိပါသော် အကျိုး ဖလ ဖြစ်ခြင်း မပြီးမြောက်။

ဤယုတ္တိတို့ကို သုတ္တန္တိကတို့ လက်ခံရန် အသင့် မရှိကြ၊ သူတို့၏အမြင်၌ ဝေဘာသိကတို့၏ အဆိုပါ အယူ အဆသည် ဗြာဟ္မဏတို့၏ နိစ္စဋ္ဌိတိ အယူအဆနှင့် ထူးမခြားနား ဖြစ်ကြောင်းနှင့် ဝေဘန်ကြသည်။ ဝသုဗန္ဓုသည် သူ၏အဘိဓမ္မ ကောသ၌ အယူဝါဒ ကွဲပြားချက်တို့ကို ဤသို့ဖွင့်ဆိုသွား၏။

ဓမ္မတြာသ၏ အယူတွင် အတိတ်, ပစ္စုပ္ပန်နှင့် အနာဂတ်၌ အဖြစ်သည် မညီမျှ၊ ဆန့်ကျင်ဘက် ဖြစ်နေ၏။ အနာဂတ်ဝတ္ထုသည် မိမိ၏ အနာဂတ်သဘောကို စွန့်၍ ပစ္စုပ္ပန်ဖြစ်လာသော် ယင်းသည် ပစ္စုပ္ပန် အဖြစ်ကို လက်ခံ၏။ ထိုဒြပ်၌ ဘယ်နည်းနှင့်မျှ ပြောင်းလဲခြင်းမရှိ။ ဥပမာ နို့သည် ဒိန်ဖြစ်သွားသောအခါ သူ၏သဘော၌ ပြောင်းလဲမှု ဖြစ်သွား၏။ အရသာ စသော သဘောကွဲပြားသော်လည်း နို့ဟူသော ဝတ္ထု၌ တစုံတရာ ပြောင်းလဲခြင်း မရှိသကဲ့သို့ပင်တည်း။

ဗုဒ္ဓဒေဝ၏ အယူမှာ ပစ္စုပ္ပန်နှင့် အနာဂတ်ကိုငဲ့၍သာ တစုံတခုသောဝတ္ထုသည် အတိတ်ဖြစ်၏။ အတိတ်နှင့် ပစ္စုပ္ပန်ကို

ငဲ့၍သာ အနာဂတ်ဟုခေါ်ခြင်းဖြစ်၏။မိန်းမ တယောက်တည်း မှာ သမီး၊မယားနှင့် အမေဟူ၍ သုံးမည်ရသကဲ့သို့တည်း။ အဖေ ၏အမြင်ဖြင့် သူသည် သမီးဖြစ်၏။ လင်ကို ငဲ့သဖြင့် သူသည် မယားဖြစ်၏။ သားကိုငဲ့သဖြင့် သူ့ကို အမေဟု ခေါ်ဆို၏။ စင်စစ် တယောက်တည်းသာဖြစ်၏။ ငဲ့ကွက် ထောက်ထားခြင်း တို့ဖြင့် ကွဲပြားခြားနားခြင်းဖြစ်၏။

သုတ္တနိပါတ

သုတ္တနိပါတသည် သုတ္တန္တပိဋကဝါဒ၏ ဒုတိယ ထင်ရှားသော ကျမ်းကြီးဖြစ်၏။ ထိုကျမ်းတွင် လွန်စွာထင်ရှားသော ကျမ်းဆရာကြီးများသည် သူတို့၏ အယူအဆနှင့် ပတ်သက်၍ ကျမ်းစာအများအပြား ပြုစုခဲ့ကြ၏။ သို့ရာတွင် ထိုထိုကျမ်းစာတို့ကို ယခုတိုင် ပြည့်စုံစွာ မတွေ့ရသေး၊ တွေ့ရသမျှမှာ တစွန်း တစမျှသာ ဖြစ်သော်လည်း သူတို့၏ အယူဝါဒအကြောင်းကို ထိုစဉ်အခါက သူတို့နှင့် အပြိုင်အဆိုင်ဖြစ်သော ဗုဒ္ဓဝါဒကျမ်းစာများဖြင့်၎င်း၊ ဂျိန်းနှင့် ဗြာဟ္မဏကျမ်းစာများဖြင့်၎င်း အတော်အသင့် လေ့လာနိုင်ကြ၏။ ထိုကျမ်းစာတို့မှာ သုတ္တန္တိက ကျမ်းဆရာကြီးတို့၏ အဆိုအမိန့်များကို ကိုးကား ဖော်ပြထားကြသည်။

သုတ္တန္တိက ဟူသော အမည်ကို ခံယူခြင်းမှာ ဗုဒ္ဓဓမ္မတွင် သုတ္တန်ကို ပမာဏ ထားသောကြောင့်ဖြစ်၏။ သူတို့သည် သုတ္တန်သာလျှင် ဗုဒ္ဓ အယူအဆကို ဝေဘန်ရန်အတွက် ပမာဏ ဖြစ်

သည်ဟုယူဆကြ၏။ ဝေဘာသိကတို့သည် အဘိဓမ္မာ၏ ဝိဘာသာ ဋီကာကိုသာ အကြွင်းမဲ့ လေးစားဖွယ်ဟု ယူဆကြ၏။ သို့ရာတွင် သုတ္တန္တိကတို့သည် အဘိဓမ္မာကို ဘုရားဟောဟု မယုံကြည်ကြ။ ဝိဘာသာနှင့် ပတ်သက်၍ကား အထူးဆိုဖွယ်မရှိ၊ တထာဂတ၏ ကိုယ်ကျင့်တရားဆိုင်ရာ ဥပဒေသသည် သုတ္တပိဋကတ်၏ အချို့သော သုတ်တို့၌သာ တည်ရှိ၏။ ယင်းသည် ဗုဒ္ဓ၏ သင်ကြားချက်များဖြစ်၍ အခါခပ်သိမ်း မှန်ကန်သည်။ သို့ကြောင့်သူတို့ကို သုတ္တန္တိကဟု ခေါ်ကြခြင်းဖြစ်၏။

ကုမာရလာတသည် သုတ္တန္တိကဂိုဏ်းကို တည်ထောင်သူ ဖြစ်၏။ သူသည် တက္ကသိုလ်ပြည်သားဖြစ်၏။ ထိုမှ ကဗန္ဓဒေသသို့ သွားနေရာ ကဗန္ဓမင်းသည် ထိုအရှင်ကို သာယာသော ပြာသာဒ် ကျောင်း ဆောက်လုပ် လှူဒါန်းပြီး ကိုးကွယ်ထား၏။ ကုမာရ လာတသည် ဤကျောင်းတွင် နေထိုင်ပြီး ကျမ်းစာပြုစုစီရင်၏။ သူ့ကို အဿဃောသ, ဒေဝနှင့် နာဂါဇ္ဇုနတို့နှင့်အတူ နေလေး စင်းဟု ရေတွက်ကြ၏။ သူ၏ ကျမ်းတွင် ကနိသျှကမင်းကို လွန် လေပြီးသော အခါက သာသနာပြု မင်းအဖြစ် ဖွင့်ဆိုထား၏။ သို့ကြောင့် သူသည် ကနိသျှက မင်း၏ နောက်ကျ လိမ့်မည်။ နာဂါဇ္ဇုနနှင့်ကား ခေတ်ပြိုင် ဖြစ်နိုင်ဖွယ်ရှိ၏။

ကုမာရလာတ၏ ကျမ်းစာအမည်မှာ ကပ္ပနာမဏ္ဍိက ဖြစ်၏။ ဤကျမ်းသည် ဇာတကနှင့် အဝဒါနတို့ကဲ့သို့ စိတ်ဝင် စားဖွယ်ကောင်းသည့် ဗုဒ္ဓဓမ္မသင်ခန်းစာပေးသော ပုံဝတ္ထုတို ဖြစ်၏။ သန့်ရှင်းသော သက္ကတဘာသာဖြင့် ဂါထာနှင့်စကား ပြေ နှစ်ထွေရောနှော စီရင်ထား၏။ ပုံဝတ္ထုတို့မှာ သဗ္ဗတ္တိကဝါဒ

၏ ဝိနယ ပိဋကတ်နှင့်တူ၏။ ဘုရား သခင်အား ရှိခိုးပူဇော်သော အကြောင်းအရာတို့များ၏။ ပုံဝတ္ထုတခုတွင် ကျားသတ္တဝါ၏ ဘေးရန်ကြောင့် "နမောဗုဒ္ဓါယ" ဟူသော မန္တာန်ကို သရဇ္ဈာယ်ရာ တခါတည်း လွတ်မြောက်သွားကြောင်း စိတ် ဝင် စား ဖွယ် ဖွဲ့ဆိုထား၏။ ဤကျမ်း၏ အနှစ်သာရမှာ စာပေအနေဖြင့်သာ မဟုတ်၊ ယဉ်ကျေးမှုကိုလည်း ကျေးဇူးပြု၏။ ထိုစဉ် အခါက လူ့အဖွဲ့အစည်း၏ တောက်ပသောအသွင်သည် ဤဓမ္မကထာတို့ အတွင်းမှ ပေါ်ထွက်လာ၏။

သုတ္တန္တိကဂိုဏ်းတွင် အခြား နာမည်ကျော် ဒဿနိက ဆရာတဦးမှာ သိရိလာဘဖြစ်၏။ သူသည် ကုမာရလာတ ၏ တပည့်တည်း။ ဆရာကဲ့သို့ သူ၏ အယူအဆထူးခြားချက်ကိုမတွေ့ ရလျှ၊ နိဗ္ဗာန်နှင့် ပတ်သက်သော သူ၏ ယူဆချက်ကိုသာ ဗုဒ္ဓ ဒဿနိကတို့၌ တွေ့ရ၏။ သူသည် မိမိဂိုဏ်းဂဏ အယူဝါဒနှင့် ပတ်သက်၍ 'သုတ္တန္တိက ဝိဘာသာ' အမည်ရှိသောကျမ်းကိုစီရင်၏။

ထိုမှတပါး ဓမ္မတြာသနှင့် ဗုဒ္ဓဒေဝ နှစ်ဦး သည်လည်း သုတ္တန္တိကဝါဒဆိုင်ရာ ကျမ်းဆရာတို့ဖြစ်၏။ သူတို့၏ ကျမ်းစာ ကိုကား မတွေ့ရ၊ သို့ရာတွင် အဘိဓမ္မကောသတွင် ဝသုဗန္ဓုသည် သူတို့၏ ကာလဝိဘာဂကို တင်ပြထား၏။ ထို့ကြောင့်သူတို့သည် ဝသုဗန္ဓုထက် ရှေးကျလိမ့်မည်။

ယသောမိတြ သည်လည်း သုတ္တန္တိက ဝါဒကို လက် ခံသော ကျမ်းဆရာဖြစ်၏။ သူ၏ ထင်ရှားသော ကျမ်း စာ မှာ အဘိဓမ္မကောသ၏ အဖွင့်ကျယ် 'သဖုဋ္ဌတ္ထ' ဖြစ်၏။ ဤ ဋီကာ သည် ဗုဒ္ဓဓမ္မ၏ တောက်ပသော ရတနာတခုဖြစ်၏။ ဤကျမ်း၏

အကူအညီဖြင့် ကောသ၏ သိမ်မွေ့နက်နဲ ခက်ခဲသော အချက်အလက်တို့ကို သိကြရ၏။ ဤတွင် ရှေးဟောင်း အယူဝါဒများနှင့်တကွ သိမှတ်ဖွယ်သမိုင်းအချက်အလက်တို့ဖြင့် ပြည့်နှက်နေ၏။ သူတို့၏ထူးခြားသော အယူအဆတို့မှာ ဤသို့တည်း။

သုတ္တန္တိက တို့သည် ဗဟိဒ္ဓအရာဝတ္ထုတို့ မျက်မှောက်ထင်ထင်တွေ့မြင်ရခြင်းကို လက်မခံကြ၊ ယင်းဝတ္ထုတို့ ရှိခြင်းမှာ အနုမာန မျက်ရမ်းဆခြင်းကိုသာဖြစ်၏။ မည်သည့်အရာဝတ္ထုမဆို ခဏိက တခဏမျှသာဖြစ်၏။ အကြင်ခဏ၌ အရာဝတ္ထု တခုနှင့်အတူတကွ ငါတို့၏ ဣန္ဒြေ၏ ပေါင်းဆုံခြင်းဖြစ်၏။ ထိုခဏ၌ပင် ထိုအရာဝတ္ထုသည် ပဋ္ဌမခဏ၌ဖြစ်ပြီး အတိတ်၏ဝမ်းသို့ဝင်သွား၏။ ထိုမှဖြစ်သော ခံစားချက် သက်သက်သာ ကြွင်းကျန်နေ၏။ ထို့ကြောင့် ဗဟိဒ္ဓအရာဝတ္ထုတို့၏ ထင်ရှားရှိခြင်းကို ပစ္စက္ခ သိရသည်မဟုတ်၊ အနုမာန သိရခြင်းသာဖြစ်သည်ဟု ယူဆကြခြင်းဖြစ်၏။

ဉာဏ်ပညာနှင့် ပတ်သက်ရာ၌ သူတို့သည် ကိုယ်တိုင်ပမာဏဝါဒီများဖြစ်ကြ၏။ သူတို့၏ အယူအဆမှာ ဆီမီးသည် မိမိကိုယ်ကို ကိုယ်တိုင်သိသကဲ့သို့ ဉာဏ်ပညာလည်း မိမိ၏ ခံစားချက်ကို မိမိကိုယ်တိုင်ပြု၏။ ယင်းအမည်မှာ သွသံဝိတ္တိ သို့မဟုတ် သံဝေဒနဖြစ်၏။ သဘောတရားသည် ဝိညာဏဝါဒီတို့၏ အယူအဆဖြစ်၏။

ပျက်စီးခြင်းသည် တစုံတခုသော အကြောင်းကြောင့်မဟုတ်၊ အရာဝတ္ထုတိုင်းသည် သဘာဝအားဖြင့်ပင် ပျက်စီးခြင်း သဘောရှိ၏။ ယင်းသည် အနိစ္စမဟုတ်၊ စင်စစ် ခဏိက

ဖြစ်၏။ ဖြစ်ခြင်း၏ အဖွင့်မှာ အဘူတ အဘာဝဖြစ်၏။ အဓိပ္ပါယ်မှာ ထင်ရှားဖြစ်ခြင်းသည် ဆောင်ခြင်းအမှုမပြုသော အခြားမဲ့၌ အကြားတည်ရှိခြင်းဖြစ်၏။ ပုဂ္ဂိုလ်နှင့် အာကာသသည် ထင်ရှား ဖြစ်ခြင်းကင်းသော အရာဝတ္ထု ဖြစ်၏။ စင်စစ် အမှန်မဟုတ်၊ ကြိယာ အရာဝတ္ထုနှင့် ကြိယာပြုသော အချိန်ကာလ၌ အနည်းငယ်မျှ အကြားမရှိ၊ အရာဝတ္ထုသည် မမှန်ခြင်းမှုဖြစ်၏။ တခဏမျှ အခိုက်အတန့်ကို ဆောင်ပြီးနောက် ပျောက်ကွယ် သွား၏။ ထိုအခါ အတိတ်နှင့် အနာဂတ်၏ ထင်ရှားရှိခြင်းကို ဘယ်သို့ လက်ခံမည်နည်း။

ဝေဘာသိကတို့သည် ရုပ်ကိုအဆင်းဝဏ္ဏနှင့် အသွင်သဏ္ဍာန ဟူ၍ နှစ်မျိုးလက်ခံ၏။ သို့ရာတွင် သုတ္တန္တိကတို့သည် ရုပ်မှအဆင်း ဝဏ္ဏ၏ အနက်ကိုသာ ယူကြ၏။ အသွင်သဏ္ဌာန်ကို ထိုတွင်ပေါင်း ဆုံခြင်းမပြုကြ၊ ယင်းသည်လည်း ဝါဒီနှစ်ပါး၏ ကွဲပြားချက် ဖြစ်၏။

အလုံးစုံသော အရာဝတ္ထုသည် ဒုက္ခကို ဖြစ်စေခြင်း သဘောရှိ၏။ သုခဝေဒနာပင် ဒုက္ခကိုသာဖြစ်စေ၏။ သို့ကြောင့် သုတ္တန္တိကတို့၏ အယူအဆမှာ အလုံးစုံသော အရာဝတ္ထုသည် ဒုက္ခ အတိပြီး၏။

သူတို့၏အယူ၌ အတိတ်နှင့်အနာဂတ်နှစ်မျိုးလုံး ဆိတ် သုဉ်း၏။ ပစ္စုပ္ပန်ကာလသာ အမှန်ဖြစ်၏။ ကာလ၏အကြောင်း အရာနှင့် ပတ်သက်၍ ယင်းသို့လျှင် ဝေဘာသိကတို့နှင့်သူတို့၏ အယူအဆ ကွဲပြား၏။ ဝေဘာသိကတို့သည် ကာလ သုံးပါး

ထင်ရှားရှိခြင်းကို လက်ခံကြ၏။ သို့ရာတွင် သုတ္တန္တိက တို့ကား ပစ္စုပ္ပန်ကာလ၏ ထင်ရှားရှိခြင်းကိုသာလက်ခံ၏။

နိဗ္ဗာန်နှင့်ပတ်သက်၍ သုတ္တန္တိကတို့၏ အယူမှာ သိရိလာဘဆရာ၏ အယူအဆအတိုင်းဖြစ်၏။ ထိုအယူမှာ ပတိသင်္ချာနိရောဓနှင့် အပတိသင်္ချာနိရောဓမှာ တစုံတရာ ခြားနားခြင်းမရှိ၊ ပတိသင်္ချာနိရောဓ၏ အဓိပ္ပာယ်မှာ ပညာအားဖြင့် အနာဂတ်၌ ဖြစ်မည့် ကိလေသာဟူသမျှ မဖြစ်ခြင်းပင်တည်း။ အပတိသင်္ချာနိရောဓ၏ အဓိပ္ပာယ်မှာ ကိလေသာတို့ ချုပ်ငြိမ်း သွားသော အခါ ဒုက္ခမဖြစ်၊ကိလေသာချုပ်ငြိမ်းသောအပေါ်မှာသာ ဒုက္ခ၊ (ဝါ)သံသရာ၏ မဖြစ်ခြင်း အမှီပြုနေ၏။ သို့ကြောင့် ကိလေသာ မဖြစ်ခြင်းသည် ဘဝသံသရာဖြစ်ပေါ်မှုမရှိကြောင်း ဖြစ်၏။

တရားအစီအစဉ်လည်း သုတ္တန္တိကတို့၏ အယူအဆမှာ ထူးခြားချက်ဖြစ်သည်။ ဝေဘာသိကတို့သည် ဓမ္မတရား ၇၅ ပါးကို လက်ခံကြ၏။ ဝိညာဏဝါဒီတို့ကား တရားပေါင်း ၁၀၀ တိတိလက်ခံ၍ သူတို့ကား ၄၃-ပါးကိုသာ လက်ခံ၏။ ပမာဏ မှာ ပစ္စက္ခနှင့် အနုမာနဟူ၍ နှစ်ပါးရှိ၏။ ယင်းပမာဏသည် သုတ္တန္တိကတို့၏ အယူအားလျော်စွာ ရူပ၊ အရူပ၊ နိဗ္ဗာနနှင့် ဗျဝဟာရဟူ၍ လေးပါးအပြားရှိ၏။ ရူပမှာ ဥပါဒါနနှင့် ဥပါဒါယဟူ၍ နှစ်မျိုးကွဲပြားလျက် လေးမျိုးစီ အသီးသီးရှိ၏။ဥပါဒါန တွင် မြေ၊ ရေ၊ လေ၊ မီး တို့ပါဝင်၍ ဥပါဒါယတွင် ခြောက်သွေ့ခြင်း၊ ဆွဲငင်ခြင်း၊ ရွေ့လျောခြင်းနှင့် ပူနွေးခြင်းတို့ ပါဝင်၏။ အရူပမှာ စိတ္တနှင့်ကမ္မဟူ၍ နှစ်ပါး အပြားရှိ၏။ နိဗ္ဗာန လည်း သောပဓိနှင့် နိရုပဓိဟု နှစ်ပါးအပြားရှိ၏။ ဗျဝဟာရ

လည်း သင်္ခတနှင့် အသင်္ခတဟု နှစ်ပါးအပြားရှိ၏။ ယင်းသာမညအဖွင့် အားလျော်စွာ တရား ၄၃ ပါးအစဉ်မှာ ဤသို့တည်း။
(၁) ရူပ=၈(ဥပါဒါန ၄+ဥပါဒါယ ၄)
(၂) ဝေဒနာ=၃(သုခ,ဒုက္ခ,ဥပေက္ခာ)
(၃) သညာ=၆(ဣန္ဒြေ ၅ ပါးနှင့် စိတ် ၁ ပါး)
(၄) ဝိညာဏ=၆(စက္ခု,သောတ,ဃာန,ဇိဝှာ, ကာယနှင့် မန)
(၅) သင်္ခါရ=၂၀(ကုသိုလ် ၁၀+အကုသိုလ် ၁၀)

ပမာဏ ဟူသည်မှာ သဘောတရား၏ အတိုင်း အတာ အထောက်အထားဖြစ်၏။ယင်းသည် မျက်မြင်ကိုယ်တွေ့ဖြစ်သော ပစ္စက္ခနှင့် မှန်းဆသော အနုမာနဟု နှစ်မျိုးရှိ၏။ အများ လက်ခံတိုင်းတာသော အထောက်အထား ပမာဏမှာ ယင်းနှစ်မျိုးဖြစ်၏။ သို့ရာတွင် သုတ္တန္တိကတို့ကား ပမာဏကို လေးမျိုး ခွဲခြား သတ်မှတ်ကြ၏။ ယင်းတို့မှာ ဆိုခဲ့သည့်အတိုင်း ရုပ်ခေါ် ရူပ, နာမ်ခေါ် အရူပ, နိဗ္ဗာန်ခေါ် နိဗ္ဗာနနှင့် ဝေါဟာရခေါ် ဗျဝဟာရ တို့ဖြစ်၏။ သူတို့၏ ပမာဏမှာ ထူးခြားသကဲ့သို့ပင် ထိုတရားတို့၏ သဘာဝ သရုပ်လည်း ကွဲပြား၏။

အဘိဓမ္မတ္ထ သင်္ဂဟတွင်လည်း ရုပ်ကို နှစ်မျိုးပင် ခွဲခြားရေတွက်၏။ ယင်းတို့မှာ မဟာဘုတ်နှင့် ဥပါဒါရုပ်ဖြစ်၏။ မဟာဘုတ်မှာ အထည်ကိုယ် အမာခံ ဖြစ်သော မြေ,ရေ, လေ, မီး ဖြစ်၏။ ဥပါဒါရုပ်မှာ မဟာဘုတ်ကိုမှီ၍ ဖြစ်သော ရုပ် ဖြစ်၏။ ယင်းတို့မှာ ၂၄ ပါးအပြားရှိ၏။ သုတ္တန္တိကတို့ကား မဟာဘုတ်ကို ဥပါဒါနရုပ်ဟု ခေါ်ကြ၏။ သင်္ဂဟတွင်ကား ရုပ် မှန်သမျှကို

ဥပါဒိန္နဟု ခေါ်၏။ ဥပါဒိန္န၏ အဓိပ္ပာယ်မှာ တဏှာ ဒိဋ္ဌိတို့ ပြင်းစွာ သိမ်းယူခြင်း ခံရသောရုပ် ဖြစ်၏။

အရူပမှာ ရုပ် မဟုတ်သော တရားဖြစ်၏။ ယင်းသည် စိတ်နှင့် ကံဖြစ်၏ဟု ဆို၏။ စင်စစ် စိတ်, စေတသိက် ဖြစ်သော နာမ်တရားတို့ဖြစ်မည်။ ခန္ဓာငါးပါးနှင့် ဆိုသော် နာမ်ခန္ဓာ လေးပါးကိုပင် အရူပဟု ခေါ်ဆိုခြင်းဖြစ်၏။

နိဗ္ဗာန် နှစ်ပါးတို့တွင် သောပဒိမှာ ခန္ဓာ ငါးပါး အကြွင်းရှိသော သဉပါဒိသေသဖြစ်၍ နိရုပဒိမှာ ခန္ဓာ ငါးပါး အကြွင်းမရှိသော အနုပါဒိသေသဖြစ်၏။

ဗျဝဟာရ ဟူသည်မှာ လောကဝေါဟာရပင် ဖြစ်၏။ "လောကသစ္စ, နသစ္စ"ဟုဆိုသည့်အတိုင်း လောက ဝေါဟာရ သည် မှန်သည်လည်း ရှိ၏။ မမှန်ဘဲလည်းဖြစ်တတ်၏။ သုတ္တန္တိက တို့သည် ဤအထောက်အထား ပမာဏလေးချက်ဖြင့်သဘော တရားကို ဝေဘန်သုံးသပ် ဆုံးဖြတ်ကြသည်။

ယောဂါစာရ

ယောဂါစာရ ၏ ဒဿနိက အမြင်မှာ သုဒ္ဓပစ္စယ ဝါဒ ဖြစ်၏။ စိတ်ဝိညာဏ်နှင့် ပတ်သက်သော အယူအဆ ကြောင့် ဝိညာဏဝါဒဟုခေါ်ကြပြီး ဓမ္မ ိကဝေါဟာရအားဖြင့် ယောဂါစာရ အမည်ရ၏။ သမိုင်း ရှုထောင့်ဖြင့်ကား ယောဂါစာရ ဖြစ်ပေါ်လာခြင်းမှာ မဇ္ဈိမိကတို့၏ ဆန့်ကျင်ဘက် ဝါဒသရုပ် ဖြစ်၏။ မဇ္ဈိမိကတို့သည် လောက၏ အရာဝတ္ထု ဟူသမျှကို သုညဟု ယူဆကြ၏။ ယင်းအယူအဆကို ဆန့်ကျင်ရန် ဤဂိုဏ်း ဖြစ်ပေါ်လာ၏။ သူတို့၏အဆိုမှာ အသိဉာဏ်ဖြင့် လောက၏ အရာဝတ္ထုတို့သည် အမှန်တရားမဟုတ်ကြောင်း ထင်ရှားသော် လည်း အသိဉာဏ်ကိုမူ အမှန်တရားဟု လက်ခံရမည်သာတည်း။ သို့ကြောင့် ဝိညာဏ်ကို တခုတည်းသော သစ္စာဟု ယုံကြည်သော ဂိုဏ်းဖြစ်၏။ ဤဂိုဏ်း၏ ထီးရိပ်၌ ဗုဒ္ဓနယာယ ဖွားမြင်ခဲ့၏။ ယင်းအယူဝါဒယုံကြည်သော ရဟန်းတို့သည် ဗုဒ္ဓနယာယကို အထူးလေ့လာကြ၏။ ထိုဂိုဏ်း၏ဆရာကြီးတို့သည် ဝိညာဏ်ကို

သာ ပရမတ္ထပြီးမြောက်ရန်အတွက် အလွန်လေးနက်သော ကျမ်းဂန်များ စီရင်ခဲ့ကြသည်။

ဝိညာဏ ဝါဒ ဒဿနနှင့် ပတ်သက်၍ အရှင်အသင်္ဂကို ဘယ်သူမသိဘဲရှိမည်နည်း။ ယင်းဝါဒကို တည်ထွင်သူမှာ အရှင်အသင်္ဂဖြစ်ကြောင်း ပညာရှိများ သိကြ၏။

ပညာရှိအစဉ်အလာပြောကြသည်မှာ တုသိတာနတ်ပြည်၌ စံနေတော်မူသော ဘုရားလောင်းမေတ္တေယ ချီးမြှောက်မစသောကြောင့် အသင်္ဂသည် များစွာသော ကျမ်းဂန်တို့ကို စီရင်နိုင်သောဟူ၏။ ယင်းအစဉ်အလာ၌ သမိုင်းနှင့် ပတ်သက်သော သဘောတရားမျိုးစေ့ ထင်ရှား ပေါ်လွင်နေ၏။ မေတ္တေယ သို့မဟုတ် မေတ္တေယနာထကိုယ်တိုင် သမိုင်းဝင် ပုဂ္ဂိုလ် ဖြစ် ခဲ့သည်။ သူသည် ယောဂစာရအစီအရင်ကို တည်ထွင်ပြီး အသင်္ဂအား ထိုအယူအဆကို သင်ကြားပေး၏။ သို့ကြောင့် ဝိညာဏဝါဒ တည်ထွင်သူကို မေတ္တေယနာထဟုယူဆရမည်။ သူ၏ကျမ်းစာတို့မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) မဟာယာန သုတ္တာလင်္ကာရ
(၂) ဓမ္မ ဓမ္မတာ ဝိဘင်္ဂ
(၃) မဟာယာန ဥတ္တရ တန္တရ
(၄) မဇ္ဈန္တ ဝိဘင်္ဂ
(၅) အဘိသမယာလင်္ကာရ ကာရိကာ

ဤနောက်ဆုံးကျမ်း၏ အကြောင်းအရာမှာ ပညာပါရမိတာ၏ အဖွင့်ဖြစ်၏။ နိဗ္ဗာန်နှင့်စပ်လျဉ်း၍ ဖွင့်ဆိုချက်တို့တွင်

ပြည့်စုံခိုင်လုံလေးနက်သော ကျမ်းဖြစ်၏။ အပိုင်း ရှစ်ပိုင်းဖြင့် အကြောင်းအရာ ၇၀တို့ကိုဖွင့်ဆိုထား၏။ယောဂါစာရဂိုဏ်းတွင် အထင်ရှားဆုံး ပုဂ္ဂိုလ်ကျော်မှာ မေတ္တေယ နာထ၏ တပည့် အရှင် အသင်္ဂဖြစ်၏။ သူသည် အဘယ်မျှ ထင်ရှား ကျော်ကြား သနည်းဟူမူ ပညာရှိတို့သည် သူ့တွင် ဆရာရှိသည်ကိုပင် သတိ မမူနိုင်အောင်ဖြစ်၏။ သူသည် ဝသုဗန္ဓု၏ အကိုကြီး ဖြစ်၏။ သမုဒ္ဒဂုတ္တမင်းလက်ထက်တွင် ထင်ရှားဖြစ်ပေါ်ခဲ့၏။ ဝိညာဏ ဝါဒ တည်ဆောက်ခြင်း၊ ပြီးမြောက်ခြင်းနှင့် ကြီးစိုးလွှမ်းမိုးခြင်း ၏ ပဓါနအကြောင်းမှာ အရှင်အသင်္ဂသာဖြစ်၏။ သူ၏ညီ ဝသု ဗန္ဓုကို ဝေဘာသိက အယူဝါဒမှ ဖယ်ရှားပြီး ယောဂါစာရ အယူအဆသို့ မွေ့လျော်စေနိုင်ခဲ့၏။ သူ၏ ပြောင်မြောက်သော လက်ရာတို့မှာ အောက်ပါတို့ဖြစ်၏။

(၁) **မဟာယာနသမ္ပရိဂ္ဂဟ**။ ။ဤကျမ်းတွင် မဟာယာန၏ အယူဝါဒကို အကျဉ်းချုပ် ဖွင့်ဆိုထား၏။

(၂) **ပကရဏ အရိယ ဝါစာ**။ ။ယောဂါစာရ ၏ ဗျာဝဟာရိက နှင့် နီတိက အသွင်ကို ဖွင့်ဆိုခြင်းဖြစ်၏။

(၃) **ယောဂါစာရဘူမိသတ္တ**။ ။ဤကျမ်းမှာလွန်စွာ ကြီး ကျယ် သည်။ ယင်းတွင် ယောဂါစာရ၏ လမ်းစဉ်ကို အကျယ် ဖွင့်ဆိုထား၏။

ဝိညာဏဝါဒကို ယောဂါစာရဟု ခေါ်ခြင်း အကြောင်းမှာ ဤကျမ်းကြောင့်ဖြစ်၏။

(၄) မဟာယာန သုတ္တာလင်္ကာရ။ ။အသင်္ဂ ၏ ဤကျမ်းကား ပညာရှိတို့တွင် အထူးထင်ရှားလှ၏။မဟာယာနဒေဿ၏ ကာရိကာတို့ကို ဖွင့်ဆိုခြင်းတို့ဖြစ်၏။

ယောဂါစာရဂိုဏ်း၏ တတိယမြောက် ကျမ်းဆရာမှာ ဝသုဗန္ဓုဖြစ်၏။ သူ၏အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်၏။ နောက်ဆုံးတွင် သူသည် အကိုကြီး အသင်္ဂနှင့်ပေါင်းပြီး ယောဂါစာရ အယူဝါဒကို လက်ခံ၏။ တခါက သူသည် မဟာယာန တို့၏ အပြစ်ကိုဆိုခဲ့သဖြင့် သူ၏ လျှာကို ဖြတ် ချင် လောက် အောင် နောင်တကြီးစွာဖြစ်၏။ သို့ရာတွင် အသင်္ဂက နှစ်သိမ့် သဖြင့် သူသည် မဟာယာနဂိုဏ်း၏ တာဝန်ကိုထမ်းဆောင်ပြီး သိမ်မွေ့နက်ရှိုင်းသော ကျမ်းများကိုပြုစုကာ ဝိညာဏဝါဒ၏ ဘဏ္ဍာတိုက်ကို ဖြည့်ပေးခဲ့၏။ သူ၏ မဟာယာနဆိုင်ရာ ကျမ်းစာတို့မှာ အောက်ပါတို့ ဖြစ်၏။

(၁) သဒ္ဓမ္မ ပုဏ္ဍရိက ဋီကာ
(၂) မဟာ ပရိနိဗ္ဗာနသုတ် ဋီကာ
(၃) ဝဇီရစ္ဆေဒိကာ ပညာပါရမိတာ
(၄) ဝိညတ္တိ မတ္တတာ သိဒ္ဓိ

ဝသုဗန္ဓု၏ နာမည်ကျော်တပည့်တဦးမှာ ထိရမတိဖြစ်၏။ သူသည် မိမိဆရာစီရင်သောကျမ်းများကို ပြည့်စုံခိုင်လုံစွာ ဖွင့်ဆို

သူဖြစ်၏။ သို့ဖြင့် ဆရာဝသုဗန္ဓု၏ လေးနက်ခက်ခဲသော ဆိုလိုချက်တို့ကို ကွက်ကွက် ကွင်းကွင်း သိရခြင်းဖြစ်၏။ သူ၏ အဖွင့်ဋီကာတို့မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ကဿပ ပရိဝတ္တဋီကာ
(၂) သုတ္တာလင်္ကာရဝုတ္တိဘာသျ
(၃) တြိသိကာဘာသျ
(၄) ပဉ္စက္ခန္ဓ ပကရဏ ဝေဘာသျ
(၅) အဘိဓမ္မကောသ ဘာသျဝုတ္တိ
(၆) မူလ မဇ္ဈမိက ကာရိကာဝုတ္တိ
(၇) မဇ္ဈန္တ ဝိဘာဂ သုတ္တဘာသျဋီကာ

မေတ္တေယသည် မဇ္ဈန္တ ဝိဘာဂ အမည်ရှိသည့် လွန်စွာထင်ရှားသောကျမ်းကို စီရင်ခဲ့၏။ ယင်းကို ဝသုဗန္ဓုက ဘာသျဖွင့်ဆို၏။ ဤကျမ်းတွင် ယောဂစာရ၏ မူလအခြေခံ အယူအဆများကို အကျယ် ဖွင့်ဆိုထား၏။ ယင်း ဘာသျကို ထိရမတိက တဖန်ထပ်ဆင့်ဋီကာဖွင့်ခြင်းဖြစ်၏။ ဤအဖွင့်သည် ယောဂါစာရ အယူအဆနှင့် ပတ်သက်၍ လွန်စွာကျေးဇူးပြု၏။ ဝသုဗန္ဓု၏ အခြား နာမည်ကျော် တပည့်တဦးမှာ ဒိန္နာဂ ဖြစ်၏။

ဒိန္နာဂသည် ကဉ္စီ၏အနီးသိံဟဝကြကျေးရွာ ပြာဟ္မဏ တဦး၏ သားဖြစ်၏။ သူ၏ ပဌမ ဆရာမှာ နာဂဒတ္တဖြစ်၏။ ထိုဆရာကား ဝဇ္ဇီပုတ္တကိုဏ်း အယူ ဝါဒ တွင် လွန် စွာ ကျွမ်းကျင်သော ပညာရှိတဦးဖြစ်၏။ ဒိန္နာဂ သည် ထို့နောက် ဝသုဗန္ဓု၏ တပည့်အဖြစ် ခံယူ၏။ တရံသောအခါ သူသည် ဖိတ်ကြားချက်အရ နာလန္ဒာမဟာဝိဟာရသို့သွားပြီး ပြာဟ္မဏပဏ္ဍိတ်တဦး

နှင့် တက္ကဆိုင်ရာ ကျမ်းအတတ်တွင် ယှဉ်ပြိုင်၍ နိုင်ခဲ့ဘူး၏။ သူသည် တန္တရ မန္တရတို့တွင်လည်း အထူးကျွမ်းကျင်၏။ တာရာနာထ၏ အဆိုအရမူ တရံသောအခါ ဒိန္နာဂ သည် ဥယျာဉ်၌ လုံးဝခြောက်သွေ့နေသော ဖန်ခါးပင်ကို မန္တာန်ဖြင့် ခုနစ်ရက်အတွင်း ပြန်လည် စိမ်းရှင် စည်ပင် စေခဲ့သော ဟူ၏။ သူ၏ နာမည်ကျော် ကျမ်းတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) ပမာဏ သမုစ္စယ
(၂) ပမာဏ သမုစ္စယ ဝုတ္တိ
(၃) နယာယပဝေသ
(၄) ဟေတုစကြနိဏ္ဏယ
(၅) ပမာဏ သတ္တနယာယ ပဝေသ
(၆) အာလမ္ဗန ပရိက္ခာ
(၇) အာလမ္ဗန ပရိက္ခာ ဝုတ္တိ
(၈) တြိကာလ ပရိက္ခာ
(၉) ဓမ္မပဒီပ ဝုတ္တိ

ဤနောက်ဆုံးကျမ်းမှာ ဆရာဝသုဗန္ဓု၏ အဘိဓမ္မကောသ အဖွင့်ဋီကာဖြစ်၏။ နယာယ လောကတွင် ဗုဒ္ဓနယာယဟု ထင်ရှား ထွက်ပေါ်လာသည်မှာ ဒိန္နာဂ၏ ညွှန်ကြား ချက်တို့ကြောင့်ဖြစ်၏။ သူ၏တပည့်တဦးဖြစ်သော သင်္ကရသာမိသည် နယာယပဝေသတက္က ကျမ်းကို စီရင်သည် ဟု သိရ၏။

ထိုမှတပါး ယောဂါစာရတွင် တင်ရှားသော ကျမ်းဆရာ နှစ်ဦးမှာ ဓမ္မပါလနှင့်ဓမ္မကိတ္တိ ဖြစ်၏။ ထိုတွင် ဓမ္မပါလသည် (၁) အာလမ္ဗန ပစ္စယ ဓျာန ဗျာချာ၊ (၂) ဝိညတ္တိ

မတ္တတာ သိဒ္ဓိဗျာချာနှင့် (၃) သတ သတ္တဗျာချာ အဖွင့်ဋီကာ တို့ကို စီရင်ခဲ့၏။ ဓမ္မကီတ္တိစီရင်သော ကျမ်းတို့မှာ (၁) ပမာဏ ဝတ္တိက၊ (၂) ပမာဏဝိနိစ္ဆယ၊ (၃) နယာယဗိန္ဒု၊ (၄) သမ္ဗန္ဓ ပရိက္ခာ၊ (၅) ဟေတုဗိန္ဒု၊ (၆) ဝါဒနယာယနှင့် (၇) သန္တာ နန္တရ သိဒ္ဓိတို့ ဖြစ်၏။

ယောဂါစာရ ဆရာတို့သည် ကမ္ဘာလောကရှိ ဓမ္မ တရား အလုံးစုံကို သင်္ခတနှင့် အသင်္ခတဟူ၍ ပဓာန တရား နှစ်ပါးဖြင့် ဝေဘန်ပိုင်းခြားထား၏။ သင်္ခတ တရား ဟူသည်မှာ ဟေတု ပစ္စည်းကြောင့် ဖြစ်၍ အကြောင်း အထောက် အကူ တစုံတခု ကြောင့် တည်ရှိ၏။ အသင်္ခတ တရားဟူသည်မှာ ဟေတုပစ္စည်း ကြောင့် မဖြစ်မူ၍ ကိုယ်တိုင် အလိုအလျောက် ပြီးမြောက်၏။ သူ၏ တည်ရှိခြင်းမှာ တစုံတခုသော အကြောင်းအထောက်အကူ ပေါ်မှာ မှီတွယ်ခြင်း မရှိ။

သင်္ခတ တရားမှာ (၁) ရူပဓမ္မ ၁၁ ပါး၊ စိတ္တ ၈ ပါး၊ စေတသိက ၅၁ ပါးနှင့် စိတ္တဝိပ္ပယုတ္တ ၂၄ ပါးတို့ဖြစ်၏။

အသင်္ခတ တရားမှာ (၁) အာကာသ၊ (၂) ပတိသင်္ချာ နိရောဓ၊ (၃) အပတိသင်္ချာ နိရောဓ၊ (၄) အစလ၊ (၅) သညာ ဝေဒနာ နိရောဓနှင့် (၆) တထတာတို့ဖြစ်၏။ သို့ဖြင့် တရား အရေ အတွက်မှာ တရာတိတိ ရှိ၏။ အသင်္ခတတရားသုံးပါးကိုကား ရှေ့ အခိုင်းတို့တွင် ဖော်ပြပြီး ဖြစ်၏။ ဤတွင် ကြွင်းကျန်သော အသင်္ခတ တရားသုံးပါး၏သရုပ်ကို အကျဉ်းချုပ် ဖော်ပြပါမည်။

အစလ သဒ္ဒါ၏ အနက်မှာ ဥပေက္ခာဖြစ်၏။ တောင်ကို လည်း အစလဟု ခေါ်၏။ ဥပေက္ခာသည် တောင်ကဲ့သို့ မလှုပ်

ရှားသော သဘောတရားဖြစ်၏။ သုခ သို့မဟုတ် ဒုက္ခ၏ ဘာဝနာကို အစဉ်ပြည့်ဖုံးကားချထားသည်။ ဝိညာဏဝါဒီတို့၏အလိုအားဖြင့် အစလ၏ အဆင့်ကို မျက်မှောက်ပြုသောအခါ သုခနှင့်ဒုက္ခဖြစ်ပေါ်ခြင်း မရှိ ဟူ၏။

သညာ ဝေဒနာ နိရောဓ ဟူသည်မှာ အမှတ်သညာနှင့် ခံစားခြင်းဝေဒနာတို့ ချုပ်ငြိမ်းခြင်းဖြစ်၏။ ယင်းအဆင့်သို့ ရောက်သော ယောဂီသည် နိရောဓ သမာပတ်ဝင်စားသောအခါ သညာ ဝေဒနာတရားတို့ကို လုံးဝ မိမိအလို၌ ထားနိုင်၏။

တထတာ ၏အနက်မှာ ထို့အတူဖြစ်ခြင်းတည်း။ ယင်းသည် ဝိညာဏဝါဒီတို့၏ ပရမတ္ထဖြစ်၏။ ယင်းသည် နိစ္စထာဝရတည်ရှိ၏။ တထတာ၏ အဓိပ္ပါယ်မှာ အဝိကာရိတာ ဖြစ်၏။ ဘယ်နည်းနှင့်မျှ ဖောက်ပြန်၍မဖြစ်ဟု ဆိုလို၏။ ဖောက်ပြန်သည်မှာ ဟေတု ပစ္စည်းကြောင့် ဖြစ်၏။ သို့ကြောင့် တထတာမှာ အသင်္ခတတရားဖြစ်သောကြောင့် မဖောက်ပြန်သော သဘာဝဖြစ်၏။ဤသဘောတရားကို ဘူတကောဋိ၊ အနိမိတ္တ၊ ပရမတ္ထနှင့် ဓမ္မဓာတုဟူသော ပရိယာယ်သဒ္ဒါတို့ဖြင့် အမျိုးမျိုး ခေါ်ဆို၏။

စိတ္တံ ဝတ္တတေ စိတ္တံ စိတ္တမေဝ ဝိမုစ္စတေ၊
စိတ္တံ ဟိ ဇာယတေ နာန္ယ စိတ္တမေဝ နိရုဇ္ဈတေ။

လင်္ကာဝတာရသုတ် သဂ္ဂါထကဂါထာကို ပါဠိဘာသာပြန်ဆိုခြင်းဖြစ်၏။ ဤဂါထာဖြင့် ယောဂါစာရတို့၏ ဝိညာဏဝါဒကို အသင့်အတင့် အကဲခတ်နိုင်၏။ အဓိပ္ပါယ်အချုပ်မှာ "စိတ်သာလျှင်ဖြစ်၍ စိတ်သာလျှင် လွတ်မြောက်၏။ စိတ်မှ တပါး

အခြားအရာဝတ္ထု ဖြစ်ခြင်းမရှိ၊ ပျက်ခြင်းမရှိ၊ စိတ်သာလျှင် တခုတည်းသော သဘောတရား ဖြစ်၏" ဟူသတည်း။

ဒိဿတေန ဝိဇ္ဇတေ ဗာဟျံ စိတ္တံ စိတြံ ဟိ ဒိဿတေ၊
ဒေဟ ဘောဂ ပတိဋ္ဌာနံ စိတ္တ မတ္တံ ဝဒါမျဟံ။

အမိပွါယ်မှာ အပြင်အပ တွေ့မြင်ရသော လောကသည် လုံးဝ ထင်ရှားမရှိ။ စိတ်သည် တခုတည်းသော အသွင် သဏ္ဌာန် ဖြစ်၏။ သို့ရာတွင် ယင်းသည် ဤလောက၌ ဆန်းကြယ်သော အသွင်ဖြင့် ပြနေ၏။ တခါတရံ ကိုယ်ကာယ၏ အသွင်ဖြစ်၍ တခါတရံ ခံစားခြင်းအသွင်၌ တည်ရှိနေ၏။ ထို့ကြောင့် စိတ်၏ သဘောတရား၌သာ ထင်ရှားရှိ၏။ လောကသည် ယင်း၏ ညွှတ်ကိုင်းခြင်းဖြစ်၏။

စိတ်သာလျှင် နှစ်မျိုးသောအသွင်ဖြင့် ထင်မြင်စေသည်။ တခုမှာ ယူစရာ အာရုံဖြစ်၍ နောက်တခုမှာ အာရုံယူသူ ဖြစ်၏။ ယင်းကို လင်္ကာဝတာရသုတ်တွင် ဂါဟယနှင့်ဂါဟကဟု ခေါ်၏။ ဤယူစရာအာရုံ ဂါဟယနှင့် အာရုံယူသူ ဂါဟကတို့ အချင်းချင်း ဆက်စပ်ခြင်းကြောင့် ယူခြင်း ဂဟဏဖြစ်၏။ ထိုမှ တပါး သိစရာ ဉေယျ၊ သိသူဉာတာနှင့်အသိဉာဏ်ဟူသော ခွက်သုံးခုခေါ် တြိပုဋိသည် နေရာတိုင်း၌ ထင်ရှားရှိနေ၏။ သာမန်အမြင်အားဖြင့် ဤတွင်အရာဝတ္ထုသုံးပါးထင်ရှားဖြစ်နေ၏။ သို့ရာတွင် ဤသုံးပါးလုံးသည် အခြင်းအရာ တခုတည်းသာ ဖြစ်သော ဗုဒ္ဓိ သို့မဟုတ် ဝိညာဏ်၊ သို့မဟုတ် စိတ်၏ ကိုင်းညွှတ်ခြင်းဖြစ်၏။ ယင်းသည် စင်စစ်မဟုတ် ကြံစည်ခြင်းသာ ဖြစ်၏။

အမြင်မှောက်မှားနေသူသာ မကွဲပြားသော အသိဉာဏ်၌ ဤတြိပုဋိ မည်သော ခွက်သုံးခွက်ကို ကြံစည်ပြီး ယင်းကို ခွဲခြားလိုက်ခြင်းဖြစ်၏။ ဝိညာဏ်၏ သရုပ်မှာ တခုတည်းသာဖြစ်သည်။ ကွဲပြားခြင်းမရှိ၊ ယောဂါစာရသည် ဝိညာဏ အဒွေတဝါဒီဖြစ်၏။ သူတို့၏အမြင်သည် လုံးလုံး လျားလျား အဒွေတဝါဒဖြစ်၏။ အဒွေတ ဟူသည်မှာ ဒုတိယ မရှိခြင်း ပင်တည်း။ သို့ရာတွင် ဉာဏ်ရောင် ထွန်းပြောင်သူတို့သည် အရာဝတ္ထု တို့၏ ကွဲပြား များပြားခြင်းကြောင့် အခြင်းအရာ တခုတည်းဖြစ်သော ဗုဒ္ဓိကို အများအပြားကဲ့သို့ ယူဆ၏။ ဗုဒ္ဓိတွင် ဤဉာဏ် ထွန်းပြောင်ခြင်းကြောင့် ဘယ်သို့သော ကွဲပြားခြင်းမျှ မဖြစ်။

ဤအကြောင်းအရာတွင် ယောဂစာရီ ပညာရှိတို့သည် ပျိုကညာကို ဥဒါဟရုဏ် ပုံဆောင်ကြ၏။ ဘဦးတည်းသော ပျိုကညာ၏ ကိုယ်ကာယကို ရသေ့၊ ရဟန်းတို့က သူသေကောင်ဟု ထင်၏။ ကာမဂုဏ်သားက ချစ်စရာဟုမြင်၍ ခွေးက စားဖွယ်ဟု ယူဆ၏။ သို့ရာတွင် အရာဝတ္ထုမှာ တခုတည်းသာ ဖြစ်၏။ ကြံစည်ခြင်းတို့ကြောင့်သာလျှင် ယင်းကို လူအမျိုးမျိုးတို့မှာ အမျိုးမျိုး ပေါ်လွင်နေခြင်းဖြစ်၏။ ပျိုကညာကဲ့သို့ပင် ဗုဒ္ဓိခေါ် အသိဉာဏ်၏ အနေအထားဖြစ်၏။ တခုတည်း ဖြစ်သော်လည်း ယင်းသည် ဉာဏ်ရောင်အမျိုးမျိုး တောက်ပြောင်နေ၏။ ပြုလုပ်သော ကတ္တာနှင့် အပြုခံကမ္မ၊ အာရုံဝိသယနှင့် အာရုံယူသူ ဝိသယီ ထိုအားလုံးသည် ကိုယ်တိုင်ဖြစ်၏။

ဝိညာဏ်၏ သရုပ်မှာ ကွဲပြား ခြားနားခြင်း မရှိသော အခြင်း အရာတခုဖြစ်၏။ သို့ရာတွင် အဒိုက် အတန့် ကွဲပြား

ခြင်းကြောင့် ယင်းကို ရှစ်ပါးအပြားအားဖြင့် ခွဲခြား မှတ်သား၏။ (၁) စက္ခုဝိညာဏ်၊ (၂) သောတဝိညာဏ် (၃) ဃာနဝိညာဏ်၊ (၄) ဇိဝှာဝိညာဏ်၊ (၅) ကာယ ဝိ ညာဏ် (၆)မနောဝိညာဏ်(၇)ကလိဋ္ဌမနောဝိညာဏ်နှင့် (၈) အာလယဝိညာဏ်တို့ဖြစ်၏။ ဤတွင် ရှေ့က ဝိညာဏ်ခုနစ်ပါးကို ပဝတ္တိဝိညာဏ်ဟု ခေါ်၏၊ ယင်းတို့သည် နောက်ဆုံးက အာလယဝိညာဏ်မှာ ဖြစ်ပြီး ထိုမှာပင် ပျောက်ကွယ်သွားကြ၏။

ပဝတ္တိဝိညာဏ်တို့တွင် စက္ခုဝိညာဏ်၏ လက္ခဏာနှင့် သဘာဝကို အရှင်အသင်္ဂသည် 'ယောဂါစာရဘူမိ'၌ ဤသို့ ဖွင့်ဆို၏။ **စက္ခု၏** အကူအညီဖြင့် ဝိညာဏ်အဖြစ်သို့ ရောက်သောကြောင့် စက္ခုဝိညာဏ်ဟု ခေါ်ခြင်းဖြစ်၏။ ယင်းဝိညာဏ်၏ တည်ရာ အာသယမှာ သုံးပါးအပြားရှိ၏။

(၁) စက္ခုသည် ဝိညာဏ်နှင့် အတူတကွ ထင်ရှားဖြစ်ပေါ်လာပြီး အတူတကွကွယ်ပျောက်သွား၏။ယင်းသို့ အမြဲဆက်သွယ်နေသောကြောင့် စက္ခုသည် သဟာဘူအာသယ ဖြစ်၏။မှီရာအတူဖြစ်သည်ဟု ဆိုလို၏။

(၂) မနသည် ဝိညာဏ်၏ သန္တာတိအစဉ်ကိုနောက်ဆုံးမှီရာ ပြုလုပ်၏။ ထို့ကြောင့် မနသည် သမနန္တရအာသယဖြစ်၏။ ကောင်းစွာ အခြားမဲ့ မှီရာဟု ဆိုလို၏။

(၃) ရုပ်, ဣန္ဒြေ, မနနှင့် လောကမျိုးစေ့သည် ယင်းတွင် အခြင်းခပ်သိမ်း ထင်ရှားဖြစ်နေ၏၊ထိုအရာသည် သဗ္ဗဗီဇကအာသယ အာလယဝိညာဏ်ဖြစ်၏။ မျိုးစေ့အားလုံးတို့၏ တည်ရာ ဟု ဆိုလို၏။

ဤအာသယ သုံးမျိုးတို့တွင် စက္ခုသည် ရုပ်ဖြစ်သော ကြောင့် ရူပီအာသယဖြစ်၍ အခြားနှစ်ပါးမှာ အရူပီအာသယ ဖြစ်၏။ ရုပ်မှီရာနှင့် နာမ်မှီရာပင်တည်း။

စက္ခုဝိညာဏ်မှာ အာရုံသုံးပါးရှိ၏၊ ယင်းတို့မှာ အဆင်း ဖြစ်သော ဝဏ္ဏ၊ အသွင်သဏ္ဍာန်ဖြစ်သော သဏ္ဍာနနှင့် အလိုကို သိစေသော ဝိညတ္တိတို့ဖြစ်ကြ၏။ စက္ခုဝိညာဏ်သည် ဤအာရုံတို့ ကို မှတ်၍ ဖြစ်၏၊ ထို့အတူ သောတ စသော အခြားဝိညာဏ်တို့ လည်း အသီးသီးဖြစ်ကြ၏။

ယောဂစာရတို့၏၊ မနောဝိညာဏ်သရုပ်မှာ စိတ္တ၊ မနနှင့် ဝိညာဏဖြစ်၏။ ဤတွင် စိတ္တဟူသည်မှာ မျိုးစေ့အားလုံးကို ဆောင်သော အာလယ ဝိညာဏ်ဖြစ်၏။ မနဟူသည်ကား တွေဝေ သော အဝိဇ္ဇာ၊ အဟံကာရ မာန်မာန၊ မိမိကိုယ်ကိုပြုလုပ်သူဟု ယူဆခြင်းနှင့် အာရုံကို တပ်သောတဏှာအားဖြင့် ယင်းကိလေ သာ လေးပါးနှင့် ယှဉ်၏။ ဝိညာဏဟူသည် အာရုံ၏ကြိယာဒွ ဖြစ်ခြင်းတည်း။

ကလိဋ္ဌ မနောဝိညာဏ်ဟူသည်ကား ကိလေသာတို့နှင့် ယှဉ်သော မနောဝိညာဏ်ဖြစ်၏။မနောဝိညာဏ်ရိုးရိုးမှာ ကြံခြင်း သိခြင်းမျှသာဖြစ်၏။ ခွဲခြား၍မသိ၊ ဤဝိညာဏ်ကား ခွဲခြား၍ သိ၏။ ယင်းသည် သခ်ျာတို့၏ အဟံကာရ မာန်မာန၏ ကိုယ်စား ဖြစ်၏။ စင်ကြယ်သောဝိသုဒ္ဓသည် အဟံကာရထွန်းပြသော သ ဘောတရားကြောင့် ယင်းသည် နိဗ္ဗာန်ကိုဆန့်ကျင်၏။ အတွေး အမြင် မင်းမူလာသောအခါ နိဗ္ဗာန်၏ သန့်ရှင်းစင်ကြယ်သော အရောင်သည် ငါတို့၏မျက်မှောက်တွင် မတည်နိုင်၊ 'အဟံ'၏

အတွေးအမြင်သည် တန်လျပ်ကဲ့သို့ မှားယွင်းခြင်းကို ဖြစ်စေ၏။ သတ္တဝါသည် ငယ်ရွယ်သည်ကစ၍ အသက်ကြီးသည့်တိုင်အောင် အမျိုးမျိုးသော အခိုက်အတန့်ကွဲပြားခြင်း အတွေးအမြင်နှင့် ယုံမှားသံသယ၏ ကွဲပြားခြင်းကိုဆောင်လျက် အစဉ် ပြောင်းလဲနေကြ၏။ ယင်းကို 'အဟံ'က မပြောင်းလဲဟု ဆို၏။ ဤအဟံကို ကိုယ်စားပြုသူမှာ ကလိဋ္ဌမနော ဝိညာဏ်ဖြစ်၏။

ကမ္ဘာလောကရှိ အလုံးစုံသော တရားတို့၏ မျိုးစေ့တည်ရာမှာ အာလယဝိညာဏ်ဖြစ်၏။ ထိုတွင် ထိုမျိုးစေ့တို့ ဖြစ်လည်းဖြစ်၏။ယို့နောက် ပျက်လည်းပျက်၏။အရှင်ထိရမတိ အလိုအားဖြင့် အာလယဝိညာဏ် ခေါ်ဆိုခြင်းအကြောင်းမှာ သုံးမျိုးရှိ၏။

(၁) အာလယ၏ အနက်မှာ နေရာဌာနဖြစ်၏။ကိလေသာကို ထွန်းပြသော တရားတို့၏ နေရာဌာနဖြစ်၏။ မျိုးစေ့တို့သည် ဤတွင်ပေါင်းစုနေကြပြီး တချိန်ဝယ် ဝိညာဏ်အသွင်ဖြင့် အပြင်ထွက်ကာ လောကနှင့် ဆက်စပ်၏။

(၂) ဤဝိညာဏ်ဖြင့် ကမ္ဘာလောက၏ တရားအားလုံးဖြစ်၏။ ထို့ကြောင့် တရားအားလုံး အလုပ်အသွင်ဖြင့် ဆက်စပ်နေ၏။ သို့ကြောင့် သူ၏အမည်သည် အာလယဖြစ်၏။

(၃) ယင်းဝိညာဏ်သည် တရားအားလုံး၏ အကြောင်းဖြစ်၏။ ထို့ကြောင့် အကြောင်းအသွင်ဖြင့် တရားအားလုံးကို ပေါင်းစုသောကြောင့်လည်း ယင်းကို အာလယဟု ခေါ်ကြခြင်း ဖြစ်၏။

သဗ္ဗ ဓမ္မာ ဟိ အာလီန ဝိညာဏေ တေသု တတ္တထာ၊
အညောညဖလဘာဝေန ဟေတုဘာဝေန သဗ္ဗဒါ။

အရှင် ထိရမတိ စီရင်သော အဘိဓမ္မ သုတ္တ သက္ကတဂါထာကို ပါဠိဂါထာအဖြစ် ပြောင်းလဲလိုက်ခြင်းဖြစ်၏။ အဓိပ္ပါယ်မှာ "ကမ္ဘာလောက၏ တရားအားလုံးသည် အကျိုးဖလအသွင် ဖြစ်သောကြောင့် ဤဝိညာဏ်၌ ဆက်စပ်နေကြ၏။ ယင်း အာလယဝိညာဏ်လည်း ထိုတရားတို့နှင့်အတူတကွ အမြဲအကြောင်း အဖြစ် ဆက်စပ်နေကြ၏" ဟူ၍ဖြစ်၏။ လောက၏တရားအားလုံးဖြစ်ခြင်းမှာ ဤဝိညာဏ်ကြောင့်ဖြစ်၏။ ယင်းဝိညာဏ်သည် အကြောင်းအသွင်နှင့် တရားအားလုံး၏ အကျိုးဖလအသွင်ဖြစ်သည်ဟု ဆိုလို၏။

အာလယဝိညာဏ် အတွင်း၌ရှိသောမျိုးစေ့တို့၏အကျိုးဖလသည် ပစ္စုပ္ပန် သင်္ခါရ အသွင်၌ဖြစ်၏။ အလုံးစုံသော သံသရာနှင့် ယင်း၏ခံစားချက်တို့ကို ဝိညာဏ်ခုနစ်ပါးအားဖြင့် ငါတို့ရကြ၏။ ထိုအားလုံးသည် ဤရှေးကာလဖြစ်သော မျိုးစေ့မှ ဖြစ်ကြ၍ ပစ္စုပ္ပန်သင်္ခါရနှင့် ခံစားချက်တို့မှ မျိုးစေ့အသစ်အသစ် ဖြစ်၏။ ယင်းသည် အနာဂတ်၌ မျိုးစေ့အသွင်ဖြင့် အာလယဝိညာဏ်တွင် မိမိကိုယ်ကို မြှုပ်နှံကြ၏။

လေကြောင့် သမုဒ္ဒရာ၌ လှိုင်းထနေ၏။ ယင်းတို့သည် အမြဲ မိမိစမ္ပယ်ခြင်းကို ပြုနေကြ၏။ ဘယ်အခါမျှ အပန်းဖြေနားမနေ။ ဤအတူအာလယ ဝိညာဏ်၌လည်း အာရုံတည်းဟူသော လေကြောင့် အဆန်းတကြယ် ဝိညာဏ် တည်းဟူ

သော လှိုင်းထနေ၏။ အမြဲပင် မြူးတူး ပျော်ပါးနေကြ၏။ ဘယ်အခါမျှ ရပ်နားခြင်းမရှိကြ။ အာလယဝိညာဏ်သည် သမုဒ္ဒြာနှင့် တူ၏။ အာရုံသည် လေနှင့်တူ၍ ဝိညာဏ်သည် လှိုင်းနှင့် တူ၏။ ယင်းသို့လျှင် သမုဒ္ဒြာနှင့် လှိုင်းဥ္ဘကွဲပြားခြင်းမရှိသကဲ့သို့ အာလယဝိညာဏ်နှင့် အခြားဝိညာဏ် ခုနစ်ပါးသည် ဝိညာဏ် အသွင်သဏ္ဌာန်ဖြင့် ကွဲပြားခြင်းမရှိ၊ အရှင်ဝသုဗန္ဓုလည်း အာလယဝိညာဏ် ၏ ဖြစ်ခြင်းကို ဝဲသြဃနှင့်အတူ ညွှန်ပြ၏။

ယင်းသို့လျှင် ရေအယဉ်သည် မြက်၊ သစ်တုံး၊ နွားချေး ခြောက် စသော အရာဝတ္ထုအမျိုးမျိုးကို ယူဆောင်ကာ ရှေ့သို့ သွားသကဲ့သို့ ဤဝိညာဏ်လည်း ကုသိုလ်၊ အကုသိုလ်ကံ များစွာ တို့၏ အထုံအားလျော်စွာ အစဉ်လိုက်သော ဖဿ၊ သညာ၊ ဝေဒနာ စသော တရားတို့ကို ဆွဲဆောင်၍ ရှေ့သို့သွားနေ၏။ သံသရာတလျှောက်လုံး အာလယဝိညာဏ် ရပ်နားမည်မဟုတ်၊ ထို ရေအယဉ်ကဲ့သို့ မပြတ် စီးသွားနေလိမ့်မည်သာတည်း။

မဇ္ဈိမိက

မဇ္ဈိမိကာ ဟူသည်မှာ ပါဠိဘာသာ မမွစကြာ သုတ်၌လာသော မဇ္ဈိမာပဋိပဒါဖြစ်၏။ ကာမသုခလ္လိကာနုယောဂ ဟူသော ချမ်းသာကို အဖန်ဖန်ခံစားသည့် မပြတ်စဲလမ်းစဉ် အတ္တကိလမထာနုယောဂ ဟူသော ကိုယ်၏ပင်ပန်းခြင်းကို အဖန်ဖန် ဖြစ်စေသည့် ပြတ်စဲလမ်းစဉ် ဥစ္ဆေဒဒိဋ္ဌိမှ လွတ်ကင်းသော အလယ်ဗဟိုလမ်းစဉ် ဖြစ်၏။ လက်ျာ နှင့် လက်ဝဲ အစွန်းနှစ်ဖက်ကို ဖယ်ရှားပြီး အလယ်လမ်းသို့လိုက်သောကြောင့် မဇ္ဈိမိကဟု အမည်ရခြင်းဖြစ်၏။ သုညကိုပရမတ္ထဟု ယုံကြည် လက်ခံသောကြောင့် ထိုမဇ္ဈိမိက ဂိုဏ်းသားတို့ကို သုညဝါဒီဟုခေါ်ကြ၏။

သုညဝါဒကို တည်ထောင်သူမှာ ကမ္ဘာကျော် ဒဿနိကဆရာ အရှင်နာဂဇ္ဇုန ဖြစ်၏။ သူသည် ဝိဒဗ္ဘတိုင်း ဗြာဟ္မဏအနွယ်ဖြစ်၏။ ငယ်ရွယ်စဉ်ကပင် ဗြာဟ္မဏ စာပေနှင့် ပတ်သက်သော အချက်အလက်တို့၌ လေးလေးနက်နက် ဉာဏ် သက်ဝင်နိုင်သူ

ဖြစ်၏။ သို့ကြောင့် ရဟန်းအဖြစ်သို့ရောက်သောအခါ ဗုဒ္ဓမမှ တွင်လည်း ပိုမိုလေးနက်စေနိုင်ခြင်းဖြစ်၏။ သူသည် သိရိပဗ္ဗတ တွင် နေသောအခါ တန္တရ-မန္တရနှင့် ပတ်သက်၍ လွန်စွာ ထင်ရှား၏။ ဆေးပညာနှင့် ရသာယန ကျမ်းအတတ် တွင်လည်း တဖက်ကမ်းရောက် တတ်မြောက်၏။ နက်ရှိုင်းသော အတွေး အမြင်၊ ပြောင်မြောက်သော ဉာဏ်လျှဉ်နှင့် တန္တရဆိုင်ရာ အစီအရင်တို့ကြောင့် သူ၏ စည်ပင်ပြန့်ပြောသော ကျော်စောခြင်း တို့သည် ဒဿနိကလောကတွင် အမြဲ ရှင်သန်နေ၏။ အရှင် နာဂဇ္ဇုန ပြုစုသော၊ ကျမ်းတို့မှာ အောက်ပါတို့ဖြစ်၏။

(၁) မဇ္ဈိမိက **ကာရိကာ**။ ။ဤကျမ်းသည် နာဂဇ္ဇုန ၏ ပဓာနကျမ်းစာဖြစ်၏။ ဤကျမ်းကို မဇ္ဈိမိကသတ္တဟုလည်း ခေါ်ကြ၏။ ယင်းတွင် ပကရဏပေါင်း ၂၇-ခုပါဝင်၏။ ဤကျမ်း၏ အဖွင့်တို့တွင် ထင်ရှားသော အဖွင့် နှစ်စောင်မှာ ပညာပဒီပနှင့် စန္ဒြကိတ္တိ စီရင်သော ပသန္နပဒါ ဖြစ်၏။

(၂) ယုတ္တိ သဋ္ဌိကာ။ ။ဤကျမ်း၏ အချို့သော ဂါထာတို့မှာ ပိဋကတ်မှ ကောက်နုတ်ချက်တို့ဖြစ်၏။

(၃) ပမာဏ ဝိဒ္ဓံ သနံ။ ။ဤနှစ် ကျမ်း မှာ တက်
(၄) ဥပါယကောသလျ။ ကျမ်း၏ အချက်အလက်တို့ဖြစ်၏။ ပမာဏကို ပယ်ဖျက်ခြင်းမှာ တတိယကျမ်း၏ အကြောင်းအရာဖြစ်၍ ဆန့်ကျင်

ဖက်ဝါဒီတို့အပေါ် အနိုင်ယူရန်အတွက် ဇာတိ၊ နိဂ္ဂဟဋ္ဌာန အစရှိသည်တို့ကို ဖွင့်ပြသည်မှာ စတုတ္ထကျမ်းစာဖြစ်၏။

(၅) **ဝိဂ္ဂဟ ဗျာဝတ္တနီ**။ ။ဤကျမ်း၌ သုညတာကို ပယ်ဖျက်သော ယုတ္တိတို့၏ အနှစ်သာရကင်းမဲ့ပုံကိုပြပြီး သုညဝါဒကို တန်းဆာဆင်ထား၏။

(၆) **သုဟဒယ လေခ**။ ။ဤကျမ်းကား နာဂဇ္ဇုနသည် သူ၏ မိတ်ဆွေအား ပရမတ်နှင့် ပညတ်ကို သင်ကြားပေးခြင်းဖြစ်၏။

(၇) **စတုသတဝ**။ ။ဤကျမ်းမှာ သတဝလေးပါး၏ အပေါင်းအစုဖြစ်၏။ သတဝ ဟူသည်မှာ ဂုဏ်တော်ဖွဲ့ဖြစ်၏။ မြတ်စွာဘုရားသခင်၏ အစိန္တေယျ အစရှိသော ဂုဏ်တော်လေးပါးကို အလွန်သာယာနာပျော်ဖွယ် ဖွဲ့ဆိုထား၏။

မဇ္ဈိမိကဂိုဏ်းတွင် ဒုတိယ ထင်ရှားသော ပုဂ္ဂိုလ်မှာ အရှင်အရိယဒေဝဖြစ်၏။ သူသည်သီဟပုရပြည့်ရှင်ဘုရင်၏ သား တော်ဖြစ်၏။ ဤသီဟပုရကို အချို့က သီဟိုဠ်ကျွန်းဟု ဆိုကြ၍ အချို့ကမူ အိန္ဒိယပြည်မြောက်ပိုင်း၌ တည်ရှိသည်ဟု ဆိုကြ၏။ အရှင်နာဂဇ္ဇုန၏ တပည့်ဖြစ်သောအခါ ဇုဒ္ဒပ်ဒ္ဓကာတ်စာပေများ အပြင် အတ္ထိကနှင့်နတ္ထိက ဒဿနအလုံးစုံကို အကုန်သင်ကြားတတ် မြောက်သော ပါရဂူ တယောက် ဖြစ်သွား၏။

တရဲသောအခါ နာလန္ဒာမှ ရဟန်းတော်များသည် သိရိပဗ္ဗတတွင် သီတင်းသုံးသော အရှင်နာဂဇ္ဇုနကို ပင့်ဖိတ်ကြ၏။ အကြောင်းကား ဗြာဟ္မဏပဏ္ဍိတ်တဦးနှင့် ပညာပြိုင်ရန်ဖြစ်၏။ သို့ရာတွင် အရှင်နာဂဇ္ဇုနသည် ကိုယ်တိုင်မသွားပဲ သူ၏တပည့် အရှင်အရိယဒေဝကို လွှတ်လိုက်၏။ လမ်းတွင် ရုက္ခစိုးနတ်က သူ၏မျက်စိတလုံးကို အလှူခံသဖြင့် ထုတ်၍လှူခဲ့၏။ နာလန္ဒာသို့ရောက်သောအခါ ဗြာဟ္မဏပဏ္ဍိတ်သည် မျက်စိတလုံးမရှိသည်ကို ပြက်ရယ်ပြု၏။ ထိုအခါ အရှင်အရိယဒေဝ က "ပရမတ္ထသဘောတရားကို မျက်စိသုံးလုံးရှိသော ဘုရားသခင် သက်ရလည်း မမြင်နိုင်ပါ။ မျက်စိတထောင် အလင်းဆောင်သော သိကြားမင်းလည်း မမြင်နိုင်ပါ။ ထိုသဘောတရားကို မျက်စိတလုံးသာရှိသော ရဟန်းက မျက်မှောက်ပြုပါသည်" ဟု ပြောပြ၏။

ဤစကားကို ထောက်ထားသဖြင့် အရှင်အရိယဒေဝမှာ မျက်စိတဖက်မရှိကြောင်း သိရ၏။ ထို့ကြောင့် အချို့က သူ့ကို 'ကာဏဒေဝ'ဟု ခေါ်ကြခြင်းဖြစ်၏။ မျက်မမြင်ဒေဝဟုဆိုလို၏။ သူသည်သုညဝါဒနှင့် ပတ်သက်သော ကျမ်းစာလေးစောင်နှင့် ဘန္တရနှင့် ပတ်သက်သော ကျမ်းစာ ခြောက်စောင် အားဖြင့် ကျမ်းစာပေါင်း ဆယ်စောင်ပြုစုခဲ့၏၊

ထိုမှတပါး မဇ္ဈိမိကဂိုဏ်းတွင် ထင်ရှားသော ကျမ်းဆရာတို့မှာ ရှင်ဗုဒ္ဓပါလိတ၊ ရှင်ဘာဝ ဝိဝေက၊ ရှင်စန္ဒြကိတ္တိ၊ ရှင်သန္တိဒေဝ၊ ရှင်သန္တရက္ခိတ စသူတို့ဖြစ်၏။ ထိုတွင် ရှင်စန္ဒြကိတ္တိသည် ဗုဒ္ဓပါလိတနှင့် ဘာဝဝိဝေက၏ တပည့်ဖြစ်သည့် ရှင်ကမလ ဗုဒ္ဓိထံတွင် နာဂဇ္ဇုန၏ ကျမ်းစာများကို လေ့လာ သင်ကြားသူ

ဖြစ်၏။ရှင်သန္တိဒေဝကား သုရဋ္ဌပြည့်ရှင်ဘုရင်၏ သားတော်ဖြစ်၏။ တာရာဒေဝီ၏ တိုက်တွန်းချက်ဖြင့် ထီးနန်း စည်းစိမ်ကို စွန့်လွှတ်ပြီး ရဟန်းပြု၏။ ထို့နောက် ဗုဒ္ဓစာပေ သင်ကြားရာ၌ မဉ္ဇုသိရိ၏ ချီးမြှောက်ခြင်း ခံရသော ဟူ၏။

မဇ္ဈိမိကတို့၏ သုညဝါဒ အယူအဆကို စတင် တည်ထွင်သူမှာ နာဂဇ္ဇုန ဖြစ်၏။ နာဂဇ္ဇုန၏ အဆိုမှာ ဤသို့တည်း။ ဤလောကသည် မာယိကဖြစ်၏။ အိပ်မက်တွင် မြင်ရသော အရာဝတ္ထု၏ ထင်ရှားရှိသကဲ့သို့သော လောက၏ အလုံးစုံသော အရာဝတ္ထုတို့၏ ထင်ရှားရှိခြင်းမှာ ကြံဆခြင်းဖြစ်၏။ လောကနှင့် အိပ်မက်တွင် တစုံတရာ ခြားနားခြင်း မရှိ။ ငါတို့သည် ဟင်းလင်းပြင်ကို လောကဟု ခေါ်ဆိုနေကြ၏။ယင်းကိုစိစစ်သော အခါ တစုံတရာ ထူးခြားသော သဘောတရား မရှိ။ ဝေါဟာရ သက်သက်ဖြင့်သာ လောက၏ထင်ရှားရှိခြင်းကို ယူဆနေကြခြင်း ဖြစ်၏။ လောကသည် ဝေါဟာရ အသွင်ဖြင့်သာ မှန်သည်။ ပရမတ္ထ အသွင်ဖြင့် မမှန်။

လောကသည် အဘယ်နည်း။ မပြီးမြောက်သော အဆက်အစပ်တို့၏ အပေါင်းအစုမျှသာဖြစ်၏။ အရာဝတ္ထုတို့၏ ဂုဏ်ကို ဖယ်လိုက်ပါလျှင် လွတ်လွတ် ကျွတ်ကျွတ် ထင်ရှားမရှိနိုင်သကဲ့သို့ပင် လောကသည်လည်း ဆက်စပ်ခြင်းတို့၏ အပေါင်းအစုမျှသာ ဖြစ်၏။ ဤလောက၌ ချမ်းသာနှင့် ဆင်းရဲ၊ အနှောင် အဖွဲ့နှင့် လွတ်မြောက်ခြင်း၊ ဖြစ်ခြင်းနှင့် ပျက်ခြင်း၊ သွားခြင်းနှင့် နားခြင်း၊ အရပ်ဒေသနှင့် အခါကာလ စသည့်သတ်မှတ်ချက်တို့သည် ကြံဆခြင်းတို့သာ ဖြစ်ကြ၏။ အခြေအမြစ်မရှိ။ တည်ရာမဲ့ ကြံဆ

ခြင်းသာဖြစ်၏။လူတို့သည်မိမိတို့ဝေါဟာရပြီးမြောက်ရန်အတွက် သတ်မှတ်ချက်တို့သာ ဖြစ်၏။ တက္ကဆိုင်ရာ အမြင်ဖြင့် စစ်ဆေးသောအခါ ယင်းတို့သည် မမှန်သော ပြီးမြောက်ချက်တို့ သာ ဖြစ်ကြောင်း တွေ့ရ၏။

ဝိညာဏဝါဒီတို့၏ စိတ်ဝိညာဏ်သည် ပရမတ္ထ သဘာဝ မဟုတ်၊ စိတ်၏ ထင်ရှားရှိခြင်းသည် ပမာဏတ္ထဖြင့် မပြီးမြောက်နိုင်။ တလောကလုံးသည် သဘာဝ သုညဖြစ်၏။ စိတ်၏ ထင်ရှားရှိခြင်း တစွန်းတစကို ငါတို့ဘယ်သို့ ပြောပြမည်နည်း။ စိတ်သည်သာလျှင် မိမိကိုမြင်ခြင်း ကြိယာကိုယ်တိုင် ဖြစ် လိမ့် မည် ဟူသော စကားမှာ ယုံကြည်ဖွယ်ရာ မဟုတ်။ အကြောင်းကား မြတ်စွာဘုရားက "နဟိ စိတ္တံ စိတ္တံ ပဿတိ" ဟု ဟော ကြားတော်မူ၏။ အဓိပ္ပါယ်မှာ စိတ်က စိတ်ကို မမြင် ဟူသတည်း။

ချွံထက်သောဆူးသည် မိမိကိုယ်ကို ဘယ်ပုံ စူးနိုင် မည်နည်း။ ထို့အတူ စိတ်သည် စိတ်ကို မမြင်နိုင်ပါ။ ခံစားစရာ, ခံစားသူနှင့် ခံစားခြင်း၊ သိစရာ, သိသူနှင့် သိခြင်း။ ဤ အ ရာ သုံးပါးတို့သည် အသီးသီးဖြစ်ကြ၏။ တခုတည်းသော အရာက ဘယ်သို့ သုံးမျိုး ဖြစ်နိုင်မည်နည်း။

စိတ်၏ဖြစ်ခြင်းသည် ဘယ်ကဲ့သို့ ဖြစ်နိုင်သနည်း။ အာရုံဖြစ်သောအခါ စိတ်ဖြစ်၏ဟုဆိုသော် အာရုံသည်ကွဲပြားပြီးလျှင် စိတ်သည် ကွဲပြားသလော။ အကယ်၍ အာရုံနှင့်စိတ်ကိုသီးခြား ကွဲပြားသည်ဟု ယူဆပါသော် စိတ်နှစ်ခုဖြစ်ရန် အဆက် အစပ် ရှိနေသဖြင့် ဝိညာဏဝါဒနှင့် ဆန့်ကျင်လိမ့်မည်။ အာရုံနှင့် စိတ်ကို မကွဲမပြားယူဆကလည်း စိတ်သည် စိတ်ကို မမြင်နိုင်။ ထို့ကြောင့်

ထိုဓါးကို ခုတ်နိုင်ပါသလော။ ထိုလက်ထိပ်ဖြင့် ထိုလက်ထိပ်ကို တို့ထိ နိုင်ပါသလော။ သို့ကြောင့် စိတ်သည် အာရုံအားဖြင့် ကွဲပြားခြင်းမဖြစ်နိုင်။ ထို့ပြင် မကွဲပြားခြင်းလည်း မဖြစ်နိုင်။ အာရုံမရှိရာ၌ စိတ်ဖြစ်ခြင်းလည်း မဖြစ်နိုင်။

ဝိညာဏဝါဒီတို့က အိုး၊ ပုဆိုး အစရှိသော အရာဝတ္ထုတို့ကို အလင်းရောင်ပြသော ဆီမီးသည် မိမိကိုလည်း ပြသကဲ့သို့ စိတ်သည်လည်း မိမိကိုလည်း သိမည်ဟု ဆိုကြ၏။ ဤစကားကို သုညဝါဒီတို့က ဤသို့ ငြင်းပယ်၏။ အလင်းရောင်၏ အနက်မှာ ထင်ရှားရှိသော အပိတ်အပင် အတားအဆီးကို ပယ်ဖျောက်ခြင်း ဖြစ်၏။ အိုး၊ ပုဆိုး စသော အရာဝတ္ထုတို့ တည်ရှိသည်မှာ ရှေးမဆွက ဖြစ်၏။ သို့ကြောင့် ယင်း၏အပိတ်အပင်ကို ဖယ်ရှားခြင်းမှာ နည်းကျ၏။ သို့ရာတွင် စိတ်သည် ရှေးမဆွက တည်ရှိသည်မဟုတ်၊ ထိုအခါ ယင်း၏ အလင်းရောင်သည် ဘယ်သို့ ဖြစ်နိုင်မည်နည်း။

မီးရောင်ကို ငါတို့၏ဉာဏ်ဖြင့် တွေ့မြင်ရသကဲ့သို့ အသိဉာဏ်၏ အရောင်ကို ဘယ်သို့ တွေ့မြင်နိုင်မည်နည်း။ အကယ်၍ တစုံတယောက်သည် ယင်းကို တွေ့မြင်ရပါသော် ယင်း၏ ထင်ရှားရှိခြင်းကို လက်ခံရာ၏။ သူ့ကိုမမြင်ရပဲ သူရှိခြင်းကို လက်ခံရမည်မှာ အမြုံမ၏သား စမွယ်နေသကဲ့သို့ဖြစ်၏။ အမြုံမ၏သားမှ ပြီးမြောက်ခြင်းမရှိဘဲ သူ၏ စမွယ်နေခြင်း ဘယ်သို့ ပြီးမြောက်မည်နည်း။ ထို့အတူ အသိဉာဏ်ရှိခြင်း မပြီးမြောက်ပဲ သူ၏ ကိုယ်တိုင် အလင်း၊ သို့မဟုတ် သူတပါးအား ထွန်းလင်းခြင်း၏ ကြံဆခြင်းသည် ဘယ်သို့ ပြီးမြောက်နိုင်မည်နည်း။ သို့ကြောင့်

ဝိညာဏ်၏ အတွေးအမြင်သည် အတိုင်းအတာ ပမာဏတို့ဖြင့် မပြီးမြောက်နိုင်။ လောက၏ အရာဝတ္ထုအားလုံးသည် သဘာဝ ကင်းမဲ့၏။ ဝိညာဏ်သည်း ထို့အတူပင် သဘာဝမရှိ။ သူည သာလျှင် ပရမတ္ထသဘောတရားဖြစ်၏။

လောကသည် ကျိုးကြောင်း၏ နိယမပေါ်မှာ သွားနေခြင်းကို ဒဿနိက ဆရာများနှင့် ဝိညာဏဝါဒီတို့ ခိုင်မြဲစွာ ယုံကြည်ကြ၏။ သို့ရာတွင် နာဂဇ္ဇုနကား ယင်းအတွေးအမြင်ကို ပယ်ဖျက်၏။ အရာဝတ္ထု တစုံတခုသည် အကြောင်းကို ဖယ်ရှားပြီး တည်၍ မနေနိုင်မူ၍ အကြောင်းသည်လည်း အကျိုးမှ သီးခြား အမြင်၏ ကျက်စားရာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၊ အကျိုး နှင့် ကင်း၍ အကြောင်းရှိခြင်းကို လက်မခံနိုင်၊ အကြောင်း နှင့် ကင်း၍လည်း အကျိုးရှိခြင်းကို လက်မခံနိုင်၊ အကျိုးအကြောင်း ကို ကြံဆခြင်းမှာ အချင်းချင်း ထောက်ထားခြင်း သပေက္ခိက ဖြစ်၏။ သို့ကြောင့် မမှန်၊ တည်ရာမရှိ။အရာဝတ္ထုသည် ကိုယ်တိုင် လည်းမဖြစ်။ သူတပါးတို့အကူအညီဖြင့်လည်း မဖြစ်။ ကိုယ်တိုင် နှင့် သူတပါး နှစ်ပါးကြောင့်လည်း မဖြစ်။ အဟေတုကြောင့် လည်း မဖြစ်။ ဤတွင်ဘယ်နည်းနှင့်မျှ ဘာဝတို့၏ ဖြစ်ခြင်းသည် ပမာဏများဖြင့် မပြီးမြောက်နိုင်။

န သွတော နာပိ ပရတော ဒွါဘျံ နာပျဟေတုတား။
ဥပ္ပန္နာ ဇာတု ဝိဇ္ဇန္တေ ဘာဝါ ကွစန ကေစန။

နာဂဇ္ဇုန၏ မဇ္ဈိမိက ကာရိကာ ဂါထာ တပုဒ်ဖြစ်၏။ ဖြစ်ခြင်းမရှိရာ၌ ပျက်ခြင်း၏ ပြီးမြောက်ခြင်းလည်း မဖြစ်နိုင်။

အကယ်၍ ပျက်ခြင်းနှင့် ဖြစ်ခြင်းသည် ဤလောက၌ ရှိပါသော် တပါးသည် အခြားတပါးနှင့် အတူ နေနိုင်မည်လား။ သို့မဟုတ် တပါးသည် တပါးနှင့်ကင်း၍ နေနိုင်မည်လား။ ပျက်ခြင်းသည် ဖြစ်ခြင်းနှင့်ကင်း၍ ဘယ်သို့ဖြစ်နိုင်မည်နည်း။ မွေး ဖွား ခြင်း မရှိဘဲ သေခြင်းကို စဉ်းစားခြင်းမှာ အ ချည်း နှီး သာ တည်း။ သို့ကြောင့် ပျက်ခြင်းသည် ဖြစ်ခြင်းနှင့်ကင်း၍မနေနိုင်။ ဖြစ်ခြင်း နှင့်အတူလည်း ပျက်ခြင်းမနေနိုင်။ အကြောင်းကား ယင်း အတွေးအခေါ်တို့မှာ အချင်းချင်း ဆန့်ကျင်သောကြောင့် ဖြစ် ၏။ ယင်းသို့သော အခြေအနေတွင် မွေးခြင်းနှင့် သေခြင်း သည် တချိန်တည်း၌ မနေနိုင်သကဲ့သို့ ဖြစ်ခြင်းနှင့် ပျက်ခြင်း သည်လည်း တချိန်တည်း၌ မတည်နိုင်။

လူပျိုသည် လူအို ဖြစ်၍၊ နို့သည် ဒိန်ဖြစ်၏ ဆိုသော စကားသည် ဘယ်သို့ သဘာဝကျသနည်း။ လူပျိုသည် အိုခြင်း မဖြစ်နိုင်၊ အကြောင်းကား လူပျို၌ ပျိုခြင်းနှင့် အိုခြင်း ဆန့် ကျင်ဖက် နှစ်ခု အတူမရှိနိုင်။ တစုံတယောက်ကို ငါတို့သည် အ ရွယ်ပျိုသောကြောင့် လူပျိုဟု ခေါ်ခြင်း ဖြစ်၏။ လူပျိုသည် ဘယ်ကြောင့် လူအိုဖြစ်နိုင်မည်နည်း။ နို့သည် ဒိန်ဖြစ်၏ ဆို သော စကားလည်း ပမာဏယုတ္တိမရှိ၊ နို့အခိုက် အတန့် စွန့်၍ ဒိန်အခိုက်အတန့် ဆောင်ခြင်းကို ပြောင်းလဲခြင်း ပရိဏာမဟု ပြောကြမည်။ နို့ အခိုက်အတန့်ကို စွန့်လျှင် ဘယ်သို့လျှင် နို့က ဒိန် ဖြစ်နိုင်မည်နည်း။ အကြင်အခါက နို့သည် ထိုအခါ ဒိန်မဖြစ် နိုင်။ စင်စစ် မဆက်စပ်သော အရာဝတ္ထုကို ဒိန်အဖြစ် ဘယ်သို့ ဆက်စပ်တည်ရှိမည်နည်း။ အရာဝတ္ထုမှာ မိမိသဘာဝ တစုံတခု

ရှိလျှင် ယင်းသည် ပြောင်းလဲသွားနိုင်၏။ သို့ရာတွင် မဇ္ဈိမိက တို့၏ အယူအဆ၌ အရာဝတ္ထုအားလုံး သဘာဝမရှိ။ သို့ကြောင့် ပြောင်းလဲခြင်း၏ အတွေးအကြံလည်း အခြေမမှန်ဟုဆို၏။ ယင်း သို့လျှင် ကျိုး,ကြောင်းအဖြစ်, ဖြစ်-ပျက်, ပရိမာဏ စသည်တို့ အချင်းချင်း ဆက်စပ်မှုတို့သည် သဘာဝ အမြင်ဖြင့် တစုံတရာ တန်ဖိုးမရှိဖြစ်၏။

သန္တိဒေဝသည် ဗောဓိစရိယာဝတာရ၌ နာဂဇ္ဇုန၏ အယူအဆကို အပြည့်အဝထောက်ခံထား၏။ လောကသည် ရှေး ဦးစွာပင် ရှိနေသလော၊ သို့မဟုတ် အကြောင်းတို့ကြောင့် ဖြစ် သလော၊ အကယ်၍လောက၏ ဖြစ်ခြင်းရှိပါသော် အကြောင်း သည် ဘယ်အကျိုးရှိမည်နည်း။ ပြီးမြောက်သော အရာဝတ္ထု ဖြစ်ရန်အတွက် အကြောင်း၏ တည်ရာမှာ အချည်းနှီး သာ တည်း။ အကယ်၍ ဖြစ်ခြင်းမရှိပါမူလည်း အကြောင်း၏တည်ရာ မှာ အကျိုးမရှိ။ အကြောင်းကား ထင်ရှားမရှိသော ဝတ္ထု၏ ဖြစ်ခြင်းသည် ဘယ်နည်းနှင့်မျှမဖြစ်။ ဖြစ်ခြင်းမရှိလျှင် ပျက် ခြင်းလည်း မရှိနိုင်။ ထို့ကြောင့် "အဇာတမနိရုဒ္ဓံ စ တသ္မာ သဗ္ဗမိဒံဇဂတ်"ဟု ဗောဓိစရိယာ၌ ဆိုလေသည်။

တစုံတခုသော အကြောင်းကြောင့်ဖြစ်သည်မှာ လောက ၏ အရာဝတ္ထုတို့အား ထူးခြားချက်ဖြစ်၏။ ဤသို့သော အခြေ အနေတွင် ယင်းတို့ လွတ်လပ်စွာ ရှိသည်ဟု ဘယ်သို့ ယူဆမည် နည်း။ အကြောင်းတို့ပေါ်မှာ တည်ရှိမှီတွယ်သော အရာဝတ္ထု တို့ကို ဖယ်ရှားရန် ထိုအရာဝတ္ထု ပျက်ခြင်းဖြစ်၏။ ယင်းသို့ မညီ မမျှ တည်ရှိရာတွင် လောက၏ အရာဝတ္ထုတို့ကို အရိပ်ကဲ့သို့

ယူဆခြင်းမှာ နည်းလမ်းကျကြောင်း ယုတ္တိသဒ္ဒိကာ ကျမ်းတွင် နာဂဇ္ဇုန ဖွင့်ဆို၏။

ဖြစ်ပေါ်ခြင်း၏အကြောင်းကြောင့်ဖြစ်ခြင်း၏တည်ခြင်းသည် ပစ္စည်းအထောက်အပံ့နှင့် ကင်း၍မဖြစ်၊ ပစ္စည်းအထောက်အပံ့မရှိရာတွင် ပျက်စီးသော အရာဝတ္ထု ဘယ်သို့ ထင်ရှားရှိနိုင်မည်နည်း။ ဆိုလိုသည်မှာ အရာဝတ္ထုသည် ဖြစ်၊ တည်၊ ပျက်ဟူသော အခိုက်အတန့်သုံးမျိုးကို မှီတွယ်နေ၏။ သူတပါးကို မှီတွယ်နေရသော ထိုအရာသည် ဘယ်နည်းနှင့်မျှ ထင်ရှားရှိခြင်းကို မဆောင်နိုင်။ လောက၏ အသေးဆုံးမှစ၍ အကြီးဆုံး၊ အသိမ်မွေ့ဆုံးမှ အကြမ်းဆုံးအထိ အရာဝတ္ထုတိုင်းမှာ ထိုယူခြားခြင်းရှိ၏၊ ထို့ကြောင့် ယင်းအရာဝတ္ထုများ ဘယ်နည်းနှင့်မျှ ထင်ရှားရှိသည်ဟု မယူဆနိုင်။ တန်လျှပ်နှင့် ရိပ်ပြန် ဖြစ်သော မာယာတို့ပင်တည်း။

တစုံတရာ ပြီးမြောက်မှု သဘာဝရုပ်မရှိသော အရာတို့ကို လူတို့က သဘာဝဟုခေါ်နေကြ၏။ မီး၏အပူဓာတ်ကဲ့သို့ သင်းတို့၏ ဖြစ်ခြင်းသည် တစုံတခုသော အကြောင်းကြောင့် မဟုတ်။ အပူဓာတ်သည် မီးအတွက် သဘာဝတရားဖြစ်၏။ ရေအတွက်ကား ဖန်တီးချက် ဖြစ်၏။ ထို့ကြောင့် အပူဓာတ်သည် မီးအဘို့ သဘာဝတရားဖြစ်၏။ ရေအဘို့ မဖြစ်။ ဤယင်္ဂိဖြင့် လူသာမန်တို့သည် အရာဝတ္ထုတို့၏ သဘာဝ၌ ယုံကြည်ချက် အလေးအနက်ထားကြ၏။ အရှင်နာဂဇ္ဇုနကမူ ယင်းအယူအဆသည် တက္က၏မှတ်ကျောက်တွင် အတင်မခံနိုင်ဟု ဆို၏။ မီး၏ အပူဓာတ်သည် ဘယ်အကြောင်းကို ငဲ့နေပါသနည်း။ ကျောက်

ဘုံးပေါ် သန္ဓေတင်၍ ခတ်ခြင်းကြောင့်ဖြစ်၏။ အပူခာတ်သည် မီးကို ဖယ်ခွါ၍ သီးခြားရုပ်အဖြစ် မတည်နိုင်။ သို့ကြောင့် မီး၏ အပူခာတ်သည် အကြောင်း အထောက်အပံ့ကြောင့်ဖြစ်၏။ သို့ကြောင့် ဖန်တည်းမှုသည် အနိစ္စဖြစ်၏။ ယင်းကို မီး၏သဘာဝဟု ညွှန်ပြသော တက္ကမှာ ရယ်ဖွယ်ဖြစ်၏။ သဘာဝ မရှိသော ဝတ္ထုတွင် ပရဘာဝ ကြံဆသည်မှာ နည်းလမ်းမကျ၊ သဘာဝနှင့် ပရဘာဝ မရှိရာတွင် ဖြစ်ခြင်း ဘာဝမရှိ။ မဖြစ်ခြင်း အဘာဝလည်း မရှိ။ သို့ကြောင့် သဘာဝ၊ ပရဘာဝ၊ ဘာဝနှင့်အဘာဝ ဝတ္ထုတို့ကို ကြံဆသောပညာရှိတို့သည် ပရမတ္ထဉာဏ်နှင့် လွန်စွာဝေးကွာသူများ ဖြစ်ကြ၏။

လူသာမန်တို့သည် လောက၌ ဒြပ်၏ ထင်ရှား ရှိခြင်းကို ယုံကြည်ကြ၏။ စစ်ဆေးကြည့်သောအခါ ဒြပ်၏ အတွေး အမြင်သည်လည်း အခြား အတွေးအမြင် ကဲ့သို့ပင် တစုံတခုသော ပမာဏသို့ မရောက်၊ ငါတို့ ဒြပ်ဟုပြောဆိုနေကြသော အရာမှာ အရောင်၊ အသွင်သဏ္ဌာန်စသော ဂုဏ်တို့၏ အပေါင်းအစုမျှသာ ဖြစ်၏။ အညိုရောင် ထူးခြားသော အသွင်နှင့် ခက်မာသော အဖွဲ့အထိမှတပါး အိုး၏ တည်ရှိခြင်းသည် အဘယ်နည်း။ အိုးကို စစ်ဆေးသောအခါ ဂုဏ်သာလျှင် ငါတို့၏ အမြင်၌ ရောက်လာ၏။ ထို့ကြောင့် ဒြပ်ကို ရှာဖွေသော အခါ ငါတို့သည် ဂုဏ်တို့ပေါ် ရောက်သွားပြီး ဂုဏ်တို့ကို စစ်ဆေးသော ငါတို့သည် ဒြပ်မှာ ရပ်နေကြသည်။

ဒြပ်နှင့် ဂုဏ်နှစ်မျိုးတွင် ဘယ်အရာသည် မုချ ဖြစ်၍ ဘယ်အရာသည် အမုချဖြစ်သည်ကိုလည်း ငါတို့သဲလွန်စ မရကြ။

နှစ်မျိုးလုံးသည် တခုသော အခြင်းအရာလော၊ သို့မဟုတ် ကွဲပြားသလော။ နာဂသေနမင်း၏ လေ့လာချက်ကား အသိဉာဏ်ဖြင့် နှစ်မျိုးလုံး၏ ကြံစည်ချက်မှာ အချင်းချင်း ထောက်ထားခြင်း ဖြစ်၏။ အရောင်၊ စိုစွတ်ခြင်း၊ ခြောက်သွေ့ခြင်း၊ အနံ့၊ အရသာ အစရှိသော ဂုဏ်သည် အတွင်း၌တည်သော အရာများဖြစ်၏။ ယင်းတို့တည်ရှိခြင်းသည် ငါတို့၏ ဣန္ဒြေများ ထင်ရှားရှိသောကြောင့်ဖြစ်၏။ မျက်စိနှင့်ကင်း၍ အရောင်မဖြစ်။ နားနှင့်ကင်း၍ အသံမဖြစ်။ ထို့ကြောင့် ယင်းဂုဏ်သည် မိမိမှကွဲပြား၍ ဗဟိဒ္ဓသည် အကြောင်းများ ပေါ်မှာ မှီတွယ်၏။ ယင်းတို့၏ လွတ်လွတ်ကျွတ်ကျွတ် ထင်ရှားဖြစ်ခြင်းမရှိကြ။ အကြောင်းကား ယင်းတို့သည် ငါတို့၏ ဣန္ဒြေပေါ်မှာ မှီတွယ်နေကြ၏။ ဤသို့လျှင် ဂုဏ်သည် အရိပ်အရောင်မျှသာ ဖြစ်၏။

ထို့ကြောင့် အရာဝတ္ထုတို့၌ ထင်ရှားရှိသော ဂုဏ်တို့သည်လည်း အရိပ်အရောင်မျှသာဖြစ်၏။ ငါတို့သည် ဒြဗ်တို့၏ ဉာဏ်ကိုပြီးစေသည်ဟု ထင်နေကြ၏။ စင်စစ်ဂုဏ်တို့၏အပေါင်း အစုပေါ်မှာသာ ရောင့်ရဲနေကြ၏။ဒြဗ်သဘာဝဖြင့်ဘယ်အခါမျှ သိကျွမ်းခြင်းမရှိကြ၊ အကြောင်းကား ကိုယ်တိုင် မှန်ကန်သော ပရမတ္ထရုပ်သည် ဉာဏ်နှင့် စကားနှစ်ပါးလုံးကို ကျော်လွန်သော ဝတ္ထုဖြစ်၏။ ထိုဉာဏ်ကိုမူကား ပဋိဘာန်မျက်စိ၏ အကူအညီဖြင့် ကံကောင်းသော ယောဂီတို့သာ ဖြစ်နိုင်၏။

မဇ္ဈိမိကကျမ်းတို့တွင် လောက၏ အရာဝတ္ထုတို့အတွက် အာဒိသန္တနှင့် နိစ္စသန္တ သဒ္ဒါနှစ်ပါးကို ပုံစံထုတ်ပြကြ၏။ သန္တသဒ္ဒါ၏ အနက်မှာ သဘာဝကင်းခြင်း၊ ထူးခြားစွာ ထင်ရှားမရှိ

ခြင်းဖြစ်၏။ နာဂဇ္ဇုန၏အဆိုမှာ အကြင်အကြင် အရာဝတ္ထု သည် အခြား အရာဝတ္ထု တခုခုကြောင့်ဖြစ်၏။ ထိုအရာဝတ္ထု နှစ်ခုတို့သည် သဘာဝမှ သန္တဖြစ်၏။ သဘာဝမှ ကင်းကြ၏။ ဤတွင် စန္ဒြကီတ္တိ၏ အဖွင့်မှာ ထင်ရှားရှိသော အရာဝတ္ထုသည် မိမိပျက်ခြင်းမရှိသော သဘာဝကို မုချဆောင်၏။ ထင် ရှား ရှိ သောကြောင့် ယင်းသည် ဘယ်အရာကိုမျှ ငဲ့ကွက် ထောက် ထားခြင်းမရှိမူ၍ ဘယ်အကြောင်းကြောင့်မှလည်း ဖြစ်ခြင်းမရှိ၊ သို့ရာတွင် လောက၏ အရာများ၌ ဤနိယမ၏ အကျိုးကို အာရုံ မပြုကြ၊ အရာဝတ္ထုတို့သည် မိမိအသွင်ကို ပြောင်းလဲနေကြ၏။ ယနေ့မြေသည် နက်ဖြန်အိုးဖြစ်ပြီး သဘက်ခါ ခွက်ဖြစ်သွား၏။ အကျိုးနှင့် အကြောင်း၊ အိုးနှင့် မြေကြီး၊ အညွန့်နှင့် မျိုးစေ့ နှစ်ပါးလုံးပင် သဘာဝမှကင်းသောကြောင့် သန္တမည်၏။

တစုံတယောက်သော မျက်လှည့်ဆရာသည် မိမိ၏ထူးထွေ ဆန်းပြားသော အစွမ်းသတ္တိကြောင့် အသွင်အပြင်အမျိုးမျိုးကို ဖြစ်ပေါ်စေသကဲ့သို့ လောကအရာဝတ္ထုတို့၏ အခြေအနေလည်း ထို့အတူပင်ဖြစ်၏။ မျက်လှည့်ဆရာ၏ အရာဝတ္ထုတို့ကို ကြည့် သူတို့က အဟုတ် တကယ် ထင်မှတ်ကြ၏။ သူတို့၏အပေါ်တွင် မျက်လှည့်၏ အရှိန်အဝါ လွှမ်းမိုးနေ၏။ သို့ရာတွင် မျက်လှည့် ဆရာကိုမူကား ယင်းအရှိန်အဝါတို့ မလွှမ်းမိုးနိုင်။

လောက၏ အရာဝတ္ထုတို့ကို အမှန်တကယ်ဟု ယုံကြည် သူတို့အပေါ်မှာ အဝိဇ္ဇာ၏ အရှိန်အဝါ လွှမ်းမိုးနေ၏။ ယောဂီ ပုဂ္ဂိုလ်တို့ကား သဘောတရားဖြင့် လေ့ကျက်ထားကြ၍ လော က၏ မာယာတို့၌ ဘယ်အခါမျှ အနှောင်အဖွဲ့ မခံကြရ၊ ဝိညာဏ

ဝါဒီတို့၏ အဖြစ်လည်း ထို့အတူပင်။ သူတို့သည် ကြောက်မက်ဖွယ် ဘီလူးပုံကို ကိုယ်တိုင်ဖန်တည်းပြီး ယင်းကို မြင်ရန် ကြောက်ရွံ့နေကြ၏။

အတွေးအကြံသည် ရှုံ့ညှန်နှင့်တူ၏။ ရှုံ့ညှန်ထဲသွားသော လူငယ်သည် ထိုတွင် မိမိကိုယ်ကိုနစ်ပြီး ထိုမှထွက်ရန် မစွမ်းနိုင်သကဲ့သို့ လောက၏ သတ္တဝါသည် အတွေး အကြံ ရှုံ့ညှန်၌ မိမိကိုယ်ကို ထိုသို့ပင် နစ်စေပြီး ထိုမှထွက်ရန် မစွမ်းနိုင်ကြ ဖြစ်နေ၏။ ယောဂီ၏ အလုပ်မှာ ကိုယ်တိုင် ပညာဖြင့် လောက၏ မာယာအသွင်ကို မျက်မှောက်ပြုပြီး ဘဝသံသရာမှ ဖယ်ခွာကာ နိဗ္ဗာန်အတွက်သွား၏။ ယင်း၏ တခုတည်းသော ဥပါယ်မှာ ပရမတ္ထသစ္စာဉာဏ်တည်း။

အရာဝတ္ထုကို ယင်း၏ သဘာဝအသွင်၌ တွေ့မြင်သော အရိယာ၏ သစ္စာသည် သံဝုတိက သစ္စာနှင့် ကွဲပြား၏။ သံဝုတိက သစ္စာဆိုသည်မှာ အဝိဇ္ဇာကြောင့်ဖြစ်သော ဝေါဟာရ သစ္စာတည်း။ အရာဝတ္ထုအား မပြုလုပ်ရသော သရုပ်သည် ပရမတ္ထမည်၏။ ယင်းဉာဏ်ဖြင့် သံဝုကဖြစ်စေသော ကိလေသာ အလုံးစုံတို့ကို ဖယ်ရှားပစ်၏။ အလုံးစုံသော တရားတို့၏ သဘာဝမရှိခြင်းဟူသော ဓမ္မနေရာတမျှသည် ပရမတ္ထမည်၏။ ယင်းကိုပင် သုညတာ၊ တထတာ၊ ဘူတကောဋိ၊ ဓမ္မဓါတု ဟူသောပရိယာယ်ဖြင့် ခေါ်ကြ၏။ အလုံးစုံသော အရာဝတ္ထုတို့၏ သဘာဝကင်းခြင်းပင်လျှင် ပရမတ္ထ အသွင်ဖြစ်၏။

လောက၏ အလုံးစုံသော အရာဝတ္ထုတို့သည် ဟေတုပစ္စည်းကြောင့် ဖြစ်ကြ၏။ ထို့ကြောင့် သူ့အား သူ၏ထူးခြား

ချက်အသွင် တစုံတခုမျှမရှိခြင်း ဖြစ်၏။ ယင်းသည် သဘာဝမဲ့သော၊ သို့မဟုတ် သုညတာ ပရမတ္ထသဘောဖြစ်၏။ နိဗ္ဗာန်သည် ပရမတ္ထ သစ္စာ ဖြစ်၏။ ဤတွင် အာရုံယူသူနှင့် အာရုံ၊ လုပ်သူနှင့် အလုပ်သည် ဘယ်နည်းနှင့်မျှ ထူးခြားချက် မဖြစ်။ သို့ကြောင့် ပညာကရမတိသည် ပရမတ္ထ သစ္စာကို ဝေါဟာရအားလုံးမှ ကျော်လွန်သည်ဟု ဖွင့်ဆို၏။ သံဝုတိ၏ အနက်မှာ ဗုဒ္ဓိဖြစ်၏။ သို့ကြောင့် ဗုဒ္ဓိခေါ် အသိဉာဏ်ဖြင့် သဘောတရားကို ယူခြင်း ဟူသမျှသည် ဝေါဟာရ (သံဝုတိက) သစ္စာ မည်၏။ ပရမတ္ထသစ္စာကို ဗုဒ္ဓိဖြင့် ယူမရ၊ ဗုဒ္ဓိသည် တစုံတခုသော အထူးဝိသေသကို အမှတ်ပြု၍ သာ လျှင် ဝတ္ထုကို ယူ ရန် ညွှတ် ၏။ ဂိသေသ ကင်း ကွာ သော ကြောင့် ဗုဒ္ဓိဖြင့် ဘယ်သို့ ယူနိုင်မည်နည်း။

ပရမတ္ထ သစ္စာမှာ အသံကင်းဆိတ်သော သဘောရှိ၏။ ဉာဏ်ပညာဖြင့် ယင်းအား ဟောပြောရန်မဖြစ်နိုင်။ ဟောပြောခြင်း၏ သဘောမှာ အသံဖြစ်၏။ ပရမတ္ထသည် စကား၏ အာရုံ မဟုတ်၊ စိတ်၏ကျက်စားရာ မဟုတ်၊ စကားနှင့် စိတ်နှစ်ရပ်လုံး ပင် ထိုသဘောတရားသို့ မရောက်နိုင်၊ ထို့ကြောင့် ပရမတ္ထကို သဒ္ဒါတို့ဖြင့် မဖော်ပြနိုင်ခြင်းဖြစ်၏။ မိမိသည်သာ အတ္တဖြင့် ယင်းသဘောကို ခံစားနိုင်၏။ ထို့ကြောင့် ယင်းသည် "ပစ္စယာတမ ဝေဒနီယ" ဖြစ်၏။

သုညဝါဒ

မဇ္ဈိမိကတို့သည် ပရမတ္ထသစ္စာကို သုညဟု ခေါ်ကြ၏။ ထို့ကြောင့် သူတို့၏အယူအဆသည် သုညဝါဒ အမည်ဖြင့် ထင်ရှားခြင်းဖြစ်၏။ ဟီနယာနာ ဗြာဟ္မဏနှင့် ဂျိန်းပညာရှင်တို့သည် သုည၏ အနက်ကို ထင်ရှားရှိခြင်းကို အကြောင်းမဲ့ တားမြစ်သော နိသေဓနှင့် ဖြစ်ခြင်းမရှိသော အဘာဝဟု ဖွင့်ဆိုကြ၏။ ယင်းသည် လောကဝေါဟာရအားဖြင့် ထင်ရှားသော အနက်ဖြစ်၏။ မဇ္ဈိမိကဆရာတို့ အလိုကား ယင်း၏နတ္ထိနှင့် အဘာဝအနက်သည် ပြီးမြောက်ခြင်းမရှိ၊ သူတို့သည် အရာဝတ္ထုတို့၏ သရုပ်ကို ကောဋိလေးပါးထုတ်ပြီး ဆုံးဖြတ်ကြ၏။

ကောဋိလေးပါးမှာ ထင်ရှားရှိသော အတ္ထိ၊ ထင်ရှားမရှိသော နတ္ထိ၊ အတ္ထိနှင့် နတ္ထိအတူဖြစ်သော တဒုဘယံနှင့် အတ္ထိလည်းမဟုတ် နတ္ထိလည်းမဟုတ်သော နောဘယံတို့ဖြစ်၏။ ယင်းကောဋိ၏ အဆက်အစပ်သည် သံသာရိက အရာဂတ္ထုတို့ကြောင့်ဖြစ်၏။ ပရမတ္ထသည် စိတ်စကားကျက်စားရာ မဟုတ်သော

ကြောင့် ဘယ်နည်းနှင့်မျှ ပြောပြ၍မရ။ ဤကောဋိလေးမျိုး၏ အကူအညီဖြင့် ယင်းအား မပြောကြား မရေးသားနိုင်၊ ဝိသေသ ထူးသောအရာကို မပြောနိုင်၊ ဝိသေသမထူးသော အရာသည် ဘယ်အခါမျှ ပြောမပြနိုင်သော အကြောင်းအရာ မဖြစ်၊ သို့ ကြောင့် ပြောမပြနိုင်သည့် အဖြစ်ကို ညွှန်ပြရန် ပရမတ္ထအတွက် သုညကို ပြယုဂ်ထုတ်ခြင်း ဖြစ်၏။

သုည၏ ပြယုဂ်သည် ဝိသေသထူးသော အယူဝါဒတခုကို ဖော်ပြ၏။ ဟီနယာနသည် မဇ္ဈိမာပဋိပဒါကို အကျင့်အာစာရ၏ အကြောင်းအရာပေါ်၌ လက်ခံသွား၏။ သို့ရာတွင် မဇ္ဈမိကတို့ သည် ပရမတ္ထဝေဘန်မှု အချက်၌လည်း မဇ္ဈိမပဋိပဒါ၏ အယူ အဆကိုမွေးမြူ၏။ သူတို့၏ အလိုမှာ ကေန္တရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်၊ စင်စစ် ယင်း၏ သရုပ်မှာ ဤရှိ မရှိ နှစ် ပါး၏ အလယ်ဗဟိုမှာ ရှိ၍ သုညအသွင်ပင် ဖြစ်လိမ့်မည်။ သုည သည် အဘာဝမဟုတ်၊ အကြောင်းကား အဘာဝ၏ အမြင်မှာ အထောက်အသား အမြင်ဖြစ်၏။ အဘာဝသည် ဘာဝကို ထောက်၍ဖြစ်၏။ သုညသည်ကား ပရမတ္ထဖြစ်၍ ကိုယ်တိုင် အ ထောက်အထားမဲ့ဖြစ်၏။ ယင်းသို့ အထောက်အထား မရှိသော ကြောင့် သုညကို အဘာဝဟု မယူဆခြင်းဖြစ်၏။ ဤမဇ္ဈမိက အလယ်လမ်း၌ တည်သောကြောင့် ယင်းဒဿန၏ အမည်ကို မဇ္ဈ မိကဟု မှည့်ခေါ်ခြင်းဖြစ်၏။

လောက၏ အရာဝတ္ထုအားလုံးတို့၏ နောက်တွင် တစုံတ ခုသော နိစ္စဝတ္ထုထင်ရှားမရှိ၊ စင်စစ် ယင်းတို့သည် တွယ်ရာမဲ့နှင့် သဘာဝမဲ့တို့ဖြစ်၏။ ယင်းဉာဏ်သည် သုညတာ၏ ဉာဏ်ဖြစ်

၏။လူ့ဘဝမှာ ဤအနှစ်သာရ၏ ဥာဏ်သည် အစဉ်အသုံးဝင်၏။ ဟီနယာနတို့၏ အလိုမှာ လွတ်မြောက်မှုသည် ကံနှင့် ကိလေသာ ကုန်သဖြင့် ပြည့်စုံ၏။ သို့ရာတွင် လွတ်မြောက်မှု အစီးအပွားကို ရှာဖွေရာ၌ ဤတွင် ရပ်မနေသင့်၊ ကံနှင့် ကိလေသာတို့ ထင်ရှားရှိခြင်းသည် ကြံစည်မှု သင်္ကပ္ပတို့ကြောင့် ဖြစ်၏။ သုဘကို ကြံစည်ခြင်းကြောင့် ရာဂဖြစ်၏။ အသုဘကိုကြံစည်ခြင်းကြောင့် ဒေါသဖြစ်၏။ ဖေါက်ပြန်စွာ ကြံစည်ခြင်းကြောင့် မောဟဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက "ဟယ်ကာမ သင်၏ မူလကို ငါသိပြီ၊ သင်၏မူလသည် သင်္ကပ္ပဖြစ်၏။ ငါသည်သင့်အား ကြံစည် တွေးတောတော့မည် မဟုတ်သဖြင့် သင်ဖြစ်ရတော့မည် မဟုတ်"ဟု မြွက်ကြား၏။

သင်္ကပ္ပ၏ အကြောင်းမှာ ပပဉ္စဖြစ်၏။ ပပဉ္စဟူသည်မှာ သိစရာ သိသူ၊ ပြောစရာ ပြောသူ၊ ယောကျ်ား မိန်းမ၊ လာဘ အလာဘ၊ သုခ ဒုက္ခ စသဖြင့် စဉ်းစားတွေးတောခြင်းဖြစ်၏။ ဤ ပပဉ္စ၏ ချုပ်ခြင်းမှာ သုညတာဖြစ်၏။ သို့ကြောင့် သုညတာသည် လွတ်မြောက်မှု၏ အစီးအပွားဖြစ်၏။ အရာဝတ္ထုအား ရရှိခြင်းအပေါ်မှာ ပပဉ္စ မွေးဖွားပြီးနောက် ကြံစည်ခြင်းတို့ဖြင့် ထို ကံကိလေသာကိုဖြစ်စေ၏။ ယင်းဖြင့် သတ္တဝါသည် သံသရာရေယဉ်ကြော မျောနေရခြင်းဖြစ်၏။ သို့ရာတွင် အရာဝတ္ထုတို့ကိုမရသောကြောင့် အကျိုးမဲ့ဖြစ်ခြင်းတို့၏ မူလသည် ပပဉ္စကို မွေးမပေးနိုင်၊ လောက၌ အမြုံမ၏ သမီးမရှိခြင်းကြောင့် ဘယ်ကာမဂုဏ်သားမျှ သူ၏အာရုံ၌ စဉ်းစားမည်မဟုတ်သကဲ့သို့တည်း။ ထို့အတူရာဂ၏ နှောင်ကြိုးဖြင့် အနှောင်အဖွဲ့ခံပြီး မိမိကိုကိလေသာ၏ အိုးခွက်ပြု

လိမ့်မည်မဟုတ်။ ယင်းသို့လျှင် သုညတာ၏ဉာဏ်ဖြင့် ယောဂီသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ အလုံးစုံသော ပပဉ္စတို့မှ ငြိမ်းအေးခြင်းကြောင့် သုညတာသည်သာ နိဗ္ဗာန်ဖြစ်၏။

အရှင် အရိယဒေဝသည် စတုသတကဒ္ဒ အဟိံသာတည်းဟူသော ဓမ္မနှင့် သုညတာတည်းဟူသော နိဗ္ဗာန်ကို ဗုဒ္ဓဓမ္မတွင် မြတ်နိုးဖွယ်အဖြစ် ဖော်ကျူးထား၏။ လူ့ဘဝအတွက် သုညတာ၏ မြတ်နိုးဖွယ်အဖြစ် ညွှန်ပြရာ စန္ဒြကီတ္တိသည် အရိယဒေဝ၏ အယူအဆကို အကျယ်ဖွင့်ဆိုသွား၏။ သို့ကြောင့် သုညတာ၏ ဉာဏ်သည် အစဉ်မြင့်မြတ်၏။

သုညတာ၏ အကျိုးအာနိသင်ကို ပြဆိုပြီးနောက် နာဂဇ္ဇုနသည် သုည၏လက္ခဏာကို ယင်းသို့လျှင် ဖွင့်ဆို၏။

(၁) သုညသည် အပရ ပစ္စယ ဖြစ်၏။ အဓိပ္ပါယ်မှာ တခုက အခြားတခုကို ယင်း၏ ဥပဒေသ မပေးနိုင်ခြင်းဖြစ်၏။ လူတိုင်း ဤသဘောတရားကို ခံစားနိုင်ရန် ကိုယ်တိုင် ကြိုးစားသင့်၏။ အရိယာတို့၏ဥပဒေသကို ကြားနာရသဖြင့် ဤသဘောဉာဏ်ကို ဘယ်နည်းနှင့်မျှ မရနိုင်၊အကြောင်းကား အရိယာတို့၏ သဘောတရား ပဋိပတ်မှာ ကောင်းစွာ တင်ထားသော သမာရောပကြောင့်သာဖြစ်၏။

(၂) သုညသည် သန္တလည်းဖြစ်၏။ အဓိပ္ပါယ်မှာ သဘာဝကင်းခြင်းဖြစ်၏။

(၃) သုညသည် ပပဉ္စတည်းဟူသော အကျယ် ချဲ့ခြင်းတို့ဖြင့် ပပဉ္စိတဟူသော ကျယ်ပြန့်မှု မရှိ။ သုည၏အနက်ကို

ဘယ်သဒ္ဒါနှင့်မျှ ဖော်မပြနိုင်သောကြောင့် အသဒ္ဒနှင့် အနက္ခရ ဟုလည်းခေါ်ကြ၏။

(၄) သုညသည် နိဗ္ဗိကပ္ပလည်း မည်၏။ စိတ်ကူးဖြင့် ကြံစည်၍ မရဟု ဆိုလို၏။ စိတ်သည် ဤသဘောတရားကို မကြံစည်နိုင်။

(၅) ယင်းသည် အနာနတ္တလည်းမည်၏။ အဓိပ္ပါယ်မှာ အနက် အဓိပ္ပါယ်အမျိုးမျိုးမှ ကင်းခြင်းဖြစ်၏။ အာရုံ၌ ခမ္မတို ဖြစ်ခြင်း လက်ခံ ယုံကြည်သော အရာသည် နာနတ္တမည်၏။ စင်စစ် ခမ္မတို၏ ဖြစ်ခြင်းမရှိ။ ထို့ကြောင့် ယင်းသဘောတရား သည် အနက်အဓိပ္ပါယ် အမျိုးမျိုးမှ ကင်း၏။

သုညအား ဤသို့လျှင် အလုံးစုံသော ပပဉ္စတရားတို့ချုပ်ငြိမ်း၏။ စင်စစ် ယင်းသည် ဘာဝဖြစ်၏။ အဘာဝမဟုတ်၊ လောက၏ မူလ၌ ထင်ရှားရှိသော ယင်းဘာဝသည် အရာဝတ္ထု ဖြစ်၏။ သုညတာသည်သာ ပဋိစ္စသမုပ္ပါဒ်ဖြစ်၏။ အကြင် အရာဝတ္ထုသည် ဟေတုပစ္စည်းတို့ဖြင့် ပေါင်းဆုံခြင်းကြောင့်ဖြစ်၏။ အဓိပ္ပာယ်မှာ အချင်းချင်း ထောက် ထား သော အသွင်ဖြင့် ပေါက်ဖွား၏။ ထိုဝတ္ထုသည် စင်စစ်မဖြစ်နိုင်၊ ပစ္စည်းနှင့်မဆက်ဆန်သော အရာကိုသာ သုညဟုခေါ်၏။ သုညတာ၏ ဉာဏ်သည်သာ မေ့လျော့ခြင်း ပမာဒမှ ကင်း၏။ဤသဘောတရားကို မသိသော ယောကျ်ားသည် ပမာဒ၌ မိနေသူဖြစ်၏။

သုညတာ၏ သဘောရေးရာ သရုပ်ကို ရရှိရန် အတွက် မဟာယာနကျမ်းတို့တွင် သုညတာ၏ ထူးခြားချက်တို့ကို အသီးသီး ဖွင့်ဆိုကြ၏။ မဟာပညာပါရမိတာ၌ သုညကို ၁၈-ပါး

အပြားအားဖြင့် ဖွင့်ဆို၏။ အဘိသမယာ လင်္ကာရ လောကဌ် အပြား ၂၀-ဖွင့်ဆို၏။ ယင်းတို့ကိုလေ့လာသဖြင့် သုညတာ၏ သဘာဝသည် အသဲနှလုံးသို့ ရောက်လာမည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဗောဓိသတ္တအတွက် ယင်းကို သိရန် လို ၏။ သုညတာ၏ ယင်းဉာဏ်သည် ဗောဓိသတ္တ၏ ဉာဏသမ္ဘာရ၏ အတွင်းဝင်သည်။ သုညတာ၏ အပြား ၂၀-မှာ ဤသို့တည်း။

(၁) အဇ္ဈတ္တ သုညတာ။ ။အတွင်း အရာဝတ္ထုတို့၏ သုညတာဖြစ်ခြင်း၊ အဇ္ဈတ္တ ဖြင့် ဝိညာဏ် ၆-ပါးကို ဆိုလို၏။ အဓိပ္ပာယ်မှာ ငါတို့၏ စိတ်ကြိယာ၏ မူလဌ် ယင်း၏ အစဉ်အလာဖြစ်သည့် အတ္တ အမည်ရှိသော အရာဝတ္ထု တစုံတရာ မရှိခြင်းဖြစ်၏။ ဟီနယာနတို့ ၏ အနတ္တဝါဒသည် ဤသုညတာကို ထွန်းပြ၏။

(၂) ဗဟိဒ္ဓ သုညတာ။ ။အပြင်အပ အရာဝတ္ထုတို့၏ သုညတာဖြစ်ခြင်း၊ ဣန္ဒြေတို့၏ အာရုံရုပ်သည် ရသ ဖဿ အစရှိသော သဘာဝ သုည ဖြစ်၏။ ငါတို့၏ အတွင်းလောကရုပ်သည် သုညဖြစ်ခြင်းကြောင့် အနှစ်သာရ မရှိသကဲ့သို့ အပြင်အပ လောက၏လည်း မူလဌ် တစုံတရာ အတ္တမရှိ။

(၃) အဇ္ဈတ္တ ဗဟိဒ္ဓ သုညတာ။ ။ငါတို့သည် သာမန်အားဖြင့် အတွင်း

နှင့် အပဝတ္ထုတို့၌ ခွဲခြားနေကြ၏။ သို့ရာတွင် ယင်း ခွဲခြားချက်လည်း စင်စစ်မဟုတ်၊ ခွဲခြားကြံဆခြင်းသာဖြစ်၏။ နေရာပြောင်းလိုက်ပါလျှင် အကြင် အပြင်သည် ထိုအတွင်းဖြစ်သွားပြီး အကြင်အတွင်းသည် ထိုအပြင် ဖြစ်သွား၏။

(၄) **သုညတာ သုညတာ**။ ။ဓမ္မတရားအားလုံး သုညအဖြစ် ပြီး မြောက် သော အခါ ငါတို့၏စိတ်နှလုံး၌ ဤသုညတာသည် သဘော တရား အရာဖြစ်၏။ သို့မဟုတ် ငါတို့၏ ကြိုးပမ်းခြင်းဖြင့်ရသော ဗဟိဒ္ဓ အရာ ဖြစ်၏ဟု ခံယူတတ်၏။ ယင်းခံယူချက်ကိုပယ်ဖျက်ရန် သုညတာ၏ သုညတာကို ညွှန်ပြခြင်းဖြစ်၏။ သုညတာလည်းစင်စစ်မရှိဟု ဆိုလို၏။

(၅) **မဟာ သုညတာ**။ ။အရပ်ဒေသ၏သုညတာဖြစ်၏။ အရပ် ဆယ်မျက်နှာတို့၏ ဝေါဟာရမှာ ကြံဆခြင်းတို့ဖြစ်၏။ ယင်းကြံဆခြင်းမှာ အချင်းချင်း အပြန်အလှန် ထောက်ထားခြင်း ရှိ၏။ အရှေ့ အနောက်သည် အချင်းချင်းကို နိမိတ်မှတ်၍ ကြံဆခြင်းတို့ဖြစ်၏။ အရပ်ဒေသ၏ အစီအရင်မှာ ကြီးကျယ်လှသောကြောင့် ယင်း သုညတာကို မဟာဟူသော ဝိသေသနဖြင့် သတ်မှတ်ခြင်းဖြစ်၏။

(၆) **ပရမတ္ထ သုညတာ**။ ။ပရမတ္ထဖြင့် ဆိုလိုသည်မှာ နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန်သည်

သံသရာ ပပဉ္စတို့မှ ကင်းလွတ်ရုံမျှဖြစ်၏။ သို့ကြောင့် နိဗ္ဗာန်၏ သရုပ်ဖြင့် သုညပြုလုပ်သောအခါ နိဗ္ဗာန်လည်း သုညဖြစ်၏။

(၇) သင်္ခတ သုညတာ။ ။သင်္ခတ၏ အဓိပ္ပာယ် မှာ အကြောင်း နိမိတ် ပစ္စည်းတို့ကြောင့် ဖြစ်သော အရာဝတ္ထုဖြစ်၏။ လောက သုံးပါးတွင် အတွင်းဝင်သော ကာမဓာတ်၊ ရူပဓာတ်နှင့် အရူပ ဓာတ်တို့၏ အစီအရင်ဖြစ်၏။ ဤလောကသုံးပါး၌ဖြစ်သော အရာဝတ္ထုသည် သရုပ်အားဖြင့် သုညဖြစ်၏။ လောက၏ အတွင်းနှင့်အပ အရာဝတ္ထုဟူသမျှသည် သုညသရုပ်ဖြစ်၏ဟုဆိုလို၏။

(၈) အသင်္ခတ သုညတာ။ ။အသင်္ခ အရာဝတ္ထုသည် ဖြစ်ခြင်းမှကင်းမှု၊ ပျက်ခြင်းကင်းမှု အစရှိသော တရားတို့နှင့်ယှဉ်၏။ သို့ရာတွင် မဖြစ်ခြင်း အနုပ္ပါဒနှင့် ချုပ်ခြင်းနိရောဓလည်း အမည်မျှသာ ဖြစ်၏ဟူသော တွေးတောချက်လည်း အထောက်အထားရှိ၏။ သင်္ခတ၏ နိရောဓ ဖြစ်ခြင်းကြောင့် အသင်္ခတ၏ ကြံစည်ခြင်းဖြစ်၏။ ယင်းနှစ်ပါးလုံးပင် တွယ်ရာမဲ့သော သုညဖြစ်၏။

(၉) အစ္စန္တ သုညတာ။ ။အန္တတိုင်းသည် သဘာဝ သုညဖြစ်၏။ သဿတသည် အန္တတခုဖြစ်၍ ဥစ္ဆေဒသည် အန္တတခုဖြစ်၏။ ယင်းအန္တနှစ်ပါးလုံး၏ အလယ်ဗဟိုတွင် တစုံတခုသော အရာဝတ္ထု ထင်ရှားမရှိ၊ သို့ကြောင့် ယင်း၏လည်း မိမိသရုပ် တစုံတရာမရှိ၊ အစ္စန္တ သုည

တာ၏ အဓိပ္ပာယ်မှာ လုံး၀ သုညတာဖြစ်၍ သုညတာ-သုညတာနှင့်တူ၏။

(၁၀) အနဝရဂ္ဂ သုညတာ။ ။အစ အလယ်နှင့် အဆုံး၊ သုံးပါးလုံး၏ အတွေးမှာ အထောက်အထားရှိ၏။ သို့ကြောင့် ယင်း၏ မိမိသဘာ၀ရုပ် တစုံတရာမရှိ၊ တစုံတခုသော အရာ၀တ္ထုကို အစဟုယူဆသကဲ့သို့ အခြားသော အရာ၀တ္ထုကို အစမရှိဟု ယူဆ၏။ အစနှင့်အဆုံးနှစ်မျိုးလုံးပင် အချင်းချင်းဆန့်ကျင်ခြင်းကို ဆောင်ကြ၏။ ဤဆောင်ခြင်းတို့၏ သုညတာကိုပြရန် ဤအမျိုးအစားကို ခွဲခြားပြခြင်းဖြစ်၏။

(၁၁) အနဝကာရ သုညတာ။ ။အနဝကာရဖြင့် ဆိုလိုသည်မှာ အနုပဓိသေသ နိဗ္ဗာန်ဖြစ်၏။ ယင်း၏ အကြောင်းမဲ့ အပါကရဏသည် ဘယ်အခါမျှ မဖြစ်နိုင်၊ ဤတွေးဆချက်လည်း သုညအသွင်ဖြစ်၏။ အပါကရဏသည် မိမိနှင့်ဝိဝေရာဓိဖြစ်သောအတွေးပေါ်မှာ မှီတွယ်နေသောကြောင့် ထောက်ထားမှုရှိသဖြင့် သုညအသွင်ဖြစ်၏။

(၁၂) ပကတိ သုညတာ။ ။အဘယ်၀တ္ထု၏ ပကတိနှင့် သဘာ၀မဆို ပညာရှိတို့အားဖြင့် ပေါင်းစု၍လည်း မဖြစ်နိုင်၊ ယင်းအား မိမိ၏ တစုံတရာ ထူးခြားသော ရုပ်သွင်မရှိ၊ အကြောင်းကား ယင်း

သည် သင်္ခတ ဖြစ်စေ၊ အသင်္ခတ ဖြစ်စေ ဘယ်ရုပ်သွင် တွင်မှ ပြောင်းလဲခြင်းလည်း မရှိ၊ မပြောင်းလဲခြင်းလည်း မရှိသော ကြောင့်ဖြစ်၏။

(၁၃) သဗ္ဗဓမ္မ သုညတာ။ ။လောက၏ ဓမ္မဟူသမျှ သဘာဝမှ ကင်း၏။

အကြောင်းကား သင်္ခတနှင့် အသင်္ခတ နှစ်ပါးတို့နှင့် ဆက်သွယ်သော ဓမ္မသည် အချင်းချင်း အမှီပြု နေကြ၏။ သို့ကြောင့် ယင်းတို့သည် ပရမတ္ထ ထင်ရှားရှိခြင်းမှ ကင်းကွာခြင်းဖြစ်၏။

(၁၄) လက္ခဏ သုညတာ။ ။တစုံ တခုသော အရာဝတ္ထု၏ လက္ခဏာမှာ ယင်းဖြင့် လူတို့သည် ထိုအရာကို မှန်စွာ သိရခြင်း ဖြစ်၏။ ဥပမာ မီး၏အပူဓာတ်၊ ရေ၏အအေးဓာတ်သည်ထိုအရာဝတ္ထုတို့၏ လက္ခဏာဖြစ်၏။ ယင်း လက္ခဏာလည်း စင်စစ် သုည ဖြစ်၏။ အကြောင်းကား ဟေတု ပစ္စည်းကြောင့်ဖြစ်သဖြင့် ယင်း တို့၏လည်း တစုံတရာ လွတ်လပ်စွာ ထင်ရှားမဖြစ်နိုင်၊ ထို့ကြောင့် အရာဝတ္ထုတို့၏ သာမညနှင့် ဝိသေသ လက္ခဏာသည် အမည်မျှသာ၊ ပညတ်ခြင်းမျှသာဖြစ်၏။

(၁၅) ဥပလမ္ဘ သုညတာ။ ။အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဟူသော ကာလသုံးပါး ကြံစည်ခြင်းမှာ အရုပ်မျက်နှာ ကြံဆခြင်းကဲ့သို့ပင် လုံးဝတည်ရာမဲ့ဖြစ်၏။ လူသည် မိမိဝေါဟာရအတွက် ကာလကို

ကြုံဆ၏။ ယင်း၏ ထင်ရှားဖြစ်ခြင်းသည် လွတ်လပ်စွာသတ္တဝါ တို့ဖြင့် ပြီးမြောက်သကဲ့သို့ ကာလသည် ယင်းသို့တစုံတရာ ပြီး မြောက်သော အရာမဟုတ်။

(၁၆) အဘာဝ သဘာဝ သုညတာ။ ။များစွာသော ဓမ္မ တရားတို့ ပေါင်းဆုံခြင်းကြောင့်ဖြစ်သော အရာဝတ္ထု၏လည်း တစုံတရာ မိမိထူးခြားချက် သရုပ်မရှိ၊ အကြောင်းကား အချင်းချင်း အထောက်အထား ပြုသောကြောင့် ဤကဲ့သို့သော ဝတ္ထုအား လွတ်လပ်စွာ ထင်ရှားမရှိခြင်း ဖြစ်သတည်း။

(၁၇) ဘာဝ သုညတာ။ ။ခန္ဓာငါးပါး အပေါင်း အစုကို သာမန်အားဖြင့် အတ္တဟုခေါ်ကြ၏။ သို့ရာတွင် ယင်းခန္ဓာငါးပါးလည်းသရုပ်မှ ကင်း၏။ ခန္ဓာ၏ အဓိပ္ပာယ်မှာ အစုအပုံဖြစ်၏။ အရာဝတ္ထုအစု အပုံ ဖြစ်သော ထိုအရာသည် ကိုယ်တိုင် ပြီးမြောက်ခြင်း မရှိ၊ သို့ကြောင့် ယင်းသည် လောက၏ အရာဝတ္ထုတို့အား ဘယ် နည်းနှင့်မျှ နိမိတ်မပြုနိုင်၊ ခန္ဓာ၏ ထင်ရှားရှိခြင်းကို တားမြစ် ခြင်းသည် ဤဝေဘန်ချက်၏ အနှစ်သာရဖြစ်၏။

(၁၈) အဘာဝ သုညတာ။ ။အာကာသ၊ပတိသင်္ချာ နိရောဓနှင့် အတိသင်္ချာ ရောဓတို့သည် သဘာဝမှကင်းကြ၏။ ယင်းတို့သည် အမည်နာမ

သက်သက်မျှသာဖြစ်ကြ၏။ ယင်းတို့သည် စင်စစ် သံသရာနှင့် ပတ်သက်သော သစ္စာ၏ အဘာဝရုပ်ဖြစ်သောကြောင့် ကိုယ်တိုင် ထင်ရှားရှိခြင်းမှကင်းကြ၏။

(၁၉) သဘာဝ-သုညတာ။ ။အရာဝတ္ထုတိုင်း၏ သဘာဝသရုပ်သည် သာမညအစီအရင်ဖြင့် ငါတို့အားဆောင်၏။ ယင်းသဘာဝသည် အရိယာတို့၏ ပဋိဘာန် ဉာဏ်အမြင်အားဖြင့် မဖြစ်နိုင်၊ ဉာဏ်နှင့် အမြင်သည် အရာဝတ္ထု၏ ဟုတ်တိုင်းမှန်ရာအသွင်အားထွန်းပြ၏။ ထင်ရှားရှိခြင်းကင်းသော အရာဝတ္ထုကို ဘယ်နည်းနှင့်မျှ သူတို့မ လုပ်နိုင်ကြ။

(၂၀) ပရဘာဝ-သုညတာ။ ။အရာဝတ္ထု၏ ဟုတ်တိုင်း မှန် ရာ ရုပ် သွင်သည် အမြဲပစ္စုပ္ပန်ဖြစ်နေ၏။ ယင်းသည် အသိဉာဏ် ဖြစ်ရန်နှင့် ပျက်စီးရန်ကို ထောက်ထားမနေဘဲ သဘာဝရုပ်ဖြင့် အမြဲ ထင်ရှားရှိနေ၏။ ယင်းသဘောကို တစုံတခုသော ဗဟိဒ္ဓ အကြောင်းကြောင့် ဖြစ်သည်ဟု ယူဆခြင်းမှာ အစဉ်ပင် တက္ကကင်းကွာ၏။

ဤသည်ကား သုညတာ အပြား ၂၀-၏ အကျဉ်းချုပ် အဖွင့်ဖြစ်၏။ ဤမျှလေ့လာခြင်းဖြင့် သုညတာ၏ ပြန့်ပြောသော အတွေးအမြင်တို့သည် ငါတို့၏ မျက်မှောက်သို့ ရောက်လာနိုင်၏။ ဤလောက၏ အရာဝတ္ထု တစုံတခု, တစုံတခုလည်း ဖြစ်သော ကြံစည်ချက် တစုံတရာဆောင်ခြင်းသည် ကေဝဋ္ဋ အမှန်မဟုတ်။ ယင်းသဘောတရား၏ အကျဉ်းသခေ်ပမှာ သုညတာဖြစ်၏။

သုညဝါဒကို ပယ်ဖျက်သော ပညာရှိ အများ အပြား ပေါ်ထွက်ခဲ့၏။ ဗုဒ္ဓဝါဒဆိုင်ရာ ပညာရှိများသာ မဟုတ်။ ဗြာဟ္မဏနှင့် ဂျိန်းဒဿနိက ဆရာတို့လည်း ပါဝင်တိုက်ဖျက်ကြ၏။ ထိုပညာရှိတို့သည် သုည၏ အဓိပ္ပါယ်ကို အဘာဝဟုသာ အညီအညွတ်ဖွင့်ဆိုကြ၏။ အကယ်၍သာ သုညဝါဒ ပြန့်ပွားသွားပါသော် လောကကြီး ပျက်စီးတော့မည်ဟုလည်း ကြွေးကြော်ကြ၏။

ဗုဒ္ဓနယာယ

နယာယ၏အဓိပ္ပါယ်မှာ နည်းနာနယ ဖြစ်၏။ ပြဿနာ ဖြေရှင်းနည်းပင်တည်း။ ယင်းသည် ဗြာဟ္မဏ ဘာသာတွင်လည်း ရှိ၏။ ဂေါတမအမည်ရှိသော ရသေ့ကြီး၏ နယာယဒဿနမှာ လွန်စွာထင်ရှား၏။ ထိုနယာယတို့ဖြင့် ကွဲပြားစေရန် ဗုဒ္ဓဝါဒနှင့် ပတ်သက်သော နယာယကို ဗုဒ္ဓနယာယဟု ခေါ်ကြ၏။ ဗုဒ္ဓနယာယသည် မြတ်စွာဘုရား လက်ထက်ကပင် ပေါ်ထွက်နေပြီဟု ဆိုနိုင်၏။ အကြောင်းကား ဝိနယပိဋကပရိဝါပါဠိတွင် ဒသိက ရဏ်းလေးမျိုးကို တွေ့ရ၏။

(၁) ဝိဝါဒါဓိကရဏ်း။ ။ဓမ္မအဓမ္မစသည်ဖြင့် တဖက်နှင့် တဖက်ငြင်းခုံခြင်း။

(၂) အနုဝါဒါဓိကရဏ်း။ ။သီလဝိပတ္တိစသောဝိပတ္တိလေး ပါး တို့တွင် တပါးပါးသော ဝိပတ္တိဖြင့် စွပ်စွဲ စောဒနာခြင်း။

(၃) **အာပတ္တာဓိကရုဏ်း။** ။ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိ ဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ ဟူသော အာပတ်ခုနစ် ဖုံသို့ သင့်ရောက်ခြင်း။

(၄) **ကိစ္စာဓိကရုဏ်း။** ။အပလောကန စသော ကံ လေးပါးတို့တွင် တပါး ပါး သောကံကို ပြုခြင်း။

ဤအဓိကရုဏ်းတို့ ဖြစ်ပေါ်လာပါလျှင် ဝိနည်း ၃ ပါး ကိုပေး၍၎င်း၊ သမထ ၄ ပါးကို ပြု၍၎င်း ငြိမ်းစေရမည်။ ယင်း ခုနစ်ပါးကို ပါတိမောက်တွင် တွေ့နိုင်၏။ အဓိကရုဏ်း ငြိမ်း နည်း ခုနစ်မျိုးပင်တည်း။

(၁) သမ္မုခါဝိနည်း။ ။မျက် မှောက် အ ဓိ က ရုဏ်း ငြိမ်းကြောင်း တ ရားကို ပေး ရမည်။

၂) သတိဝိနည်း။ ။ ရဟန္တာ ပုဂ္ဂိုလ်အား သတိ ပေးရသောဝိနည်းကို ပေးရမည်။

(၃) အမူဠ္ဍဝိနည်း။ ။ ရူးသွပ်သော ရဟန်းတို့အား သတိရခိုက်ပေးရသော ဝိနည်း ကို ပေးရမည်။

(၄) ပဋိညာယကာရေတဗ္ဗ သမထ။ ။ ဝန်ခံ သဖြင့် ပြု အပ်သော သမထကို ပြုရမည်။

(၅) ယေဘုယျသိကာ သမထ။ ။ ဓမ္မဝါဒီ ပုဂ္ဂိုလ် များရာသို့ လိုက် ၍ ဆုံးဖြတ်ရသော သမထဓမ္မကို ပြုရမည်။

(၆) တဿပါပိယသိကာ သမထ။ ။ယုတ် မာ သော ရဟန်းအား ပြုရ သောဝိနည်းကို ပြုရမည်။

(၇) တိဏဝတ္ထာရက သမထ။ ။မစင်ကို မြက်ဖြင့် ဖုံး လွှမ်းသကဲ့သို့ အာပတ် ကို ဖုံးဖိထားသော ဝိနည်းကံကို ပြုရမည်။

အဓိကရုဏ်းမှာ ၄–မျိုးရှိပြီး အဓိကရုဏ်း ငြိမ်းစေနိုင် သော တရားမှာ ၇-ပါးရှိ၏။ အဘယ် အဓိကရုဏ်း ဖြစ်လျှင် အဘယ်တရားဖြင့် ငြိမ်းစေမည်နည်း။

(၁) ဝိဝါဒါဓိကရုဏ်းကို သမ္မုခါဝိနည်းနှင့် ယေဘု ယျသိကာ သမထဖြင့် ငြိမ်းစေရ၏။

(၂) အနုဝါဒါဓိကရုဏ်းကို သမ္မုခါ ဝိနည်း, သတိ ဝိနည်း,အမူဠ္ဍ ဝိနည်းနှင့် တဿပါပိယသိကာ သမထဖြင့် ငြိမ်း စေရ၏။

(၃) အာပတ္တာဓိကရဏ်းကို သမ္မုခါဝိနည်း, ပဋိညာဏကာကုတ္တာဗ္ဗသမထနှင့် တိဏဝတ္ထာရက သမထဖြင့် ငြိမ်းစေရ၏။

(၄) ကိစ္စာဓိကရဏ်းကို သမ္မုခါဝိနည်းတပါးဖြင့်သာ ငြိမ်းစေရသည်။

ထိုမှတပါး အဘိဓမ္မာ ပိဋက ကထာဝတ္ထုတွင်လည်း နယာသတ္တနှင့် စပ်လျဉ်းသော အချက်အလက်တို့ တွေ့နိုင်၏။ အနုယောဂ (မေးစိစစ်ခြင်း)၊ အာဟရဏ (ဆောင်ယူခြင်း)၊ ပဋိညာ (ပဋိညာဉ်ဝန်ခံခြင်း)၊ ဥပနယ (ကပ်၍ ဆောင်ခြင်း)၊ နိဂ္ဂဟ (နှိမ်ခြင်း နှိပ်ခြင်း)ကဲ့သို့သောပြယုဂ်တို့ကို ဖော်ထုတ်ထားသဖြင့် ထိုစဉ်အခါက နယာယကျမ်းအတတ်မှာ အတော်ပင် အဆင့်အတန်း မြင့်နေလိမ့်မည်။

နယာသတ္တ၏ ရှေးအမည်မှာ ဟေတုဝိဇ္ဇာ ဖြစ်၏။ ထိုစဉ်အခါက ယင်းကျမ်း၏ ပဓာနရည်ရွယ်ချက်မှာ မိမိဘက်ကို လေးနက်စေပြီး ဆန့်ကျင်ဘက်ကို ချေဖျက်ရန်ဖြစ်၏။ သို့ကြောင့် ယင်းအမည်မှာ ဝါဒသတ္တ သို့မဟုတ် ဝါဒဝိဂိဖြစ်၏။ ဤအကြောင်းကို ပဓာနအဖြစ် အမှတ်ပြု၍ စီရင်သောကြောင့် ဝသုဗန္ဓု၏ ကျမ်းအမည်မှာ ဝါဒဝိဓာနဖြစ်၏။ ဝသုဗန္ဓု၏ နောင်တော်ကြီး အသင်္ဂသည် ယောဂါစာရဘူမိ၌ ဟေတုဝိဇ္ဇာကို အကျယ်ဖွင့်ဆိုထား၏။ သူသည် အပိုင်း ၆-ပိုင်းဖြင့် ဟေတုဝိဇ္ဇာကို ခွဲခြားဝေဘန်၏။ ယင်းတို့မှာ (၁) ဝါဒ၊ (၂) ဝါဒအဓိကရဏ၊ (၃) ဝါဒအဓိဋ္ဌာန၊ (၄) ဝါဒလင်္ကာရ၊ (၅) ဝါဒနိဂ္ဂဟနှင့် (၆) ဝါဒဒေဗဟုကရဖြစ်၏။

(၁) ဝါဒ။ ။ဟူသည်မှာ ပြောဆိုခြင်းဖြစ်၏။ ပြောဆိုခြင်းမှာလည်း ၆-ပါးအပြားရှိ၏။ ယင်းတို့မှာ နှီးနှောပြောဆိုသော ပဝါဒ, အယူအဆနှင့် ပတ်သက်၍ ငြင်းခုံသော ဝိဝါဒ, သူတပါးကို ကဲ့ရဲ့ပြစ်တင်သော အပဝါဒ,တရားလမ်းကြောင်းပေါ်မှာနေ၍ ယုံမှား သံသယကို ဖယ်ရှားသောအနုဝါဒနှင့် သဘောဥာဏ်ဖြစ်စေရန် ဆုံးမသော ဩဝါဒတို့ဖြစ်၏။ ယင်းသို့လျှင် ပြောဆိုခြင်းဝါဒမှာ ၆-ပါး အပြားရှိ၏။

(၂) ဝါဒအဓိကရဏ။ ။ဟူသည်မှာ ဝါဒပြိုင်ဆိုင်ဆုံးဖြတ်မည့် နေရာဖြစ်၏။ ထိုနေရာမှာယှဉ်ပြိုင်မည့် အယူအဆ, အကြောင်းအရာနှင့် သင့်လျော်သော နေရာဖြစ်သည်။ ရှေးအခါကမူ နေရာနှစ်ခုရှိသည်၊ တခုမှာ ရှင်ဘုရင်ကြီးမှူးသော ရာဇသဘင်ဖြစ်၍ နောက်တခုမှာ အတ္တဓမ္မ၌ နက်ရှိုင်းသိမ်မွေ့သော ရသေ့ရဟန်းတို့၏ ဓမ္မသဘင်ဖြစ်၏။ ဤနေရာတို့ကိုပင် ဝါဒ အဓိကရဏဟု ခေါ်၏။

(၃) ဝါဒအဓိဋ္ဌာန။ ။အစည်းအဝေးတွင် ထိမ်းသိမ်းစောင့်ရှောက်သည့် သဘာပတိ အခမ်းအနားမှူး စသည်တို့ကို ဝါဒ အဓိဋ္ဌာန ဟုခေါ်၏။

(၄) ဝါဒ အလင်္ကာရ။ ။ဝါဒကို တန်ဆာဆင်ခြင်းပင်တည်း။ ဝါဒ၏ အဆင်

တန်ဆာတို့မှာ မိမိနှင့် ပြိုင်ဘက်၏ အယူဝါဒတို့ကို ကောင်းစွာသိခြင်း၊ စကားကို ကောင်းစွာ ပြောတတ်ခြင်း၊ မကြောက် မရွံ့ ရဲဝံ့စွာပြောဆိုခြင်း၊ စဉ်းစားတွေးတော၍ တည်ကြည်စွာ ပြောဆိုခြင်းနှင့် စိတ်ဝင်စားဖွယ် ပြောဆိုခြင်းတို့ဖြစ်၏။

(၅) ဝါဒ နိဂ္ဂဟ။ ။နှိမ်ခြင်း နှိပ်ခြင်းကို နိဂ္ဂဟဟု ခေါ်၏။ သူတပါး၏ စကားကို စာပေ ကျမ်းဂန်ဖြင့် ဖမ်းခြင်းပေတည်း။ မေတြေယသည် ယင်း နိဂ္ဂဟကို သုံးမျိုးခွဲခြားပြီး ဖွင့်ဆို၏။ မိမိအယူဝါဒကို မှန်စွာသိခြင်း၊ ဆိုလိုချက်ကို လှည့်ပတ် ပြောဆိုခြင်းနှင့် အကျိုးမရှိသော စကားများကို ပြောကြားခြင်းဖြစ်၏။

(၆) ဝါဒေဗဟုကရ။ ။ဟူသည်မှာ ဟံမြက် လှည်းသူသည် အမှိုက်သရိုက် ဟူသမျှကို သိမ်းကြုံးပြီး လှည်းထုတ်သကဲ့သို့ ဆန့်ကျင်ဘက်၏ အဆို အမိန့်တို့ကို ဖယ်ရှားပစ်ခြင်းပင်တည်း။

ဤကား ဟေတုဝိဇ္ဇာ၏ အင်္ဂါ ၆-ပါး အကျဉ်းဖြစ်၏။ အသင်္ဂသည် ယင်းဟေတုဝိဇ္ဇာကို သဒ္ဒ ဝိဇ္ဇာ၊ သိပ္ပ ဇ္ဇာ၊ စိကိစ္ဆ ဝိဇ္ဇာနှင့် စိတ်ပညာတို့နှင့် အတူ တတန်းတည်းထား၏။ ပြာဟ္မဏ ဒဿနိကတို့ကဲ့သို့ပင် ဗုဒ္ဓဝါဒ၏ ပဓာနမှာလည်း ဉာဏ်ပညာနှင့် ကင်း၍ လွတ်မြောက်မှု မရခြင်းပင်ဖြစ်၏။ အကျိုးမဲ့ ဟူသမျှ တို့၏မူလမှာ အဝိဇ္ဇာဖြစ်၍ ယင်းအဝိဇ္ဇာကို ဖယ်ရှားရန် တခု တည်းသော ဉပါယ်မှာ စင်ကြယ်သော ဉာဏ်ကို ရခြင်းဖြစ်၏။

သို့ရာတွင် ဘယ်သို့လျှင် ဉာဏ်၏ စင်ကြယ်ခြင်း ဖြစ်နိုင်သနည်း။ ဉာဏ်၏ ဖြစ်ပေါ်ရာတွင် ဘယ်မျှသော အတား အဆီးများရှိသနည်း။ ဤအကြောင်း အရာတို့ဘက်သို့ ဗုဒ္ဓဝါဒီ ဆရာတို့၏ အတွေးအမြင် ဆွဲငင်သွား၏။ ဗုဒ္ဓနယာယသည် ဤကြိုးပမ်းချက်၏ အကျိုးဖလဖြစ်၏။

မသိ မမြင်ခြင်းကို ထွန်းပြသော ဉာဏ်သည် ပမာဏမည်၏။ လွတ်မြောက်မှုအတွက် ဉာဏ်ပညာရှိရမည် ဟူသည်မှာ ဤပမာဏကို ဆိုလို၏။ ပမာဏ၏ အနက်ရင်းမှာ အတိုင်းအတာဖြစ်၏။ ယင်းပမာဏနှင့် ပတ်သက်၍ ဒဿနိက ဆရာများ အယူအဆ အမျိုးမျိုး ကွဲပြားနေကြ၏။ စာရဝါက၏ အမြင်တွင် ပမာဏမှာ ပစ္စက္ခ တခုတည်းသာတည်း။ သူကား မျက်မြင်ကိုသာ ပမာဏဟု ယုံကြည်၏။ သင်္ချဒဿနတို့၏ အယူအဆမှာ ပမာဏသည် ပစ္စက္ခ၊ အနုမာန၊ သဒ္ဒ ဟူ၍ သုံးမျိုးရှိ၏။ နေယာနိက ဆရာတို့သည် ထိုတွင် ဥပမာနကိုယှဉ်ပြီး ပမာဏလေးပါးကိုလက်ခံကြ၏။ မိမံသိကနှင့် ဝေဒန္တတို့ကား အတ္တာပတ္တိနှင့် အနုပလဒ္ဓိကိုလည်း ပမာဏဟု ယူဆကြ၏။ ဗုဒ္ဓနယာယကား ဤအလုံးစုံတို့မှ တမျိုးတဘာသာ ခြားနား၏။ သူတို့၏ အမြင်တွင် ပမာဏသည် ပစ္စက္ခနှင့် အနုမာနဟု နှစ်ပါး အပြားရှိ၏။ ဤသို့ ယူဆခြင်း အကြောင်းမှာ အာရုံသည် သလက္ခဏနှင့် သာမည လက္ခဏဟု နှစ်မျိုး ပြားသောကြောင့် ဖြစ်၏။ မိမိသဘော လက္ခဏာကိုဆောင်သော သလက္ခဏာသည် ပစ္စက္ခအာရုံဖြစ်၏။ သာမန် အများ၏ သဘောလက္ခဏာကို ဆောင်သော သာမည လက္ခဏာသည် အနုမာန၏ အာရုံဖြစ်၏။

ပစ္စက္ခမှာ မြန်မာစကားကဲ့သို့ပင် ဖြစ်နေ၏။ အဓိပ္ပါယ်မှာ မျက်မှောက် မျက်မြင် ကိုယ်တွေ့ဖြစ်၏။ တခါတရံ မြန်မာစကားနှင့် တွဲဖက်၍ မျက်မှောက် ပစ္စက္ခဟုပင် သုံးလေ့ရှိ၏။ ယင်းကို ပမာဏကျမ်းတို့က "တွေးကြံခြင်းမှ ကင်း၍ မလှုပ်မရှက် ငြိမ်သက်သော ဉာဏ်သည် ပစ္စက္ခမည်၏"ဟု ဖွင့်ဆိုကြ၏။ ဒိန္နာဂကမူ "အမည်၊ ဇာတ် အစရှိသည်နှင့် မယှဉ်မူ၍ ကြံဆခြင်းကင်းသော ဉာဏ်သည် ပစ္စက္ခမည်၏" ဟု ပရိဘာသာဆို၏။ ကြံဆခြင်းဟူသည် အဘယ်နည်း။ အမည်၊ ဇာတ် ဂုဏ်၊ ကြိယာ ဒြဗ်ဖြင့် တခုတခုတွင် ယှဉ်စပ်ခြင်းသည် ကြံဆခြင်းမည်၏။ နွား၊ ကျေးသား၊ ထမင်းချက်သူ၊ တောင်ဝှေး ဆောင်သူ၊ ဆင်ရုပ် စသည်တို့သည် တွေးဆခြင်းတို့ဖြစ်ကြ၏။ မလှုပ်မရှက် ငြိမ်သက်ခြင်းဟူသည်မှာ အထင် အမြင် မမှောက်မှားခြင်းဖြစ်၏။ မှောက်မှားခြင်းတို့ကို ငါးပါး အပြားအားဖြင့် အသင်္ဂဖွင့်ဆို၏။

(၁) သညာ။ ။အမှတ် အသား မှောက်မှားခြင်း။ ရေဆာနေသောသမင်သည် တန်လျှပ်ကို ရေထင် သကဲ့သို့တည်း။

(၂) သင်္ချာ။ ။အရေ အတွက် မှောက် မှားခြင်း။ မျက်စိ ရောဂါ ရှိသူသည် တခုတည်းသောလကို လနှစ်ခု မြင်သကဲ့သို့တည်း။

(၃) သဏ္ဌာန။ ။အသွင်သဏ္ဌာန် မှောက်မှားခြင်း။ မီးစကို ဝှေ့ရမ်း သကဲ့သို့တည်း။

(၄) ဝဏ္ဏ။ ။အဆင်း အရောင် မှောက်မှားခြင်း။ ဖြော့တော့သော ပဏ္ဍုရောဂါ ရှိသူသည် ခရုသင်းစသော အဖြူရောင်အရာဝတ္ထုကို ရွှေဝါရောင်မြင်သကဲ့သို့တည်း။

(၅) ကမ္မ။ ။ကံမှောက်မှားခြင်း။ ပြေးသွားသူအား သစ်ပင်တို့ နောက်ဘက် ပြေးသည်ဟု မြင်သကဲ့သို့တည်း။

ဤမှောက်မှားခြင်းတို့မှ ကင်းစင်လျက် အမည်၊ ဇာတ်စသော အယူ၌မှ လွတ်ကင်းသော ဉာဏ်ကို ပစ္စက္ခဟုခေါ်၏။ ယင်းပစ္စက္ခသည်လည်း ဣန္ဒြိယဉာဏ၊ မနောဝိညာဏ၊ သသံဝေဒနနှင့် ယောဂီဉာဏဟူ၍ လေးပါး အပြားရှိ၏။

၁ ဣန္ဒြိယပစ္စက္ခ။ ။ဟူသည်မှာဣန္ဒြေ၏ မျက်မှောက်ဖြစ်၏။ မျက်စိ၊ နား၊ နှာခေါင်း လျှာနှင့် ကိုယ်ကို ဣန္ဒြေဟု ခေါ်၏။ ယင်းဣန္ဒြေတို့၏ မျက်မှောက်သည် ဣန္ဒြိယ ပစ္စက္ခမည်၏။ ဣန္ဒြိယ ပစ္စက္ခ ဖြစ်သောအခါ ပတ်ဝန်းကျင်မှ မိမိသတိကို ယုတ်သိမ်း၍ ငြိမ်သက်သောစိတ်ဖြင့် တစုံတယောက်ကိုမြင်၏။ ဣန္ဒြေဉာဏ်ဖြစ်သော အခါ အသွင်သဏ္ဌာန် အဆင်းအရောင်စသော တစုံတရာ အရာဝတ္ထု၏ ဉာဏ်မဖြစ်၊ ကြံဆခြင်းစသောအခါ ဣန္ဒြိယပစ္စက္ခ ဖြစ်ပြီးနောက် မြင်သူ၏စိတ်သည် ဇာတ်, ဂုဏ် စသည်ဘက် တိုးတက်သွား၏။ ဣန္ဒြေဖြင့် အရာဝတ္ထု၏ လက္ခဏာသက်သက် ကိုသာ

သိနိုင်၏။ အရာဝတ္ထုကို အမည်ပေးသောအခါ ထိုအရာဝတ္ထု သည် ဣန္ဒြေ၏ရှေ့မှ ဖယ်နေပြီး စိတ်သည် အသစ်အဟောင်း ဖြစ်သော ကြံစည်ခြင်းတို့ကို တခုတည်းပေါင်းလိုက်ကာ အမည် ကို ရှာဖွေရန် စူးစိုက်နေ၏။

(၂) **မနောဝိညာဏပစ္စက္ခ။** ။ဟူသည်မှာ စိတ်၏မျက်မှောက် ဖြစ်၏။ ယင်း တွင် မျက်စိအစရှိသော ဣန္ဒြေငါးပါး၌ဖြစ်သောစိတ်များ မပါ ဝင်၊ ထိုမှတပါးသော စိတ်များဖြစ်၏။ နယာယဗိန္ဒုနှင့် ပမာဏ ဝတ္တိကတို့၏ ဖွင့်ဆိုချက်မှာ အာရုံ၏နောက်၌ အာရုံနှင့် သဟ ကာရီ သမနန္တရပစ္စက္ခ တည်းဟူသော ဣန္ဒြေဉာဏ်ကြောင့် ဖြစ် သော ဉာဏ်သည် မနောဝိညာဏ ပစ္စက္ခမည်၏။ ဗုဒ္ဓဒသနန၌ ဉာဏ်၏ အကြောင်း လေးပါးရှိ၏။ ယင်းတို့မှာ အာလမ္ဗဏ ပစ္စည်း၊ သဟကာရီ(သဟဇာတ)ပစ္စည်း, အဓိပတိ ပစ္စည်းနှင့် သမနန္တရပစ္စည်းဖြစ်၏။ ဥပမာ-မျက်စိဖြင့် အိုး၏ဉာဏ်ဖြစ်ရာ၌ ရှေးဦးစွာသော အကြောင်းမှာ အိုးသာလျှင်ဖြစ်၏။ ယင်းသည် အာရုံဖြစ်သောကြောင့် အာလမ္ဗဏ ပစ္စည်းမည်၏။ အလင်းရောင် နှင့် ကင်း၍ အိုး၏ဉာဏ်မဖြစ်နိုင်၊ သို့ကြောင့် အလင်းရောင်ကို သဟကာရီပစ္စည်းဟုခေါ်၏။အဓိပတိသည် ဣန္ဒြေအမည်သာဖြစ် ၏၊ သို့အတွက် အဓိပတိပစ္စည်းသည် ကိုယ်တိုင်ဣန္ဒြေဖြစ်၏။လေးခု မြောက်အကြောင်းမှာ ယူခြင်းနှင့် ကြံဆသော အစွမ်းကို ယှဉ် သောကြောင့် တစုံတခုသော အရာ အဝတ္ထုကို မျက်မှောက်ပြု၏။ ယင်းသည် သမနန္တရပစ္စည်းမည်၏။မျက်စိစသောဣန္ဒြေတို့ကြောင့်

ဖြစ်သော အာရုံ၏ ဝိညာဏ်ကို သမနန္တရပစ္စည်းပြု၍ ဖြစ်သော စိတ်သည် မနောဝိညာဏပစ္စက္ခမည်၏။ ဤကား ဓမ္မကိတ္တိ၏အယူအဆဖြစ်၏။ ဒိန္နာဂသည် အရာဝတ္ထုအား ရာဂ စသည်၏ ဉာဏ်ဖြစ်ခြင်းကို မနောဝိညာဏပစ္စက္ခဟုခေါ်၏။ သို့ရာတွင် ဓမ္မကိတ္တိသည် ယင်းကို စိတ်မျက်မှောက်ဟုယူဆရန် အသင့်မရှိ၊အကြောင်းကား ဤတွင် စိတ်မျက်မှောက်ဖြစ်ခြင်းမှာ ဣန္ဒြေတို့ဖြင့်မြင်သော အရာဝတ္ထုတို့၏ အာရုံ၌ ဖြစ်သောကြောင့်တည်း။ ဤအဆင့်တွင် ဉာဏ်သည် အရာဝတ္ထုအား ပြခြင်း၏ အကြောင်း ဖြစ်သောကြောင့် ယင်းသည် ပမာဏ ဖြစ်မည်မဟုတ် ဟူသတည်း။

(၃) သသံဝေဒန ပစ္စက္ခ။ ။ဟူသည်မှာ ကြံဆခြင်း မရှိသော ဉာဏ်ဟု ဒိန္နာဂ ဖွင့်ဆို၏။ ဣန္ဒြေဖြင့်ယူသော အသွင်၏ ဉာဏ်သည် စိတ်ဉာဏ် အသွင်ပြောင်းလဲသွားသောအခါ ထို အာရုံအား ရည်ရွယ်၍ လောဘ၊ ဒေါသ၊ မောဟ၊ သုခ၊ ဒုက္ခ အစရှိသော ခံစားမှု အနုဘာဝတို့ဖြစ်၏။ ယင်းသည် သသံဝေဒန ပစ္စက္ခ မည်၏။ ဒိန္နာဂ၏ ယင်းအယူအဆကို ဖွင့်ဆိုသော ဓမ္မကိတ္တိသည် အတ္တသံဝေဒနကို စဉ်းစားပေး၏။ ဣန္ဒြေတို့ဖြင့် အာရုံ၏ အင်္ဂါတခုခုအား ဉာဏ် ဖြစ်၏။ စိတ်ဉာဏ်သည် ဣန္ဒြေက ဖြစ်သော ဉာဏ်ကိုခံစားသော်လည်း ဤနှစ်ပါးမှ ကွဲပြားသော ရာဂ၊ ဒေါသ၊ သုခ၊ ဒုက္ခ စသည့် အသစ်စက်စက် အရာဝတ္ထုတခုဖြစ်၏။ သို့ကြောင့် သုခ၊ ဒုက္ခ၏ ဉာဏ်တည်းဟူသော အတ္တသံဝေဒနကို ရှေးပစ္စက္ခ နှစ်ပါးတို့မှ သီးခြားယူဆသင့်၏။

(၄) ယောဂိ ပစ္စက္ခ။ ။ကေဂ္ဂတာ စိတ် ကြောင့် ဖြစ်သော သမာဓိ ဉာဏ်ကို ယောဂိ ပစ္စက္ခဟု ခေါ်၏။ သမာဓိသို့ ရောက်သော ဉာဏ်သည် ပစ္စက္ခ အထွတ်အထိပ်သို့ ရောက်ရာ၌ ဘယ်နည်းနှင့်မျှ ကြံဆခြင်းမရှိတော့မူ၍ အတ္တကြီယာအား အစဉ် လိုက်သွားလိမ့်မည်၊ စင်စစ် ယောဂီပုဂ္ဂိုလ်၏ သမာဓိ၌ မျက်မှောက်ထင်ထင် တွေ့မြင်ခြင်းပင်တည်း။

အနုမာန ဟူသည်မှာ မှန်းဆခြင်းဖြစ်၏။ ထို့ကြောင့် ရှေးကဗျာဆရာတို့သည် "အနုမာန မျက်ရမ်းဆလျက်" ဟု စပ်ဆိုကြ၏။ ဒိဋ္ဌာဂ၏ အနုမာန အဖွင့်မှာမူ တစုံတခုနှင့် ဆက်စပ်သော တရားဖြင့် တရား၏ အာရုံဌ်ဖြစ်သော မျက်ကွယ် ဉာဏ်သည် အနုမာနမည်၏ ဟူသတည်း။ လောကတွင် ယင်းကို ငါတို့ ခန့်ရဉ် ခံစားနေကြ၏။ အမြဲ အတူတကွဖြစ်သော အရာဝတ္ထု နှစ်ခုတွင် တခုကိုမြင်ရသဖြင့် အခြားတခု၏ တည်ရှိခြင်း မှာ အလိုအလျောက် ပြီးမြောက်၏။ သို့ရာတွင် နေရာ တ ကာ ဘွင် ယင်းသည် ခံစားချက် အထွတ်အထိပ်သို့မရောက်နိုင်၊ အရာဝတ္ထု နှစ်ခုတို့၏ အယောင်ဆောင်မှု ကင်းသော အဆက် အစပ်သည် အစဉ်ထင်ရှား ရှိသင့်၏၊ ယင်းကိုသာ ပြန့်နှံ့သော ဉာဏ်အမည်ဖြင့် ငါတို့ခေါ်ဆိုကြ၏။ ပြန့်နှံ့သော ဉာဏ်ပေါ်မှာသာ အနုမာန အမို့ပြုနေ၏။

အနုမာနသည် သတ္တာနုမာနနှင့် ပရတ္တာ နုမာန ဟူ၍ နှစ်ပါးအပြားရှိ၏။ တစုံတခုသော ဟေတု(အကြောင်း)ကြောင့်

တစ်ခုတည်းပြီးစီးသော သာဝယေဉာဏ်ကို သတ္တာနုမာနဟုခေါ်၏။ ယင်းသည် မိမိအတွက်ပြုသွား၏။ ဝါကျ၏ ပြယုဂ်ဖြင့် သူတပါး အတွက် ပြုသော ဉာဏ်သည် ပရတ္ထာနုမာန မည်၏။ သတ္တာ နုမာနသည် စကား ဝါကျနှင့်ကင်းသော ပြယုဂ် ကို ပြုစေ၏။ ပရတ္ထာနုမာန၌ ပြယုဂ်အစိတ်အပိုင်း သုံးခုရှိ၏။

အနုမာနကို ကောင်းစွာပြီးမြောက်စေနိုင်သော ဟေတု၌ ဂုဏ်သုံးပါးရှိ၏။ ရှေးဦးစွာသောဂုဏ်မှာအနုမေယ၌ထင်ရှားရှိ၏။ ဆိုလိုသည်မှာ ဤအနုမာန၌ ဟေတုတည်းဟူသော အခိုးတောင် ၌ ရှိဘိုလို၏။ ဒုတိယဂုဏ်သည် သပက္ခ၌ ထင်ရှားရှိ၏။ ဆိုလို သည်မှာ မီးဖိုဆောင် အစရှိသည့် မီးနှင့်ယှဉ်သော နေရာတို့၌ အခိုးရှိခြင်းတည်း။ တတိယဂုဏ်သည် ဝိပက္ခ၌ ထင်ရှားရှိခြင်း ဖြစ်၏။ အဓိပ္ပာယ်မှာ မီးနှင့်ကင်းကွာသော ရေချိုးခန်း စသည်၌ အခိုးမရှိခြင်းဖြစ်၏။

ဟေတုသည် အနုပလဒ္ဓဟေတု၊ သဘာဝဟေတုနှင့် ကိစ္စ ဟေတုဟု သုံးပါးအပြားရှိ၏။ အနုပလဒ္ဓ၏ အဓိပ္ပာယ်မှာ မတွေ့ ရခြင်းဖြစ်၏။ ဆိုလိုသည်မှာ ထိုနေရာ၌ ထိုအရာဝတ္ထု ရှိသင့် လျက် မတွေ့ရခြင်းဖြစ်၏။ ယင်းဖြင့် သိရသည်မှာ ထိုအရာဝတ္ထု သည် ထိုတွင် အခြင်းခပ်သိမ်းမရှိခြင်းဖြစ်၏။ သဘာဝဟေတုမှာ သဘာဝဟိတ်ဖြစ်၏။ သရက်ဖြစ်ခြင်းအကြောင်းကြောင့် ယင်း သည် သစ်ပင်ဖြစ်၏။ ဤတွင် သစ်ပင် ဖြစ်ခြင်းမှာ သဘာဝ ဟိတ်ဖြစ်၏။ ဤအနုမာန၌ သစ်ပင်သည် သရက်ပင် အားလုံး၏

သဘာဝဖြစ်၏။ သို့ကြောင့် ရှေ့၌ မြင်ရသော အရာသည် သရက်ဖြစ်သော် ယင်းသည် မုချ သစ်ပင် ဖြစ်လိမ့်မည်။ ကိစ္စ ဟေတုကား အခိုးဖြင့် မီးကို မှန်းဆခြင်းဖြစ်၏။ ထိုတွင် အခိုး သည် ကိစ္စဟေတုဖြစ်၏။ အကြောင်းကား ယင်းသည် မီးမှ ဖြစ်သော ကြောင့်တည်း။

ဗုဒ္ဓ တန္တရ

တန္တရ သဒ္ဒါ၏ မြစ်ရင်းမှာ တနုဓာတ် ဖြစ်၏။ တနုဓာတ်၏ အနက်မှာ အကျယ်ဝိတ္ထာရချဲ့ခြင်းဖြစ်၏။ ဆိုလိုသည်မှာ တန္တရဟူသည်မှာ ဉာဏ်ပညာ ကျယ်ဝန်းနက်ရှိုင်းသော ကျမ်းဖြစ်၏။ ထိုတွင် ရွတ်ဖတ်သရဇ္ဈာယ်ရန် မန္တန်အမျိုးမျိုး ပါဝင်၏။ ဗြာဟ္မဏ ဘာသာတွင် သစ္စန္ဒတန္တရ၊ ဂုတ္တသာမန တန္တရ၊ ကုလာဝဏ္ဏ တန္တရ၊ ယောဂိနီ တန္တရ၊ ဝိဇယ တန္တရ စသည်ဖြင့် တန္တရကျမ်းပေါင်း များစွာရှိ၏။ ယင်းတို့သည် အများအားဖြင့် ဝေဒနှင့်ပတ်သက်သော တန္တရတို့ဖြစ်ကြ၏။ တန္တရ၏ ရည်ရွယ်ချက်မှာ မန္တန်ကိုရွတ်ဖတ်သရဇ္ဈာယ်သဖြင့် လိုရာပြီးမြောက် သိဒ္ဓိပေါက်ရန်ဖြစ်၏။ ဤဘဝတွင် ကျန်းမာ ချမ်းသာ စွာ နှင့် အသက်ရှည်ရှည်နေရပြီး နောက်ဘဝတွင် နတ်ရွာနိဗ္ဗာန်ရောက်စေရန်ဖြစ်၏။

မန္တရ၊ တန္တရ သမိုင်းကို လေ့လာပါလျှင် ကမ္ဘာဦးအစ လူ့ယဉ်ကျေးမှု ဖြစ်ပေါ်စ အခါကာလကို ခြေချရလိမ့်မည်။ မြတ်စွာဘုရားသည် ဗြဟ္မဇာလသုတ်တွင် · ထိုအယူဝါဒ တို့နှင့် ပတ်သက်၍ အကျယ်ဟောကြားတော်မူ၏။ ထိုစဉ်အခါက လူတို့သည် ဂန္ဓာရီ ဝိဇ္ဇာ သို့မဟုတ် အာဝတ္တနီ ဝိဇ္ဇာကို လွန်စွာ ယုံကြည်နေကြ၏။ မြတ်စွာဘုရားသည် ဤအလုံးစုံသည် မိစ္ဆာဇီဝ ဖြစ်ကြောင်း ဟောကြားသော်လည်း ကွယ် ပျောက် မ သွား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးနောက် တဖြည်းဖြည်း ပေါ် ပေါက်လာခဲ့၏။ ထိုအယူဝါဒကိုစက်ဆုပ်သော ထေရဝါဒီတို့ပင် အာဋာနာဋိယသုတ်ကို လက်ခံကြ၏။ ယင်းသုတ်သည် ဗုဒ္ဓတန္တရ မန္တရ၏ မျိုးစေ့ပင်ဖြစ်လိမ့်မည်။

ဗုဒ္ဓ တန္တရ၏ မူချ အဆက်အစပ်မှာ မဟာယာန ဖြစ်၏။ သူတို့သည် ဗုဒ္ဓကို မနုဿ လူသားဟု မယူဆကြ၊ လောကထက် လွန်မြတ်သော လောကုတ္တရာဟု ယုံကြည်ကြ၏။ သူ တို့ သည် ရှေးဦးစွာ မန္တရယာနကိုတည်ထွင်ကြ၏။မန္တန်ရွတ်ဖတ်သရဇ္ဈာယ် သော ဂိုဏ်းပင်တည်း။ ထေရဝါဒီတို့တွင်လည်း ယင်း အယူအဆ လွှမ်းမိုး ကြီးစိုးလျက်ရှိ၏။ ပရိတ်ကြီး ဆယ့်တသုတ်မှာ စင်စစ် မန္တန်တို့ပင်ဖြစ်၏။ ဗောဇ္ဈင် သုတ်တွင် "သြသဓေ ဋ္ဌ ဣမံ မန္တံ"ဟု ပါရှိ၏။ အဓိပ္ပာယ်မှာ "ဤသုတ်သည် ဆေးဖြစ်သောမန္တန်"ဟု ဆိုလို၏။ အင်္ဂုလိမာလ သုတ်မှာကား ပရိတ်ရွတ်သူ ထိုင်သည့် နေရာကို ဆေးသော ရေပင် အကျိုး အာနိသင်ရှိကြောင်း ဖွင့်ဆို ထား၏။ မဟာယာန တို့ကား....။

"အုံ မုနေ မုနေ မဟာမုနေ သွာဟာ"
"အုံ အာ ဟုံ"
"အုံ တာရေ တုတ္တာရေ တုရေ သွာဟာ"

ဤသို့ အစရှိသော မန္တန်တို့ကိုဖန်တည်းကြ၏။ ထို့နောက် သူတို့သည် "မဉ္ဇုသိရိ၏နာမ သံဂီတိ"၏ အလိုအားလျော်စွာ အက္ခရာအားလုံးကို မန္တန်ပြုလုပ်ကြ၏။ အုံနှင့်သွာဟာပါလျှင်ပင် မန္တန်ဖြစ်နိုင်သောဟူ၏။ ရှေးအခါက မြန်မာ သင်ပုန်း ကြီး စာအုပ်အစတွင် "နမော ဗုဒ္ဓါယ သိဒ္ဓံ"ဟုပါ၏။ စင်စစ် ယင်း သည်လည်း မဟာယာနတို့၏ မန္တန်ပင်ဖြစ်၏။ လူသည် လာဘ် လာဘ ပေါများပြီး ကျန်းမာချမ်းသာ၍ အသက်ရှည်ရန်သော် ၎င်း၊ ဗောဓိသတ္တခေါ် ဘုရားလောင်းဖြစ်ရန်သော်၎င်း၊ စာပေ ပရိယတ္တိတို့ကို သင်ကြားလေ့လာရန်မလို 'နမော ဗုဒ္ဓါယ သိဒ္ဓံ' ဟူသော မန္တန်ကို မပြတ်ရွတ်ဖတ်သရဇ္ဈာယ်သဖြင့် ထိုထိုကောင်း ကျိုးချမ်းသာတို့ ပြီးမြောက်ကာ သိဒ္ဓိပေါက်နိုင်၏။

တန္တရ၊ မန္တရ၏ အတတ်မှာ ယုံကြည်မှုနှင့် လျှို့ဝှက်ချက် ဖြစ်၏။ သူတို့၏ လျှို့ဝှက်ချက်မှာ ဟဌ ယောဂနှင့် အတူဖြစ်၏။ ဟဌယောဂ၏ အယူအဆမှာ လနှင့်နေဖြစ်၏။ သူတို့၏လျှို့ဝှက် ချက် သင်္ကေတ ဘာသာ၌ ဟ အက္ခရာမှာ လဖြစ်၍ ဌ အက္ခရာ မှာ နေဖြစ်၏။ လနှင့်နေ၏ပေါင်းဆုံရာ မှာ ဟဌယောဂ ဖြစ် ၏။ ထို့အတူ တန္တရ တွင်လည်း လျှို့ဝှက်ချက်တို့ ပြည့်နှက် နေ၏။ ထိုမန္တန်တို့အပေါ်တွင် ယုံကြည်သူတို့ ခိုင်မြဲလာသော အခါ သူတို့သည် သေရည် သေရက်နှင့် မေထုန် အကျင့်ကို

တဲ့ဖက်လာ၏။ ယင်းကို "ဘေရဝိစကြ"ဟု ခေါ်၏။ ဤတွင် ဝဇရယာန ပေါ်ထွန်းလာ၏။ ရှေးက မန္တရကျမ်းစာမှာ "မဉ္ဇုသိရီ မူလကပ္ပ"ဖြစ်၏။ ဤကျမ်းတွင် မန္တရ၊ တန္တရ အစီအရင်တို့ ပါရှိသော်လည်း "ဘေရဝိစကြ"ကိုမတွေ့ရ၊ ဗုဒ္ဓဓမ္မတွင် မေထုန်အကျင့်နှင့် ပတ်သက်သော သဲလွန်စကို အဘိဓမ္မာ ပိဋကကထာဝတ္ထု အဋ္ဌကထာ၌ တွေ့နိုင်၏။ ထိုတွင် ဝေပုလ္လ သို့မဟုတ် ဝေတုလ္လအမည်ရှိသော ဂိုဏ်းဂဏ၏ အယူဝါဒအချို့ကို ဖွင့်ပြထား၏။

ပရမတ္ထအားဖြင့် မဂ်ဖိုလ်သည်သာလျှင် သံဃာမည်၏။ ယင်းမှတပါး အခြားသော သံဃာမည်သည် မရှိ။ သို့ကြောင့် သံဃာသည် မြတ်သောအလှူကို ခံယူသည်ဟု မဆိုအပ်၊ မြတ်သောအလှူကို စင်ကြယ်စေရန်လည်း မစွမ်းနိုင်၊ မဂ်ဖိုလ်သည် တစုံတရာဘာကိုမျှ သုံးဆောင် စားသောက်ခြင်းမရှိ၍ သံဃာက စားသောက်သည်ဟုလည်း မဆိုနိုင်၊ ယင်းတို့အား တစုံတရာဘာကိုမျှ မပေး မလှူနိုင်၊ ယင်းတို့ကလည်း မခံယူနိုင်၊ ပေးလှူသဖြင့် အကျိုးမရှိ။

ဗုဒ္ဓသည် တစုံတရာဘာကိုမျှဘုဉ်းပေးသုံးဆောင်ခြင်းမရှိသော်လည်း လောကသို့ အစဉ်လိုက်၍ လျော်စွာ ပြုကျင့်ရန်အတွက် ဘုဉ်းပေး သုံးဆောင်သကဲ့သို့ မိမိကိုယ်ကို ပြ၏။ သို့ကြောင့် ဗုဒ္ဓအား ပေးလှူခြင်းသည်လည်း အကျိုးမရှိ။ ဗုဒ္ဓသည် တုသိတာနတ်ပြည်၌ဖြစ်လျက် ထိုတွင်ပင်စံနေတော်မူ၏။ လူ့ပြည်လောကသို့ မကြွလာ၊ စင်စစ် လူ့ပြည်လောက၌ နိမ္မိတ ရုပ်ပွားတော်ကိုသာ တရားဟောရန် ဖန်ဆင်းစေလွှတ်၏။ အလိုတူလျှင်

မေထုန် အကျင့်ကို မှီဝဲနိုင်၏။ အလိုမှာ သနား ကြင်နာခြင်း သို့မဟုတ် သံသရာ၌ အတူတကွ ကျင်လည်၍ မိန်းမနှင့်အတူ ဗုဒ္ဓအား ပူဇော်ခြင်း စသည်ပြု၍ ဆုပန်မှုချင်း တူညီပါသော် ထိုနှစ်ဦးသည် မေထုန်မှီဝဲနိုင်၏။

မြန်မာနိုင်ငံ အနော်ရထာမင်း မတိုင်မီအခါက အရည်းကြီးတို့သည် ယင်းသို့သော တရားတို့ကို ဟောကြားပြီး ပန်းဦးလွှတ်ခြင်းကို ခံယူခြင်း ဖြစ်ကောင်း ဖြစ်လိမ့်မည်။ သို့ရာတွင် ဖော်ပြပါဖွင့်ဆိုချက်မှာ ထေရဝါဒဘက်မှ ဖြစ်၏။ရှင်အသင်္ဂကမူ အဘိဓမ္မ သမုစ္စယ၌ ဤသို့ဖွင့်ဆို၏။

ဝေပုလ္လ အင်္ဂါဟူသည် ဗောဓိသတ္တ ပိဋကနှင့် ပတ်သက်၍ ဟောကြားချက်ဖြစ်၏။ ယင်း ဝေပုလ္လအင်္ဂါကို ဝေဒလ္လဟုရင်း၊ ဝေတုလ္လဟုရင်း ခေါ်ဆိုနိုင်၏။ ဝေပုလ္လဟူသည်မှာ သတ္တဝါအားလုံး၏ စီးပွားချမ်းသာနှင့် ကြီးကျယ် မြင့်မြတ်၍ နက်နဲသိမ်မွေ့သော တရားတို့၏ တည်ရာဖြစ်၏။ ဝေတုလ္လဟူသည်မှာ အဆီး အတား၊ အပိတ် အပင်၊ အာဝရဏ တရားအားလုံးကို ဖျက်ခွဲတတ်သော အနက် အဓိပ္ပာယ်ဖြစ်၏။ ဝေတုလ္လဟူသည်မှာ ထိုကျမ်းဂန်တွင် ထုတ်ဆောင်ဖော်ပြသော ဥပမာနတရားတို့သည် အတုမဲ့ဖြစ်သော အဓိပ္ပာယ်ပင်တည်း။

ဤကား နှစ်ပက္ခ၏ အဆိုအမိန့်ဖြစ်၏။ ယင်း အဆိုအမိန့်တို့ကို သာမာန်ကြည့်ပြီး ဆုံးဖြတ်ရန်မသင့်၊ ကောင်းစွာလေ့လာဘို့ လိုသည်။ အထူးသဖြင့် မဟာယာန၏ တန္တရ၊ မန္တရ တို့ကို လေ့လာသင့်၏။ ယင်းတို့မှာ လျှို့ဝှက်ချက်တို့ဖြင့် ပြည့်နက်နေသည်။ ကထာဝတ္ထု အဋ္ဌကထာ၌ မေထုန်မှုကို ဖွင့်ဆို၏။ သို့ရာ

တွင် သူတို့၏ မေထုန်သည် အဘယ်ပုံနည်း။ ဘယ်အဓိပ္ပာယ်ကို ဆောင်သနည်း။ ဓမ္မပဒတွင် "အမေ၊ အဖေကိုသတ်"ဟု မြတ်စွာဘုရား ဟောကြားချက်ရှိ၏။ ထိုတွင် အမေ အဖေမှာ တဏှာ မာန ဖြစ်သည်၊ တကယ့် အမေအဖေကို သတ်ရန်မဟုတ်၊ ထို့အတူပင် မေထုန်သည် တကယ့် မေထုန်လော၊ ဥပမာန မေထုန်လောဟု ကောင်းစွာ လေ့လာဘို့ လိုပေသည်။

မန္တရယာနနှင့် ဝဇိရယာနမှာထူးမခြားနားလှ၊ အပြောနှင့် အမာသာ ခြားနား၏။ မန္တရယာန ရင့်မာလာသောအခါ ဝဇိရယာနဟူသော အမည်ကို ခံယူသွားခြင်း ဖြစ်၏။ ဝဇိရ၏ အဓိပ္ပာယ်မှာ မပျက်စီးနိုင်သော လက်နက်ဖြစ်၏။ ယင်းသည် ခိုင်မာခြင်း, အနှစ်သာရရှိခြင်း, ပြောင်းလဲမှု မရှိခြင်း, မဖောက်ပြန်ခြင်း, မကွဲမပျက်ခြင်း အစရှိသော အနက်များကို ဆောင်၏။ စင်စစ် သုညတာကို ထွန်းပြခြင်းတို့ ဖြစ်၏။ ထို့ကြောင့် ဝဇိရယာနသည် သုည, ဝိညာဏ်နှင့် မဟာသုခ၏ အပေါင်း ဖြစ်၏။

ဝဇိရယာနနှင့်အတူတကွ သိဒ္ဓပုဂ္ဂိုလ် ၈၄ယောက်တို့၏ အမည်မှာ အစဉ်မပြတ် ဆက်စပ်နေ၏။ သိဒ္ဓတို့မှာ ယောကျ်ားသာ မဟုတ်၊ မိန်းမများလည်း ပါဝင်၏။ ဗြာဟ္မဏသာမဟုတ်, မင်းများလည်း ပါဝင်၏။ ယင်းတို့သည် ဝဇိရယာန၏ ပဓာန ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ သူတို့၏အမည်မှာ သရဟပါ, သဗရပါ, လူအိပါ, ပဒမဝဇိရ, ဇာလန္ဓရပါ စသည်တို့ ဖြစ်၏။ ထိုတွင် အဒ္ဓယဝဇိရဆိုသော သိဒ္ဓမှာ အထင်ရှားဆုံး ဖြစ်၏။သူသည် ဝဇိရယာန အယူအဆနှင့် ပတ်သက်၍ ကျမ်းစာပေါင်း ၂၁

ကျမ်း ပြုစုခဲ့၏။ သူတို့၏ရုပ်ပုံတို့မှာ ပုဂံ အပယ်ရတနာဘုရားဂူမှ ပန်းချီဆေးရေး ရသေ့ရုပ်များနှင့် ခပ်ဆင်ဆင်တူ၏။

ဝဇရယာန၏ အခြားအမည် တမျိုးမှာ 'သဟဇယာန' ဖြစ်၏။ သဟဇဂိုဏ်းဝင် ယောဂီတို့အလိုအားဖြင့် သဟဇအဆင့်သို့ ရောက်မှသာ သိဒ္ဓိပြီးမြောက်၏။ ယင်းအဆင့်၏ အခြားအမည်တို့မှာ နိဗ္ဗာန်, မဟာသုခ, သုခရာဇ စသည်တို့ ဖြစ်၏။ သရဟပါ အမည်ရှိသော သိဒ္ဓပုဂ္ဂိုလ်၏ ဖွင့်ဆိုချက်မှာ ဤသို့တည်း-"သဟဇ အခိုက်အခါ၌ မနနှင့် ပါဏ၏ လှုပ်ရှားခြင်း မရှိ၊ နေနှင့်လသည် ထိုသို့ဝင်ရန်မှာ အဓိကမဟုတ်၊ လနှင့်နေသည် ပြောင်းလဲလေ့ ရှိသော ကာလစက်၏ အမည်တပါး ဖြစ်၏"

နိဗ္ဗာန်သည် ကာလမှ အတိတ်ဖြစ်၏။ သို့ကြောင့် ထိုသို့ လနှင့်နေဝင်ခြင်းမရှိဟု သရဟပါဖွင့်ဆိုခြင်းဖြစ်၏။ ယင်းနိဗ္ဗာန်သည် လူတိုင်း၏ကိုယ်ပိုင်သဘာဝဖြစ်၏။ အကြင်အခါသည် နှစ်သက်ဖွယ် ဖြစ်၏။ ထိုအခါကို မဟာသုခဟုခေါ်၏။ ယင်း၏ အမည်သည် သဟဇဖြစ်၏။ မဟာသုခကို သရဟပါသိဒ္ဓိက ဤသို့ ဖွင့်ဆို၏။

"စန္ဒရကန္တကျောက်သည် တခဲနက် အမိုက်မှောင်ကို ပယ်ဖျောက်ပြီး အလင်းရောင် တောက်ပသကဲ့သို့ ဤအခိုက်အခါ၌ မဟာသုခသည် အလုံးစုံသော မကောင်းမှုတို့ကိုဖယ်ရှားပြီး အလင်းရောင် တောက်ပ၏။ ဤမဟာသုခကိုရသောသူသည် သိဒ္ဓိပြီးမြောက်ရန်အတွက် မြတ်သောအဆင့်ကို ရ၏"။

ဤမဟာသုခသို့ ရရောက်ရန်အတွက် တခုတည်းသော ဥပါယ်မှာ ဆရာ၏ အဆုံးအမ ဩဝါဒဖြစ်၏။ တန္တရလမ်းစဉ် ဖြစ်၏။ စာပေကို ဖတ်ရုံမျှဖြင့် ဤလမ်းစဉ်၏ လျှို့ဝှက်ချက်ကို မသိနိုင်၊ သို့ကြောင့်အစီအရင်ကို ဆရာသမားထံ၌ ခံယူဘို့လို၏။ ဆရာဟူသည် ယုဂနဒ္ဓ အသွင်ဖြစ်၏။ အဓိပ္ပာယ်မှာ မေထုန်အသွင်သဏ္ဍာန်ဖြစ်၏။ ယင်းသည်လည်း သုညတာနှင့် ကရုဏာ အစုံ ရုပ်ပုံဖြစ်၏။ သုညတာမှာ အလုံးစုံတို့ထက် မြတ်သော ပညာကို ဆိုလို၏။ ကရုဏာ၏အနက်မှာ သတ္တဝါတို့အား ကယ်တင်ရန်အတွက် မဟာကရုဏာကိုပြ၏။ သို့ဖြင့် ဆရာသည် သုညတာနှင့် ကရုဏာ ရောနှောသောရုပ်ပုံ ဖြစ်၏ဟု ဆိုလို၏။ ဆရာသည် တပည့်အား တန္တရိက အစီအရင်အတိုင်း ဘိသိက်မြှောက်ပြီးနောက် ပဋိညာဉ်ဝန်ခံစေ၏။

"သတ္တဝါတို့၏ အသက်ကို ဘယ်အခါမျှ မသတ်ပါ၊ ရတနာသုံးပါးကို မမေ့ပါ၊ ဘယ်အခါမျှ ဆရာကို မခွါပါ"။

ဤဘိသိက်၏ အမည်မှာ ဗောဓိစိတ္တ ဘိသိက်မည်၏။ ထိုအခါ တပည့်သည် ဒုတိယအကြိမ် မွေးဖွားခြင်း ဖြစ်သွား၍ ဗုဒ္ဓပုတ္တ(ဘုရားသားတော်) ဟူသောအမည်ကို ခံယူရ၏။ ဆရာကိုယ်တိုင်က ဗုဒ္ဓဖြစ်၍ တပည့်အား ဗုဒ္ဓပုတ္တဟု ခေါ်ဆိုခြင်းဖြစ်၏။ အဘိသိက်ခံပြီးသောအခါ ဆရာက "သတ္တဝါ တို့အား ညှဉ်းဆဲခြင်း, သူတပါးမပေးပဲယူခြင်း, အလိုရှိတိုင်း ကျင့်ခြင်းနှင့် မုသားပြောဆိုခြင်းတို့မှ ရှောင်ကြဉ်ရန်" ဩဝါဒပေး၏။

ဝဇရယာနလမ်းစဉ်၌ မဟာသုခသို့ရောက်ရန် အတွက် ခက်ခဲသော အကျင့်တို့ကိုကျင့်ရန် မလိုကြောင်းကို သိရိသမာဇ

တန္တရ၌ "ဒုက္ကရစရိယာကျင့်စဉ်ဖြင့် ဒုက္ခသာရမည်၊ စိတ်သည် ဒုက္ခသမုဒ္ဒရာ၌ နစ်မြုပ်နေသည်။ သို့ဖြင့် သိဒ္ဓိမပေါက်နိုင်"ဟု ဆို၏။ သို့ကြောင့် ကာမဂုဏ် ငါးပါးကိုပယ်ရန် အကျင့်ကိုကျင့်ရန်မလို၊ ယောဂတန္တရအားလျော်စွာ ချမ်းသာစွာဖြင့် ဗောဓိဉာဏ်ကို ရနိုင်၏။ ခန္ဓာကိုယ်တည်းဟူသော သစ်ပင်၏ စိတ်တည်းဟူသော အညွန့်ကို စင်ကြယ်သော အာရုံအရသာ ရေဖြင့် သွန်းလောင်းပေးပါမူ ယင်းသစ်ပင်သည် ပဒေသာပင် ဖြစ်သွားပြီး အာကာသကဲ့သို့ တပ်ခြင်းကင်းသော အသီးသီးမည်၊ ထိုအခါ မဟာသုခဖြစ်မည်။

ရာဂကြောင့်သာလျှင် အနှောင်အဖွဲ့ဖြစ်၏။ ထို့ကြောင့် လွတ်မြောက်ခြင်းသည်လည်း ရာဂကြောင့်သာလျှင် ဖြစ်၍ လွတ်မြောက်ခြင်းမုတ္တိကို သဟဇဂိုဏ်းသားတို့က မဟာရာဂ ဟုခေါ်ကြ၏။ ယင်းသည် စင်စစ် ရာဂကင်းသော ဝိရာဂမဟုတ်၊ အနင်္ဂ ဝဇရ အမည်ရှိသော သိဒ္ဓကမူ စိတ်ကိုသာ သံသရာနှင့် နိဗ္ဗာန် နှစ်ပါးစုံ အဖြစ် ဖွင့်ဆို၏။

အကြင်အခါ စိတ်သည် များစွာ ကြံစည်ခြင်း တည်းဟူသော အမိုက်မှောင် လွှမ်းမိုးနေ၏။ လျှပ်စစ်ကဲ့သို့ လျှပ်လက်ပြီး ရာဂ ဒေါသ အစရှိသော အညစ်အကြေးတို့ လိမ်းကျံနေ၏။ ထိုအခါ ယင်းစိတ်သည် သံသရာ အသွင်ကို ဆောင်၏။

ထိုစိတ်သည်ပင် အကြင်အခါ အလင်းရောင်ဖြစ်၍ ကြံစည်ခြင်းမှ လွတ်ကင်း၏။ ရာဂ အစရှိသော ကိလေသာတို့ လိမ်းကျံခြင်းမရှိ။ ယူစရာ၊ ယူသူအဖြစ်၏ အဆင့်ကို ကျော်လွန်၏။

ထိုအခါ ယင်းစိတ်ကိုပင် နိဗ္ဗာန်ဟုခေါ်၏။ ငရာဂအား ဆုံးခဲ့သူသည် သူရဲကောင်း ဝိရမည်၏။

ဝဇ္ဇရယာန ကျမ်းဂန်တို့တွင် ပညာနှင့် ဥပါယ၏ တခုဘည်းသော အခြင်းအရာပုံစံကို ညွှန်ပြရန်အတွက် ဗီဇ တခုကို ဖွင့်ဆိုကြ၏။ယင်းဗီဇမှာ ‘ဧဝံ’ ဖြစ်၏။ ဧဝံသဒ္ဒါမှာ ဧ+ဝ+-ံ ဟူသော အက္ခရာသုံးလုံးတို့၏ အပေါင်းအစု ဖြစ်၏။ ယင်းဗီဇ၏ သင်္ကေတ ရေးသရုပ်မှာ ဤသို့ဖြစ်၏။

ဧ-အက္ခရာသည်အောက်သို့ မျက်နှာမူသော ▽ တြိဂံ၏ အသွင်ကိုဆောင်၏။ ဝ-အက္ခရာသည် ထိုတြိဂံ အတွင်းက အထက်သို့မျက်နှာမူသော △ တြိဂံငယ် အသွင်ဖြစ်၏။ ယင်းတြိဂံ နှစ်ထပ်၏ အလယ်တည့်တည့်တွင် -ံ ဗိန္ဒုစက်ကို သွင်းကြ ဤသို့ဖြစ်၏။



ယင်း ဗီဇကို ဗုဒ္ဓရတနာ ကိန်းအောင်းရာ ကြုတ်ဟု ယူဆကြ၏။ ယင်းသို့ရောက်လျှင် မဟာသုခကို ရမည်ဖြစ်၏။ ဤတွင် အလုံးစုံသော ချမ်းသာသုခတို့တည်ရှိ၏။ ဟေဝဇ္ဇရတန္တရ အဆို အားဖြင့်ကား ဤဗီဇတန္တရ၌ ဧ အသွင်သည် အမေဖြစ်ပြီး လနှ

ပညာကို ထွန်းပြ၏။ ဝ-အသွင်သည် အဖေဖြစ်ပြီး နေနှင့် ဥပါယကို ဟော၏။ ဗိန္ဒုသည် အနာဟတ ဉာဏ်ကို ဟောပြီး သဘောတရားနှစ်ပါး ပေါင်းဆုံခြင်း အကျိုးရှိ၏။

ရှေးဦးစွာ ဝိရာဂကို ဆုံးမသွန်သင် သင့်၏။ ယင်းဖြင့် ထိုသူသည် ဝိရဂုဏ်ထူးကို ရ၏။ ထိုအခါ ဧ၏ ဗီဇကိုယူ၍ စုတေခြင်းမရှိသော အစွမ်းတနှင့် လွန်စွာချစ်မြတ်နိုးဖွယ်သော မဟာရာဂ သုခကို ခံစားလိုစိတ်မရှိသောအခါ ကားကားစွင့်စွင့် ပွင့်နေသည့် ပွင့်ချပ်တထောင်ရှိသော ကြာပန်းပေါ်ထိုင်ကာ ဝတ်ရည်ကို သောက်သုံးရမည်တည်း။

ဧဝံသဘောတရား အားလျော်စွာ သိသော ဉာဏ်သည် သိစရာ အရာအလုံးစုံကို အကုန်ရ၏။ ယင်းဉာဏ်သည် ယောဂီကို အမြင့်ဆုံးသိဒ္ဓိသို့ ရောက်စေ၏။ ကဏှပဒ သိဒ္ဓက ပြောပြသည်မှာ ဧဝံအက္ခရာကိုသိသည်နှင့်အမျှ အလုံးစုံသော အာရုံတို့ကို သိ၏။ ပရမတ္ထဉာဏ်၏ ရှေ့မှောက်တွင် လောက၏ မည်သည့်အရာမဆို မသိခြင်းမနေ၊ သိမည်သာတည်း။ သုညတာနှင့် ကရုဏာ၏ ကွဲပြားခြားနားခြင်းမရှိသော အသွင်ကို ဆောင်သည့် ဤဧဝံသည် မဟာသမုဒြာ ဓမ္မကာယ အသွင်ဖြစ်၏။ ဗုဒ္ဓ၏ သစ္စာအားလျော်သော သရုပ်ဟု ဆိုလို၏။ ယင်းဉာဏ်ဖြစ်ခြင်းပင်လျှင် ယောဂီသည် မိမိအရှင် ဝဇရဓရ၏ အသွင်ကိုဆောင်ခြင်းမည်၏။ ထို့ကြောင့်ပင် ယင်းဗီဇ မန္တန်ကို ဝဇရဂိုဏ်းဝင်တို့ အထူးပင် လေးစားမြတ်နိုးကြခြင်းဖြစ်၏။

ဤတွင် ဟိန္ဒူတန္တရ အကြောင်းကိုလည်း အသင့် အတင့် သိသင့်ပါသည်။ ယင်း တန္တရအကြောင်းကို ရှင်ဥက္ကဋ္ဌ၏ ကပ္ပပြဿနာမှ ကောက်နုတ်ဖော်ပြပါမည်။

တန္တရဆိုင်ရာ ကျမ်းစာတို့သည်လည်း အရေ အတွက်အားဖြင့် များပြားလှချေကုန်၏။ သို့ရာတွင် ထိုကျမ်းစာများကို ယုံကြည်၍ လိုက်နာသိမ်းပိုက်ထားကြသော တန္တရဂိုဏ်းဝင်တို့သည် မိမိတို့၏ ကျမ်းစာများကို အလွန် သိပ်သည်းစွာ လျှို့ဝှက်ထားကြသောကြောင့် အပြင်လူများတို့သည် ထိုကျမ်းများ၌ ပါရှိသော အချက်များကို သိရှိနိုင်ခွင့် မရကြလေကုန်၊ ဤ တန္တရကျမ်းများသည် ဝေဒကျမ်းရင်းကြီးတို့ကိုသာ အမှီပြု၍ ကြီးပွားထွန်းကားလာကြကုန်၏။ ဝေဒကျမ်းကြီးများ၌ ရှေးဟိန္ဒူဣသိတို့သည် မိမိတို့ ကိုးကွယ်ယုံကြည်သော နတ်များ၊ ဘုရားများ၏ အထံမှ မိမိတို့အလိုရှိသော စည်းစိမ်ချမ်းသာမှု စ၍ အားလုံးသော အရာများကို ဆုတောင်းပတ္ထနာပြုခဲ့ကြကုန်၏။ ထိုသို့ ပတ္ထနာပြုချက်ကို အခြေခံထား၍ နောက်ခေတ်ပေါက်ပွား အချို့သော ပညာရှိတို့သည် နတ်အစားစား၊ ဘုရားအမျိုးမျိုးတို့၏ ဂုဏ်များကို ဖွဲ့ဆိုသီကုံးထားသော ဂါထာ မန္တရား မှော် ပဋ္ဌလက်စသည်ပါဝင်သော တန္တရကျမ်းများကို ရေးသားစီရင်ကြလေကုန်၏။

၎င်း တန္တရဂိုဏ်းသည် ဝါမ တန္တရ ဝါ-လက်ဝဲဂိုဏ်း ဒက္ခိဏတန္တရ ဝါ-လက်ျာဂိုဏ်းဟူ၍ နှစ်မျိုးကွဲပြား

ခဲ့လေသည်။ ထိုတွင် လက်ဝဲဂိုဏ်းသားတို့သည် စုန်း၊ တစ္ဆေ၊ မြေဘုတ်၊ နတ်ဘီလူး၊ နတ်မိစ္ဆာ၊ ရက္ခိုသ်စသော ဆိုးဝါးယုတ်ညံ့သော ဝါ-လူတို့အား ဆင်းရဲဒုက္ခကိုသာ ပေးတတ်သော အဟိတ် တိရစ္ဆာန်တို့ကို စေခိုင်းနိုင်ရန် ဂါထာမန္တရားအင်းအိုင်ခလှဲ့ လက်ဖွဲ့စသည်တို့ကို စီရင်ကြလေကုန်သည်။ ဤ ဝါမတန္တရသည် မြန်မာနိုင်ငံရှိ အောက်လမ်း၏ ဖခင်ဖြစ်ခဲ့၏။

ထို့ပြင် လကျာဂိုဏ်းဝင်တို့ကား အတော်အသင့် ယဉ်ကျေးသိမ်မွေ့လာပြီဖြစ်၍ မိမိတို့ ကိုးကွယ် ဆည်းကပ်သော ဘုရားနတ်တို့၏ ဂုဏ်ကို ဖွဲ့ဆိုသီကုံးထားသော ဂါထာမန္တရားတို့ဖြင့် ရောဂါဝေဒနာ ပပျောက်ရေး စည်းစိမ်ဥစ္စာတိုးတက်ရေး စသည်တို့ကို ပြီးမြောက်စေရန် အားထုတ်ကြလေကုန်သည်။ မြန်မာနိုင်ငံ၌ ဆေးဖယောင်းတိုင်ထွန်းခြင်း၊ ပရိတ်ရွတ်ခြင်း စသည်တို့သည် ဤဒက္ခိဏ တန္တရ၏ အမွေ အနှစ်များ ဖြစ်ဟန် တူလေသည်။အထင်ရှားဆုံး ကျမ်းစာတို့ကား (၁) ယမလ၊ (၂) မေရု၊ (၃)ဝါမကေသွရ၊(၄) ဝိန္ဒုပြိဒိပိကာ၊ (၅) လလိတသဟဿရနာမ၊(၆)ပဥ္စထဝီ၊ (၇) သုန္ဒြာယလရိ၊ (၈) အဂ္ဂစသုတ္တ၊ (၉)ယောဂိနိဟရိဒယ၊ (၁၀) သောတုဇန္ဒ၊ (၁၁) မဟာနိဗ္ဗာနတန္တရနှင့် (၁၂) သတစက္ကပဒီပိကာတို့ ဖြစ်သတည်း။

ဥပနိသျှဒ်

ဗုဒ္ဓဝါဒကို ခြေခြေမြစ်မြစ် လေ့လာပါလျှင် ဟိန္ဒူတို့၏ ဗြာဟ္မဏဝါဒဖြစ်သော ဥပနိသျှဒ်နှင့် ဒဿနကို အတော်အသင့် အခံရှိသွားဘို့ အမှန်ပင် လိုအပ်ပါသည်။ အကြောင်းကား ဗုဒ္ဓဝါဒသည် ထိုပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ ပေါက်ဖွား ပွင့်သွန်းလာခဲ့သောကြောင့် ဖြစ်၏။ သို့ကြောင့် ဗုဒ္ဓဝါဒကိုလေ့လာသော ကမ္ဘာ့သုတေသီတို့က ဗုဒ္ဓဝါဒတွင် ဗြာဟ္မဏဝါဒ၏ အရိပ်အရောင် ရှက်သန်းလျက်ရှိကြောင်း ဝေဘန်ကြခြင်း ဖြစ်၏။ အဘယ်မျှကူးစက်နေသည်ကို ကိုယ်တိုင် သိနိုင်စေရန်အတွက် ထိုဗြာဟ္မဏဝါဒမှ အရေးကြီးသော ဥပနိသျှဒ် အချို့နှင့် ဒဿနအချို့ကို ကောက်နုတ်ဖော်ပြပါမည်။ ယင်းတို့သည်လည်း ဝေဒနှင့် တခဲနက် ဆက်စပ်နေပေရာ ရှေးဦးစွာ ဝေဒိကခေတ်ကို လှမ်းမျှော်ပြီး ကြည့်သင့်ပါသည်။

ဝေဒိကခေတ်။ ။ဆိုသည်မှာ ဝေဒနှင့် ပတ်သက်သော သို့မဟုတ် ဝေဒ၏ အရှိန် အဝါလွှမ်း

မိုးနေသောအခါကာလ ဖြစ်သည်။ အရိယာ လူမျိုးတို့၏ ရှေးအ-ကျဆုံးသော စာပေမှာ ဝေဒဖြစ်၏။ သူတို့သည် ဝေဒကို လွန်စွာ လေးစားမြတ်နိုးကြ၏။ ယင်းကို နောက်ဆုံးပမာဏနှင့် ဘုရားသခင်၏ ဥာဏ်ဟုယူဆကြ၏။ ဝေဒသည် ရိဂ်၊ ယဇု၊ သာမနှင့် အထဗ္ဗဟု လေးပါးအပြားရှိ၏။ အရိယာတို့သည် ကမ္ဘာပေါ်ရှိ အတတ်ပညာဟူသမျှ ဝေဒမှ ထွက်ပေါ် ပြန့်ပွားခြင်းတို့သာ ဖြစ်သည်ဟု ယုံကြည်ကြ၏။ ဤအယူအဆ မှန် မမှန်ဆုံးဖြတ်ရန် ခက်သော်လည်း ကမ္ဘာပေါ်ရှိ စာပေတို့တွင် ဝေဒ၏ ရှေးကျခြင်းကိုကား သုတေသီတိုင်းလိုလိုပင် လက်ခံကြသည်။ဟိန္ဒူဒဿန ဆရာ အချို့သည် ဖန်ဆင်းရှင် ဘုရားသခင်ကို မယုံကြည်သော်လည်း ဝေဒ ကိုကား လေးစားကြသည်။

ဝေဒကို တတ်ကျွမ်းသူမှာ ဗြာဟ္မဏတို့ဖြစ်၏။ သူတို့ပင် ဝေဒမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြ၏။ သို့ကြောင့် အရိယာတို့သည်လူတို့တွင်ဗြာဟ္မဏ အမြတ်ဆုံးဟုသမုတ်ကြခြင်းဖြစ်၏။ အကယ်၍ ရွာဘရွာကို မီးသင့်ပါသော် ဗြာဟ္မဏကို ရှေးဦးစွာ ကယ်တင်ရမည်ဟုဆို၏။ အကြောင်းကား သူတို့ မြတ်နိုးသော ဝေဒကို ထိန်းသိမ်း စောင့်ရှောက် သောကြောင့် ဖြစ်၏။ မနုသမိတိတွင် "ကမ္ဘာလောကကြီး တရပ်လုံးသည် ဗြာဟ္မဏတို့အတွက် ဖြစ်၏။ သူတို့သည် လူတို့၏ အရှင်သခင်ဖြစ်၏" ဟုဆို၏။ မင်းစိုးရာဇာတို့ပင် သူတို့ကို ရိုသေကြရ၏။ အကယ်၍ မင်းပွဲသဘင်သို့ ကိုယ်တပိုင်းသာ အဝတ် ရှိသော ဗြာဟ္မဏဝင်လာပါလျှင် အားလုံးရပ်ကာ အလေးပြုကြရသည်။

ဝေဒသည် ဗြဟ္မာဖြစ်၏။ သို့ကြောင့် ဝေဒ တတ်ကျွမ်းသူကို ဗြာဟ္မဏဟု ခေါ်ခြင်း ဖြစ်၏။ အချို့က ဘုရားသခင်သည် လူကိုဖန်ဆင်းပြီးနောက် ဝေဒကို ရသေ့ကြီးလေးဦးအားဖြင့် ဟောကြားစေသည်ဟု ယုံကြည်ကြ၏။ အချို့ကလည်း ဝေဒသည် ဘုရားဟော မဟုတ်၊ ရသေ့ကြီး အဆက်ဆက်တို့ ထုတ်သင် ပြုပြင် စီရင်သော ကျမ်းဟု ယူဆကြ၏။ ထိုတွင် ရိဂ္ဝေဒမှာ အခြား ဝေဒသုံးစောင်တို့ထက် ရှေးကျ၏။ အိန္ဒိယ သမိုင်းဆရာ ဟန်တားက ဤသို့ဆို၏။

> ပန်ဂျပ်ပြည်နယ်၌ ရှေးဦးစွာ အတည်အတံ့ နေထိုင်ပြုသော အာရိယာ လူမျိုးတို့၏စာပေကျမ်းဂန်တို့အနက် ရိဂ္ဝေဒကျမ်းသည် အထိမ်းအမှတ်အားဖြင့်စဉ်လာမပျက် ယခုတက်တိုင်ရှိသော စာကြီးပေကြီး ဖြစ်သည်။ ရှည်မြင့်စွာ တည်သည့်အလျောက် ရှိသေထိုက်သော ဤကျမ်းဟောင်း၏ ပေါ်ရင်းမူလ နှစ်အစကို မသိကြကုန်။ မိမိအယူမှန်သည်ဟူ၍ စိုက်ယူစွဲလမ်းကြကုန်သောဟိန္ဒူတို့သည် သက်သေခံမရှိပဲ လူတို့ပညတ် အပ်သော အချိန်ကာလမတိုင်မီ သို့မဟုတ် ခရစ်မပေါ်မီ အနည်းဆုံး နှစ်ပေါင်း သုံးထောင်ပေါ်ပြီး သက္ကရာဇ်နှင့် ပေါင်းရုံးရေတွက်သော် နှစ်ပေါင်း ငါးထောင်လောက်ကပင် ရှိနှင့်သည်ဟု ယုံကြည်ကြ၏။ စာတွေ့နက္ခတ်များကို ဥရောပတိုက်သား ပညာရှိတို့ တွက်ချက်၍ ခရစ်မပေါ်မီ နှစ်ပေါင်း ထောင့်လေးရာ ခန့်လောက်၌ သီချင်းတို့ကို သက်တန်းစပ်ဆိုသည် ဖြစ်မည်ဟု ချင့်ချိန်သဖြင့် သိကြ၏။

သို့ရာတွင် ဝေဒသုံးပုံ စပ်ဆိုပြီးနောက် နှစ်ပေါင်းများစွာ ကြာမြင့်ပြီးမှ သက္ကရာဇ်ကို ညွှန်ပြသော သက်သေခံ စကားရပ်တို့ကို နောက်ဆုတ်တွက်၍ ဝေဒသုံးပုံ၌ သုပ် သွင်း ထားလေမှန်းလည်း မသိရ၊ ခရစ်မပေါ်မီ နှစ် ပေါင်းခြောက်ရာ၌ ဗုဒ္ဓသာသနာပေါ်ထွန်း၏။ ထိုခေတ် သို့ မကူးမီ ကာလအရှည်ကပင် ဝေဒသုံးပုံကို ကျွန်ုပ် တို့ သိကြရ၏။

ဝေဒိက ခေတ်က လူတို့သည် အထူးသဖြင့် အရိယာ လူမျိုး တို့ သည် မကောင်းသော ဒုစရိုက်မှု ကို မပြုကြ၊ ကောင်းသော သုစရိုက်မှုကိုသာ ပြုကြ၏။ အဓမ္မမှုကို မပြုကြ၊ ဓမ္မတရားကို ဦးထိပ် ထားကြ၏။ ဖြူစင် သန့်ရှင်း အပြစ် ကင်းကြ၏။ ထို့ကြောင့် ထိုအခါက မင်းစိုးရာဇာဟုပင် မရှိခဲ့၊ မင်းမဲ့ပဒေသာပင်ခေတ် ဖြစ်သည်ဟုဆိုကြ၏။ သူတို့သည် ယင်း စကားကို သူတို့၏ ပဓာနဖြစ်သော ရိဂ္ဂေဒကို ထောက် ထား ပြီး ပြောဆိုကြခြင်းဖြစ်၏။ ထိုဝေဒ၏ မန္တန်အချို့မှာ ဤသို့တည်း-

အို လူသားတို့ ကမ္ဘာလောကကြီး တခုလုံးကို အရိ ယာ ဖြစ်အောင် ပြုလုပ်ကြလော့။ အို အရိယာတို့ သင်တို့သည် အချင်းချင်း စည်းလုံးပြီး မြင့်မြတ် ကြစေ ရန်အတွက် မှန်ကန်၍ ချစ်ဖွယ်သော စကားကို ပြော ကြားကြလော့။ အို ပညာရှိတို့ သင်တို့သည် ကျခိုး သော ဓမ္မတရားကို ထူမကြလော့။

ကောင်းမှုပြုသူ၊ သန့်ရှင်းစင်ကြယ်သူနှင့် ပညာရှိသူ ဖြစ်ပါ။ ချီးကျူးဖွယ် အင်အားရှိသော၊ ကျွမ်းကျင်

သော၊ မှန်စွာ ပြောဆိုသူအား ငါတို့ ဩဘာ ပေးကြ၏။ သစ္စာစောင့်သူ၊ မျက်နှာ၌ တန်ခိုး အရှိန်အဝါရှိသူ၊ ထောပတ်သောက်သူနှင့် သန့်ရှင်း စင်ကြယ်သူ ဖြစ်ပါ။ ကောင်းမွန်စွာ သန့်ရှင်းစင်ကြယ်သော ဉာဏ်ပညာဖြင့် ငါတို့ လုပ်သင့်သော အလုပ်ကို လုပ်ကြရမည်။ စစ်သည် သူရဲကောင်းတို့ သဘင်၌ ထိုင်သော သူရဲကောင်းတို့သည် စစ်ပွဲတွင် အသက်စွန့်ရန်အသင့်ရှိသူကိုသာစကား ပြောကြသည်။ ခိုးသူတို့ကို အိမ်မှနှင်ထုတ်ပါ။ ရန်သူကို ဖယ်ရှားပစ်သော သူရဲကောင်းအား ငါရှိခိုးသည်။ မြတ်သောမင်းသည် အလင်းဖြစ်၏။

ထိုစဉ်အခါက အရိယာတို့၏ အမြင့်ဆုံးသော ဓမ္မတရားဆိုင်ရာ အလုပ်မှာ ယဇ်ပူဇော်ခြင်းဖြစ်၏။ သုတ်သီလက္ခန်ကူဋဒန္တသုတ်တွင်ကူဋဒန္တ ပုဏ္ဏားကြီးသည် ယဇ်ပူဇော်ရန် နွားလား၊နွားပေါက်၊နွားမ၊သိုး၊ဆိတ်အသီးသီး ခုနစ်ရာစီယဇ်တိုင်သို့ပို့ဆောင်ပြီးကြောင်း လာရှိ၏။ ထို့ပြင် ရှင်ဥက္ကဋ္ဌ၏ ကပ္ပ ပြဿနာတွင် "အရည်ကဋ္ဌကား ထူးဆန်းသော ယဇ်ပူဇော်မှုများ ပါဝင်လေသည်။ ၎င်းယဇ်တို့တွင် အထူးခြားဆုံး တို့ကား ဗြဟ္မဒေဝနှင့် ပုဏ္ဏရိကတို့ဖြစ်သတည်း။ ၎င်းယဇ်ပွဲများ၌ ပြည့်တန်ဆာမများသည် ပဓာနအသုံးတော်ခံများ ဖြစ်ကြကုန်၍ လူ၏ သုတ်သွေးဖြင့် ယဇ်ပူဇော်မှုကို ပြုကြလေသည်" ဟုဖော်ပြထား၏။ ထို့ကြောင့် နောင်အခါ ယဇ်ကို တော်လှန်သော ဥပနိသျှဒ်များ ပေါ်ထွက်လာခြင်းဖြစ်၏။

ဥပနိသျှဒ်သည် အမျိုးပေါင်း တရာကျော်မျှရှိ၏။ ထိုတွင် ပဓာနကျသော ဥပနိသျှဒ်အချို့ကို ဤတွင် အကျဉ်းချုပ်ဖော်ထုတ်ပါမည်။ ဥပနိသျှဒ်ကို ပါဠိလို ဥပနိသဒဟု ပြန်ဆိုနိုင်၏။ အဓိပ္ပာယ်မှာ အနီး၌ ထိုင်ခြင်းဖြစ်၏။ ဤတွင် ဥပနိသျှဒ်ဟူသည်မှာ ဝေဒ၏ အနီး၌ကပ်၍ ထိုင်ခြင်း၊ သို့မဟုတ် ဝေဒ၏ လေးနက်သော အချက်အလက်တို့ကို ဖွင့်ဆိုခြင်းပင်ဖြစ်၏။

ကဌ-ဥပနိသျှဒ်။ ။ယဇုဝေဒမှ နောက်ဆုံး အပိုင်းကို ကဌ အမည်ရှိသော ရသေ့ကြီး ဖွင့်ဆိုသောကြောင့် ကဌ-ဥပနိသျှဒ် ဟု ခေါ်ကြခြင်း ဖြစ်၏၊ သူသည် ပုဏ္ဏား လူငယ်တယောက်၏ အမေးနှင့် ယမမင်း၏ ဖြေဆိုဟန်ဖြင့် ယဇုဝေဒနောက်ပိုင်းကို ဖွင့်ဆိုခြင်း ဖြစ်၏။ ယမမင်းဖြေဆိုချက်အချုပ်မှာ ဤသို့ပါတည်း-

အဝိဇ္ဇာ ဖုံးလွှမ်းခြင်းခံရသူသည် ကံနှင့်ဝီရိယ၌ကပ်ငြိပြီး မိမိကိုယ်ကို ပညာရှိဟုထင်မှတ်ကာ ဘဝသံသရာတွင် သူကန်းလမ်းညွှန်သော သူကန်းကဲ့သို့ ကျင်လည်နေရမည်။ အတွင်း၌ တည်ရှိသော ပရမ အတ္တ ဘုရားသခင်၌ စိတ်တည်ကြည်မှုပြုသူအားမိမိအတ္တတောက်ပသည့်အဖြစ်နှင့်ကိုယ်တိုင်သိဒ္ဓိပေါက်သော လွတ်မြောက်မှုကို ခံစားနိုင်သည်။သုခ-ဒုက္ခ အစရှိသော စိုတ်နှင့် လောကီအာရုံတို့မှာ တပ်မက်နေခြင်းကြောင့် အတွင်း၌တည်ရှိသော အတ္တကို မသိခြင်းဖြစ်၏။ အတွင်း၌ရှိသောအတ္တကို မျက်မှောက်ပြုသောအခါ သုခ-ဒုက္ခ၏ ယုံမှားခြင်းအလုံးစုံ အကုန်ပျောက်သွားမည်။

လူ၏ အသဲနှလုံးအတွင်းမှ ဆုံးဖြတ်ချက် သန့်ရှင်းစင်ကြယ်၍ သဘောတရား၏ အစစ်အမှန်တို့ ယိုစီးလာသောအခါမှ အတ္တကို မျက်မှောက်ပြုနိုင်မည်။ ယင်းသို့မျက်မှောက်ပြုခြင်းသည် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့်၎င်း၊ အသိဉာဏ် အပြည့်အစုံနှင့် တွေးတောကြံဆခြင်းဖြင့်၎င်း မပြုနိုင်။ မိမိကိုယ်ကို အလို၌ သားပြီး လောကရေးရာ တိုက်ခိုက်မှုတို့ဘင် အညီအမျှ ရှုသူသာ မျက်မှောက်ပြုနိုင်သည်။

အတ္တသည် ပြောင်းလဲလေ့ရှိသော ကိုယ်ကာယနှင့် တခြားစီဖြစ်သည်။ ယင်းသည် စိုးရိမ်ကြောက်ရွံ့သောစိတ်နှင့် ဖောက်ပြန်သောစိတ်တို့မှလည်း တခြားစီဖြစ်၏။ အတ္တသည် တောက်ပခြင်း၏ မူလဖြစ်၏။ စိတ်တွင် အတ္တစွဲယင်နေသူအား ဉာဏ်တို့ဖြင့် ဖောက်ပြန်ခြင်းမဖြစ်နိုင်။ အတွင်း၌ရှိသော အတ္တ၏ တောက်ပခြင်းကို ခံစားခြင်းကြောင့် ဉာဏ်ပိုက်ကွန်မှ လွတ်မြောက်နိုင်သည်။ ယုံမှားခြင်းပိုက်ကွန်မှ လွတ်မြောက်ရန်အတွက် အသိဉာဏ်ရှိကာမျှဖြင့် မလုံလောက်၊ ယုံကြည်မှုနှင့် ဆုံးမဩဝါဒလည်း လိုသည်။ ယုံမှားခြင်းသည် ဉာဏ်မရှိရုံမျှသာ ဖြစ်သည်မဟုတ်၊ တွယ်တာ မက်မောခြင်းကြောင့်လည်း ဖြစ်သည်။ အသိဉာဏ်သည် မတွယ်တာမှုကြောင့်ဖြစ်သည်။ ပညာရှိမှုကြောင့်မဟုတ်။

အတွင်း၌ရှိသော အတ္တသည် အသဲနှလုံး၏ လျှို့ဝှက်သော လိုဏ်ဂူမှာနေသည်။ ကြိမ်နွယ်ကို မိမိကြိမ်ရွက်ဖြင့် ဖုံးကွယ်ထားသကဲ့သို့ ဖုံးကွယ်နေသည်။ အသိဉာဏ်နှင့်အတူ ကာမနှင့် တွယ်တာခြင်းတို့မှ လွတ်မြောက်၍ ရောနှောနေခြင်းမှ

သန့်ရှင်းခြင်းကို ခွဲထုတ်ပြီး အတ္တကို ထိုအဖုံးအကွယ်မှ သီးခြားပြုသင့်သည်။ သို့မှ အတွင်းမှာရှိသော အတ္တစင်ကြယ်၍ အမြိုက်ဖြစ်မည်။

လက်သန်းမျှ ပမာဏရှိသော အတ္တသည် လူတို့၏ အသဲနှလုံးအတွင်း၌ အမြဲတည်ရှိနေသည်။ ယင်းကို အသိဉာဏ် အင်အားဖြင့် ကိုယ်ကာယ၏ ဖုံးကွယ်နေခြင်းမှ တသီးတခြားဖြစ်အောင် ဖယ်ခွာရမည်။ ထိုအခါ အတ္တသည် စင်ကြယ်၍ သေခြင်းမှ လွတ်ကင်းသွားလိမ့်မည်။

ဣသ-ဥပနိသျဒ်။ ။ယဇုဝေဒတွင် 'ဣသာဝါသျ' ဟူသောစကားဖြင့်စတင်သောဝါကျရှိ၏။ ယင်းဝါကျကို ဖွင့်ဆိုသောကြောင့် ဣဥပနိသျှဒ်ကို ဣသဥပနိသျဒ်ဟု ခေါ်ကြခြင်းဖြစ်၏။ ဣသဝါသျဟူသည်မှာ ဘုရားသခင် စံနေတော်မူရာဖြစ်၏။ အချုပ်မှာ ဤသို့ပါတည်း....

ကမ္ဘာလောက၏ အရာဝတ္ထုဟူသမျှသည် ဘုရားသခင်ထံ၌ တည်ရှိ၏။ ဤအကြောင်းကို ကောင်းစွာခံယူပြီးလျှင် ခံစားသည့် အသဲနှလုံးပေါ်၌ ဖြစ်ပေါ်လာသော သူတပါး၏ စည်းစိမ်ဥစ္စာကို ယူရန် တွေးတောကြံစည်ခြင်း အစရှိသော အလုံးစုံတို့ကို စွန့်ပယ်ပစ်ပါ၊ ချမ်းသာခြင်းမှာ အလိုဆန္ဒများနှင့် တွယ်တာမက်မောခြင်းတို့ကို စွန့်ပယ်ခြင်းကြောင့်သာဖြစ်၏။ သင်သည် မလိမ်းကျံသောအဖြစ်ဖြင့် အလုပ်လုပ်ပြီးလျှင် အရာဝတ္ထုဟူသမျှကို ဘုရားသခင်ထံ အပ်နှံပါက အသက်ရှည်ကြာစွာဖြင့် ဘဝကို ကုန်လွန်စေနိုင်မည်။ ယင်းသို့ပြုလုပ်မှသာ ငါတို့

၏ ကံ၏အပြစ်များမှ လွတ်ကင်း၍သေခြင်း၊ ရှင်ခြင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်မည်။

ထိုအရာသည် ပြည့်စုံ၍ ဤအရာသည် ပြည့်စုံ၏။ အပြည့်အစုံမှ အပြည့်အစုံထွက်သွား၏။ တဖန်လည်း ပြည့်စုံခြင်းသည် ရှေးအတိုင်းပင် ပြည့်စုံနေ၏။ လှုပ်ရှားသော ထိုအရာမှာ ဘုရားသခင်ဖြစ်၏။ သို့ရာတွင် အမှန်မှာ လှုပ်ရှားခြင်းမဟုတ်။ အကြောင်းကား မည်သည့်အရာမဆို အလုံးစုံသည် ထိုတခုတည်းသော သစ္စာရုပ် ဘုရားသခင်ဖြစ်သောကြောင့်တည်း။ တစုံတကွဲပြားခြားနားသော အရာဝတ္ထုမဟုတ်လျှင် လှုပ်ရှားခြင်းမဖြစ်နိုင်။ ယင်းသည် အလွန်ဝေးလှသည်။ အကြောင်းကား ငါတို့သည် သူ့ကို ရှာဖွေ ကိုမ ... ကမ်မောက်မပြုနိုင်သောကြောင့်ဖြစ်၏။ ယင်းသည် အလွန်နီးပေါသည်။ အကြောင်းကား သူသည် အားလုံးတွင် ပြန့်နှံ့နေပြီးလျှင် ငါတို့၏ အသဲနှလုံးလိုဏ်ဂူ၌ တည်နေသောကြောင့်ဖြစ်၏။ အကယ်၍ ငါတို့သည် အားလုံး၌ ဘုရားသခင် ပြန့်နှံ့နေခြင်းကို ခံယူပါမူ ငါတို့နှင့် အခြားသူတို့၏ စပ်ကြားကွဲပြားခြားနားခြင်းများ ပျောက်ကင်း၍ ဆင်းရဲခြင်းနှင့် ယိုမှားခြင်းတို့လည်း သဘာဝရုပ်မှာ ပျောက်ကွယ်သွားလိမ့်မည်။

ကေန ဥပနိသျှဒ်။ ။သာမဝေဒမှ 'ကေန' အဘယ်ကြောင့်ဟု အစချီသော ဝါကျကို ... ဆိုသောကြောင့် ကေနဥပနိသျှဒ်ဟု ခေါ်ဆိုခြင်းဖြစ်၏။ ယင်းဥပနိသျှဒ် ၏ အနှစ်သာရမှာ ဤသို့ပါတည်း။

အလုံးစုံသော စိတ် စေတသိက်တို့ကို မြတ်သော ဗြဟ္မာ ဖန်ဆင်း၏။ ယင်းသည် တစုံတရာ စဉ်းစားတွေးတော၍ ရသော အရာမဟုတ်၊ လူတို့စိတ်ဖြင့် တွေးတောနိုင်သည်မှာ ထိုဘုရား သခင်ကြောင့် ဖြစ်၏။ သူသည် မျက်စိကို မြင်ရန်၊ နားကို ကြား ရန်၊ အသက်တို့ကိုရှင်ရန် အစွမ်းသတ္တိပေး၏။ မြင်ရန် အတွက် မျက်စိ၊ ကြားရန်အတွက် နားနှင့် အသက်ရှင်ရန်အတွက် အသက် ကို သူမလိုလား၊ ယင်းအမှုကိစ္စတို့၏ တည်ရာမှာ ဗြဟ္မာဖြစ်၏။ သို့ကြောင့် ဣန္ဒြေများနှင့် စိတ်သည် ဗြဟ္မာကို သိရန် မစွမ်းနိုင် ခြင်းဖြစ်၏။ ယင်းသို့လျှင် ဗြဟ္မာသည် အလုံးစုံတို့တွင် တည် နေပြီး ငံ့ကွက်ခြင်းမရှိ ဖြစ်သည်။ သူသည် နတ်ဒေဝါတို့ ကဲ့သို့ မဟုတ်။

ဗြဟ္မာကို သိသည်ဟုဆိုသူသည် မိမိအသိဉာဏ်မရှိခြင်းကို ကိုယ်တိုင် ဝန်ခံခြင်းဖြစ်၏။ ဗြဟ္မာကို မသိနိုင်ဟု ယူဆသူသာ သားလုံးတို့ထက် ပိုပြီးသိ၏။ သာမန်အရာဝတ္ထုကို ရှာဖွေသကဲ့သို့ သော ဉာဏ်မျိုးဖြင့် သ ့ကိုသိရန် ကြိုးစားခြင်းမှာ ရည်ရွယ်သည့် အတိုင်း အကျိုးမရှိနိုင်။ ယောကျ်ားမြတ်၏ အသိဉာဏ်နှင့် ပတ် သက်ရာတွင် လူတို့၏ စိတ်အပိုင်းအခြားကိုသိပြီး ရိုးသားစွာဝန်ခံ မှသာ သူ၏သစ္စာဉာဏ်ကိုရမည်။

ငါတို့သည် ယောကျ်ားမြတ်ကို တွေ့မြင်ရန်မှာ နိုးကြာ ခြင်းဖြင့်သာဖြစ်နိုင်၏။ အတွေးအဆဖြင့် မဖြစ်နိုင် နောက်ဆုံး သစ္စာ၏ အဘိဓမ္မာ ဘဝသည် အိပ်ပျော်သည်နှင့်တူ၍ အသိဉာဏ် သည် ယင်းကို နိုးသောသူ၏ အတွေးအမြင်နှင့်တူ၏။ နိုးကြားခြင်း မရှိပဲနှင့် သိရန်ကြိုးစားခြင်းမှာ ဘယ်အဓိပ္ပာယ် ရှိမည်နည်း။

အိပ်ခြင်းနှင့် နိုးခြင်း၊ စပ်ခြင်းကဲ့သို့ ရိုးသားသော ဘဝနှင့် မျက်မှောက်ပြုခြင်းသည် အတူတူပင် တည်ရှိ၏။

သွေတာသွတရ၊ ဥပနိသျှဒ်။ ။ဤ ဥပနိသျှဒ်သည် ယဇုဝေဒနှင့် ဆက်စပ်နေ၏။ ဤတွင် ဝေဒန္တ၏ သင်္ချားစာများကို အကျဉ်းချုပ်ဖော်ထုတ်ထား၏။ ဤလောက၏ ထင်ရှားခြင်းနှင့် မထင်ရှားခြင်းတို့ပြင် မပျက်စီးခြင်းနှင့် ပျက်စီးခြင်း တို့၏ တခုတည်းသော တည်နေရာမှာဘုရားသခင်သာဖြစ်၏။ ဇီဝအတ္တသည်ဂုဏ်ခြေများဖြင့် အာရုံကို ခံစားခြင်းကြောင့် စိုးမိုးခြင်း၏ မစေတနာပျောက်ကွယ်သွားပြီးလျှင် အနှောင်အဖွဲ့ဖြစ်သွား၏။ ယင်းသည် မိမိစိုးမိုးခြင်း အလေ့အကျင့်ပြုသောအခါ အနှောင်အဖွဲ့တိုင်းမှ လွတ်မြောက်သွား၏။ လူသားသည် မိမိအတ္တ၏တောက်ပခြင်းကို မျက်မှောက်ပြုနိုင်လျှင် လွတ်မြောက်၏။

မီးသည် ထင်း၌ ခိုအောင်းနေ၏။ ထိုအခါ ယင်းကို မမြင်ရ၊ သို့ရာတွင် ယင်းသည် အမှန်တကယ် ရှိ၏။ ထင်းကို မီးရှို့သောအခါ ထိုထင်းပုံစံအတိုင်း ထင်ရှားဖြစ်ပေါ်လာ၏။ ထို့အတူ အတ္တသည် ကိုယ်၌နေ၍ ထင်ရှား ဖြစ်ပေါ်လာ၏။ အုမ် (ဥုံ) အက္ခရာကို ပွားများသဖြင့် အတ္တကို မျက်မှောက်ပြုနိုင်၏။

မိမိကိုယ်ကို အောက်ခံ မီးခြစ်ကျောက် အနေထားပြီး အုမ်ကို အပေါ်ကခြစ်သော သံမဏိတုံး အနေထား၍ လေ့လာ

မှုဖြင့် ခြစ်ပါ။ ယင်းသို့ ကြိမ်ဖန်များစွာ ပြုလုပ်ပါက အတွင်း၌ ခိုအောင်းနေသော တောက်ပခြင်းကို တွေ့နိုင်၏။

နှမ်း၌ဆီ၊ ဒိန်ခဲ၌ ထောပတ်နှင့် သောင်ပြင်၌ ရေကိုတွေ့နိုင်သကဲ့သို့ သစ္စာ၊ အကျင့်၊ ဣန္ဒြေများနှင့် စိတ်ကိုဆုံးမသဖြင့် အတွင်းမှာ တည်ရှိသော အတ္တကို တွေ့နိုင်၏။

ထိုယောကျ်ားမြတ်သည် တယောက်ထည်းသာ ဖြစ်၏။ သို့ရာတွင် သူသည် ရုပ်သွင် များပြားစွာ ဆောင်၏။ များပြားစွာသော အလုပ်ကိစ္စနှင့် ကြီးစိုးခြင်းကိုယူ၏။ ထို အားလုံးသည် နောက်ဆုံးတွင် တခုတည်းဖြစ်ကာ ရောနှောသွားမည်။ နေ၊လ နက္ခတ် အတိပြီးသော ကောင်းကင်၊ မီး၊ ရေ၊ ဗြဟ္မာ၊ သိဝ၊ လူငယ်၊ လူကြီးနှင့် အမျိုးသမီး၊ သားကောင်၊ ကျေးငှက်၊ ပိုးမွှား၊ လျပ်စစ်ကို ဆောင်သော မိုးတိမ်၊ ရာသီ ဥတုများ အလုံးစုံသည် အနာဒိနှင့် အားလုံး၏ အကြောင်းသရုပ်ဖြစ်သော သိုမြတ်သော ဗြဟ္မာ၌ တဖန် ပေါင်းစုကြလိမ့်မည်။

ထိုသူသည် တောက်ပသော ယောကျ်ား ဖြစ်၏။ ပရမ အတ္တဖြစ်၏။ သူသည် လောကကို ဖန်ဆင်းသူဖြစ်၏။ အမြဲပင် သူတို့၏ အသဲနှလုံးမှာနေ၏။ အသဲနှလုံးနှင့်အသိဉာဏ် အချင်းချင်း ပေါင်းဆုံပြီး စိတ်တွင် အမြဲမပြတ် လေ့လာခြင်းကြောင့် သူသည် ထင်ရှားလာ၏။ ယင်းသို့ မျက်မှောက် ပြု သူ သည် အမြိုက်ကိုရ၏။

စေတ္တာသြိယ၊ ဥပနိသျှဒ်။ ။ယင်းသည် ယဇုဝေဒ နှင့် သက်ဆိုင်၏။ ဝရုဏ ရသေ့

ကြီးသည် သူ၏သား ဘရိဂုအား ဝေဒ သင်ကြားပေးပြီးနောက် လိုက်နာကျင့်သုံးရမည့် သြဝါဒစကားများကို ယဇုဝေဒမှ ထုတ်ဆောင်မိန့်ကြားခြင်းဖြစ်၏။

မှန်သောစကားကို ပြောကြားပါ၊ ဓမ္မတရားကို စောင့်ရှောက်ပါ၊ နေ့စဉ် ဝေဒကို သရဇ္ဈာယ်ရန် မမေ့နှင့် ယခုအခါ သင်သည် ဆရာ၏ထံပါးမှ ဝေးရာသို့သွားတော့မည်။ သို့ကြောင့် သင်သည် အိုးအိမ်တည်ထောင်ပြီး အမျိုး အဆက် အနွယ် ကို ပွားလော့။ သစ္စာနှင့်ဓမ္မကို ဘယ်အခါမျှ မသေ့ဖယ်နှင့်၊ လူများ အကျိုးရှိမည့်အလုပ်ကို လုပ်ဆောင်ပါ၊ မြင့်မြတ်ကြီးပွားခြင်းသို့ ရောက်အောင်ပြုပါ။

နတ်ဒေဝါများနှင့် ဘိုးဘွားမိဘများကိုအောက်မေ့ပါ၊ မိမိအမိအဘကို ရိုသေပါ၊ သူတို့ကိုနတ်ဘမျှယူဆပါ၊ ဆရာသမား ကို နတ်ကဲ့သို့ လေးစားပါ၊ မိမိထံ ရောက်လာသော ဧည့်သည် များကို ရိုသေလေးစားပါ၊ သူတို့ကို မိမိအိမ်သို့ ဘုရားသခင် ကိုယ်တိုင် ဧည့်သည်အဖြစ် ရောက်လာသည့်အသွင်ယူဆပါ၊ မိမိ ဝေဘန်ဉာဏ်ကို အကျိုးရှိအောင်အသုံးချပါ၊ ဖြစ်ရို-ဖြစ်မဲ့ကို ခွဲခြားပြီးလျှင် ဖြစ်ရိုကို ရှောင်၍ ဖြစ်မဲ့ကို ဆောင်ပါ၊ ဆရာ သမား၏ ကောင်းမွန်သော အလေ့အကျင့်ကို အတုယူပါ၊ ဆရာသမားနှင့် နေခဲ့စဉ်အခါက တွေ့ကြုံခဲ့ရသော လူကောင်း သူကောင်းများကို ရိုသေလေးစားပါ။

သဒ္ဓါတရားဖြင့် ပေးကမ်းလှူဒါန်းပါ၊ ဝမ်းမြောက် ရွှင် လန်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ လေးစားမြတ်နိုးခြင်း၊ သနား ကြင်နာခြင်းဖြင့်သာ ပေးကမ်းလှူဒါန်းပါ။

အကယ်၍ သင်၏ စိတ်တွင် အမှားနှင့်အမှန် မဝေဘန်နိုင်ဘဲ ဖြစ်ပါသော် အိမ်နီးနားဖြစ်သော တရားစောင့်သူနှင့် မြင့်မြတ်သူတို့၏ အတုကို ယူရမည်။ ယင်းသည်ပင် အဆုံးအမ ဩဝါဒနှင့် ဥပဒေသဖြစ်၏။

အစာအာဟာရကို ပြဟ္မာဟုယူဆပါ၊ အကြောင်းကား အစာအာဟာရဖြင့်သာ သတ္တဝါအားလုံး ဖြစ်သောကြောင့်တည်း။ ယင်းဖြင့် အသက်ရှင်ကာ သေပြီးနောက် အစာအာဟာရ ဖြစ်သွား၏။ တယောက်သည် တခြား တယောက်၏ အစာအာဟာရ အသွင်ဖြင့်သာလျှင် သတ္တဝါအားလုံး အချင်းချင်း မှီတွယ်နေကြ၏။ ဤနည်းဖြင့် ဘဝသံသရာ၏ ကွင်းဆက်သည် အစဉ်မပျက် ဆက်စပ်နေခြင်းဖြစ်၏။

ဆန္ဒောဂျ၊ ဥပနိသျှဒ်။ ။ယင်းသည် သာမဝေဒနှင့် ဆက်စပ်၏။ ဤဥပနိသျှဒ်၏ အနှစ်သာရမှာ "ရှေးဦးအစမှာ အကြောင်းတစုံတရာရှိသလော" ဟူသော မေးခွန်း၏အဖြေဖြစ်သည်။

လောကကြီး ဖြစ်ပေါ်ခြင်း၏ အကြောင်းကို မေးခြင်း ဖြစ်၏။ ထိုအကြောင်းကို ရှာဖွေသူတို့သည် ယင်းကို အဆုံးအပိုင်းအခြားမရှိသော ကွင်းဆက်နောက်သို့ ယူဆောင်သွားကြပြီး လောကသည် သုညမှဖြစ်ပေါ်လာသည်ဟုဆိုကြ၏။ ရသေ့ကြီးတို့ကမူ မဖြစ်နိုင်ဟု ခေါင်းခါကြ၏။ သုညမှ သုညသာ ဖြစ်မည်။ အသတ္တာမှ သတ္တာမဖြစ်နိုင်၊ အကြောင်းမရှိသောအစဦ

အဆုံးသောအကြောင်းမှာ သစ္စာဖြစ်၏။ လောက၏အစဆုံးသော အကြောင်းမှာ ဘုရားဟုဆိုလိုခြင်းဖြစ်၏။

သစ္စာသည် ကျယ်ဝန်း၏။ ထို့ပြင် ဂုဏ်များကိုလိုလား၏။ သို့ကြောင့် ယင်းသည် တေဇောကို ဖြစ်စေ၏။ တေဇောဓာတ်ရှိသူသည် ဂုဏ်များကိုလိုလား၍ အာပေါကို ဖြစ်စေ၏။ အာပေါဓာတ်ရှိသူသည် များပြားစွာသောရုပ်သွင်ကို လိုချင်၍ အစာအာဟာရကို ဖြစ်စေ၏။ သို့ဖြင့် လောက၏အလုံးစုံသော သတ္တဝါများ ဖြစ်ပေါ်လာခြင်းဖြစ်၏။

"အမျိုးမျိုးအဖုံဖုံ ပြည့်စုံများပြားစွာသော ဤလောကကြီးကို ဤမျှ လွယ်ကူသော အစီအရင်ဖြင့် ဘယ်သို့ ဖြစ်နိုင်ပါမည်နည်း"။

ညောင်စေ့ကို ခွဲကြည့်သောအခါ အထဲတွင် ဘာမျှ မတွေ့ရပါ။ သို့ရာတွင် ယင်းသည် လွန်စွာ ကြီးမားသော ညောင်ပင်ကြီးကို ဖြစ်စေ၏။ ဤအတူ လောကကြီး ဖြစ်နေ၏။ ရှိရှိသမျှ အားလုံးသည် ထိုသစ္စာတွင် တည်ရှိကြ၏။ ဤတွင် သစ္စာဆိုသည်မှာ ဖန်ဆင်းရှင် ဗြဟ္မာ ဖြစ်၏။

"သစ္စာသည် အကယ်၍ အားလုံးမှာ ပြန့်နှံ့နေခြင်း အကြောင်းရင်း ဖြစ်ပါသော် ယင်းကို ထင်ရှားစွာ ဘယ်ကြောင့် မတွေ့မြင်ရပါသနည်း"

ဆားခဲကို ရေတွင်ဖျော်လိုက်သော အခါ ဆားကိုမမြင်တွေ့ရသကဲ့သို့ လောကတွင် သစ္စာကို မမြင်တွေ့ရ၊ ထို့ပြင် ဆားသည် ရေပေါက်တိုင်းမှာ ပြန့်နှံ့နေသကဲ့သို့ သစ္စာသည် လောက၏ အရာဝတ္ထုတိုင်းမှာ ပြန့်နှံ့နေ၏။

မုဏ္ဍက-ဥပနိသျှဒ်။ ။ယင်းသည်အထဗ္ဗဝေဒ၏ အစိတ်အပိုင်း ဖြစ်၏။ အင်္ဂီရာ အမည်ရှိသော ရသေ့ကြီးက သူ၏တပည့် သောနက ရသေ့အား ပညာသင်ကြားပေးသည့် အသွင်ဖြစ်၏။

ကမ္မကဏ္ဍနှင့် ယဇ်သည် လူကို သံသရာစက်၌ ကျင်လည်စေ၏။ မြတ်သော မှတ်တိုင်သို့ ရောက်ရန်မှာ မိမိ၏ အတ္တကို မှတ်မိ သိရှိခြင်းသာဖြစ်၏။

အလုံးစုံသော လောကသည် လောက၌ ပြန့်နှံ့နေသော ရုပ်ပုံသဏ္ဌာန် မရှိသော အကြောင်းမဲ့ဖြစ်သော ဘုရားသခင်၏ ပစ္စက္ခ ပုံသဏ္ဌာန်နှင့် ဖန်ဆင်းမှုပင်ဖြစ်၏။ နေ, လ, အလုံးစုံသော အရပ်မျက်နှာများ, ပြည့်စုံသော ဉာဏ်ပညာနှင့် သတ္တဝါတို့၏ အတ္တသည် ထိုဘုရားသခင်၏ အစိတ်အပိုင်းနှင့် ပစ္စက္ခရုပ်ဖြစ်၏။ အလုံးစုံသော ဘဝနှင့် အလုံးစုံသောဂုဏ်၊ တာဝန်၊ ထို့ပြင် ကံသည် ထိုဘုရားသခင်၏ တခုတည်းသော သတ္တိရုပ် ဖြစ်၏။ ယင်းသည်ပင် မီးဖြစ်ကာ နေကို တောက်ပစေပြီး ယင်းကို ထင်းကဲ့သို့ လောင်ကျွမ်းစေ၏။ ယင်းဖြင့်သာ နေသည် ငါတို့အား အပူရှိန်နှင့် အလင်းရောင်ကို ပေး၏။ မိုးသည် ကိုယ်တိုင်မရွာပါ၊ တိမ်များဖြစ်ကာ ရွာစေ၏။

တောင်နှင့် ပင်လယ်၊ မြစ်များ၊ သစ်ပင်၊ ဆေးပင်များနှင့် ယင်းတို့အား ရှင်သန် တိုးပွားစေသော ဓာတ်အားလုံးကို ထိုဘုရားသခင်မှသာ ဖြစ်ကြ၏။ အိုသူတော်ကောင်း အသဲနှလုံးတွင် တည်နေသော ထိုယောကျ်ားမြတ်ကို သိသူသည် မိမိကို

နှောင်ဖွဲ့ထားသော အလုံးစုံသော အဝိဇ္ဇာ အနှောင် အဖွဲ့ကို ဖြေနိုင်မည်။

ပြဿနာ၏ ဖန်ဆင်းမှု အားလုံးကို သိရန်မှာ လေးသမား သည် မိမိ၏ ပစ်ကွင်းကိုသာ စူးစိုက်သကဲ့သို့ စိတ်သည် ထိုအ ပေါ်မှာ ကေဂ္ဂတာ ကျနေရမည်။ ဥပနိသျှဒ် ဆရာ၏ ထံမှရ သောဥာဏ်သည် လေးဖြစ်၏။ ဥာဏ်ရှိသူသည် အတ္တကို ကိုးကွယ် အည်းကပ်ခြင်းဖြင့် တက်အောင်သွေးသော မြှားကဲ့သို့ ထိုအ ပေါ်မှာတင်ပါ။ ပြဿနာကိုပစ်မှတ်လုပ်ပြီး စူးစူးစိုက်စိုက် လေး ကြိုးကို ကောင်းစွာ ဆွဲပြီးပစ်ပါလျှင် ပစ်မှတ်ကို ဖောက်ထွက် သွားမည်။

သူသည် အလုံးစုံသော လောကဖြစ်၏။ နတ်ပြည်၊ မြေ ကြီးနှင့် ကောင်းကင်၊ သင်တို့၏ ထွက်သက် ဝင်သက် အားလုံး သည် ထိုတွင် ဘိကုံးနေကြ၏။ အခြားတပါးသော ဥာဏ် အားလုံးသည် စကားလုံး ပိုက်ကွန် သက်သက် ဖြစ်၍ ထိုမှကယ် ဘင်သင့်၏။ ထိုဘုရားတဆူသည် တခုတည်းသော သစ္စာဖြစ်၏။ ယင်း ဥာဏ်သည်သာလျှင် အမြိုက် နိဗ္ဗာန်သို့ သွားရန် တံတား ဖြစ်၏။

ဒဿန

သင်္ချ ဒဿန။ ။ဤ ဒဿန ကို စီရင်သူမှာ ကပိလ ရသေ့ကြီးဖြစ်၏၊ သူသည် ဝေဒ ကို လက်ခံသော်လည်း ကမ္ဘာလောကသည် ဘုရားသခင် ဖန်ဆင်း၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဆိုသောအချက်ကို မယုံကြည်၊ သူ၏ အမြင်အားဖြင့် ကမ္ဘာလောက ဖြစ်ပေါ်လာသည်မှာ ပကတိနှင့် ပုရိသ သဘောတရားနှစ်ပါး ပေါင်းစပ်သောကြောင့် ဖြစ်၏။

ပကတိသည် စိတ်စေတနာမရှိ၊ တူမျှသော ဂုဏ်သုံးပါးလျှင် အထည်ကိုယ်ရှိ၏။ ဖောက်ပြန်သော ဝိကာရဂုဏ်တို့၏ ဖြစ်ကြောင်း မျိုးစေ့သဘောရှိ၏။ ပုရိသဟူသော အတ္တနှင့်ပေါင်းစပ်မိသောအခါ ချောက်ချားဖောက်ပြန် ခြင်းသို့ ရောက်သွားပြီး မဟာ, အဟင်္ကာရ, ပဉ္စတမ္မတ္တ, ဗုဒ္ဓိန္ဒြိယ, ကမ္မိန္ဒြိယ, ဥဘယိန္ဒြိယ, ပဉ္စဘူတ ဟူသော ဝိကာရဂုဏ် တို့၏ အစဉ်ဖြင့် လောက

ကို ဖြစ်ပွားစေခြင်း သဘောရှိ၏၊ အာရုံ၏ အရသာကိုမခံစားတတ်။

ပုရိသကား စိတ်စေတနာရှိ၏။ ဂုဏ်သုံးပါးမရှိ၊ ဝိကာရဂုဏ်တို့၏ ဖြစ်ကြောင်းမျိုးစေ့ သဘောမရှိ၊ မဟာစသော ဝိကာရ ဂုဏ်တို့၏အစဉ်ဖြင့် လောကကို ဖြစ်ပွားစေတတ်သော သဘော မရှိ၊ အာရုံ၏ အရသာကို မခံစားတတ်။

ထိုပကတိနှင့် ပုရိသ နှစ်ပါးလုံးပင် အစမရှိသော အနာဒိ ဖြစ်၏။ အဆုံးမရှိသော အနန္တဖြစ်၏။ ရုပ်ပုံသဏ္ဌာန် မရှိ၊ မပျက်မစီး အမြဲထာဝရ တည်၏။ သူ-ငါဟူ၍မရှိ၊ တလောကသုံး ပြန့်နှံ့၍တည်၏။ ယင်းသို့ အစ-အဆုံးမရှိချည်း ဖြစ်သော်လည်း ပုရိသ၌ ဂုဏ်မရှိ၊ ပကတိ၌သာ ဂုဏ်ရှိ၍ ပကတိသည်သာ လောကကို ဖြစ်စေခြင်း အကြောင်းဖြစ်၏။

ပကတိမှာရှိသော ဂုဏ်သုံးပါးမှာ သတ္တဂုဏ်, ရဇောဂုဏ် နှင့် တမဂုဏ်ဖြစ်၏၊ သတ္တဂုဏ်ဟူသည်မှာ သုခ၏ အကြောင်းဖြစ်သောဂုဏ်ဖြစ်၏။ ရဇောဂုဏ်ဟူသည်မှာ ဒုက္ခ၏ အကြောင်းဖြစ်သောရာဂဖြစ်၏။တမဂုဏ်ဟူသည်မှာ မောဟ၏ အကြောင်း ဖြစ်သော အဝိဇ္ဇာဖြစ်၏။ ပကတိမှာ ပုရိသနှင့် မပေါင်းဆုံမီအခါက ထိုဂုဏ်သုံးပါး တူမျှသော သဘောရှိ၏။ ပုရိသဟူသော အတ္တနှင့် ပေါင်းဆုံမိသောအခါ ချောက်ချား ဖောက်ပြန်ခြင်းသို့ ရောက်သွားပြီး ကြီးကျယ်သော မဟာဖြစ်သွား၏။ မဟာမှတဆင့် အဟင်္ကာရ မာန်မာနအဖြစ်သို့ တိုးတက်လာ၏။ ယင်းတို့ သတ္တဂုဏ် အဓိက ဖြစ်သောအခါ ဗုဒ္ဓိန္ဒြေ, ကမ္မိန္ဒြေ နှင့် ဥဘယိန္ဒြေတို့ အစဉ်အတိုင်း ဖြစ်ပေါ်လာကြ၏။

ဗုဒ္ဓိန္ဒြေသည် နား, အရေ, မျက်စိ, လျှာနှင့် နှာခေါင်း ဟူ၍ ငါးပါးအပြားရှိ၏။

ကမ္မိန္ဒြေလည်း မျက်နှာ, လက်, ခြေ, ကျင်ငယ်လမ်းနှင့် ကျင်ကြီးလမ်းဟူ၍ ငါးပါးပင်ရှိ၏။

ဥဘယိန္ဒြေကား စိတ်ဖြစ်၏။ ယင်းသည် ဥာဏနှင့်ကမ္မ ဟုသော ကိစ္စနှစ်ခုကို ပြီးမြောက်စေ၏။

အဟင်္ကာရမှ တမဂုဏ် လွန်ကဲသောအခါ ပည္ဉာတမ္မတ္တ ဖြစ်၏။ ယင်းတို့မှာ အသံ, အတွေ့, အဆင်း, အရသာနှင့် အနံ့ ဟူသော ငါးပါးတို့ဖြစ်၏။

ပည္ဉာဘူတမှာ ကောင်းကင်, လေ, မီး, ရေနှင့် မြေ ဟူသော ငါးပါးတို့တည်း၊ ယင်းတို့သည် ပည္ဉာတမ္မတ္တမှ အစဉ်အတိုင်း ဖြစ်ပေါ်လာခြင်းတို့ဖြစ်၏။

ပကတိနှင့်ပုရိသပေါင်းဆုံ၍ကမ္ဘာလောကဖြစ်ပေါ်သော ၏။ ဤတွင် မွေးဖွားရခြင်း, အိုမင်းရခြင်း, နာဖျားရခြင်း, သေကြေပျက်စီးရခြင်း, စိုးရိမ်ပူဆွေးငိုကြွေးရခြင်း အစရှိသောဒုက္ခတို့ ပြည့်နှက်နေ၏။ ချမ်းသာခြင်း, ဆင်းရဲခြင်းကိုလည်း ခံစားနေရသည်ဟုထင်နေကြ၏။ စင်စစ်ပုရိသတည်းဟူသောမိမိအတ္တခေါ်သည်မဟုတ်၊ သူ့မှာ ခံစားတတ်သော သဘောမရှိ၊ သို့ရာတွင် ငါချမ်းသာသည်၊ ငါဆင်းရဲသည်ဟု ထင်နေသည်မှာ ပကတိနှင့် ရောနှောနေ၍ဖြစ်၏။ အကယ်၍ ပကတိဟူသော ကိုယ်ကာယ ရုပ်ဝတ္ထုနှင့် ပုရိသတည်းဟူသော အတ္တကို ခွဲခြားလိုက်ပါလျှင် ထိုခံစားမှုတို့မှ လွတ်မြောက်ပြီး အေးချမ်းသွားမည်၊ ရုပ်ဝတ္ထု

ဖြစ်သော ပကတိ၏ သဘာဝအတိုင်း ခံစားနေခြင်းတို့ကို ပွဲကြည့်သူ တယောက်ကဲ့သို့ ကြည့်ရှုဆင်ခြင် နေလိမ့်မည်။

ယောဂဒဿန။ ။ဤဒဿနကို စီရင်သူမှာ ပတဉ္စလိ အမည်ရှိသော ရသေ့ကြီးဖြစ်၏။ သူသည် သချံဒဿနမှ အခြေခံ သဘောတရားတို့ကို လက်ခံ၏။ သို့ရာတွင် ဘဝသံသရာ ဖြစ်ပေါ်လာရေးနှင့် ထိုမှ လွတ်မြောက်ရေးတို့တွင် ဘုရားသခင်နှင့်ပတ်သက်သည်ဟု ယူဆသောကြောင့် သူ့အမြင်ကို ဣဿရ သချံဟုပင် ခေါ်ကြ၏။

ဘဝသံသရာမှ လွတ်မြောက်ရေးအတွက် သချံက ပကတိ နှင့် ပုရိသကို ခွဲခြား သိမြင်သော ဝိဝေကဉာဏ် ရရှိရေးအတွက် အလေးအနက်ပြု၏။ ယောဂဒ္ဓကား ယောဂကျင့်စဉ်ကို စီရင်ပေး၏။ ယောဂအကျင့်ဖြင့် ပကတိနှင့် ပုရိသ ကွဲပြားသွားပြီး လွတ်မြောက်မည်ဟု ယုံကြည်၏။ ဤအတွက် ပတဉ္စလိသည် ယောဂင်္ဂခေါ် ယောဂအင်္ဂါရှစ်ပါးကိုညွှန်ကြား၏။ယင်းတို့မှာ-

(၁) ယမ။ ။မသတ်ဖြတ် မညှဉ်းဆဲခြင်း၊ မှန်ကန်စွာ ပြောဆိုခြင်း၊ မခိုးမဝှက်ခြင်း၊ ဗြဟ္မစာရီ ကျင့်ခြင်းနှင့် ပစ္စည်းဥစ္စာ မစုဆောင်းခြင်း ငါးပါးကို ယမ ဟု ခေါ်၏။

(၂) နိယမ။ ။သန့်ရှင်း စင်ကြယ်စွာ နေခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ တရားကျင့်ခြင်း၊ ဝေဒကို ရွက်ဖတ် သရဇ္ဈာယ်ခြင်းနှင့် ဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်ခြင်း ငါးပါးသည် နိယမမည်၏။

(၃) အာသန။ ။ထွက်သက်ဝင်သက် ချုပ်ထိန်းခြင်း ဟူသော ပါဏာယာမ ပြုလုပ်ရန် အတွက် ထိုင်ခြင်းဖြစ်၏။ ကျောရိုးနှင့် ဦးခေါင်းကို တည့်မတ်စွာ ထားပြီး တင်ပလ္လင်ခွေ ထိုင်ခြင်းသည် အာသနမည်၏။

(၄) ပါဏာယာမ။ ။ထွက်သက် သို့မဟုတ် ဝင်သက်ကို ချုပ်ထိန်းခြင်းသည် ပါဏာယာမ မည်၏။ အတွင်း အပ အရာဝတ္ထုတို့ကို အာရုံထင်ဟပ်ခြင်းဖြင့် ထွက်သက် ဝင်သက်ကို အောင့်ထားခြင်း ပင်တည်း။

(၅) ပစ္စာ ဟာရ။ ။မိမိထံသို့ အာရုံများ မလာနိုင်စေရန် စိတ်ကို ချုပ်ထိန်းထားခြင်းကို ပစ္စာဟာရဟု ခေါ်၏။ ဣန္ဒြေတို့ကို အာရုံနှင့် မလိမ်းကျံစေဘဲ ဆောင်ထားခြင်းပင်တည်း။

(၆) ဓာရဏ။ ။စိတ်ကို အတွင်း၌ဖြစ်စေ၊ ကိုယ်၏ အပ၌ဖြစ်စေ၊ အရာဝတ္ထု တခု၌ဖြစ်စေ ထားပြီး ထိုနေရာ၌ပင် ရှိစေရန် ဆောင်မှတ်ခြင်းသည် ဓာရဏ မည်၏။

(၇) ဈာန။ ။ဘာဝနာပွားခြင်း သို့မဟုတ် ဈာန်ဝင်စားခြင်းသည် ဈာန မည်၏။ ဓာရဏ ဆောင်မှတ်ထားသော အရာဝတ္ထုပေါ်၌ အလျဉ်မပြတ် စီးဆင်းနေသော ပညာပင်တည်း။

(၈) သမာဓိ။ ။စိတ် တည်ကြည်ခြင်းကို သမာဓိဟု ခေါ်၏။ ပုံသဏ္ဍာန် အားလုံးကို စွန့်ပယ်၍ အနက်အဓိပ္ပါယ်သာ ထင်ဟပ်ကြွင်းကျန်ခြင်းတည်း။

ဤကား ယောဂ အင်္ဂါရှစ်ပါးဖြစ်၏။ ယောဂ အကျင့်ဖြင့် အံ့ဩဖွယ် တံခိုးတေဇော် အာနုဘော်တို့ကို ပြနိုင်၏။ သို့ရာတွင် ယင်းတို့သည် ယောဂ၏ ပဓာန ရည်ရွယ်ချက်တို့ မဟုတ်၊ ယင်း၏ ပဓာန ရည်ရွယ်ချက်မှာ ပကတိနှင့် ပုရိသ ကွဲပြားသည့် ဉာဏ်ကို ရရှိရန်ဖြစ်၏။ ပါဏာယာမကိုပြုကျင့်ခြင်းဖြင့် ကိုယ်ကာယ စင်ကြယ်သန့်ရှင်း၏။ နောက်ဆုံး သမာဓိ တည်သဖြင့် ပုရိသတည်းဟူသော အတ္တကိုဖုံးလွှမ်းနေသောအရာတို့ စင်ကြယ်သွားပြီး လွတ်မြောက်မှု မောက္ခကိုရ၏။

ဝိသေသိက ဒဿန။ ။ဤဒဿနကိုစီရင်သူမှာ ကဏာဒ အမည်ရှိသော ရသေ့ကြီးဖြစ်၏။ သူ၏ အမြင်မှာ အဏုမြူနှင့်ဖွဲ့စည်းထားသောလောကမှ ပဒတ္ထ ခုနစ်ချက်ဖြင့် လွတ်မြောက်မှုကို ရနိုင်၏။ ထို တွင် ဝိသေသ ဟူသော အချက်မှာ အထူးဝိသေသအဖြစ်ပါဝင်၍ သူ့အမြင်ကို ဝိသေသိက ဒဿနဟု ခေါ်ခြင်းဖြစ်၏။ ပဒတ္ထ ခုနစ်ချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) ဒြဗ်။ ။ဂုဏ်နှင့် ကြိယာတို့၏ တည်ရာ အထည်ကိုယ်သည် ဒြဗ်မည်၏။ ယင်းသည် မြေ၊ ရေ၊ မီး၊ လေ၊ အာကာသ၊ ကာလ၊ ဒေသ၊ အတ္တနှင့် စိတ်ဟူ၍ ကိုးပါးရှိ၏။

(၂) ဂုဏ်။ ။ဒြဗ်ကို မှီတွယ်ပြီး ဖြစ်သော အရည်

အချင်းကို ဂုဏ်ဟုခေါ်၏။ ယင်းတို့မှာ အဆင်း၊ အရသာ၊ အနံ့၊ အတွေ့၊ အထိ၊ အရေ၊ အတွက်၊ အတိုင်း၊ အတာ၊ အကြီး၊ အသေး၊ အဝေး၊ အနီး၊ ချမ်းသာ၊ ဆင်းရဲ၊ အလေး၊ အပေါ့ စသည်တို့ဖြစ်၏။

(၃) ကံ။ ။ပြုလုပ်ခြင်းအမှုကိစ္စကိုပင် ကံဟုခေါ်၏။ ယင်းသည်လည်း ဒြဗ်မှာသာ မှီတွယ်၍ဖြစ်ပြီး အပေါ်တင်ခြင်း၊ အောက်ချခြင်း၊ စုပေါင်းခြင်း၊ ဖြန့်ကြဲခြင်း စသဖြင့် အများအပြားရှိ၏။

(၄) သာမည။ ။ယေဘုယျအားဖြင့် ရုပ်ပုံသဏ္ဌာန်ကို သိခြင်း၏ အကြောင်း သာမန်သည် သာမညမည်၏။ ဤကားလူ၊ ဤကား နွား စသည်ဖြင့် သာမန် သိခြင်းမျိုးပင်တည်း။

(၅) ဝိသေသ။ ။အရာဝတ္ထုတို့ တခုနှင့် တခု မတူ ကွဲပြား ခြားနားခြင်း၏ အခြေခံအချက်ကို ဝိသေသဟုခေါ်၏။ ဒြဗ်တို့တွင် တခုနှင့်တခုမတူ ကွဲပြားချက်ပင်ဖြစ်၏။

(၆) သမဝါယ။ ။ဒြဗ်နှင့်ဂုဏ်၊ ကံနှင့် ဒြဗ်၊ သာမည နှင့် ဝိသေသတို့ အမြဲဆက်စပ်နေခြင်းကို သမဝါယ ဟုခေါ်၏။

(၇) အဘာဝ။ ။မရှိခြင်းသည် အဘာဝ မည်၏။ ယင်းသည် မဖြစ်သေး၍ မရှိခြင်း၊ ပျက်စီးသွား၍ မရှိခြင်း၊ အချင်းချင်းမရှိခြင်းနှင့် ဘယ်အခါမျှ မရှိခြင်းတို့ဖြစ်၏။

ဝိသေသိက ဒဿန၏ အဓိက ဆိုလိုချက်မှာ ပန်းရံဆရာသည် အုတ် အင်္ဂတေ စသည်တို့ဖြင့် တိုက်အိမ် ဆောက်သကဲ့သို့ ဘုရားသခင်သည် မဟာဘုတ်တို့၏ ပရမာဏုမြူဖြင့် လောကကို တည်ဆောက်၏။ သို့ရာတွင် ပန်းရံဆရာသည် အုတ်၊ အင်္ဂတေ၊

တိုက်အိမ် စသည်တို့နှင့် ကွဲပြား ခြားနားသကဲ့သို့ ဘုရားသခင်သည်လည်း ပရမာဏုမြူနှင့် လောကမှ ကွဲပြားခြားနား၏။ ဤခြားနားချက်ကို သိရန်အတွက် ပဒတ္ထ ခုနစ်ပါးကို သိရမည်ဖြစ်၏။ ယင်း ပဒတ္ထ အသိဉာဏ်ဖြင့် လောကနှင့်ဘုရား တည်းဟူသော အတ္တ ကွဲပြား သွားပါလျှင် လွတ် မြောက်မှု ရမည်ဟူသတည်း။

နယာယ ဒဿန။ ။ဤ ဒဿနကို စီရင်သူမှာ ဂေါတမ အမည်ရှိသော ရသေ့ကြီးဖြစ်၏။ သူသည် ဝိသေသိက ဒဿနမှ ဘုရားသခင်၏ အလိုကျ ပရမာဏုမြူဖြင့် လောကကြီး ဖြစ်ပေါ်လာမှုကို လက်ခံ၏။ ထို့ကြောင့် သချင်္ခနှင့် ယောဂသည် အတွဲအဖက်ဖြစ်သကဲ့သို့ ဝိသေသိကနှင့် နယာယလည်း တပါးသော အတွဲအဖက်ဖြစ်၏။ ဤဒဿန၏ ပဓာန အချက်မှာ ပမာဏဖြစ်၏။

ပမာဏ ဟူသည်မှာ ယထာဘူတဉာဏ် ဖြစ်ပေါ်စေရန် အကြောင်း ဖြစ်၏။ အတိုင်းအရှည်၊ အတိုင်းအတာ၊ အဘောက်အထွာဖြစ်၏။ ရွှေ၏ စစ်-မစစ်၊ မှန်-မမှန်ကို မှတ်ကျောက်တွင် တင်၍ စစ်ဆေးသကဲ့သို့ သဘောတရား တခု၏ ဟုတ်-မဟုတ်၊ မှန် မမှန်ကို ပမာဏဖြင့် တိုင်းတာစစ်ဆေးခြင်းဖြစ်၏။ ယင်းသည်လည်း ပစ္စက္ခ၊ အနုမာန၊ ဥပမာနှင့် သဒ္ဒ ဟူ၍ လေးပါးအပြားရှိ၏။

(၁) ပစ္စက္ခ။ ။မျက်မှောက်ထင်ထင် တွေ့မြင် ခြင်း

အတိုင်းအတာကို ပစ္စက္ခ ပမာဏဟု ခေါ်၏။ ကိုယ်တွေ့မျက်မြင်ဖြစ်၍ ဟုတ်-မဟုတ်ကို ဆုံးဖြတ်ခြင်းပင်တည်း။

(၂) အနုမာန။ ။မှန်းဆချက်ဖြင့် တိုင်းတာဆုံးဖြတ်ခြင်းကို အနုမာန ပမာဏဟု ခေါ်၏။ တောင်ပေါ်တွင် မီးခိုးထွက်နေသည်ကိုမြင်သဖြင့် ထိုတောင်မှာ မီးလောင်နေသည်ဟု မှန်းဆ ဆုံးဖြတ်ခြင်းဖြစ်၏။

(၃) ဥပမာန။ ။သိအပ်သော တစုံတခုသော အရာဝတ္ထုနှင့် တူသဖြင့် မသိအပ်သော အရာဝတ္ထုကို သိစေခြင်း အထောက်အထားသည် ဥပမာန ပမာဏမည်၏။ သမင်ညိုကို ကား မမြင်ဘူးပါ။ သို့ရာတွင် ယင်းသည် နွားမနှင့်တူသည်ဟု ကြားဘူး၏။ သို့ဖြင့် တောထဲတွင် သမင်ညိုကို တွေ့သောအခါ မိမိသိသောနွားမနှင့်တူသဖြင့် ယင်းသည်ကား သမင်ညိုဖြစ်ရမည်ဟု ဆုံးဖြတ်ခြင်းမျိုးဖြစ်၏။

(၄) သဒ္ဒ။ ။ယုံကြည်ထိုက်သော သူ၏ အဆို အရ လက်ခံခြင်းသည် သဒ္ဒပမာဏမည်၏။ ရှေးအခါက ပုဂံပြည်တွင် အရည်းကြီးတို့ ရှိခဲ့သည်ကို ရာဇဝင် ဆရာတို့၏ အဆို၊ အမိန့်၊ အတိုင်းအတာအရ လက်ခံခြင်းမျိုးပင်တည်း။

ဤ ပမာဏ လေးပါးတို့ဖြင့် တိုင်းတာ ဆုံးဖြတ်ရမည့် အရာတို့မှာ အတ္တ၊ ကိုယ်ကာယ၊ ဣန္ဒြေ၊ အတ္ထ၊ စိတ်၊ အသိဉာဏ် ကိုယ် နှုတ် စိတ်တို့၏ လှုပ်ရှားမှု၊ ဒေါသ၊ နောက်ဘဝ၊ အကျိုးဖလ၊ ဒုက္ခနှင့် လွတ်မြောက်ခြင်းတို့ဖြစ်၏။

စာရဝါက ဒဿန။ ။ဤ ဒဿနကို စတင် တည်ထွင်သူမှာ ဗြိဟပ္ပတိ ဆိုသူ ဖြစ်၏။ သို့ရာတွင် ယင်းအယူအဆကို ဆက်လက်ဖြန့်ချီသော စာရဝါက အမည်ဖြင့် ထင်ရှားနေ၏။ သူ၏ အယူအဆကို ဗုဒ္ဓဝါဒီတို့က ဝိတဏ္ဍဝါဒဟုခေါ်ကြ၏။ အဓိပ္ပာယ်ကား ကမ္မဝါဒီတို့၏ စိတ်နှလုံးကို တုန်လှုပ်ချောက်ချားစေသောကြောင့်ဖြစ်၏။ လူကြိုက်များသောကြောင့် လောကာယတဟုလည်းခေါ်ကြ၏။ ထိုဝါဒ၏ ပဓာန အချုပ်ဂါထာငါးပုဒ်မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) အသက်ရှင်သမျှ ချမ်းသာစွာ အသက်ရှင် ရာ၏။ သေခြင်းမှ လွတ်မြောက်သူမရှိ။ ပြာဖြစ်ပြီးသောကိုယ်၏ ပြန်လာခြင်း ဘယ်မှာရှိမည်နည်း။

(၂) နတ်ပြည်မရှိ၊ နိဗ္ဗာန်မရှိ၊ တမလွန် လောက၌ ဖြစ်သော အသက် မရှိ၊ အမျိုးလေးပါး စသည်တို့၏ အကျိုးပေးသော အမှုလည်း မရှိ။

(၃) မီးပူဇော်ခြင်း၊ ဝေဒသုံးပုံ၊ တောင်ဝှေး သုံးခွနှင့် နဖူး၌ ပြာလူးခြင်းသည် သူယုတ်တို့ ပြုလေ့ရှိသော အသက်မွေးမှုဖြစ်၏။

(၄) အသက်ရှည်သမျှ ချမ်းသာစွာ အသက် ရှည်ရာ၏။ ကြွေးယူ၍ ထောပတ်ကို သောက်ရာ၏။ ပြာဖြစ်ပြီးသောကိုယ် တဖန် ပြန်လာခြင်း ဘယ်မှာရှိမည်နည်း။

(၅) အသက် ဇီဝ အတ္တ သည် ကိုယ်မှ ထွက်ပြီး ဘဝ တပါးသို့ အကယ်၍ သွားနိုင်ပါလျှင် ချစ်လှသော ဆွေမျိုးသားချင်းတို့ထံသို့ အဘယ်ကြောင့် တဖန် ပြန်မလာသနည်း။

ဂျိန်း(ဇိန)ဒဿန။ ။ဤဒဿနကို စတင်တည်ထောင်သူမှာ ပါရသွနာထ(ပဿနာထ)ဖြစ်၍ ဆက်လက်ဖြန့်ချီသူမှာ မဟာဝီရိ(ဝဒ္ဓမာန)ဖြစ်၏။ ပါရသွနာထ ရှေးဦးဟောကြားသော တရားမှာ သဗ္ဗဝိရတိနှင့် ဒေသဝိရတိ တရားဖြစ်၏။ ရသေ့ရဟန်းတို့ စောင့်ရှောက်ရမည့်တရားနှင့်အိမ်နေသူများ စောင့်ရှောက် ရမည့် တရားများပင်တည်း။

(၁) ခမာ-သည်းခံခြင်း။
(၂) မုဒုတာ-နူးညံ့သိမ်မွေ့ခြင်း။
(၃) အဇ္ဇဝ-ရိုးသားဖြောင့်မတ်ခြင်း။
(၄) သောစ-လောဘကင်း၍သန့်ရှင်းခြင်း။
(၅) သစ္စ-မှန်ကန်စွာ ပြောဆိုခြင်း။
(၆) သံယမ-ထိန်းသိမ်းစောင့်စည်းခြင်း။
(၇) တပ-ခြိုးခြံစွာ ကျင့်ခြင်း။
(၈) စာဂ-ပေးကမ်း စွန့်လွှတ်ခြင်း။
(၉) အာကိဉ္စည-တစုံတရာဘာမျှမရှိခြင်း။
(၁၀) ဗြဟ္မစရိယ-မြတ်သော အကျင့်ကိုကျင့်ခြင်း။

ဤတရား ဆယ်ပါးသည် ရသေ့ရဟန်းတို့အတွက် ဖြစ်၏။ ဤတရားဆယ်ပါးနှင့်ပြည့်စုံသူသည်သာ "သာဓု" မည်၏။ သာဓုသည် ဤတရားအလုံးစုံ အကုန်လိုက်နာကျင့်သုံးရ၏။ အိမ်နေသူတို့ ကျင့်ကြံရမည့်တရားမှာ တဆယ့်နှစ်ပါး အပြားရှိ၏။ ယင်းတို့မှာ အဏုဝတ်ငါးပါး၊ ဂုဏဝတ်သုံးပါးနှင့် သိက္ခာဝတ်လေးပါးတို့ ဖြစ်၏။

အကုဝတ် ငါးပါးမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) အဟိံသာ-မသတ်ဖြတ် မညှဉ်းဆဲခြင်း။
(၂) သစ္စ-မှန်ကန်စွာ ပြောဆိုခြင်း။
(၃) အထေယ-မခိုးမဝှက်ခြင်း။
(၄) ဗြဟ္မစရိယ-မြတ်သောအကျင့်ကို ကျင့်ခြင်း။
(၅) အပရိဂ္ဂဟ-မစုဆောင်း မသိမ်းမြိုခြင်း။

ဂုဏဝတ်သုံးပါးမှာအောက်ပါအတိုင်းဖြစ်၏။

(၁) ဒိဂွိရတိ-အရပ်မျက်နှာကို စောင့်စည်းခြင်း။
(၂) ဒေသဝိရတိ-အရပ်ဒေသကို စောင့်စည်းခြင်း။
(၃) အနတ္ထဒဏ္ဍဝိရတိ-ကံသုံးပါးကို စောင့်စည်းခြင်း။

သိက္ခာဝတ် လေးပါးမှာ အောက်ပါအတိုင်းဖြစ်၏။

(၁) သမာယိကဝတ်-အချိန်အခါနှင့် အကျင့်ကို သတ်မှတ်ခြင်း။
(၂) ဥပေါသထဝတ်-ဥပုသ်ဆောက်တည်ခြင်း။
(၃) ပရိမာဏဝတ်-အဝတ်အစားသင့်ရုံရှိခြင်း။
(၄) သံဝိဘာဂဝတ်-ဝေခြမ်းမျှတခြင်း။

ဤဝတ် အကျင့်တို့ကို စောင့်ရှောက်ရာ၌ အိမ်နေသူတို့သည် လွန်ကျူး၍ ကျင့်ခြင်း အတိစာရ ဖြစ်တတ်၏။ ဝိနည်းဘတ် ကြက်သတ်ဟု ဆိုသကဲ့သို့ ဝတ်တို့ကိုပရိယာယ်ဖြင့် ရှောင်ရှားသွားခြင်းပင်တည်း။ ယင်းသို့ အတိစာရဖြစ်သော ကုသိုလ်မရနိုင်သောကြောင့် အကုဝတ် ငါးပါးလုံးတွင် တပါး တပါး၌ အတိစာရ ငါးပါးကို ရှောင်ရှားရမည် ဖြစ်၏။ ယင်းတို့သည်

ဗုဒ္ဓ ဓမ္မ၌ ကံမြောက်ကြောင်း အင်္ဂါတို့နှင့်တူ၏။ ဥပမာ ပါဏာတိပါတကံမြောက်ရန်မှာ ကိုယ်တိုင်သတ်မှုမဟုတ်၊သတ်ဖြတ်မှုကို အားပေးတိုက်တွန်းသော်၎င်း၊ ချီးကျူး သော်၎င်း၊ အားရကျေနပ်သော်၎င်း ကံမြောက်သကဲ့သို့ပင် ဖြစ်၏။

ရာဂဖြင့် သတ္တဝါတို့ကို နှောင်ဖွဲ့ခြင်း၊ နွားး နွာခေါင်း စသည်ဖြတ်ခြင်း၊ အလှန်အမင်း ဝန်ဆောင်စေခြင်း၊ သတ်ဖြတ်ခြင်းနှင့် အငတ်အပြတ်ထားခြင်း တို့သည် အဟိံသာ အကျင့်ဝတ်၏ အတိစာရ ငါးပါးတို့ ဖြစ်၏။

ကောက်ကျစ် စဉ်းလဲသော ဥပဒေသ၊ မဆင်မခြင် ပြောသော စကား၊ လျှို့ဝှက်ချက်ကို ထုတ်ဖော်ခြင်း၊ ယုံကြည်၍ ပြောသောစကားကို သူတပါးအားပြောကြားခြင်းနှင့် မရိုးသားသော ကတိပြုခြင်းတို့သည် သစ္စအကျင့်ဝတ်၏ အတိစာရ ငါးပါးတို့ ဖြစ်၏။

ခိုးဝှက်ရန် အလိုတူခြင်း၊ ခိုးသူ၏ ဥစ္စာကို သယ်ဆောင်ခြင်း၊ မိမိနိုင်ငံနှင့် ဝိရောဓိဖြစ်သော နိုင်ငံသို့ သွားခြင်း၊ ကုန်ပစ္စည်းအတုအပပြုလုပ်ခြင်းနှင့် ချိန်တောင်းစဉ်းလဲခြင်းတို့သည် အထေယ အကျင့်ဝတ်၏ အတိစာရ ငါးပါးတို့ဖြစ်၏။

ပြည့်တန်ဆာ သို့မဟုတ် သူတပါး မယားသို့ သွားလာခြင်း၊ အရွယ်မရောက်သော မိန်းကလေး သို့မဟုတ် မုဆိုးမသို့ သွားလာခြင်း၊ သူတပါးတို့နှင့်ထိမ်းမြားခြင်း သို့မဟုတ် ချစ်ခြင်း၊ အလွန် မေထုန်မှီဝဲခြင်းနှင့် သဘာဝမဟုတ်သော မေထုန်တို့သည် ဗြဟ္မစရိယ အကျင့်ဝတ်၏အတိစာရ ငါးပါးတို့ ဖြစ်၏။

ဆန်ရေစပါး၊ သမည်ဓာတ် သတ္တု၊ ကျွဲနွား စသော

တိရစ္ဆာန်၊ လယ်ယာ၊အိုးအိမ်နှင့် ရွှေငွေတို့ကိုလိုအပ်သော အပိုင်းအခြားထက် ပိုမိုသိမ်းဆည်းခြင်းတို့သည် အပရိဂ္ဂဟ အကုဝတ် ၏ အတိစာရ ငါးပါးတို့ဖြစ်၏။

ဒိဂ္ဝိရတိ၏ အစိပ္ပာယ်မှာ ဤမည်သော အရပ်၌ ဤမည်သော အပိုင်းအခြားကို ကျော်လွန်၍ မသွားဟု သတ်မှတ်ရှောင်ကြဉ်ခြင်းဖြစ်၏။

ဒေသဝိရတိ၏ အစိပ္ပာယ်မှာ ဤမည်သော မြို့ရွာ အရပ်ဒေသသို့မသွားဟု ပိုင်းခြားသတ်မှတ်ပြီး ရှောင်ကြဉ်ခြင်းဖြစ်၏။

အနတ္ထ ဒဏ္ဍဝိရတိမှာ ကာယကံ၊ ဝစီကံ၊ မနောကံ အားဖြင့် ပြစ်မှားခြင်းကို ရှောင်ကြဉ်ခြင်းဖြစ်၏။ ဇိနဂိုဏ်းဝင်တို့သည် ကံကိုဒဏ်ဟု ခေါ်ကြ၏။

ယင်း ဝိရတိ သုံးပါးကို အကုဝတ် ငါးပါးတို့၏ ဂုဏ်ကို ဆောင်သောကြောင့် ဂုဏဝတ်ဟုခေါ်ခြင်းဖြစ်၏။

ဤသို့သော အခါကာလနှင့် နေရာဌာနတို့၌ ဤဝတ်-ဤဝတ်တို့ကို ကျင့်သုံး ဆောက်တည်မည်ဟု သတ်မှတ်ခြင်းသည် သာမာယိကဝတ် မည်၏။

ရှစ်ရက်၊ လပြည့်နေ့ တို့တွင် သန့်ရှင်းသော နေရာသို့ သွား၍ ဥပုထ်စောင့်သုံးခြင်းသည် ဥပေါသထဝတ်မည်၏။

ပရိမာဏဝတ်၏ အပြည့်အစုံမှာ ဥပဘောဂ၊ ပရိဘောဂ ပရိမာဏဝတ် ဖြစ်၏။ ဤတွင် ဥပဘောဂ ဟူသည်မှာ စားသောက်ဖွယ်ဖြစ်၍ အဝတ်အထည်၊ အိပ်ရာ၊ နေရာ စသည်ကို ပရိဘောဂဟုခေါ်၏။ ယင်းတို့ကို သင့်လျော် လျောက်ပတ်စွာ ထားခြင်းသည်ဥပဘောဂ-ပရိဘောဂ-ပရိမာဏဝတ် မည်၏။

ညှော်သည် အာဂန္တု များနှင့် ရသေ့ ရဟန်း တို့အား ဆွမ်းခဲဘွယ် ဘောဇဉ်ပေးလှူခြင်းသည် အတိထိ သံဝိဘာဂဝတ် မည်၏။ အပေါ်တွင် အချုပ်အားဖြင့် သံဝိဘာဂဝတ်ဟု ဆိုခဲ့၏။ အပြည့်အစုံမှာ အတိထိသံဝိဘာဂဝတ် ဖြစ်၏။

ဤဝတ်လေးပါးကို အဏုဝတ်ငါးပါးအား သိက္ခာပေး သောကြောင့် သိက္ခာဝတ်ဟုခေါ်ခြင်းဖြစ်၏။

ထိုမှတပါး ဂျိန်းဝါဒတွင် လွန်စွာ ထင်ရှားသော တရားမှာ စာတုယာမ ဖြစ်၏။ ယင်း တရားနှင့်ပတ်သက်သော ဖွင့်ဆိုချက်ဘို့ကို ပိဋကသုံးပုံတွင် အများအပြား တွေ့နိုင်၏။ မူရင်း အတိုင်း ထိုတရားလေးပါးမှာ အောက်ပါအတိုင်းဖြစ်၏။

(၁) သဗ္ဗာတို ပါဏာတိပါတိဝါအို ဝေရမဏ ॥
(၂) ဝေံ မုသာဝါယာအို ဝေရမဏ ॥
(၃) သဗ္ဗာတို အဒိန္နာဒါဏာအို ဝေရမဏ ॥
(၄) သဗ္ဗာတို ဗဟိဒ္ဓါဒါဏာအို ဝေရမဏ ॥

[သထာနင်္ဂသုတ် ၂၆၆]

သဗ္ဗာတို ပါဏာတိပါတိဝါအို ဝေရမဏ၏ အဓိပ္ပာယ်မှာ ခပ်သိမ်းသော အပြားအားဖြင့် ဝါ-အချင်း ခပ်သိမ်း အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ်၏။ ဗုဒ္ဓဝါဒီတို့တွင် 'ပါဏာတိပါတာ ဝေရမဏီ' ဟူသော သိက္ခာပုဒ်နှင့်တူ၏။

ဝေံ မုသာဝါယာအို ဝေရမဏ၏အဓိပ္ပာယ်မှာ ယင်းသို့ သော အပြားအားဖြင့် မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်

ခြင်းဖြစ်၏။ ဗုဒ္ဓဝါဒီတို့တွင် 'မုသာဝါဒါ ဝေရမဏီ' ဟူသော သိက္ခာပုဒ်နှင့် တူ၏။

သဗ္ဗာတို့ အဒိန္နာဒါနာအို ဝေရမဏံ၏ အဓိပ္ပာယ်မှာ ခပ်သိမ်းသော အပြားအားဖြင့် ဝါ-အချင်းခပ်သိမ် မပေးဘဲ ယူခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်၏။ ဗုဒ္ဓဝါဒီတို့တွင် 'အဒိန္နာဒါနာ ဝေရမဏီ' ဟူသော သိက္ခာပုဒ်နှင့် တူ၏။

သဗ္ဗာတို့ ဗဟိဒ္ဓါဒါနာအို ဝေရမဏံ၏ အဓိပ္ပာယ်မှာ အပြင်အပကို ယူခြင်း၊ သိမ်းဆည်းခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်၏။ အပြင် ဗဟိဒ္ဓဟူသည် ရဟန်းတို့နှင့် ပတ်သက်ခြင်း မရှိသော ပစ္စည်းဝတ္ထုတို့ဖြစ်၏။

ဤ ဝိရတိလေးပါးတို့ကို 'ယာမ'ဟု ခေါ်၏။ ဤတွင် ယမဓာတ်သည် သွန်သင်ဆုံးမခြင်း ဒမန အနက်၌ ဖြစ်၏။ ဤလေးပါးအပြားအားဖြင့် စိတ်ကိုနှိမ်နင်းဆုံးမခြင်းသည်သာလျှင် စာတုယာမတရားဖြစ်၏။ ယင်းသည် ဝေဒ သို့မဟုတ် ဥပနိသျှဒ်ဘို့မှ ပေါ်ပေါက်လာသည်မဟုတ်၊ စင်စစ် ဝေဒတို့ထက် ရှေးကျသော ရသေ့ ရဟန်းတို့၏ တပေါခမ္မမှ ထွက်ပေါ်လာခြင်း ဖြစ်၏။

ရသေ့ ရဟန်းတို့သည် ဘဝသံသရာ၏ ဆင်းရဲဒုက္ခများနှင့် လူတို့အတွင်း၌ ဖြစ်လေ့ရှိသော အဓမ္မှုတို့မှ ထိတ်လန့် ကြောက်ရွံ့၍ တော၌ သွားနေကြပြီးလျှင် လေးပါး အပြားရှိသော အကျင့်ကို ကျင့်ဆောင်နေကြ၏။ ထိုတွင်မှ အကျင့်တခုမှာ အဟိံသာ ဖြစ်၏။ ရေပေါက် ရေစက်ကိုမျှ ဒုက္ခမရောက်စေသော

အကျင့်ဖြစ်ရာမဟုတ်မမှန် ပြောဆိုရန်အကြောင်းမရှိ၊ သူတို့သည် တောတွင်းဖြစ်သစ်သီး သစ်ဥတို့ဖြင့် မျှတနေကြသဖြင့် ခိုးဝှက်ခြင်းဖြင့် လိမ်းကျံခြင်းမရှိ။ အဝတ်မစည်း အချည်းနှီးနေပါမူ သို့မဟုတ် လျှော်တေကို ဝတ်ရုံနေကြသောကြောင့် ပစ္စည်းဥစ္စာ မသိုမှီး မသိမ်းဆည်းသော အပရိဂ္ဂဟအကျင့်မှာ ပြည့်စုံနေ၏။

[ဤတွင် မဟာယာန ဗုဒ္ဓဝါဒ ပြီးပါပြီ]

မဟာယာနဗုဒ္ဓဝါဒ
နိဂုံး

အိန္ဒိယနိုင်ငံမှ အပြင် အပ နိုင်ငံများသို့ ဗုဒ္ဓဓမ္မပြန့်နှံ့ခြင်း သမိုင်းမှာ တသီးတခြားစီဖြစ်၏။ အသောက မင်းကြီးသည်၊ ယင်းကို တိုင်းရေး ပြည်ရေး နိုင်ငံရေးကိစ္စတရပ်အနေဖြင့် ကြိုးပမ်းခဲ့၏။ ရှေးအခါက ဗုဒ္ဓဓမ္မသည် အိန္ဒိယနိုင်ငံ၏ ဘာဝိတ်တဒေသ၌သာ ထွန်းကားခဲ့သည်။ အကယ်၍ အသောကမင်းကြီး ဖြန့်ချိမှု မပြုခဲ့ပါက ဗုဒ္ဓဓမ္မသည် ယခုအခါ ဂျိန်းဓမ္မအခြေအနေမျိုး၌ တည်ရှိနေလိမ့်မည်။ အသောကသည် သူ၏သားသမီးများဖြစ်သော မဟိန္ဒမင်းသားနှင့် သံဃမိတ္တာမင်းသမီးကို သီဟိုဠ်ကျွန်းသို့ သာသနာပြု စေလွှတ်ခဲ့သည်။ ထိုအခါမှစ၍ သီဟိုဠ်မှာ ဟီနယာနခေါ် သဗ္ဗတ္ထိဝါဒ ဗုဒ္ဓဓမ္မ၏ ပဓာန အချက်အချာဖြစ်သွား၏။ ထိုမှတဆင့် မြန်မာ၊ ယိုဒယားနှင့် ကမ္ဘောဒီယားနိုင်ငံများသို့ပြန့်နှံ့သွားခြင်းဖြစ်၏။ ယင်းတိုင်းနိုင်ငံတို့တွင် ဟီနယာန ဗုဒ္ဓဓမ္မ လွှမ်းမိုးသကဲ့သို့ အိန္ဒိယ၏ မြောက်ဖက်ဖြစ်သော တိဗက်၊ တရုပ်၊ ကိုရိယား၊ မွန်ဂိုလီယားနှင့် ဂျပန်နိုင်ငံတို့၌လည်း မဟာယာန ဗုဒ္ဓဓမ္မလွှမ်းမိုး၏။ အိန္ဒိယနိုင်ငံမှ ကနိုဿျက

ဘုရင်၏ လက်ထက် ပထမရာစုနှစ်၌ မဟာယာနဗုဒ္ဓဓမ္မသည် တရုပ်ပြည်သို့ ဦးစွာရောက်သွားပြီး ထိုမှတဆင့် ကိုရီယားနှင့် တိဗက်သို့ ဦးလှည့်သွား၏။ ကိုရီယားမှတဆင့် ဂျပန်သို့ ဝင်ပြန်၏။ မွန်ဂိုလီယား၌ ယင်းဓမ္မဖြန့်ဝေသူတို့မှာ တိဗက်တို့ဖြစ်၏။ ယင်းသို့လျှင် အိန္ဒိယတောင်ပိုင်းအရပ်ဒေသများသည် ဟီနယာန ဓမ္မနှင့် မြောက်ပိုင်းအရပ်ဒေသများသည် မဟာယာနဓမ္မ၏ အချက်အချာတို့ ဖြစ်သွားကြ၏။

တိဗက်နိုင်ငံ၏ ရာဇဓမ္မမှာ ဗုဒ္ဓဓမ္မဖြစ်၏။ ထိုနိုင်ငံ၏ ဘုရင် ဒလိုင်လာမာသည်ဓမ္မာစရိယလည်းဖြစ်၏။တိဗက်ဗုဒ္ဓဓမ္မမှာ တရုပ်ပြည်မှတဆင့် ရောက်သည့်အတွက် တိဗက်တို့သည် သက္ကတ ကျမ်းဂန် တရုပ် ဘာသာပြန်တို့ အားလျော်စွာ မိမိတို့ဘာသာ သို့ ဖြန့်ဆိုကြ၏။ တိဗက်သို့ ဗုဒ္ဓဓမ္မ စတင်ရောက်လာသည်မှာ ခရစ် သက္ကရာဇ် ၅၅၇ ခုနှစ်တွင် ဖွားမြင်သော ဘုရင်၏ လက်ထက်က ဖြစ်သည်ဆို၏။ ထိုဘုရင်၏ မိဘုရား နီပေါမင်းသမီး သည် စန္ဒကူးနံ့သာဖြင့် ထုလုပ်ထားသော အက္ခောဘနှင့် တာရာ ၏ ပုံတော်တို့ကို ၎င်းနှင့်အတူ ယူဆောင်လာခဲ့၏။ ဒုတိယမိဘုရား တရုပ်ဘုရင်၏ သမီးတော်လည်း ရှေးဟောင်းဗုဒ္ဓ ပုံတော်တဆူ ယူဆောင်လာ၏။ သို့ဖြင့် တိဗက်ဘုရင်သည် ဗုဒ္ဓဓမ္မကို စတင် စိတ်ဝင်စားခြင်းဖြစ်၏။

ထို့နောက် ခရစ်သက္ကရာဇ် ၇၆၃ ခုနှစ်သို့ ရောက်သော အခါ ဘုရင်၏ ပင့်ဖိတ်ချက်အရ နာလန္ဒာမှ အရှင်သန္တရက္ခိတ သည် တိဗက်သို့ရောက်ခဲ့၏။ သူသည်ကား နာလန္ဒာ၌ လွန်စွာ ထင်ရှားသော ဒဿနိက ဆရာကြီးဖြစ်၏။ သူ၏ပညာရှိအဖြစ်ကို

'တတ္တသင်္ဂဟ'ခေါ် အဘိဓမ္မာ ညွှန့်ပေါင်းကျမ်းဖြင့် သိနိုင်ပါ၏။ ယင်းသောအခါ တိဗက်၌ဗုဒ္ဓဓမ္မအခြေစိုက်မိလေပြီ။ ထိုနောက် ဒီပင်္ကရ အမည်ရှိသော ရဟန်းတော်သည် ရာပေါင်းများစွာသော သက္ကတကျမ်းစာတို့ကို တိဗက်ဘာသာသို့ ပြန်ဆို၏။ ထိုမှတပါး တိဗက်၌ ထင်ရှားသော ကျမ်းပြုဆရာများမှာ ဗုစတွန်, လာမာတာရာနာထ စသူတို့ဖြစ်ကြ၏။

တရုပ်ပြည်သို့ ဗုဒ္ဓဓမ္မရောက်ပုံ ဒန္တကထာမှာ အိပ်မက်အရ အိန္ဒိယသို့ တမန်သုံးဦးစေလွှတ်၏။ ထိုတမန်တို့သည် ခရစ်သက္ကရာဇ် ၆၄ ခုနှစ်၌ အိန္ဒိယမှ ကဿပ မာတင်္ဂနှင့် ဓမ္မရတန အမည်ရှိသော ရဟန်းတော်နှစ်ပါးကို ပင့်ဆောင်လာ၏။ထိုအခါမှစ၍ တရုပ်ပြည်၌ ဗုဒ္ဓဓမ္မ စတင်ရောက်ခဲ့သောဟူ၏။ ကနိသျှကမင်း၏ စတုတ္ထ သံဂါယနာတင်၌ ဝေဘာသိကတို့၏ အယူဝါဒဖြစ်သော ဝိဘာသာ သို့မဟုတ် မဟာဝိဘာသာ ပေါ်ထွက်ခဲ့၏။ ထိုကျမ်းများကို ဖြန့်ချိရန် တရုပ်ပြည်သို့ ရဟန်းများစေလွှတ်ခဲ့၏။ စင်စစ်သဗ္ဗတ္ထိဝါဒီတို့၏ ပိဋကဘာသာပြန်တို့မှာ တရုပ်ပြည်၌ ပထမဖြစ်၏။

တရုပ်ရဟန်းတော်တို့နှင့် အိန္ဒိယ ပဏ္ဍိတ်တို့၏ စာပေထွန်းကားသော အချိန်မှာ ပဉ္စမ ရာစုနှစ်မှ အစပြုကြ၏။ ခရစ်သက္ကရာဇ် ၃၉၉ မှ ၄၁၃ ခုနှစ်တွင် ဖာဟိယာန်သည် အိန္ဒိယ၌ လှည့်လည်ပြီး ဗုဒ္ဓဘာသာဆိုင်ရာ နေရာဌာန များကို မှတ်သားပြီး ဗုဒ္ဓဓမ္မကို လက်တွေ့ဆည်းပူး၏။ ထို့နောက် ရှုအင်ချင်နှင့် အီချင်တို့သည် ဗုဒ္ဓဓမ္မနှင့် စပ်လျဉ်း၍ တရုပ်ပြည်မှ အိန္ဒိယနိုင်ငံသို့ သွားပြီးလေ့လာကြသည်။ တရုပ် ဗုဒ္ဓသာသနာ၌ ထင်ရှား

သောကျမ်းပြု ဆရာများမှာ ကုမာရဇီဝ၊ ပရမတ္ထ၊ ဟာရိဝမ္မာ စသူတို့ဖြစ်ကြ၏။

တရုပ်ပြည်၌ သာသနာတည်ပြီးနောက် ဗုဒ္ဓဓမ္မသည် ကိုရိယားသို့ရောက်သွား၏။ ထို့နောက် ဂျပန်သို့ ရောက်၏။ ဂျပန်၌ ဇင်ဗုဒ္ဓဂိုဏ်းများ ခေတ်စားနေသည်မှာ အများအားဖြင့် ကိုရိယားမှ ရောက်လာခြင်းဖြစ်၏။ ခုနစ်ရာစုနှစ်တွင် ကိုရိယားမှ များစွာသော လူတို့သည် ဘုရားဖူးရန်အတွက် အိန္ဒိယသို့ ရောက်ခဲ့ကြ၏။ ခရစ်သက္ကရာဇ် ၅၅၂ သို့မဟုတ် ၅၃၈ ခုနှစ်တွင် ကိုရိယားဘုရင်သည် ဂျပန်ဘုရင်ထံသို့ ပိဋကတော်များနှင့် ဗုဒ္ဓဆင်းတုတော်ကို လက်ဆောင်ပေးခဲ့သည်။ သို့ဖြင့် များမကြာမီ ကာလအတွင်းမှာ ဂျပန်ယဉ်ကျေးမှုနှင့် ဗုဒ္ဓဓမ္မရောနှောသွား၏။ ယခုအခါ ဂျပန်၌ ထင်ရှားသော ဗုဒ္ဓဓမ္မ ဆိုင်ရာ ဂိုဏ်းဂဏမှာ ရှင်တို့နှင့် ဇင်ဖြစ်၏။

ရှင်တို၏ မူလအခြေခံဝါဒမှာ ပညတ်နှင့် ပရမတ် မကွဲပြားခြင်းဖြစ်၏။ အဿဃောသ၏ အလိုအားလျော်စွာ ဘဝသံသရာနှင့် နိဗ္ဗာန်သည် ကွဲပြားခြင်းမရှိ၊ ရေနှင့်လှိုင်း မကွဲပြားသကဲ့သို့ပင်တည်း။ ရေသည်ထင်ရှားရှိ၍ လှိုင်းကား ထင်းရှားမရှိ။ သို့ရာတွင် လှိုင်းသည် ရေမှတခြားမဟုတ်၊ ရေလည်းလှိုင်းနှင့် ကွဲပြားခြင်းမရှိ၊ ထို့အတူပညတ်နှင့် ပရမတ်လည်း တွဲစပ်နေသည်။ တသီးတခြားစီမဟုတ်။ ယင်းသည် ရှင်တိုဂိုဏ်း၏ မူလအခြေခံဖြစ်၏။ ဗိုလ်မှူးကြီးဟောင်း တင်မောင်သည် 'ဂျပန်ခေတ် စစ်ပညာတော်သင်တဦး' အမည်ရှိသော စာအုပ်၌ ရှင်တိုဘာသာ ကျင့်စဉ်တရပ်ကို လက်တွေ့ ဤသို့ ဖေါ်ပြထား၏။

ရေကူးသင်တန်း အပြီးတွင် ဆက်လက်၍ ခရီးထွက်ကြရပြန်သည်။ ဒီတခါတော့ 'ရှင်တိုဘာသာ' ကမ္ဗဒ္ဓာန်းကျောင်းသို့ ဖြစ်သည်။ ဂျပန် လူမျိုးတို့သည် များသောအားဖြင့် ဗုဒ္ဓဘာသာနှင့် ရှင်တိုဘာသာ တို့ကို ပူးတွဲ၍ ကိုးကွယ် ကြသည်။ သို့ ပူးတွဲကိုးကွယ်ကြသော်လည်း ရှင်တိုဘာသာသို့ ပို၍အလေးသာကြသည်လို့ ထင်ပါသည်။

ရှင်တို သို့မဟုတ် ရှင်ဒိုဆိုသည်မှာ နတ်တို့၏လမ်းစဉ် နတ်ကိုးကွယ်သော အယူဝါဒမျိုးဖြစ်သည်။ ရှေးအခါက မူ သူတို့ကိုးကွယ်ကြသော နတ်ဆိုသည်မှာ နေနတ်၊ လနတ်၊ မြေကြီးနတ်၊ တောနတ်၊ တောင်နတ် အစရှိသည်တို့သာဖြစ်ကြသည်။ သို့ရာတွင် နောက်ပိုင်း၌ ထိုနတ်တို့သည် မှေးမှိန်လာကြ၍ နိုင်ငံ၏ ဝါဒလမ်းစဉ်နှင့် လျော်ညီသော အသစ် အသစ်သော နတ်တို့သည်သာ အရေးပေးခြင်းခံကြရသည်။

ဂျပန်ဘုရင်သည် နေနတ်သမီးကြီး 'အမာတေရာစုအိုမိခါမိ'မှ တိုက်ရိုက် ဆင်းသက်လာသည်ဟု ယူဆကြသောကြောင့် ဘုရင်သည်လည်း နတ်တပါးဖြစ်လာသည်။ ထို့နောက် တော့ နတ်လောကသည် ပိုမိုကျယ်ပြန့်လာခဲ့ပါသည်။ တိုင်းပြည်အတွက် တိုက်ကြရသော စစ်ပွဲသည် မြင့်မြတ်သော စစ်ပွဲဖြစ်သည်။ ထို့ကြောင့် ထိုစစ်ပွဲတို့တွင် ကျဆုံးကြသော စစ်သားတို့၏ ဝိညာဉ်တို့သည်လည်း နတ်စာရင်းဝင်ဖြစ်ခဲ့ကြသည်။ တိုကျိုမြို့ရှိ 'ယာစကုနီဂျင်ဂျား'သည် ထိုစစ်သားတို့၏ ဝိညာဉ် ကိန်းအောင်းရာ နတ်ကွန်းကြီး ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဂျပန်ပြည်သို့ ရောက်နေကြသည် ဖြစ်

သောကြောင့် ဂျပန်တို့၏ ထိုအယူဝါဒနှင့် ဘာသာ၊ တနည်း အားဖြင့်ဆိုသော် 'နိပ္ပန်ဆေးရှင်း' နိပ္ပန်စိတ်ဓာတ်၏ ရေသောက် မြစ်ကို မြည်းစမ်းသည့်သဘောဘဲဖြစ်ဖြစ် နဲနဲပါးပါး လေ့လာ စေလိုသော ကျောင်းတာဝန်ခံတို့၏ စေတနာတို့ကြောင့် တည နေတွင် ထို ရှင်တို့ ကမ္ဗဋ္ဌာန်းကျောင်းသို့ ရောက် သွား ခဲ့ ကြ သည်။

ထို ကမ္ဗဋ္ဌာန်းကျောင်း သို့မဟုတ် ရိပ်သာတွင် စည်း ကမ်းတွေကလည်း ကြီးလိုက်ပါဘိ၊ စကား မပြောရ၊ မရီရ၊ မပြုံးရ၊ ဆူဆူ ညံ့ညံမလုပ်ရ၊ ကိုယ်နှုတ် အမူအရာသိမ်မွေ့ရမည်၊ ထမင်း စားသည့်အခါ၌ ဟင်းခွက်မှ ဟင်းဖတ်ကို တိုက်ရိုက် နှိုက်ယူ၍ မစားရ၊ မိမိ ပန်းကန်တွင်းသို့ ပထမ ထည့်၊ ထိုမှ ပါးစပ်သို့ ပို့ရမည် စသည်-စသည်။

ထိုရိပ်သာသို့ ရောက်လျှင် ကျွန်တော်တို့အား အုပ်ချုပ်ရန် အတွက် ထိုရိပ်သာရှိ ရှင်တို ဘုန်းကြီးတပါးက တာဝန်ယူလိုက် ပါသည်။ သူသည် အသက် ၃၀-ကျော်မျှသာ ရှိပါသေးသည်။ ကိုယ်ခန္ဓာတောင့်တင်းသည်၊ ဖျတ်လတ်သည်၊ သွက်လက်သည်၊ ဥပဓိရုပ်ကောင်းသည်၊ သူသည် ခရစ်ယန်ဘုန်းကြီးတို့၏ အင်္ကျီ ရှည် အဖြူနှင့် ခပ်ဆင်ဆင်တူသော ဝတ်ရုံ ဖြူကို ဝတ် ထား ပါသည်။

ကျွန်တော့်စိတ်တွင်းမှာတော့ ဘာဖြစ်လို့ရယ်လို့တော့ တိတိကျကျ မပြောတတ်၊ ဒါပေမဲ့ သူသည် 'ကင်ပေတိုင်' ဂျပန် စစ်ပုလိပ် ဖြစ်သည်ဟုပင် ယနေ့ထက်တိုင် စွဲလမ်းနေမိပါသည်။ အချိန်က နေဝင်ဖို့းပြ၊ ထိုဘုန်းကြီးက ခေါ်သွားသဖြင့် ကျွန်

တော်တို့သည် ကျယ်ဝန်းသော အခန်းကြီး တခု အတွင်းသို့ ရောက်သွားကြသည်။ ထိုအခန်းကြီးထဲတွင် ပရိဘောဂ ဟူ၍ ဘာမျှမရှိ၊ မြက်ချောဖျာတွေ ခင်းထားသော ဂျပန် အခန်း ဖြစ်သည်။ ကျွန်တော်တို့သည် တဦးနှင့်တဦး ငါးပေခန့်စီ ခွာ၍ ချထားသော ထိုင်ခုံကလေးတို့အပေါ်တွင် ဂျပန်ထိုင် ဒူးတုပ်၍ ထိုင်ကြရသည်။

"အားလုံး မျက်စိမှိတ်ထားပါ၊ ဘာအသံကိုဘဲ ကြား ကြား၊ ဘာဘဲဖြစ်ဖြစ် မဖွင့်ပါနဲ့၊ လှုပ်လဲမလှုပ်ပါနဲ့"

ထို့ကြောင့် ကျွန်တော်တို့သည် မျက်စိတို့ကို မှိတ်ထ လိုက်ကြသည်။ တမိနစ်မှ ကမိနစ် တိတ်ဆိတ်မှုသည် ပတ်ပန်း ကျင်ကို လုံးဝစိုးမိုးထားလိုက်သည်။ ထိုအခိုက် မြန်းကနဲ အငိုက်ဖမ်းလိုက်သကဲ့သို့ ဘယ်ကပေါ်လာမှန်းမသိ၊ စည်တလုံး၏ တီးသံကြီးသည် ဒုန်း--ဒုန်း--ဒုန်းနှင့် ကျွန်တော်တို့၏ ရင်တွင်းကို အရှိန်ပြင်းစွာ ရိုက်ခတ်လိုက်ပါသည်။ ဒုန်း- ဒုန်း- ဒုန်း အသံ ကြီးသည် ကျယ်လာလိုက်၊ တိုးသွားလိုက်၊ ထိုမှတဖန် ကျယ် လာလိုက်ဖြင့် အတော်ကြာ တီးနေသည်။ တချိန်လုံး ဘုန်း ကျွန်တော်တယောက် အဖို့မှာတော့ ကျွန်တော့် နှလုံးသွေးတို့ သည် ထိုစည်တီးသံနှင့်အတူ တဒုတ်ဒုတ် ပြင်းစွာ ခုန်လှုပ်နေ ပါသည်။ ထို့နောက် စည်သံသည် ပေါ်လာကာစကလိုပင် ဖြုန်းကနဲ ရပ်သွားသည်။

"သွားနိုင်ပါပြီ"

ကျွန်တော်တို့သည် ဘုမသိ၊ ဘမသိဖြင့်သာ ထပြီးပြန်ခဲ့ ကြရသည်။ ဘာဖြစ်ခဲ့သည်ကိုပင် နားမလည်ခဲ့ကြ၊ ဘာကြောင်

စည်တီးသည်၊ ဘာကြောင့် ထိုသို့ တီးလိုက်၊ ကျယ်လိုက်တီးသည် ဆိုတာကို ဘယ်သူမှလည်း ရှင်းမပြကြ၊ ကျွန်တော် က တော့ သူတို့ရှင်းမပြပေမဲ့ နားလည်သလိုထင်ပါသည်။ သ မ ထ နည်း ဆန်ဆန်ပင် ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ထိုနည်းသည် အာရုံကို တစုံတခုတွင်သာ စူးစိုက်ထားစေသည်မဟုတ်ဘဲ၊ စိတ်တခုလုံးကို အညှာမှ ကိုင်ကာ လှုပ်လိုက်သလို သိမ့်သိမ့် တုန်သွားစေသည့် အကြမ်းနည်း ဖြစ်သည်။

မည်သည့် ရည်ရွယ်ချက်ဖြင့် ထိုသို့ စိတ်ကိုတုန်လှုပ်စေပါ သလဲ။ ကျွန်တော်ထင်ပါသည်။ ကျွန်တော်တို့အား 'ရှင်တို့'ဝါဒ သို့ ဖြတ်လမ်းဖြင့် ချောက်ချားသွားစေသောနည်းကို အသုံးပြု၍ မိတ်ဆက် သွတ်သွင်းလိုက်ခြင်းပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ထိုညက အတွေ့အကြုံကိုတော့ ကျွန်တော် လက်ခံနိုင်ပါသည်။ လေးနက်သည်လို့ပင် ထင်မှတ်မိပါသည်။ သို့ရာတွင် နောက် ဘနေ့ နံနက်၌ တွေ့ကြုံရသည့် အတွေ့အကြုံကတော့ ထူးဆန်း လှပါသည်။ မထောက်မညှာ ပြောရပါက ရယ် ရှင် ဘွယ် ပင် ဖြစ်နေပါသည်။

ကျွန်တော်တို့ အရဏ်နှင့်အတူ ထကြရသည်။ ဘုန်းကြီး သည် တံခွန်လိုလို ကုက္ကားလိုလို စက္ကူပန်းခိုင်တခိုင်ကို လက်နှစ် ဖက်ဖြင့် သူ့ရှေ့တွင် ကိုင်ထားသည်။ ထို့နောက် ကျွန်တော် တို့အား ခေါင်းဆောင်၍ ရေကန်ကြီးတခုသို့ ခေါ်ဆောင်သွား သည်။ ရေကန်ဘောင်တွင် ကျွန်တော်တို့သည် ပတ်ပတ်လည် ဝိုင်း၍ ရပ်ကြရသည်။ ချမ်းချမ်းစီးစီးမှာပင် အဝတ်တို့ကို ချွတ် ပြီး လံကွတ်တီကလေးတို့ဖြင့်သာနေကြရသည်။ ထို့နောက်သူက

"အခု ငါတို့သည် ငါတို့ရဲ့ အညစ်အကြေးတွေနဲ့ ပြီးတဲ့ ဝိညာဉ်တွေကို ဆေးကြောကြမယ်။ ဒါပေမဲ့ မဆေးကြောခင် အနှောင့်အယှက် အတားအဆီးဖြစ်ကြတဲ့ မကောင်းဆိုးဝါး တွေကို ဦးစွာ ချေမှုန်းကြရမယ်။ ဟော....အပေါ်က ရန်သူတွေ ကို ထိုးလိုက်ကြစမ်း"

သူသည် လေထဲသို့ အားပါးတရ သူ့လက်သီးဖြင့် ထိုး လိုက်သည်။ သူ့ကိုကြည့်ပြီး ကျွန်တော်တို့ကတော့ ရယ်ချင်ကြ လွန်းလို့ အူထဲအသဲထဲက တလိပ်လိပ်ဖြင့် ရန်သူအားထိုးရမည် ကိုပင် ခေတ္တမေ့နေမိကြသည်။ "ထိုးလေကွာ" သူက သတိပေး လေမှ "ထိုးတယ်ကွာ" ကျွန်တော်တို့က အော်ကြရင်း ထိုးလိုက် ကြသည်။

"ဟော....ဘေးက ရန်သူတွေဟေ့"

"ထိုးတယ်ကွာ"

"ဟေ့....မြေကြီးထဲက ရန်သူကွ"

"ထိုးတယ်ကွာ"

သို့ဖြင့် ဘုန်းကြီးနှင့်ကျွန်တော်တို့သည် ဟိုဒင်းနဲ့ လေ့လူး တွေကြသလို ထိုးလိုက်ကွ၊ ထိုးတယ်ကွဖြင့် အရပ် ဆယ်မျက်နှာ မက နှစ်ဆယ်၊ လေးဆယ် စုံသွားပါတော့သည်။ တော်တော်က လေးလဲ မောသွားကြသည်။

"ကဲ....ရန်သူရှင်းသွားပြီ" သူကကြေညာသည်။ သူ့မျက် နှာသည် ခပ်တည်တည်၊ ကျွန်တော်သည် ပတ်ပတ်လည်ကို ကြည့် လိုက်မိပါသည်။ ဟုတ်ပါသည်။ ရန်သူ မရှိတော့ပါ။

"အခု ဒို့ရဲ့ ဝိညာဉ်တွေကို ဆေးကြောမယ်။ ငါက တိုင်

ပေးမယ်။ 'မာယာတိုဒမာရှီ' အဲဒါကို မင်းတို့က လိုက်ဆိုပြီး တခါထဲ ရေထဲခုန်ချရမယ်၊ ရေထဲရောက်ယင် ဝိညာဉ်ကို ဟော ဒီလို လက်နှစ်ဖက်နှင့် အုပ်ကိုင်ပြီး ရေထဲမှာ လှုပ်ပြီးဆေးရမယ်။ ဆေးနေတဲ့အခါမှာလဲ နေနတ်သမီးကြီးဖြစ်တဲ့ 'အမာတေ ရာစု အိုမိခါမိ' ရဲ့ အမည်ကို အော်ပြီးခေါ်ရမယ်။ သူ့အကူအညီကို တောင်းပန်ရမယ်၊ နားလယ်လား"

"နားလယ်ပါတယ်"

"ယမာတို ဒမာရှီ"ဆိုတဲ့စကားမှာ ယာမာတိုဆိုတာက နိပ္ပွန်ကို ရှေးအသုံးနှင့် တင်စားခေါ်သည့်အမည်၊ ဒမာရှီဆိုတာ ကတော့ စိတ်ဓာတ်၊ ပေါင်းလိုက်တော့ နိပ္ပွန်စိတ်ဓာတ်၊ ဂျပန် လူငယ်များရဲ့ ကြွေးကြော်သံတခု ဖြစ်ပါသည်။

ဘုန်းကြီးသည် (သူလဲ ကျွန်တော်တို့လိုပင် လံကွတ်တီနှင့်) ကြည်ညိုဖွယ် ကောင်းလှစွာ ကန်ထိပ်၌ ရပ်နေရာမှ "ယမာတို ဒမာရှီဟေ့"အော်၍ ရေကန်ထဲသို့ခုန်ချလိုက်သည်။ ဗွမ်း..၊ ကျွန်တော်တို့သည်လည်း အညံ့မခံသူ့လိုပင် "ယမာတို ဒမာ ရှီကွ" အော်၍အော်၍ ခုန်ချလိုက်ကြပါသည်။ အေးလိုက်တဲ့ ရေ စိမ့်ကျင်၍သွားပါသည်။ ထိုအခိုက် "ဟဲ့ဘာလဲဟဲ့ ခြေ ထောက်ကြားထဲက" အော်သံတွေကို ကြားလိုက်ရသည်။ ကျွန် တော့ ပေါင်ကြားသို့လည်း အကောင်တကောင်ပွတ်တိုက်သွား သည်။ ငုတ်ကြည့်လိုက်တော့ ငါးကြီးတကောင်၊ ရေမငါးကြီး ဟိုဟိုဒီဒီ ကြည့်လိုက်တော့ ငါးကြီးတွေသည် ကန်နှင့်အပြည့်။

"ဝိညာဉ်တွေကို လက်ခုပ်ထဲမှာ ဆုတ်ထားကြ" ကျွန်

တော်တို့သည် ဘုန်းကြီးလုပ်သကဲ့သို့ လက်နှစ်ဖက်ကို ခွက်ခွက်ကလေး ဆုပ်ကိုင်လိုက်ကြသည်။

"လက်ထဲမှာ မင်းတို့ ဝိညာဉ်တွေ ရောက်ပလား"

ကျွန်တော်တို့သည် ထိုမရှိတဲ့ ဝိညာဉ် လွတ်ထွက် သွားမည်ကို စိုးသည့်အတွက် လက်ခုပ်ကို အသာကလေးဟပြီး အထဲကို ချောင်းကြည့်လိုက်ပါသည်။ ရောက်နေပါပြီ၊ တကယ်ဘဲ ရောက်နေပါပြီ။ ကျွန်တော့် ဝိညာဉ်သည် ဝိုင်းဝိုင်းကလေးဘဲလား၊ လေးဒေါင့် ကလေးဘဲလားတော့ မပြောတတ်။ရောက်တော့ဖြင့် ရောက်နေပါပြီ။

"ရောက်နေပါပြီ ခင်ဗျား"

"ဒါဖြင့် ဆေးရအောင် အမာတေရာစု အိုမိခါမိ နတ်သမီးကြီးကိုလဲ အကူအညီတောင်းကြ"

ကျွန်တော်တို့သည် ချမ်းချမ်းစီးစီးနှင့်ရေထဲတွင်လက်ခုပ်တို့ကို လှုပ်ခါ ပါးစပ်မှလည်း "အမာတေရာစု အိုမိခါမိ အမာတေရာစု အိုမိခါမိ"အော်ကြသည်။ အော်ကြရင်းမှ အော်သံတို့သည် တဖြေးဖြေး ထွေလီ ကာလီ တမျိုး ဖြစ်လာကြသည်။ ကိုဘသောင်းက စသည်လို့ ထင်ပါသည်။ ထိုထွေလီ ကာလီ အော်သံတို့သည် တယောက်မှတယောက်သို့ ကူးစက် လာသည်။ ထိုအခါ ကျွန်တော်လဲ သူတို့လိုဘဲ လိုက်ကာ အသံကုန်အော်နေမိပါတော့သည်။

"အမယ်လေး ချမ်းလှချည်ရဲ့ဗျ၊ အမေရေ ချမ်းလှပါပီဗျ"

ဤကား ဗိုလ်မှူးကြီးဟောင်း တင်မောင်၏ မျက်တို ဘာ

သာ လက်တွေ့ကျင့်စဉ်ဖြစ်၏။ ဂျပန်ပြည်တွင် နာမည်ကြီးလှသော အခြားဂိုဏ်းတဂိုဏ်းမှာ "ဇင်ဗုဒ္ဓဓမ္မ" ဖြစ်၏။ ဇင်မှာ ဂျပန်ဘာသာစကားဖြစ်၏။ အဓိပ္ပာယ်မှာဈာနဖြစ်၏။ ဈာနကိုပင် ဂျပန်အသံဖြင့် ဇင်ဟု ခေါ်ခြင်းဖြစ်၏။ ဟိန္ဒူ ဘာသာတွင်လည်း ဈာနယောဂ ဟုရှိ၏။ ဈာန်ရအောင် ကျင့်ခြင်းပင် ဖြစ်၏။ ထေရဝါဒ ဗုဒ္ဓအဘိဓမ္မာ တွင်လည်း ရူပဈာန်၊ အရူပဈာန်၊ လောကုတ္တရာဈာန်ဟူ၍၎င်း၊ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမ ဈာန် ဟူ၍၎င်း၊ ဈာန်စိတ်များရှိ၏။ ဈာန်ဝင်စားသူတို့ ရသော စိတ်တို့ပင်တည်း။ ဇင်ဂိုဏ်း၏ အယူအဆမှာ ဈာန်ကို နိဗ္ဗာန်ရောက်ကြောင်း ထူးမြတ်သော ကျင့်ဝတ်ပဋိပတ်အဖြစ် ယုံကြည်လက်ခံကြခြင်း ဖြစ်သည်။ ခြောက်ရာစုနှစ်က ဗောဓိဓမ္မ အမည်ရှိသော ပဏ္ဍိတ်သည် အိန္ဒိယတောင်ပိုင်းမှ တရုပ်ပြည်သို့သွားပြီး ဤတရားကို ဟောကြားခဲ့သည်။ နှစ်ပေါင်း ၆၀၀-တိုင်အောင် တရုပ်ပြည်၌ ဇင်ဝါဒ အထွတ်ထိပ်သို့ရောက်ခဲ့ရ၏။ ၁၂-ရာစုနှစ်သို့ရောက်သော အခါ ယင်းအယူဝါဒသည် ဂျပန်သို့ရောက်ပြီး အကြီးအကျယ် ပြန့်ပွားသွား၏။ ယခုကာလ ဂျပန်ဂိုဏ်းတို့တွင် ဇင်၏အရှိန်အဝါမှာ အထွတ်အထိပ်၌ တည်ရှိ၏။

ဇင်ဓမ္မ၏ မူလကျမ်းမှာ လင်္ကာဝတာရသုတ် ဖြစ်၏။ ဂဏ္ဍဗျူဟသုတ်နှင့် ပညာပါရမိတာ သုတ်၏ အရှိန်အဝါလည်း ဤဝါဒအပေါ်မှာ အထူးတောက်ပလျက်ရှိ၏။ ဂျပန်ပညာရှိ ဆုဇုကီသည် ဤအယူဝါဒ သမိုင်းနှင့် သဘောတရားကို ပမာဏမြောက်သော ဖွင့်ဆိုချက်ဖြင့် ကျမ်းပေါင်းများစွာတွင် ဖော်

ကျူးခဲ့၏။ ဤဂိုဏ်း၏အလိုအားဖြင့် ဈာန်သည်သာ ဘဝ၏ရည်ရွယ်ချက်ကို ရရှိရန်အတွက် မှန်မြတ်သော ကျင့်စဉ်ဖြစ်၏။ ဇင်၏ကြီးကျယ်မြင့်မြတ်သောလမ်းစဉ်ကို ထင်ရှားစေရန်အတွက် ဂျပန်ပန်းချီဆရာတဦးသည် အလွန်ဆန်းကျယ် နှစ်လိုဘွယ် ကောင်းသော ဆေးရောင်စုံ ရုပ်ပုံကားကြီးတချပ် ရေးဆွဲထား၏။ ထိုတွင် ဈာန်ရသော ရဟန်းတပါးသည် သစ်ပင်၏ အကိုင်းဖျားမှာ ထိုင်ပြီး ဈာန်ဝင်စားနေ၏။ အရပ်တပါးမှ တရားဟောဆရာတဦးသည် ထိုဈာန်ဝင်စားနေသော ရဟန်းတော်ကို ဖူးမျှော်ရန် ရောက်လာ၏။

ထိုနောက်တရားဟောဆရာက သစ်ပင်ကိုင်းပေါ်ထိုင်နေသော ရဟန်းတော်အား "အရှင် အရှင်ထိုင်နေသော နေရာမှာကြောက်စရာကောင်းလှပါသည်"ဟု ဆို၏။

ထိုအခါ ရဟန်းတော်က "သင်၏ နေရာသည် ငါ၏နေရာထက် ပိုပြီး ကြောက်စရာကောင်းလှပါသည်"ဟု ပြန်ကြား၏။

တရားဟောဆရာက "ကျွန်ုပ်သည် ဤ အရပ်ဒေသ၏ တရားဟောဆရာအဖြစ် ရပ်တည်နေပါသည်။ ကျွန်ုပ်၏ နေရာသည် မြတ်နိုးဖွယ် မဟုတ်ပါလော" ဟုမေး၏။

ထိုအခါရဟန်းတော်က "မီးမီးအသဲနှလုံး၌လိုချင်မက်မောမှုများတောက်လောင်နေပြီး စိတ်ကျန်းမာခြင်း မရှိပါလျှင် ထိုထက် ပိုလွန်သော ပျက်စီးခြင်း ဘယ်မှာရှိနိုင်မည်နည်း" ဟု ပြောဆို၏။

ထို့နောက် တရားဟောဆရာက "သို့ဖြစ်လျှင် အရှင်တို့၏ ဗုဒ္ဓဓမ္မအယူအဆကား ဘယ်သို့ပါနည်း" ဟု မေး၏။

ရဟန်းတော်က "မကောင်းမှုဟူသမျှ မပြုရာ၊ ကုသိုလ်ကောင်းမှုကိုပြုရာ၏၊ မိမိစိတ်စင်ကြယ်စေရမည်။ ယင်းသည် ဗုဒ္ဓတို့၏ အဆုံးအမတည်း"ဟု ဖြေဆို၏။

"ဤတွင် လေးနက်ဆန်းသစ်သော အကြောင်းအရာ ဘာမျှ မပါဝင်ပါကလား၊ သုံးနှစ်သားအရွယ် သူငယ်ပင် သိနိုင်ပါသည်" ဟု တရားဟော ဆရာကဆို၏။

"မှန်ပါသည်၊ သို့သော်လည်း အပျင်းထူနေပါက အဖိုးအိုသော်လည်း ယင်းကိုပြည့်စုံစေရန် ခက်ခဲစွာ ပြုလုပ်ရပါသည်" ဟု ရဟန်းတော်က ပြောပြသောဟူ၏။

ထေရဝါဒ ဗုဒ္ဓဝါဒ ဈာန်နှင့် စပ်လျဉ်း၍ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဈာန သံယုတ်တွင် ဤသို့တွေ့နိုင်၏။

"ရဟန်းတို့ ဤလောက၌ အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ။ အချို့သည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ ဈာန်၌ မလိမ္မာ။ အချို့သည် ဈာန်၌လည်းမလိမ္မာ၊ ဈာန်ဝင်စားမှု၌လည်းမလိမ္မာ။အချို့သည် ဈာန်၌လည်းလိမ္မာ၏၊ ဈာန်ဝင်စားမှု၌လည်းလိမ္မာ၏။ ထိုလေးမျိုးတို့တွင် နောက်ဆုံး ဈာန်ရသူသည် အမြတ်ဆုံးဖြစ်၏"။

ဤတွင် လိမ္မာ၊ မလိမ္မာ ဟူသည်မှာ ဈာန်နှင့် ဈာန်ဝင်စားမှုတွင် ကျွမ်းကျင်ခြင်း မကျွမ်းကျင်ခြင်းပင် ဖြစ်၏။ ပထမ၊ ဒုတိယ၊ တတိယ၊စတုတ္ထဈာန်ဟူသော ဈာန်ရပုဂ္ဂိုလ်လေးမျိုးတို့တွင် ပထမ ဈာန်ရသောပုဂ္ဂိုလ်၏ သဘောလက္ခဏာကို အင်္ဂုတ္တရပါဠိတော် စတုက္ကနိပါတ်မှ ကောက်နုတ်ဖော်ပြပါဦးမည်။

"ရဟန်းတို့ ဤသာသနာ၌ အချို့သည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း ဝိတက်နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း ဝိစာရနှင့်တကွဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း ပီတိ၊ ချမ်းသာခြင်းသုခရှိသော ပထမစျာန်သို့ ရောက်၍နေ၏။ ထိုသူသည် ထိုစျာန်၌ သာယာ၏။ ထိုစျာန်ကို အလိုရှိ၏။ ထိုစျာန်ဖြင့် နှစ်သက်ခြင်းသို့ ရောက်၏။ ထိုစျာန်၌ တည်သည်ဖြစ်၍ သေသော် ပထမစျာန် ဗြဟ္မာဘုံသို့ရောက်၏"

ဤတွင် ပထမစျာန်ရသော ပုဂ္ဂိုလ်၏ သေရပ်နှင့် သူ၏ ဂတိကို တွေ့နိုင်၏။ အကယ်၍ ဒုတိယစျာန် စသည်ရပါလျှင် ဒုတိယစျာန် ဗြဟ္မာဘုံ စသည်တို့၌ စျာန် အားလျော်စွာ ဖြစ်မည်။ စျာန်ရ ပုဂ္ဂိုလ်၏ မျက်မှောက် အကျိုးအာနိသင်ကို အင်္ဂုတ္တရပါဠိတော် ဒုတိယ ပဏ္ဏာသက၌ ဤသို့တွေ့မြင်နိုင်၏။

"ရဟန်းတို့- တရားခြောက်မျိုးနှင့် ပြည့်စုံသော ရဟန်းသည် ရှေးဘဝက အကြောင်းနှင့် ယခုဘဝ အတိတ်ဉာဏ်၏ အခြေခံ စျာန်စသော အကြောင်းရှိသော် ထိုထို တရားအာရုံ၌ သာလျှင် မျက်မှောက်ပြုနိုင်၏။ အဘယ် ခြောက်မျိုး တို့နည်းဟူမူ....

(၁) ဤတရားတို့ကား ဆုတ်ယုတ်သောအဖို့ရှိကုန်၏ဟု မှန်စွာ သိ၏။
(၂) ဤတရားတို့ကား တည်သော အဖို့ ရှိကုန် ၏ ဟု မှန်စွာသိ၏။

(၃) ဤတရားတို့ကား ထူး သော အ ဖို့ ရှိကုန်၏ဟု မှန်စွာသိ၏။
(၄) ဤတရားတို့ကား ဖောက်ခွဲခြင်းအဖို့ ရှိကုန်၏ဟု မှန်စွာသိ၏။
(၅) ကောင်းစွာ ပြုအပ်သည်ကိုလည်း ပြုလေ့ရှိ၏။
(၆) လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိ၏။

ဤတရား ခြောက်မျိုးနှင့်ပြည့်စုံသော ရဟန်းသည် ရှေးဘဝအကြောင်းနှင့် ယခုဘဝ အဘိညာဉ်၏ အ ခြေ ခံ ဈာန်စသော အကြောင်းရှိသော် ထိုထိုတရားအထူး၌သာလျှင် မျက်မှောက်ပြုထိုက်သည့်အဖြစ်သို့ ရောက်ထိုက်၏။

အဘိညာဉ်ဟူသည်မှာ အထူးသိမြင်ခြင်းဖြစ်၏။ သာမန်လူတို့ထက် ထူး၍ သိသူကို အဘိညာဉ်ရှိသူခေါ်၏။ အဘိညာဉ်ရရန် အခြေခံမှာ ဈာန်ဖြစ်၏။ ဈာန်ရမှလည်း အထူးသိနိုင်၏။ တရားဟော ပုဂ္ဂိုလ်နှင့် ဈာန်ဝင်စားသော ရဟန်း၏ပြဿနာကို အင်္ဂုတ္တရ ပါဠိတော်၌ မြတ်စွာဘုရား ဤသို့ ဟောကြားဖြေရှင်းတော်မူ၏။

ဤ သာသနာ၌ တရား ဟော သော ရ ဟန်း တို့ သည် ဈာန်ဝင်စားသော ရဟန်းတို့ကို "ဤရဟန်းတို့သည် ငါတို့ဈာန်ဝင်စားကုန်၏။ ငါတို့ဈာန်ဝင်ကုန်၏ဟု ရှုကုန်၏။ သူတို့သည် အဘယ်ကို ရှုကုန်သနည်း။ ဘယ် သူ့ အ ကျိုး ငှာ အ ဘယ် အကြောင်းကြောင့် ရှုကုန်သနည်း"ဟု ပုတ်ခတ်ပြောဆိုကြ၏။

ဈာန်ဝင်စားသော ရဟန်းတို့ကလည်း တရားဟောသော

ရဟန်းတို့ကို "ဤ ရဟန်းတို့သည် ငါတို့ တရားဟောကုန်၏။ ငါတို့ တရားဟောကုန်၏"ဟု ပျံ့လွင့်သောစိတ် ရှိကုန်၏။ မာန တက်ကြ၏။ လျှပ်ပေါ်ကြ၏။ နှုတ်ကြမ်းကြ၏။ ဖရိုဖရဲကြဲသော စကားရှိကြ၏။ သတိလွတ်ကင်းကြ၏။ ပညာအဆင်ခြင် မရှိကြ။ ခံတည်ကြည်ကြ။ စိတ်လှုပ်ရှားကြ၏။ ဣန္ဒြေမရှိ။ သူ တို့ သည် ဘယ်သို့ တရားဟောကြသနည်း။ ဘယ် အ ကျိုး ငှာ အဘယ် အကြောင်းကြောင့် ဟောကြသနည်း" ဟု ပုတ်ခတ် ပြောဆို ကြ၏။

"ထိုသို့ ပုတ်ခတ်ပြောဆိုရာ၌ စျာန်ဝင်စားသော ရဟန်း တို့လည်း မကြည်လင်ကုန်၊ တရားဟောသော ရဟန်းတို့လည်း မကြည်လင်ကုန်၊ လူအများ၏ အစီး အပွား ချမ်းသာ ဖြစ်ရန် ကျင့်သူတို့ မဖြစ်ကုန်"

ဤအကြောင်းကို ဂျပန်က ဇင်အကြောင်းတွင်လည်းတွေ့ ခဲ့ကြပါပြီ။ ယခုအခါ ဗုဒ္ဓဓမ္မ ဂိုဏ်းဂဏတို့တွင်လည်း ဤနည်း ဆင်ဆင် တွေ့မြင်နေကြရသည်။ တ ရား ဟော ပြော သည် မှာ ကောင်းလှပါသော်လည်း တဖက်ကို ပုတ်ခတ် ပြောဆို ခြင်းမှာ မကောင်းပါ၊ ထို့အတူ စျာန်ဝင်စားခြင်းမှာ ချမ်းသာလှပါ သော်လည်း သူတပါးတို့ကို ပုတ်ခတ်ပြောဆိုခြင်းမှာ ဆင်း ရဲလှပါသည်။ ဤတွင် သူတပါးတို့ အသိအလိမ္မာ ဉာဏ် ပညာ တိုးပွားအောင် တရားဓမ္မညွှန်ပြသော ဓမ္မကထိကပုဂ္ဂိုလ် သည်၎င်း၊ မိမိ စိတ်နှလုံးချမ်းမြေ့အောင် စျာန် ဝင်စားသော စျာနလာဘီ ပုဂ္ဂိုလ်သည်၎င်း၊ အတင်း၊ အဖျင်း ပြောဆိုတတ်ခြင်း ကိုတွေ့ရ၏။ ထိုမှတပါးသော ပုဂ္ဂိုလ်သတ္တဝါတို့ကား အဘယ်

ဆိုဖွယ် ရှိပါတော့မည်နည်း။ စင်စစ် ယင်း အတင်းအဖျင်းသည် ပြောသူ အတွက်လည်း မကြည်မလင် ဖြစ်ရ၏။ အပြော ခံရသူ အတွက်လည်း မကြည်မလင်ဖြစ်ရ၏။ အခြားလူများ အတွက် လည်း အစီး အပွား ကောင်းကျိုးချမ်းသာ မဖြစ်ပါ။ သို့ကြောင့် ပုတ်ခတ်ခြင်းကို အထူးသတိထား၍ ရှောင်ရှားသင့်လှပါသည်။

မဟာယာန ကျင့်စဉ်တို့တွင် ဟီနယာန အမြင်အားဖြင့် ပုတ်ခတ်ပြောဆိုဖွယ်တို့ ရှိပါလိမ့်မည်။ ထို့အတူ ဟီနယာနကျင့် စဉ်တို့တွင်လည်း မဟာယာနအမြင်အားဖြင့် ပုတ်ခတ် ပြောဆို ဖွယ်တို့ရှိပါလိမ့်မည်။ စင်စစ်မဟာယာနချင်း၊ ဟီနယာနချင်း မှာပင် အချင်းချင်းပုတ်ခတ်ပြောဆိုဖွယ် အသွယ်သွယ်တို့ ရှိကြ ပါသည်။ ယင်းတို့ကို ရှာဖွေပုတ်ခတ်နေပါက အဘယ်မှာ ကြည် လင်မှုကို ရတော့မည်နည်း။ အကျွန်ုပ်တို့သည် ယင်းသို့ ပုတ်ခတ် ပြောဆိုမှုတို့ကို အဘယ်မျှ ရှောင်ကြဉ်နိုင်ပါသနည်း။ ရှောင် ကြဉ်နိုင်သလောက် အကျိုးသက်ရောက်မည်။ မြတ်စွာဘုရား၏ စကားကို လိုက်နာ ကျင့်သုံးရာ ရောက်မည်။ အကြင် သူသည် တရားလည်း မဟောပါ။ ဈာန်လည်း မဝင်စားပါ။ သို့သော် လည်း ထိုသူသည် သူတပါးကို ပုတ်ခတ် ပြောဆိုခြင်း မပြုပါ။ သို့ကြောင့် ပုတ်ခတ်ပြောဆိုတတ်သော ဓမ္မကထိကနှင့် ဈာနလာ ဘီတို့ထက် မြတ်စွာဘုရားစကားကို လိုက်နာ ကျင့်သုံးသည် မည် ၏။ လူအားလုံးကို ကြည်လင်စေပြီး လူအားလုံး၏အကျိုးစီးပွား ကို ဆောင်သည် မည်၏။

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဗုဒ္ဓဓမ္မ၏ သွန်သင်ချက်ကို ခံယူဘို့လိုကြောင်း ကွယ်လွန်သူ အိန္ဒိယဝန်ကြီးချုပ် နေရူး ပြော

ကြားဘူး၏။ ဤစကားကို လူများများ ကြားဘို့ လိုပါသည်၊ သိဘို့ လိုသည်။ လိုက်နာ ကျင့်သုံးဘို့ လိုသည်။ မြတ်စွာဘုရား သခင်၏ သွန်သင်ချက် အားလုံးကား လူတယောက်ကစ၍ တကမ္ဘာလုံး ငြိမ်းချမ်းသာယာရေးအတွက်ဖြစ်၏။ ကိုယ်တိုင်အတွက် ရှေးဦးစွာ လက်တွေ့ ကျင့်သုံး ကြည့်ပါဘိ။ ငြ[illegible]ာင် လာပါလိမ့်မည်။

သော်ဇင်

နတ္ထိ သစ္စာ ပရော ဓမ္မော
သစ္စာမှ တပါးတရားမရှိ
ဦးသော်ဇင်၏
အဒိယသစ္စာကိုဖတ်ပါ။

ဦးသော်ဇင် ဘာသာပြန်

ဓမ္မပဒဋီကာသစ်

ပိဋကသုံးပုံမှ စာတအုပ်၏ အမည်ကို ပြောပြပါဟု ဆိုလာလျှင် အထစ်အငေါ့မရှိပဲ ဓမ္မပဒဟု ပြောပြလိုက်ပါမည်။ ယင်းသည် အထူးကျေးဇူးများ၍ တခုတည်းသော အကောင်းဆုံးသော စာအုပ်ဖြစ်၏။ စိတ်ပူပင်သောကရောက်တိုင်း၊ ယင်းသည် သစ္စာရှိသော မိတ်ဆွေအဖြစ်နှင့် ဖြေဖျော်နှစ်သိမ့်မှု ပေးခဲ့ပါသည်။ လွန်စွာလှသော အတုမဲ့ဂါထာတို့သည် အကြံကောင်း ဉာဏ်ကောင်းရရန် အတွက်ဖြစ်စေ၊ ဆင်းရဲ ဒုက္ခ လျော့ပါး သက် သာ ရန် အတွက်ဖြစ်စေ၊ ဂုဏ်သတင်းကျော်စော ထင်ရှားရန် အတွက်ဖြစ်စေ၊ ထိုတွင်းသိမြင်ရန်အတွက်ဖြစ်စေ၊ ဘယ်သက်ကမှ အချိန်နှည်းသက်သက်မဖြစ် တစုံတခုအတွက် အကျိုးသက်ရောက်သည် သာဖြစ်၏။

ဓမ္မပဒ၏ အနှစ်သာရ အကျိုးအမြတ်ကို ကျယ်ပြန့်နက်ရှိုင်းစွာ သိမြင်ရန်အတွက် စေတနာထား၍ ဋီကာပြုပြန်ဆို၍ ထုတ်ဝေပါသမည်။

ဓမ္မပဒဋီကာသစ်ကို ဖတ်ပါ။

သစ္စာအားလုံးတို့တွင် အရိယ သစ္စာ လေး ပါး
သည်သာ အမြတ်ဆုံးဖြစ်၏။

ဦးသော်ဇင်

အရိယသစ္စာ

ရဟန်းတို့–အ ရိ ယ သ စ္စာ လေး ပါးတို့ကို
လျှော်ကန်စွာ မသိခြင်းကြောင့် ထိုး ထွင်း၍
မသိနိုင်ခြင်းကြောင့် ငါသည် ၎င်း၊ သင် တို့
သည်၎င်း ရှည်လျားစွာသော ဤကာလပတ်
လုံး ပြေးသွားခဲ့ရလေပြီ၊ ကျင်လည်ခဲ့ရလေပြီ။

အရိယ သစ္စာကို မျှော်